www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# မင်းလူ

## သုံးနားညီ

လုံးချင်းဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၆၇၈၆၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၈၀၀၆၁၁

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း
ကျောက်မြောင်း။ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁)၊ ထက်သွယ်ရေဝန်း။
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း။
ကျောက်မြောင်း။ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၅၉ ၊ ၀၉ ၈၀ ၃၄၅၈၁ ၊
၀၉ ၅၀ ၂၁၃၅၄ ။

တတိယအကြိမ်–၂၀၀၆ ခုနှစ် ၊
(ဒီဇင်ဘာလ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၂၀၀)ကျပ်



ကျွန်တော် ယခုပြောပြမည့်အကြောင်းမှာ အလွန်ရိုးစင်းလှသော ဇာတ်လမ်းတစ်ခုသာ ဖြစ်ပါသည်။ သူငယ်ချင်းသုံးယောက်တို့၏ ဇာတ်လမ်း ဖြစ်သည်ဟု ဆိုလိုက်လျှင်ပင် ဘယ်လောက် ရိုးစင်းကြောင်း သိသာနေပါပြီ။ ထိုသုံးယောက်တွင် ယောကျ်ားလေးက နှစ်ယောက်၊ မိန်းကလေးက တစ်ယောက် ပါဝင်သည် ဆိုသောအခါတွင်မူကား တြိဂံအချစ်ဇာတ်လမ်းတစ်ခု ဖြစ်ပေါ်လာလိမ့်မည်ဟု ပြောဖို့ပင် မလိုတော့ချေ။ တြိဂံဇာတ်လမ်းတို့၏ ထုံးစံအတိုင်း. . .

- မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးနှစ်ယောက်တို့က အပြိုင်အဆိုင် ပိုးပန်းကြမည်။ နောက်ဆုံး မိန်းကလေးက တစ်ယောက်ကို ရွေး၊ ကျန်တစ်ယောက်က အသည်းကွဲ။
- သို့တည်းမဟုတ်. . .

သူငယ်ချင်း နှစ်ယောက်အနက် တစ်ယောက်က အနစ်နာခံ နောက်ဆုတ်ပေးလိုက်သဖြင့် ကျန်တစ်ယောက်နှင့် အောင်မ လေးတို့ ချစ်သွားကြ။

www.burmeseclassic.com



- သို့တည်းမဟုတ်. . .

သူငယ်ချင်း နှစ်ယောက်စလုံးက တစ်ယောက်အပေါ် တစ်ယောက် အပြန်အလှန် အနစ်နာခံနေကြသဖြင့် ဖြေရှင်းရခက်နေ၊ နောက်ဆုံး ကောင်မလေးကို ဆုံးဖြတ်ချက် ချခိုင်း။

- သို့တည်းမဟုတ်. . .

ကောင်မလေးတစ်ယောက်ကို သူငယ်ချင်း နှစ်ယောက်စလုံးက ချစ်နေ။ သို့ရာတွင် တစ်ယောက်ကို တစ်ယောက် အသိမပေးဘဲ ကျိတ်ကြိုးစားကြ။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကောင်မလေးကို တစ်နေ့တည်း ဖွင့်ပြောကြ။ ထိုအခါ ပြဿနာတွေ ပေါ်ပြီး ရှုပ်ကုန်။ ကောင်မလေးကလည်း နှစ်ယောက်လုံးအပေါ် သံယောဇဉ် ရှိနေသဖြင့် ဘယ်သူ့ကို လက်ခံရမှန်း မသိဘဲ ဖြစ်နေစဉ် အကြောင်းတစ်ခုခုကြောင့် ကောင်မလေး အန္တရာယ်ကျရောက်ခါနီးတွင် ဝင်ကယ်ကြရင်း သူငယ်ချင်းတစ်ယောက် သေဆုံးသွား။ ကျန်တစ်ယောက်နှင့် ကောင်မလေးတို့ ညားကြလေသတည်း။

ကျွန်တော်တို့၏ ဩဂ်ဇာတ်လမ်းသည်လည်း အထက်ပါ ဇာတ်ကြောင်း မှုကွဲများထဲမှ ပြေးမလွတ်နိုင်သည်မှာ ကျိန်းသေပါသည်။

သို့ရာတွင်. . .

ကျွန်တော် တင်ပြလိုသည်မှာ ဇာတ်လမ်းအကြောင်း မဟုတ်ချေ၊ ကျွန်တော်တို့ သုံးယောက်တို့၏ ရိုးစင်းလှစွာသော ဇာတ်လမ်းထဲမှ ထူးခြားစွာ ဖြစ်ပေါ်လာသော လူ့စရိုက် လက္ခဏာများ အကြောင်းသာ ဖြစ်ပါသည်။

ကျွန်တော်တို့ ဆိုသည်မှာ ကျွန်တော်၊ အေးမြနှင့် လူလှတို့ပင် ဖြစ်ပါသည်။





ကျွန်တော်။

ကျွန်တော် ဆိုသည်မှာ ဇော်ထူးဖြစ်ပါသည်။ သက်နီးကျွန်းမှာ နေသည်။ ကျွန်တော်တို့အဖေက ဆေးပေါင်ဒါလုပ်ငန်း လုပ်သည်။ အဖေ၏ ထူးဦး ဆေးပေါင်ဒါသည် အောင်မြင်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ မိသားစု၏ စီးပွားရေးအခြေအနေက အတော်အသင့် ကောင်းမွန်သည်ဟု ဆိုနိုင်သည်။ အဖေ့မှာ ဖို့ဒ်ဆန်း ကားစုတ်ကလေးတစ်စီး ရှိသည်။ ထိုကားသည် ကြော်ငြာလှည့်၊ ဈေးတွေမှာ ပေါင်ဒါရောင်း၊ ကိုယ်စားလှယ် ဆိုင်တွေ လိုက်ပို့၊ ကျွန်တော်တို့ ကျောင်းပို့ကျောင်းကြို၊ အမေဈေးသွား စသည်ဖြင့် ဘက်စုံ အသုံးဝင်လေသည်။

ကျွန်တော်တို့ မောင်နှမ သုံးယောက် ရှိသည်။ အကြီးဆုံး အစ်မကြီးက မမြင့်ဦး။ အစ်ကိုက ကိုကျော်ဦး ဖြစ်သည်။ ကျွန်တော်က အငယ်ဆုံး။ အမှန်က အားလုံး လေးယောက် ဖြစ်သည်။ ကျွန်တော်နှင့် အစ်ကိုတို့ကြားတွင် အစ်မတစ်ယောက် ရှိသေးသည်။ ငယ်ငယ်ကပင် ဆုံးပါးသွားခြင်း ဖြစ်သည်။

ထို့ကြောင့် အစ်ကိုနှင့် ကျွန်တော် အသက်ချင်း ငါးနှစ်လောက်ကွာနေသည်။ ထိုအကြောင်းကြောင့်ပင် အစ်ကိုနှင့် ကျွန်တော် အထက်အောက် ဖြစ်သည့်တိုင် မတွဲဖြစ်ခြင်း ဖြစ်သည်။ သူကလည်း သူ့အပေါင်းအသင်းတွေနှင့်သူ။ ကျွန်တော်ကလည်း ကျွန်တော့် သူငယ်ချင်းတွေနှင့် ကျွန်တော်။

ကျွန်တော်၏ သူငယ်ချင်းများမှာ. . .။



www.burmeseclassic.com

အေးမြ။

သူ့နာမည် အပြည့်အစုံက တင်အေးမြ ဖြစ်သည်။ သို့ရာတွင် ကျွန်တော်ကတော့ သူ့နာမည် ရှေ့ဆုံးစာလုံး 'တင်'ဆိုတာကြီး ပါနေတာကို မကြိုက်လှပါ။

"တင်ကို နင်က ဘာဖြစ်လို့ မကြိုက်တာလဲ"

ဟု သူ မေးဖူးသည်။

"ဘာကြောင့် မကြိုက်တာလဲတော့ ငါလဲ မသိဘူးဟ၊ ငါ့စိတ်ထဲမှာ တင်ဆိုတာကြီးက ညစ်ပတ်သလိုပဲ"

"ဟာ. . . နင်ကလဲ ပေါလိုက်တာ"

ဘာပဲဖြစ်ဖြစ် သူ့ကို အေးမြဟူ၍ပင် ကျွန်တော် ခေါ်သည်။

သူတို့က မောင်နှမတွေ အများကြီး ဖြစ်သည်။ ငါးယောက်တောင်။ သူ့အထက်မှာ အစ်ကိုနှစ်ယောက်။ သူ့အောက်မှာ ညီမနှစ်ယောက်။ သူက အလယ်လူ။ ထို့ကြောင့်ပင် သူသည် တစ်ခါတစ်ခါကလေးဆန်ပြီး တစ်ခါတစ်ခါ လူကြီးဆန်နေခြင်း ဖြစ်လိမ့်မည်။





အေးမြနှင့် ကျွန်တော် အသက်ချင်း မတိမ်းမယိမ်း။ ကျွန်တော်က နှစ်လသာ ကြီးသည်။ ကျွန်တော်သည် အိမ်မှာ အငယ်ဆုံး ဖြစ်နေသဖြင့် အစ်ကိုကြီး သိပ်လုပ်ချင်နေသည်။ နှမတစ်ယောက် ဖြစ်စေ၊ ညီမတစ်ယောက်ဖြစ်စေ လိုချင်သည်။

ကျွန်တော်က သူ့ထက် လပိုင်းလောက် အသက်ကြီးသည်။ ထို့ကြောင့် သူ့အပေါ် နှမတစ်ယောက်လို သဘောထားဖို့ ကြိုးစားလေသည်။

သူကလည်း သူ့အိမ်တွင် မိန်းကလေးထဲမှာ အကြီးဆုံးမို့ အစ်မကြီးလို ဖြစ်နေသည်။ သူသည် တစ်ခါတစ်ခါ ညီမငယ် ဖြစ်ချင်သည်။ သို့ရာတွင် သူ့မှာ အစ်ကိုနှစ်ယောက် ရှိပြီး မောင်တစ်ယောက်မျှ မရှိသဖြင့် တစ်ခါတစ်လေတော့ မောင်လေးတစ်ယောက်လောက် လိုချင်တယ်ဟု ပြောတတ်သည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သူ့ကို နှမတစ်ယောက်လိုပင် စိတ်ထားလိုက်ပါတော့သည်။

သူတို့အဖေက အရာရှိကြီး ဖြစ်သည်။ ဘာအရာရှိကြီးလဲတော့ သေသေချာချာ မသိ။ သူတို့အဖေကို ဝန်ထောက်ကြီးဟု အရပ်ထဲက ခေါ်ကြသည်။

အေးမြတို့အိမ်က တိုက်ပုလေး ဖြစ်သည်။ သူတို့ခြံနှင့် ကျွန်တော်တို့ ခြံက နီးသည်။ ကြားမှာ ရပ်ကွက်ထဲ ဝင်သော မြေနီလမ်း ခြားသည်။ ကျွန်တော်တို့ အိမ်ကတော့ လုပ်ငန်းလုပ်နေသောအိမ် ဖြစ်သဖြင့် အုတ်စီချွင်ကာပြီး ခပ်ကြမ်းကြမ်း ဆောက်ထားသော ဂိုဒေါင်လိုပုံစံ အိမ်ကြီး ဖြစ်သည်။

မနက်ဆိုလျှင် ကျွန်တော်တို့တလည်း ကျွန်တော်တို့ကားနှင့် ကျောင်းတက်သည်။ အေးမြ၏ အစ်ကိုနှစ်ယောက်က ကျွန်တော်တို့ နေသော စိန့်ပေါကျောင်းမှာပင် နေသဖြင့် ကျွန်တော်တို့ကားနှင့် လိုက်သည်၊ ကျွန်တော်တို့ အစ်မကြီးက အေးမြတို့ နေသော ကွန်ဗင့်ကျောင်းမှာ နေသဖြင့် သူတို့ကားနှင့် လိုက်သည်။

www.burmeseclassic.com



ကျောင်းပို့ပြီးလျှင် သူတို့ကားက သူတို့အဖေ ရုံးချိန်မီအောင် ပြန်ရသည်။ ကျွန်တော်တို့ ကားကတော့ အမေ ဈေးဝယ်တာကို စောင့်ရင်း ဆေးပေါင်ဒါ ကြော်ငြာသည်။ အေးမြအမေက ကျွန်တော်တို့ အမေနှင့်အတူ ဈေးဝယ်ပြီး ကျွန်တော်တို့အိမ်က ကားနှင့် ပြန်လိုက်သည်။ ကားက တစ်နေ့ တစ်ဈေးကျ လှည့်ပြီး ကြော်ငြာသဖြင့် အမေတို့ကလည်း ဈေးပေါင်း စုံအောင် ရောက်ကြသည်။

ကျွန်တော်တို့၏ နှစ်ဖက်မိဘများသည် အလွန်ခင်မင်ကြသည်။ ကျွန်တော်တို့ မိသားစုက ဒီနေရာကို အရင်ရောက်နှင့်ကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ ရောက်ခါစတုန်းက ဒီနေရာသည် ရန်ကုန် စည်ပင်သာယာနယ်နိမိတ်ထဲမှာတောင် မပါသေး။ ရန်ကုန်မြို့ အထွက်ရှိ ရွာကြီးတစ်ရွာသာသာမျှသာ ရှိသေးသည်။

မြေနေရာ ဈေးပေါခြင်း၊ ဆိတ်ငြိမ်၍ အေးချမ်းသာယာခြင်း၊ ကျယ်ကျယ်ဝန်းဝန်း ရှိခြင်း၊ လုပ်ငန်းအတွက် သင့်တော်ခြင်းတို့ကြောင့် အဖေက ကျွန်တော်တို့ ယခုခြံကို ဝယ်လိုက်ခြင်း ဖြစ်သည်။

အေးမြတို့အဖေကတော့ သူတို့ခြံကို တွက်ချက်ပြီး ဝယ်ခြင်းဖြစ်သည်။ ဒီနေရာသည် တစ်နေ့ စည်ကားလာနိုင်သည်။ ဆယ်နှစ်လောက် အတွင်းမှာ အလွန်အဖိုးတန်သည့်နေရာ ဖြစ်လာနိုင်သည်။ သူ ပင်စင်ယူသည့်အချိန်နှင့် မြေတန်ဖိုး တက်လာတာနှင့် အံကိုက်ဖြစ်နိုင်သည်။ ထိုအခါ မြေကို နည်းနည်းချင်း ခွဲရောင်းသွားရုံဖြင့် နေထိုင်စားသောက်သွားနိုင်လိမ့်မည်ဟု မျှော်လင့်သည်။ ခုကတည်းက ခြံထဲမှာ အုန်းပင်တွေ ချထားသည်။ သရက်ပင်တွေမှာ နဂိုတတည်းက ပါပြီးသား။ နောက်ဖက် ခြံစည်းရိုးတစ်လျှောက် ဒန့်ဒလွန်ပင်တွေ စိုက်ထားသေးသည်။

သူတို့ ပြောင်းလာခါစ ခြံထဲမှာ တဲကြီး ထိုးပြီး နေနေစဉ်မှာပင် အဖေနှင့် အမေက သွားရောက် မိတ်ဆက်သည်။ သူတို့ တိုက်ဆောက်သည့်ကိစ္စမှာလည်း ကူညီသည်။ အရပ်ထဲမှ လူကြီးများနှင့် မိတ်ဖွဲ့ပေးသည်။ ထိုစဉ်မှစ၍ ခင်မင်ခဲ့ကြခြင်း ဖြစ်သည်။ ❀





ထိုအချိန်မှာ ကျွန်တော့်အသက်က ငါးနှစ်လောက် ရှိသေးသည်။ ကျွန်တော့်အစ်ကို ကိုကျော်ဦးသည် ကျွန်တော်နှင့် အသက်ချင်း ကွာသဖြင့် အတူမကစားချင်။ အေးမြ၏အစ်ကို ကိုကုလားကြီးတို့ ကိုဖိုးရွှတ်တို့နှင့်သာ ပေါင်းသည်။

အမေက အစိုးရိမ်ကြီးသဖြင့် ကျွန်တော့်ကို ခြံထဲက ခြံပြင်ထွက်ခွင့်မပေးချေ။ အစ်ကိုကလည်း ကျွန်တော့်ကို လူရာမသွင်းသဖြင့် အဖော်မရှိ ဖြစ်နေတုန်း၊ အေးမြကလည်း သူ့ညီမတွေနှင့်ဆိုလျှင် အမြဲအလျှော့ပေးရတတ်သဖြင့် ရွယ်တူတန်းတူ အဖော်ရှာနေတုန်းမို့ ကျွန်တော်တို့ နှစ်ယောက်သည် အလွန်ခင်မင်သော သူငယ်ချင်းများ ဖြစ်သွားကြသည်။

ကျွန်တော့်အဖို့ ပထမဆုံး ခြံပြင်ထွက်ခွင့်ရခြင်းမှာ အေးမြတို့ခြံဝင်းထဲ သွားကစားခြင်းပင် ဖြစ်လေသည်။

ကျွန်တော်တို့ လေးတန်းအောင်သောနှစ်တွင် သာသနာပြုကျောင်းတွေ ပြည်သူပိုင် သိမ်းသည်။ ကျောင်းအားလုံး အစိုးရကျောင်းတွေ ဖြစ်ကုန်သည်။ တပြေးညီ သင်ကြားသည်။ ထိုအခါတွင် အေးမြတို့အမေက. . .

"မထူးတော့ဘူးလေ၊ အားလုံး အတူတူ ဖြစ်ကုန်ပြီ၊ ဒီတော့ မြို့ထဲက ကျောင်းတွေ သွားတက်ရတာ ကလေးတွေလည်း ပင်ပန်းတယ်၊ စိုးရိမ်ရတာလည်း အလုပ်ရှုပ်တယ်၊ ဒါကြောင့် အငယ်တွေတော့ ဒီဘက်က ကျောင်းပဲ ပြောင်းမလားလို့ စိတ်ကူးတယ်"

ဟု ကျွန်တော်တို့ အမေကို ပြောသည်။ အမေက. . .

"ကျွန်မကတော့ ထားလက်စနဲ့ ဆက်ထားလိုက်မလား စိတ်ကူးတယ်၊ အကြီးကောင်ကလည်း ရှစ်တန်းရောက်နေပြီ ဆိုတော့ ကျောင်းမပြောင်းချင်တော့ဘူးလေ"

ကျွန်တော်ကတော့ ကျောင်းပြောင်းချင်သည်။ ထို့ကြောင့် အမေ့ကို ပြောရာ အမေက ခွင့်မပြုချေ။ အဖေ့ကို ပြောကြည့်သောအခါ. . .

"မင်းက ဘာဖြစ်လို့ ပြောင်းချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးသည်။ ကျွန်တော်ကလည်း အမှန်အတိုင်းပင်. . .

"အေးမြနဲ့ ကျောင်းအတူတူ တက်ချင်လို့ ဖေဖေ"

ဟု ပြောသည်။ အဖေက ဘာမျှပြန်မပြော။ ကျွန်တော်လည်း ရှုမှာ မတုတ်ဆိုပြီး လက်လျှော့လိုက်သည်။ ကျောင်းပြန်ဖွင့်သည့်နေ့ကျမှ အဖေက. . .

"သား. . .မင်း အေးမြနဲ့ အတူတူ ကျောင်းသွားတက်တော့၊ ကျောင်းပြောင်းဖို့ကိစ္စ ဖေဖေ လုပ်ပြီးပြီ"

ဟု ပြောသည်။ ကျွန်တော်သည် မမျှော်လင့်ဘဲ ကျောင်းပြောင်းလိုက်ရသဖြင့် အရမ်းပျော်သွားသည်။ ကျောင်းပြောင်းသည့်ကိစ္စကို အမေတောင် မသိလိုက်။ အဖေ့ဘာသာ စီစဉ်လိုက်ခြင်း ဖြစ်သည်။ အမေက အံ့သြပြီး. . .

"ရှင်ကလဲ ကလေးက ပြောင်းချင်တယ်ဆိုတိုင်း လိုက်လုပ်ပေးရသလား၊ နည်းနည်းပါးပါးတောင် မတိုင်ပင်ဘူး"

"ကလေးဆိုတာ သူပျော်တဲ့ကျောင်းမှာ စာသင်ရမှ ပိုပြီးတတ်တာကွ"

ဟု အဖေက ချေပသည်။

ကျွန်တော်ကတော့ ထိုအကြောင်းကို ပြောပြရန် အေးမြတို့အိမ်သို့ ပြေးလေသည်။





ကျောင်းက အိမ်နှင့် နီးနီးလေး ဖြစ်သည်။ ကားနှင့် လိုက်ပို့စရာ မလိုတော့။ လမ်းလျှောက်သွားကြသည်။ ကျွန်တော်တို့ကတော့ ပိုတောင် သဘောကျသေး။

အေးမြ၏ ညီမနှစ်ယောက်က မူလတန်းကျောင်းကလေးမှာ ဖြစ်သဖြင့် သူတို့အိမ်က ထမင်းချက် မိန်းမကြီးက လိုက်ပို့သည်။ ကျွန်တော်တို့ကတော့ အထက်တန်းကျောင်းကြီးမှာ။ ဒီတော့ ကျွန်တော်တို့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားရသည်။

ကောင်မလေးနှစ်ယောက် ပါလျှင် သိပ်ရှုပ်သည်။ သူတို့ကို ထိန်းနေရတာနှင့် အေးအေးဆေးဆေး မနေရ။ ခုတော့ စကားတပြောပြောနှင့် လမ်းလျှောက်ရတာ သိပ်ပျော်ဖို့ကောင်းသည်။ ပြီးတော့ ခု ကျောင်းက အရင်နေခဲ့ရသောကျောင်းလို ယောကျ်ားလေးတွေချည်း တက်ရသော ကျောင်းမျိုးမဟုတ်။ ယောကျ်ားလေးနှင့် မိန်းကလေး ရော တက်ရသော ကျောင်းဖြစ်သည်။

အေးမြနှင့် ကျွန်တော် တစ်တန်းတည်း တူတူနေရသည်၊ တစ်ခုံ



www.burmeseclassic.com

www.burmeseclassic.com



တည်းတော့ တူတူထိုင်ခွင့်မရ။ ဘာပဲဖြစ်ဖြစ် ကျောင်းအတူတူသွား၊ အတူတူပြန်ရခြင်း၊ မုန့်စားလွှတ်ချိန်မှာ တူတူ မုန့်စားရခြင်းတို့သည် အရင်ကျောင်းများထက် အများကြီး သာသောအချက်များပင် ဖြစ်သည်။

ကျောင်းသစ်မှာ မကြာခင် နေသားကျသွားသည်။ ကျွန်တော့်မှာ ယောကျ်ားလေး သူငယ်ချင်းအသစ်တွေ ရှိလာသလို အေးမြမှာလည်း မိန်းကလေး သူငယ်ချင်းအသစ်တွေ ရှိလာသည်။ သို့ရာတွင် ကျွန်တော်တို့ နှစ်ယောက်ကတော့ အတွဲမပျက်။ တချို့ ဆရာ ဆရာမတွေဆိုလျှင် ကျွန်တော်တို့ကို မောင်နှမ အရင်းဟုပင် ထင်ကြသည်။

ဤသို့ နေထိုင်လာခဲ့ကြရာမှ တစ်နေ့သောအခါတွင် ကျွန်တော်တို့အတွက် သူငယ်ချင်း အသစ်တစ်ယောက် ရရှိလာရန် အကြောင်းဖန်လာခဲ့ပါတော့သည်။

ငါးတန်းအောင်ပြီး ခြောက်တန်း အောင်သောနှစ်မှာ ဖြစ်၏။ ကျောင်းဖွင့်ပြီး နှစ်လလောက် အကြာတွင် ကျောင်းသားအသစ် တစ်ယောက် ရောက်လာသည်။

ကျွန်တော်တို့ ကျောင်းသားများ၏ ထုံးစံမှာ ဆရာဆရာမ အသစ် တစ်ယောက် သို့တည်းမဟုတ် ကျောင်းသားကျောင်းသူ အသစ်တစ်ယောက် လာမည်ဆိုလျှင် စိတ်ဝင်စားကြစမြဲ ဖြစ်၏။

ဆရာ ဆရာမဆိုလျှင် အသက်ကြီးကြီးလား၊ ငယ်ငယ်လား၊ သဘောကောင်းသလား၊ မျက်နှာထားဆိုးသလား၊ အရိုက်ကြမ်းသလား စသည်ဖြင့် သိချင်တတ်ကြသကဲ့သို့. . .

ကျောင်းသားအသစ်တစ်ယောက် ရောက်လာမည်ဆိုလျှင် မိန်းကလေးတွေက ထိုကျောင်းသားသည် အသားဖြူမလား၊ မည်းမလား၊ ရုပ်ဆိုးမလား၊ ချောမလား၊ စာတော်မလား၊ ညံ့မလား၊ စာတော်တယ်ဆိုလျှင်တော့ ပြိုင်ရမယ့် လူတစ်ယောက် တိုးလာမှာ စသည်ဖြင့်. . .။

ယောကျ်ားလေးတွေကတော့ ကျောင်းသားသစ် ဆိုသောကောင်သည် အပေါင်းအသင်း ဖြစ်လွယ်ပါ့မလား။ ဆော့ကြွားကြွားကောင်ဆိုလျှင်တော့ ဝိုင်းနှိမ်ထားမှ ဖြစ်မယ်၊ ဘောလုံးကန်ကောင်းတဲ့ကောင်





ဆိုလျှင် ငါတို့အသင်းထဲကို ဦးအောင် ထည့်ထားမှ စသည်ဖြင့် ကြိုတင်တွေးတော တွက်ဆနေကြသည်။

ဒီနေ့ ကျောင်းသားအသစ်တစ်ယောက် ရောက်မည်။ မနေ့က ဆရာမများ နားနေခန်းထဲတွင် ကျွန်တော်တို့ အတန်းပိုင် ဆရာမက တခြားဆရာမတစ်ယောက်ကို ပြောနေတာ ကြားခဲ့သည်ဟု မော်နီတာ လှရီက သတင်းလွှင့်ထား၏။ ထို့ကြောင့် ကျွန်တော်တို့ အတန်းသားတွေ စိတ်ဝင်စားစွာ စောင့်နေကြခြင်း ဖြစ်သည်။

ကျောင်းတက်ခေါင်းလောင်း ထိုးပြီ။ ခါတိုင်းရက်များဆိုလျှင် ဆရာမ ရောက်မလာခင်မှာ ဆူညံနေကြစမြဲ ဖြစ်သည်။ ဒီနေ့တော့ သိပ်မဆူလှဘဲ ရှိနေ၏။ တချို့က အတန်းဝေးစကြီကို ထွက်ကြည့်ကြ၏။ ခဏအကြာတွင်. . .

"ဆရာမ လာပြီကွ"

ဟု ပြောရင်း အတန်းထဲ ပြန်ပြေးဝင်လာကြသည်။

"ပါလာလားကွ၊ ပါလာလား"

ဝိုင်းမေးကြသည်။

"မသိဘူးကွ၊ ငါတို့လည်း ဆရာမ မြင်တာနဲ့ အမြန်ဝင်လာခဲ့တာ"

ဆရာမ ဝင်လာသည်။ တစ်တန်းလုံး တိတ်ဆိတ်နေ၏။

"မင်္ဂလာပါ"

"မင်္ဂလာပါ ဆရာမ"

ဆရာမကို နှုတ်ဆက်ကြသော်လည်း မျက်လုံးတွေအားလုံးက ဆရာမ နောက်နားမှာ ကုပ်ကုပ်ကလေး ရပ်နေသော ကျောင်းသားတစ်ယောက်ထံ စုပြုံရောက်ရှိနေကြသည်။

ကျွန်တော်တို့ ပြန်ထိုင်ကြပြီးသောအခါ ဆရာမက. . .

"ကဲ. . . ဟောဒါ မင်းတို့ အတန်းထဲကို ရောက်လာတဲ့ ကျောင်းသားသစ်ပဲ၊ မင်းတို့က သူ့ကို အစစအရာရာ အကူအညီ ပေးကြရမယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာမ"

"သူ့နာမည်ကိုလည်း မှတ်ထားကြ၊ မောင်လူလှတဲ့"

ခဏမျှ ငြိမ်သွားပြီးနောက် ရယ်သံတွေ ထွက်လာသည်။ ဆရာမကို ကြောက်သဖြင့် ခပ်တိုးတိုး ရယ်ကြခြင်းသာ ဖြစ်သော်လည်း အသံတွေ အများကြီး ပေါင်းလိုက်သောအခါ ဝေါခနဲ ဖြစ်သွားလေ၏။

လူလှသည် ရှက်ပြီး ခေါင်းငုံ့သွားသည်။ မျက်နှာကတော့ ရဲခနဲ ဖြစ်မသွားချေ။ အဘယ်ကြောင့်ဆိုသော် သူ့အသားက မဲပြီးသား ဖြစ်သဖြင့် ရဲခနဲ ဖြစ်လျှင်လည်း ထူးပြီး မြင်သာနိုင်စရာ မရှိသောကြောင့်ပင်။

ဆရာမပင်လျှင် ကျွန်တော်တို့ကို ဆူဖို့ သတိမရဘဲ တစ်ချက်ပြုံးလိုက်ပြီးမှ မျက်နှာကို တည်၍. . .

"မောင်လူလှ သွားထိုင်တော့၊ ဪ. . . မောင်လှရီ၊ သူ့ကို နေရာပေးလိုက်ပါ။ ဘယ်နေရာ လွတ်သလဲ၊ ဟို မောင်ဝင်းထွန်းတို့ ခုံမှာ တစ်နေရာ လွတ်တယ် မဟုတ်လား"

ဝင်းထွန်းသည် အလျင်အမြန် မတ်တတ် ထရပ်ပြီး. . .

"မလွတ်ဘူး ဆရာမ၊ ဒီနေ့ မောင်မောင် ကျောင်းမလာလို့"

"အင်း. . . ဒီနေ့တော့ အဲဒီမှာပဲ ထိုင်ပစေဦး၊ မနက်ဖြန်ကျမှ နေရာလုပ်ပေးမယ်"

ဝင်းထွန်းက လူလှကို သူ့နားမှာ ထိုင်စေချင်ပုံမရ။ ဆရာမကို ကြောက်သောကြောင့်သာ ထပ်ပြီး စောဒက မတက်ခြင်း ဖြစ်သည်၊ ထိုအချက်ကို ရိပ်မိသော လှရီက ဝင်၍. . .

"ဟိုး. . . နောက်ဆုံးတန်းမှာ ခုံလွတ်တစ်ခု ရှိတယ် ဆရာမ၊ လူတစ်ယောက်မှ မရှိဘူး"

ဟု ပြောသည်။

"မဖြစ်သေးဘူးလေ၊ ကျောင်းသားသစ်ကို နောက်ဆုံးမှာ တစ်ယောက်တည်း ထားလို့ ဘယ်ကောင်းမလဲ၊ ကဲ. . . မောင်လူလှ၊ မောင်ဝင်းထွန်းတို့ အနားမှာ သွားထိုင်"





လူလှသည် ခပ်လေးလေး လျှောက်သွားပြီး ထိုင်သည်၊ သူ ဝင်ထိုင်သောအခါ ဝင်းထွန်းက တစ်ဖက်သို့ လိုသည်ထက် ပို၍ ရွှေ့သွား သည်ကို တွေ့ရ၏။

"မောင်လူလှ မနက်ဖြန်ကျလျှင် ကျောင်းစိမ်းလုံချည်နဲ့ အတွ အဖြူ ဝတ်ခဲ့နော်"

ဟု ဆရာမက ပြောသည်၊ လူလှက ခေါင်းညိတ်ပြ၏။

ပထမ အချိန်ပြီး၍ သင်္ချာအစိဋ္ဌာန် ဆိုပြီးသောအခါ ဆရာမ ထွက်သွားသည်။ နောက်ဆရာ ရောက်မလာခင်အတွင်း ဝင်းထွန်းသည် ကျွန်တော်တို့ ရှေ့ခုံမှာ ထိုင်သော လှရီဆီ လာပြီး. . .

"လှရီ. . . ဟိုကောင့်ကို နေရာပြောင်းပေးလိုက်ပါကွာ၊ ငါ သူ့ အနားမှာ မထိုင်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"သူ့လက်မှာ ဝဲခြောက်တွေလား ဘာလား မသိဘူး၊ တွေ့တယ် ကွ၊ ငါ ရွံတယ်ကွာ၊ တော်ကြာ ငါ့ကို ကူးနေဦးမယ်"

ဝင်းထွန်းသည် သန့်သန့်ပြန့်ပြန့် နေတတ်သူ ဖြစ်သည်။ မောင် မောင်အောင်နှင့်ဆိုလျှင် အမြဲတမ်း ရန်တကျက်ကျက် ဖြစ်နေကျ။ မောင် မောင်အောင်က ရွှံ့ထဲဗွက်ထဲ ဘောလုံးကန်ပြီး ပေပေရေရေနှင့် ဝင်း ထွန်း၊ ပခုံးကို သွားဖက်ချင် ဖက်တတ်သည်။

"နေရာပြောင်းလို့ ဘယ်ရမလဲ၊ ဒါ ဆရာမ ထိုင်ခိုင်းထားတာဝဲ"

ဟု မော်နီတာ လှရီက ပြန်ပြောသည်၊ ဝင်းထွန်း၊ ခေါင်းကုတ်၍

"ဒုက္ခပါပဲကွာ၊ ဆရာမက ငါတို့ခုံမှာ အစဉ်ထိုင်ခိုင်းရင်ေ ပြဿနာပဲ"

ဟု ပြော၍ သူ့ခုံဘက် လှမ်းကြည့်သည်။ သူတို့ခုံမှာ လူ မရှိတော့ချေ၊ သူသည် ဟိုးနောက်ဆုံးတန်းက ခုံလွတ်မှာ တစ်ယော တည်း သွားထိုင်နေ၏။

မုန့်စားလွှတ်ချိန် ရောက်သောအခါ အတန်းသားအားလုံး ရှေ့ ဈေးတန်းကို ထွက်ကြသည်၊ လူလှကတော့ မထွက်ဘဲ အတန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဓာည်း ထိုင်လျက် ကျန်ခဲ့သည်။

လုရိက. . .

"မင်း မုန့်စားမထွက်ဘူးလား၊ မုန့်စားတန်းက ဟိုဘက်မှာ ရှိတယ်"

ဟု ပြောသေးသည်။ လူလုက ခေါင်းသာ ခါပြ၏။

အတန်းသူ အတန်းသားများသည် လူလုကို အရောဝင်ချင်ကြပုံ မရချေ။ သူနှင့် အပေါင်းအသင်း ဖြစ်လိုသောစိတ်လည်း မရှိကြ။

တကယ်တော့ လူလုကလည်း ခင်မင်နှစ်လိုစရာ ပုံမျိုး မဟုတ်ချေ၊ အသားမည်းမည်း၊ ပိန်ခြောက်ခြောက်၊ လက်ပြင်ကလည်း နည်းနည်း ကုန်းသေးသည်။ ရုပ်ကလည်း ဆိုးသည်၊ အရုပ်ဆိုးခြင်းသည် ယောကျ်ားလေးတစ်ယောက်အဖို့ မိန်းကလေးတွေလောက် ပြဿနာ မရှိသော်လည်း သူ အရုပ်ဆိုးပုံက တစ်မျိုးကြီး ဖြစ်သည်။

မျက်နှာက အသက်မဝင်သလို ကြည်ကြည်လင်လင် မရှိ။ မျက်မှောင် အမြဲကုတ်ထားသည်။ သူ့ကို မြင်လိုက်ရသူတစ်ဦးသည် ခင်မင်ရင်းနှီးလိုသောစိတ် ပေါ်မလာသည့်အပြင် အကြောင်းမဲ့သက်သက် အမြင်ကတ်သောစိတ်ပင် ဖြစ်ပေါ်လာမိချေလေသည်။

ကျွန်တော်သည် လူတစ်ဖက်သားကို အဆိုးမြင်တတ်သူ တစ်ယောက်ကား မဟုတ်ပါ။ သို့တိုင်အောင် သူ့အပေါ်ကျတော့ စိတ်ထဲမှာ မရှင်းဘဲ ဖြစ်နေသည်။

အေးမြတတော့ လူလုနှင့် ပတ်သက်၍ ထူးထူးခြားခြား ပြောသည်။

"သူ့အမေအဖေတွေကလဲဟာ၊ ကြိုကြိုဖန်ဖန်၊ ရုပ်ဆိုးတဲ့လူကို လူလုလို့ နာမည်မှည့်တော့ ရယ်စရာကြီး ဖြစ်နေတာပေါ့၊ ဆရာမက သူ့နာမည်ကို မိတ်ဆက်ပေးတော့ ဝိုင်းရယ်ကြတာ၊ သူ တော်တော် ရှက်သွားမှာပဲနော်၊ သနားပါတယ်"

ဟု ခေါက်ဆွဲသုတ် စားရင်းက ပြောသည်၊ ကျောင်းပြန်တက်ခါနီး၍ အတန်းထဲ ဝင်လာကြသောအခါ စောစောကအတိုင်း ထိုင်ခုံမှာ





မလှုပ်မယှက် ထိုင်နေသော လူလုကို တွေ့ကြရသည်။

ခဏအကြာတွင် ကြောင်ကတိုးနှင့် ကြွက်စုတ်တို့ အတန်းထဲ ဝင်လာကြပြီး လူလု ထိုင်နေရာသို့ လျှောက်သွားကြသည်။ သူတို့ ညီအစ်ကိုသည် အလွန် ပြဿနာရှာကြသူများ ဖြစ်သည်။ ထို့ကြောင့် အခန်းထဲမှာ ရှိနေကြသူများက အကဲခတ် ကြည့်နေကြသည်။

ကြောင်ကတိုးက လူလုနားမှာ ရပ်၍. . .

"ဟေ့ကောင်"

ဟု ခေါ်သည်။ လူလု မော့ကြည့်၏။

"မင်းက ခုမှ ရန်ကုန်ကို ပြောင်းလာတာလား"

လူလုက ခေါင်းညိတ်ပြသည်။

"ဘယ်က ပြောင်းလာတာလဲ"

လူလုက မဖြေ။

"ပြောပါကွ၊ သိချင်လို့ပါ၊ မင်းကလဲ"

လူလုသည် ခဏဆိုင်းနေပြီးမှ. . .

"ဗျိုင်းမွေးရွာက"

"ဘာ. . . ဗျိုင်းမွေးရွာ ဟုတ်လား၊ နာမည်က လူလု၊ နေတာက ဗျိုင်းမွေးရွာ၊ မင်းပုံစံနဲ့ လိုက်လည်း လိုက်ပါ့ကွာ၊ ဟား. . . ဟား. . . ဟား"

ကြွက်စုတ်က ဝင်ပြောရင်း ရယ်သည်။ အနီးအနားမှာ ရှိနေသော ကျောင်းသားများကလည်း ဝိုင်းရယ်ကြသည်။ လူလုသည် ဒေါသကြောင့် မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ ဘာမျှတော့ ပြန်မပြော။

...မလဆန...



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် လူလု တစ်ယောက်တည်း နောက်ဆုံးတန်းမှာ ထိုင်နေသည်ကို ဆရာမ မြင်သော်လည်း ဘာမျှမပြောတော့။ လူလုနှင့်အတူ ဘယ်သူမှ မထိုင်ချင်ဘူးဆိုတာ ဆရာမကလည်း ရိပ်မိဟန်တူသည်။ တစ်ခုပဲ ပြောသည်။

"မောင်လူလု ကျောင်းစိမ်းလုံချည်နဲ့ အင်္ကျီဖြူ ဘာဖြစ်လို့ ဝတ်မလာသလဲ"

"ကျွန်တော့်မှာ မရှိလို့ပါ ဆရာမ"

"မရှိရင် မင်းမိဘတွေကို ဝယ်ခိုင်းပေါ့ကွယ်"

"အမေက ဝယ်စရာ ပိုက်ဆံ မရှိဘူးလို့ ပြောတယ်"

"ဟော..."

ဆရာမသည် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပြီးမှ...

"အင်း... ဒါကတော့ ကျောင်းစည်းကမ်းပဲကွယ်၊ အဖြူနဲ့အစိမ်း မဝတ်လို့ မဖြစ်ဘူး၊ မင်းအမေကို သေသေချာချာ ပြောပြပေါ့"

နောက်ပိုင်းအချိန်များတွင် ဝင်သော ဆရာဆရာမများကလည်း





ကျောင်းဝတ်စုံကိစ္စ မေးကြသည်။ မေးတိုင်းလည်း လူလုသည် ထထပြီး င်းပြနေရသည်။

နောက်တစ်နေ့မှစ၍ သူ ကျောင်းမတက်တော့ချေ။ သုံးရက် သွားသောအခါ ဆရာမက လုရိုကို လူလုအိမ်သို့ လွှတ်လိုက်သည်။ ူလု ကျောင်းမတက်ခြင်းမှာ ကျောင်းဝတ်စုံ မရှိလို့ ဆိုတာလည်း ပ်မိဟန် တူသည်။ လုရိုနှင့်အတူ ကျောင်းစိမ်းလုံချည် တစ်ထည်နှင့် င်္ကျီအဖြူ တစ်ထည်ပါ ထည့်ပေးလိုက်သည်။ မနက်ဖြန်မှစပြီး ကျောင်း က်ဖြစ်အောင် တက်ရန်လည်း မှာလိုက်သည်။

လူလု ကျောင်းပြန်တက်သောအခါ ဆရာမ ပေးလိုက်သော ကျောင်းဝတ်စုံကို ဝတ်လာသည်။ ထိုအခါ ကြောင်ကတိုးတို့က လှောင်ကြ န်သည်။

"ဒီလိုဆိုတော့လည်း လူလိုသူလို ဖြစ်သွားသားပဲ"

လူလုက တစ်ချက်စိုက်ကြည့်သည်။ ပြီးတော့ စားပွဲကို လက်သီး င် ဆတ်ခနဲ ထိုးသည်။ ဟိုကောင်တွေက ရယ်နေကြ၏။

❖ ❖ ❖

"လူတစ်ဖက်သားကို သရော် လှောင်ပြောင်တယ်ဆိုတာ ကောင်း ဲ့ အကျင့် မဟုတ်ဘူး၊ အထူးသဖြင့် လူတစ်ယောက်ရဲ့ ဘယ်လိုမှ ်ပြုပြင်လို့ မရတဲ့ အားနည်းချက်ကို လှောင်ပြောင်တာဟာ အဆိုးဆုံးပဲ ဝမာ ခြေကျိုးနေတဲ့လူ၊ ဆွံ့အ နားမကြား ဖြစ်နေတဲ့လူ၊ သွက်ချာပါ ိတ်နေတဲ့လူ၊ စိတ်မနှံ့တဲ့လူ၊ ကိုယ်ခန္ဓာ အချိုးအစား မကျတဲ့လူ သိမ် ရုပ်ဆိုးတဲ့ လူမျိုးတွေပေါ့၊ သူတို့ခမျာ ဘဝကုသိုလ် မကောင်းလို့ ခု



www.burmeseclassic.com

www.burmeseclassic.com



လို ဖြစ်ကြရတာ၊ အဲဒါတွေကို ဘယ်လိုမှ ပြန်ပြီး ပြုပြင်ပြောင်းလဲ မရဘူး၊ သူများ ပြောသမျှ နာကြည်း ဒေါသဖြစ်ရုံအပြင် ဘာမှ မတ နိုင်ရှာကြဘူး၊ ဒီလိုလူမျိုးတွေကို သရော်လှောင်ပြောင်တာဟာ သိ အောက်တန်းကျတဲ့ အပြုအမူပဲ"

ဟု ဆရာမက ဆုံးမဖူးသည်။ အေးမြသည် ထိုအကြောင်းတေ ပြန်ပြောပြပြီး. . .

"ငါတော့ မလှောင်ပြောင်ရဲဘူး၊ ဝင့်လိုက်မှာ ကြောက်တယ် နင် ကြည့်ပါလား၊ စကားထစ်တဲ့လူကို စမိရာက ကိုယ်ပါ စကားထစ်သွ တာလေ၊ ဒါကြောင့် ငါပြောတာ၊ လူလှကို သွားသွားမပြောင်ပါနဲ့လို တော်ကြာ ဝင့်လိုက်နေဦးမယ်"

"အမယ်. . . ငါက သူ့လို ဘယ်တော့မှ အရုပ်ဆိုးသွားမှာ မဟုတ်ပါဘူး"

"ပြောနိုင်လားဟ၊ ထားပါတော့ဟာ၊ မပြောကောင်းပြောကောင်း နင့်မျက်နှာ ရေနွေးပူ လောင်ပြီး အရုပ်ဆိုးချင် ဆိုးသွားနိုင်တာပဲ"

"ငါက ရေနွေးပူနဲ့ အပက်ခံရအောင် ခွေးမှ မဟုတ်တာ"

"မတော်တဆ ဆိုတာ မပြောနိုင်ဘူးဟ"

"အေးပါ၊ ငါကလည်း လူလှကို ဘယ်တုန်းက စလို့လဲ"

"နင် မစပေမယ့် သူများတွေ စရင် နင် ရယ်တယ် မဟုတ် လား"

"ဒါကတော့ မရယ်ဘဲမှ မနေနိုင်တာ"

"အဲဒီ ကောင်စုတ်တွေဟာ တော်တော် အမြင်ကတ်ဖို့ ကောင်း တယ်၊ ကြွက်စုတ်နဲ့ ကြောင်ကတိုးက အဆိုးဆုံးပဲ၊ သူတို့ကကော ဘယ် လောက် ချောနေ လှနေလို့လဲ၊ မျက်နှာတွေက စုတ်ချွန်းချွန်းနဲ့၊ ကိုယ့် အတန်းထဲ ရောက်လာတဲ့ ကျောင်းသားသစ် တစ်ယောက်ကို ကူညီရမယ် ဟာ မကူညီတဲ့အပြင် စိတ်ဆင်းရဲအောင် သွားလုပ်ကြတာ အကျင့်ယုတ် တာပေါ့ဟ၊ မဟုတ်ဘူးလား"

ကျွန်တော့်စိတ်ရင်းသည် လူတစ်ဖက်သားကို သနားတတ်သူသာ





ဖြစ်ပါသည်။ လူလှနှင့် ပတ်သက်၍လည်း သရော်လှောင်ပြောင်ချင်သော စိတ်မျိုး မရှိခဲ့ပါ။ အေးမြ ပြောသည့်အချက်များကိုလည်း ကျွန်တော် သဘောတူပါသည်။ ထို့ကြောင့်. . .

"ဟုတ်တာပေါ့"

ဟု ပြန်ပြောလိုက်သည်။ သို့တိုင်အောင် လူလှနှင့် မိတ်ဖွဲ့ပြီး ထရင်းတနီး နေဖို့တော့ စိတ်မကူးမိသေးပါ။ အတန်းထဲက တခြား ကောင်တွေ မလုပ်သည့်ကိစ္စကို ကျွန်တော်က ချွန်ပြီး လုပ်ရမှာ ကြောက် နေခြင်းလည်း ဖြစ်ချင်ဖြစ်ပါမည်။

တစ်ပတ်လောက် ကြာသည်အထိ လူလှကို ဘယ်သူမှ ဟက် ထက်ပက်ပက် အဖက်မလုပ်ကြသေးချေ။ လှရီတစ်ယောက်သာ အဆက် အဆံ ရှိသည်။ သူကလည်း မော်နီတာ ဖြစ်နေသဖြင့် အလုပ်က ခပ်များ များ။ လူလှကို သိပ်အရေးမစိုက်နိုင်။ လူလှသည် များသောအားဖြင့် တစ်ယောက်တည်းသာ တွေဝေနေလေ့ ရှိသည်။

အေးမြနှင့်ကျွန်တော်သည် လူလှအကြောင်း ပြောရင်း လျှောက် လာကြရာ ကျောင်းနောက်ဖက်အပေါက်သို့ ရောက်လာသည်။ ကျွန်တော် တို့သည် နေရိပ်သော နောက်ဖက်လမ်းမှ အမြဲလာလေ့ ရှိသည်။

ကျောင်းနောက်ဖက် မြေတွက်လပ်ရှိ စိုက်ပျိုးရေး ဘေးခြံတွင် သူတို့ကို တွေ့လိုက်ရသည်။ လူလှကို ကြောင်တတိုးက နောက်မှ သိုင်းဖက် ၍ ချုပ်ထားပြီး ကြွက်စုတ်က ရှေ့မှာ ရပ်နေသည်။

"ဟင်. . . ဘာဖြစ်ကြပြန်တာလဲ မသိဘူး"

အေးမြက ပြောသည်။ ကျွန်တော်တို့နှစ်ယောက် ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေကြ၏။ လူလှက ရှုန်းသော်လည်း ကြောင်ကတိုးမှာ လူ ကောင် ကြီးသဖြင့် မလွတ်ချေ။

"ဘာလုပ်တာလဲကွ၊ လွှတ်ပါကွ"

ဟု လူလှက ရှုန်းရင်းကန်ရင်း ပြောသည်။ ကြွက်စုတ်က ရယ် ပြီး. . .

"ငါတို့က စေတနာနဲ့ပါကွ၊ မင်း အသားမည်းနေတာ ပျောက်

www.burmeseclassic.com



သွားအောင် ပေါင်ဒါလိမ်းပေးမလို့ဝါ"

ဆိုပြီး ဖုန်မှုန့်တွေကို ဆုပ်ယူပြီး လူလှ၏မျက်နှာကို ပွတ်လိုက်သည်၊ အင့်ခနဲ အသံကြားရပြီး ကြွက်စုတ် ပက်လက်လန် လဲသွား၏၊ လူလှက နှုတ်ခမ်းကို ကိုက်၊ မျက်လုံးကြီး ပြူးကြည့်နေသည်။ သူ စိတ် အရမ်းဆိုးနေသည်၊

"ဩော်. . . မင်းက တော်တော် လာပါလား"

ကြွက်စုတ်သည် ပက်လက်လန် လဲသွားသဖြင့် ရှက်သွား၏၊ လူးလဲထသည်။ ကြောင်ကတိုးက လူလှကို ပို၍ တင်းကျပ်စွာ ချုပ်ထား သည်၊ ကြွက်စုတ်က လူလှဆီ ပြေးဝင်ပြီး ထိုးသည်၊ လူလှက ခေါင်းကို ငုံ့၍ခါ၍ ရှောင်သော်လည်း နှစ်ချက်သုံးချက် ထိသွားသည်။ လူလှ၏ နှာခေါင်းမှ သွေးတွေ ယိုစီးကျလာ၏။

ကျွန်တော်သည် ဝေးကြောင်၍ ကြည့်နေဆဲ အေးမြက သူတို့ဆီ ပြေးဝင်သွား၍. . .

"ဟင်. . . နင်တို့ တော်တော် မတရားလုပ်တဲ့ကောင်တွေပါလား ဟင်. . . ကဲဟာ. . . ကဲဟာ"

ဆိုပြီး ကြောင်ကတိုးကို လွယ်အိတ်နှင့် ရိုက်လေသည်။ ကြွ စုတ်သည် ရုတ်တရက် ကြောင်နေပြီးမှ အေးမြကို တစ်ခုခု လုပ်မည့်ဟ မြင်သည်၊ ထိုအခါကျမှ ကျွန်တော်လည်း ပြေးဝင်သွားပြီး ကြွက်စုတ် ခုန်အုပ်လိုက်လေတော့သည်။

❖ ❖ ❖

ကျွန်တော်တို့အားလုံး ဆရာမရှေ့မှာ ရပ်နေကြသည်။ စာရ ချုပ်လိုက်သောအခါ ကြွက်စုတ်သည် ကျွန်တော် အလစ်ဝင်တွယ်သ





အငိုက်မိခံလိုက်ရပြီး နဖူးမှာ အဖုကြီး ဖြစ်သွားသည်၊ ကြောင်ကတိုးတ အေးမြ လွယ်အိတ်ထဲက ကွန်ပါဘူးနှင့် ရိုက်မိ၍ တံတောင်ဆစ် ရောင် သွားသည်။ ကျွန်တော်က ကြွက်စုတ်နှင့် နပန်း လုံးခဲ့ရသောကြောင့် လက်မှာ နည်းနည်း ပွန်းပဲ့ရုံသာ။ အေးမြကတော့ ဘာမျှမဖြစ်၊

အနာဆုံးက လူလှဖြစ်သည်၊ ကြွက်စုတ်၏ လက်သီး သုံးချက် လောက် မိမိရရ ထိသွားသဖြင့် နှာခေါင်းမှ သွေးတွေ ယိုကျလာပြီး မျက်လုံးတစ်ဖက်လည်း ညိုမည်း ဖူးရောင်သွား၏။

"တဲ. . . ဘယ်လိုဖြစ်ကြတာလဲ၊ ပြောစမ်း"

ဆရာမက မေးသည်၊

"သူက စထိုးတာပါ ဆရာမ"

ဟု ကြောင်ကတိုးက လူလှကို လက်ညှိုးထိုးပြီး အလျင်ဦးအောင် တိုင်သည်။ လူလှက တစ်ခုခု ပြောမည်ပြုစဉ် အေးမြက ဝင်၍. . .

"အလကား ညာတာ ဆရာမ၊ သူတို့က လူလှကို အနိုင်ကျင့်တာ၊ တစ်ယောက်က ချုပ်ထားပြီး တစ်ယောက်က လူလှရဲ့မျက်နှာကို ဖုန်တွေနဲ့ သုတ်တယ်၊ ပြီးတော့ ဝိုင်းထိုးတယ်"

"ဟုတ်လား"

"သူတို့ကလည်း ပြန်ထိုးတာပဲ"

ကြွက်စုတ် စကားမှားသွားသည်။ သူ့စကားက ဝန်ခံသလို ဖြစ် နေ၏။ ဆရာမက ကျွန်တော့်ဘက် လှည့်၍. . .

"မောင်ဇော်ထူးကကော ဘာဖြစ်လို့ ဝင်ပါရတာလဲ"

"ကျွန်တော်. . . ကျွန်တော်. . . လူလှကို သူတို့က အနိုင်ကျင့်လို့ ဝင်ကူတာပါ"

ကျွန်တော်သည် ဘယ်တော့မှ ရန်ဖြစ်လေ့ မရှိချေ။ သူများတ ကိုယ့်ကို လာစလျှင်ပင် ရှောင်ထွက်သွားတတ်သော ကျွန်တော်က အဲဒီ ကိစ္စထဲမှာ ပါနေသဖြင့် ဆရာမ အံ့ဩဟန်တူသည်။ အေးမြက အလျှင် စပြီး ဝင်ချတာ သိလျှင် ဘယ်လိုနေမလဲ မသိ။ ဆရာမက ထိုအကြောင်း ကိုတော့ မမေးတော့ဘဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဘယ်သူပဲ လွန်လွန် ရန်ဖြစ်တယ်ဆိုကတည်းက အားလုံးမှာ အပြစ်ရှိတာပဲ၊ ကဲ. . . ဟိုဘက်လှည့်ကြ"

ကျွန်တော်တို့ တန်းစီ၍ လှည့်လိုက်သည်။ အေးမြကလည်း ဝင်၍စီရာ. . .

"တင်အေးမြ မပါဘူး"

ဟု ဆရာမက ပြောသည်။ ကြောင်ကတိုးက. . .

"သူလည်း ကျွန်တော့်ကို လွယ်အိတ်နဲ့ ရိုက်တာပဲ"

ဟု ဆွဲထည့်သေးသည်၊ ဆရာမက မကြားချင်ယောင် ဆောင်နေလိုက်သည်။

တန်းစီရာတွင် ဆရာမနှင့် အနီးဆုံး ဖြစ်သော ကျွန်တော့်ကို စရိုက်သည်။ တကယ်ရိုက်ခြင်း မဟုတ်၊ ဒူးခေါက်ကွေး နေရာကို ခပ်ဖွဖွ ရိုက်ခြင်း ဖြစ်သဖြင့် ဖောင်းနေသော လုံချည်စကိုသာ ထိသည်၊ အသားကို မထိ။

လူလှကို ရိုက်ရာတွင်လည်း ဖြည်းဖြည်းသာ ရိုက်သည်။

ဟိုနှစ်ယောက်ကိုကျတော့ ခပ်စပ်စပ်လေး ဆော်လေသည်။ သူတို့ ခါးကော့ကော့သွားတာကို ကြည့်ပြီး အေးမြက သဘောကျနေသည်။

"နောက်ကို အတန်းသားချင်း ရန်မဖြစ်ရဘူး ကြားလား၊ ကဲ. . သွားကြတော့"

ဆရာမများ နားနေခန်းထဲမှ ထွက်လာကြသည်။ ကြွက်စုတ်နှင့် ကြောင်ကတိုးက ရှေ့မှ ထွက်သွားပြီး ခပ်လှမ်းလှမ်း အရောက်တွင် နောက်ပြန်လှည့်ကြည့်ပြီး လက်သီး ထောင်ပြသွားသည်၊ အေးမြက လက်ဝါး ပြန်ထောင်ပြလိုက်၏။

ကျွန်တော်တို့ သုံးယောက်သည် ရင်ဘောင်တန်းပြီး လျှောက်လာကြသည်။ အေးမြက အလယ်က၊ ထိုအချိန်မှစ၍ ကျွန်တော်တို့ သုံးယောက်သည် အတွဲဖြစ်သွားကြောင်းကို တစ်ယောက်နှင့် တစ်ယောက် မပြောဘဲ သိလိုက်ကြသည်။

လူလှသည် ကြွက်စုတ်တို့နှင့် သတ်ပုတ်စဉ်က အကျီကြယ်သီး





နှစ်လုံး ပြုတ်သွားသဖြင့် ရင်ဘတ် ဟပြဲ ဖြစ်နေသည်။ အိတ်လည်း စုတ်ပြဲသွားသေးသည်၊ ဩော်. . . သူ့ခမျာ အကျီတစ်ထည်တည်း ရှိရတဲ့ ကြားထဲဟု တွေးမိသည်။

ထိုအချိန်တွင် အေးမြက. . .

"နင့်နှာခေါင်းက သွေးတွေကို သုတ်လိုက်ဦးလေ၊ ဟဲ့. . . အကျီနဲ့ မသုတ်နဲ့. . . အင့်"

ဆိုပြီး သူ့လက်ကိုင်ပုဝါလေးကို လှမ်းပေးသည်။ လူလှသည် လက်ကိုင်ပုဝါ ယူရင်း အေးမြကို တစ်ချက် စိုက်ကြည့်သည်။

ထိုမျက်လုံး အကြည့်တစ်ချက်သည် ကျွန်တော်တို့၏ ဇာတ်လမ်းကို ရှည်လျား ထွေပြားလာစေတော့မည် ဖြစ်ကြောင်း ထိုစဉ်က မသိခဲ့ကြသေးချေ။

...ဓဓဓဓ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် အေးမြတို့က လူလှကို သူငယ်ချင်းအဖြစ် လက်ခံလိုက်ပြီ ဆိုသော သတင်းကြောင့် အတန်းထဲမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ လူလှနှင့် ကြွက်စုတ်တို့ ရန်ဖြစ်ရာတွင် ကျွန်တော်တို့က လူလှဘက်မှ ဝင်ကူပြီး ချသည့်ကိစ္စကိုလည်း အမျိုးမျိုး ဝေဖန်ကြသည်။

တချို့က ကိုယ့်အတန်းသား ဟောင်းတွေဘက် မလိုက်ဘဲ ကျောင်းသားသစ်တစ်ယောက်ဘက်ကို လိုက်သဖြင့် ကျွန်တော်တို့ကို သစ္စာဖောက်ဟု ဆိုကြသည်။ တချို့ကတော့ ကြောင်ကတိုးနှင့် ကြွက်စုတ်တို့ ညီအစ်ကို အကျင့်ယုတ်မှန်းကို သိသဖြင့် ကျွန်တော်တို့ကို ထောက်ခံကြသည်။

သို့တိုင်အောင် ထူးဆန်းသည်မှာ သူတို့သည် ကျွန်တော်နှင့် အေးမြက ကြွက်စုတ်တို့ကို ဝင်ချသည့်ကိစ္စကိုသာ ထောက်ခံခြင်း ဖြစ်ပြီး လူလှကို ကြွက်စုတ်တို့က အနိုင်ကျင့်သည့်ကိစ္စအတွက်တော့ လူလှအား သနားခြင်း သိပ်မရှိလှချေ။

ထို့အပြင် ကြွက်စုတ်တို့ ညီအစ်ကို၏ ရန်ကို ကြောက်သော





ကြောင့်လည်း လူလှနှင့် ပေါင်းသော ကျွန်တော်တို့ကို သိပ်ဟက်ဟက်ပက်ပက် မပေါင်းရဲကြ။ ဝင်းထွန်းနှင့် မောင်မောင်အောင်တို့လောက်သာ ကျွန်တော်တို့ကို အရင်ကအတိုင်း အပေါင်းအသင်း လုပ်သည်။ သူတို့ကတော့ ကျွန်တော့်ကို တော်တော် ခင်ကြသူများ ဖြစ်သည့်အပြင် သူတို့ သင်္ချာအိမ်စာတွေ တွက်မလာသည့်နေ့များတွင် ကျွန်တော့်ဆီက ပြန်ကူးချနေကြရသည် မဟုတ်လား။ ဒါကြောင့် သူတို့သည် လူလှကိုတော့ သိပ်အရေးတဝင် မရှိလှပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ သိပ်ဂရုမစိုက်ချေ။ လူလှကို သူငယ်ချင်းအဖြစ် လုံးဝ အသိအမှတ် ပြုထားသည်။ ထို့အတွက် တခြားသူ၏ ဝိုင်းပယ်ခြင်းကို ခံရသလို ဖြစ်နေသော်လည်း ဝမ်းမနည်း။

အေးမြကဆိုလျှင် ပိုတောင် ပြတ်သေးသည်။ သူ့သူငယ်ချင်း ကောင်မလေးတွေက. . .

"နင်မို့ လူလှလို ကောင်မျိုးကို ခင်တတ်တယ်ဟယ်"

ဟု အပြစ်တင်သလို မကျေမနပ် ပြောကြသောအခါ. . .

"ဘာဖြစ်သလဲ၊ လူလှကို အားလုံးက ဝိုင်းပယ်ထားလို့ ငါတို့က ပေါင်းတာ၊ ဒါကို မကျေနပ်ရင် နင်တို့လည်း ငါနဲ့ မပေါင်းကြနဲ့"

ဟု အပြတ် ပြန်ပြောပစ်လိုက်သည်တဲ့။

လူလှသည် ဘဝအကျိုးပေး မကောင်းသဖြင့် လူအများ၏ အမြင်ကတ်ခြင်းကို ခံရရှာသည်။ ဒီလိုလူမျိုးကိုမှ ကျွန်တော်တို့က အားလုံးနှင့် ဆန့်ကျင်ပြီး ပေါင်းမိခြင်းမှာ ထူးဆန်းလှတော့သည်။

အေးမြကတော့. . .

"လူလှနဲ့ငါတို့နဲ့ ဟိုဘဝက ရေစက်ပါတယ် ထင်တယ်ဟ၊ သူ့တို့ မြင်မြင်ချင်း ငါ သနားမိတယ်"

ဟု ပြောသည်။

"ဒါလည်း ဖြစ်နိုင်တာပဲ၊ ငါလည်း အစကတော့ သိပ်ဂရုမထား မိပါဘူး၊ ဟိုကောင်တွေက လူလှကို အနိုင်ကျင့်နေတာ တွေ့တော့မှ သနားပြီး သူ့ဘက်က ဝင်ကူချင်စိတ် ပေါက်လာတာ မှ [illegible]



www.burmeseclassic.com

www.burmeseclassic.com

တော့ သူ့ကို ငါတောင် တော်တော် ခင်မိတယ်"

"လူလုက သိပ်မဆိုးပါဘူးဟာ၊ မှုန်ကုပ်ကုပ် နေတတ်တာရယ် ရုပ်ဆိုးတာရယ်ကြောင့်ပါ၊ သူ ရယ်ရယ်ပြုံးပြုံး နေရင် ခင်ဖို့ ကောင်းပါတယ်"

"သူက ဆင်းရဲလို့ စိတ်ညစ်ပြီး မှုန်ကုပ်ကုပ် ဖြစ်နေတာလား မသိဘူး"

"ဟုတ်ချင်ဟုတ်မှာပေါ့၊ ငါ တစ်ခုတော့ စဉ်းစားမိတယ် သိလား၊ သူ့ကို ဘယ်သူကမှ မပေါင်းချင်ပေမယ့် ငါတို့ကတော့ ခင်မင်နေတာဟာ ဟိုဘဝတုန်းက ငါတို့သုံးယောက်ဟာ မောင်နှမ တော်ခဲ့လို့လား၊ မသိဘူးနော်"

"အဲဒါဆို ငါက အစ်ကိုအကြီးဆုံး ဖြစ်မှာပဲ"

"အမယ်. . . ငါက အစ်မအကြီးဆုံး ဖြစ်မှာပါ"

"ဘာပဲဖြစ်ဖြစ် လူလုက အငယ်ဆုံး ဖြစ်မှာတော့ သေချာတယ်ဟ"

❖ ❖ ❖

ကြွက်စုတ်တို့နှင့် ရန်ဖြစ်ပြီး နောက်တစ်နေ့မှစ၍ ကျွန်တော်သည် လူလုနှင့် တစ်ခုံတည်း သွားထိုင်သည်။ ဆရာမက မေးသောအခါတွင်. . .

"သူက စာတွေ နောက်ကျနေလို့ ကျွန်တော်က ကူညီမလို့ပါ ဆရာမ"

ဟု ဖြေသည်။ ဆရာမကလည်း ကျွန်တော့်ကို ယုံပြီးသား ဖြစ်သောကြောင့် ထိုင်ခွင့်ပြုလိုက်သည်။





မုန့်စားဆင်းချိန် ရောက်သောအခါ လူလုသည် ခါတိုင်းနေ့များလိုပင် အတန်းထဲ၌သာ ထိုင်နေခဲ့သည်။ ကျွန်တော်က. . .

"မင်း မုန့်သွားမစားဘူးလား"

"မစားပါဘူးကွာ"

ဟု သူဖြေသည်။

"ဘာဖြစ်လို့လဲကွ"

"ဘာမှမဖြစ်ပါဘူး"

သူက ဆင်းရဲ၍ ကျောင်းဝတ်စုံတောင် ဝယ်မဝတ်နိုင်လို့ ဆရာမက ဝယ်ပေးရတာ သတိရသည်။ ဒါဆို မုန့်ဖိုးလည်း ရမှာ မဟုတ်။ ကျွန်တော်တို့ ပြောဆိုနေကြတုန်း အတန်းပြင် ထွက်ဖို့ စောင့်နေသော အေးမြက အနားရောက်လာသည်။

"သွားကြမယ်လေ"

"မဟုတ်ဘူးဟ၊ ဒီကောင်က မုန့်မစားဘူးဆိုလို့"

"မင်းတို့ဘာသာ သွားစားကြပါကွာ"

ဟု လူလုက ဝင်ပြောသည်။ အေးမြကတော့ ကျွန်တော့်လို စဉ်းစားမနေတော့ဘဲ. . .

"နင့်မှာ ပိုက်ဆံမပါလို့ မဟုတ်လား၊ ငါတို့မှာ ပါပါတယ်၊ ငါတို့ ဝယ်ကျွေးပါ့မယ်"

"နေပါစေဟာ၊ နင်တို့ မဝဘဲ နေပါဦးမယ်"

"ဘာဖြစ်လို့ မဝရမှာလဲ၊ ငါတို့နှစ်ယောက်က မုန့်ဖိုး တစ်ယောက် ပြားသုံးဆယ်စီ ရတာ၊ မုန့်ဟင်းခါးတို့ ခေါက်ဆွဲသုတ်တို့က တစ်ပွဲမှ ဆယ့်ငါးပြား၊ တစ်ယောက်တစ်ပွဲစီ စားပြီးရင် ဆယ့်ငါးပြားတောင် ပိုသေးတယ်"

"ဟုတ်သားပဲ၊ မင်း ဆာနေမှာပေါ့"

ကျွန်တော်လည်း ဝင်ပြောသည်။ လူလုကတော့. . .

"ရပါတယ်၊ ငါ နေနေကျပဲ၊ မဆာပါဘူး"

"လာစမ်းပါဟာ၊ တော်ကြာ နောက်ကျလို့ ခေါက်ဆွဲသုတ် ကုန်



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ကြာဇံစားနေရမယ်"

ဟု ပြောရင်း အေးမြက လူလု၏ အင်္ကျီလက်မောင်းစကို ဆွဲသည်။ လူလုသည် ဆုတ်ကန်ဆုတ်ကန်နှင့် ပါလာသည်။ မုန့်စားတန်းရောက်တော့ ခေါက်ဆွဲသုပ် တစ်ပွဲစီ စားကြသည်။ မဆာပါဘူးသာ ပြောတယ်၊ စားကြတော့ လူလုက အလျင်ဆုံး ကုန်သွားသည်။ သူသည် ခေါက်ဆွဲသုပ် တစ်ပွဲကို လေးငါးဇွန်းလောက်ဖြင့် ကုန်အောင် စားပစ်နိုင်သူ ဖြစ်၏။

စားပြီးတော့ ပိုသောပိုက်ဆံ ဆယ့်ငါးပြားဖြင့် ဆီးငန်စေ့ နှစ်ထုပ်နှင့် နေကြာစေ့တစ်ထုပ် ဝယ်ပြီး ပိတောက်ပင်ကြီးအောက်မှာ သွားထိုင်ကြသည်။ ဆီးငန်စေ့ စားရင်း နေကြာစေ့ ဝါးရင်း စကားပြောကြသည်။ လူလုသည် လက်နှေးနေသဖြင့် အေးမြက. . .

"အင့်. . . စားလေဟာ၊ စားလေဟာ"

ဟု ခဏခဏ သတိပေးရသည်။

ထိုနေ့မှစ၍ အေးမြသည် မုန့်ဖိုးထဲမှ တစ်နေ့ ဆယ်ပြား စုသောအကျင့်ကို ဖျက်ပစ်လိုက်လေတော့သည်။ ကျွန်တော်ကတော့ နဂိုကတည်းက ပိုက်ဆံစုတတ်သူ မဟုတ်ချေ။ အရင်ကလို ကျောင်းဆင်းလို့ အိမ်အပြန်တွင် လမ်းမှာ စားသွားဖို့ အချဉ်ထုပ်၊ ပြောင်းဖူးတို့ ဝယ်မသွားနိုင်တာပဲ ထူးသည်။

သို့ရာတွင် ထိုအတွက် ဝမ်းမနည်းပါ။ လူလုကို မုန့်ဝယ်ကျွေးရသည့်အတွက်လည်း နှမြောတွန့်တိုခြင်း မဖြစ်မိပါ။

❖ ❖ ❖

လူလုသည် ကျွန်တော်တို့နှင့် ပေါင်းပြီးမှ နည်းနည်း ကြည့်ပျော်ရှုပျော် ဖြစ်လာသည်။ အရင်လို အမြဲ မျက်မှောင်ကုတ်ထားတာမျိုး





မဟုတ်တော့ဘဲ ကျွန်တော်တို့နှင့် စကားပြောသည့်အခါ ပြုံးပြုံးရယ်ရယ် ရှိလာသဖြင့် သူ့မျက်နှာက နည်းနည်းပြောင်းသွားခြင်းလည်း ဖြစ်နိုင်သည်။

ပြီးတော့ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း နေတတ်လာသည်။ သူ့လက်က ဝဲခြောက်လိုလို ယားနာလိုလို ဟာတွေလည်း အေးမြ ယူလာပေးသည့်ဆေး လိမ်းသဖြင့် ပျောက်ကုန်သည်။ အရင်က သူ့လက်သည်းတွေက ရှည်ပြီး ချေးတွေ ဝင်၍ မည်းနေတတ်သည်။ ဒါကို အေးမြက ကြည့်လို့မရ။ အိမ်က လက်သည်းညှပ် ယူလာပြီး ညှပ်ခိုင်းသည်။ လူလုက လက်သည်းညှပ်ကို မကိုင်တတ်။ ကျွန်တော်က ညှပ်ပေးရသည်။ နောက်ပိုင်းတော့ လက်သည်းရှည်လာသည့်အခါတိုင်း သူ့ဘာသာ အိမ်က ဘ...တ်ခါးနှင့် လှီးဖြတ်လာခဲ့သည်။

သူ့ဆံပင်ပုံစံကိုလည်း ပြောင်းခိုင်းရသည်။ သူ ညှပ်သည့်ဆိုင်မှာ ...တို့အိမ်နားက ပြားလေးဆယ်ဆိုင်ဟု ဆိုသည်။ ထိုဆိုင်ကလည်း ခေါင်း... ဆံတောက်တောင် ပုံကျပန်းကျ ညှပ်တတ်ဟန် မတူချေ။ သူ့ဆံပင်...မှာ တောသားမှန်း သိသာလွန်းလှသည်။

"မင်းကလဲကွာ၊ ငါတို့ ညှပ်တဲ့ ကိုခင်အောင်ဆိုင်မှာ ညှပ်စမ်းပါ... အဲဒီဆိုင်က ပုံသိပ်ကောင်းတာ၊ ဆံပင်ညှပ်ပြီးရင်လည်း ဇက်ကြော...အောင် ဂျွတ်ဂျွတ်ဆိုပြီး ကုပ်ချိုးပေးသေးတယ်၊ သိပ်ဖိမ်ကျတာ"

ဆိုပြီး ကိုခင်အောင့်ဆိုင် ခေါ်သွားသည်။ ကျွန်တော် ညှပ်သလို ...ာလုံးသမား ဗဟာဒူးပုံမျိုး ခရူးကတ် ညှပ်ခိုင်းသည်။

ဤသို့ဖြင့် လူလု၏ပုံစံသည် နည်းနည်းကြည့်ကောင်းလာသည်။ ...န်တော်တို့အမြင်ကို ပြောခြင်းဖြစ်သည်။ သူများတွေကတော့ အရုပ်ဆိုး...တ ဆိုးတာပဲဟု ဆိုကြပေလိမ့်မည်။

လူလု ရောက်လာသဖြင့် ကျွန်တော်တို့ နှစ်ယောက်အတွက် ...တစ်ခုလည်း ပြည့်ဝသွားခဲ့သည်။ အေးမြနှင့် ကျွန်တော် အမြဲတမ်း ...လေ့ရှိသော ပြဿနာ ပြေလည်သွားခြင်း ဖြစ်သည်။ ကျွန်တော်က ...စ်ယောက် လိုချင်နေသလို အေးမြကလည်း မောင်တစ်ယောက် ...ချင်နေသည်။ နှစ်ယောက်စလုံးမှာ အစ်ကို လုပ်ချင်သူနှင့် အစ်မဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ချင်သူ။ ဒီတော့ လူလှကို ကျွန်တော်က ညီတစ်ယောက်လို သဘောထာ
ပြီး အေးမြက မောင်တစ်ယောက်လို သဘောထားလိုက်ကြပေသည်

တကယ်တော့ လူလှက ကျွန်တော်တို့ နှစ်ယောက်စလုံးထ
အသက်တစ်နှစ်ကျော်ကျော်လောက် ပိုကြီးလေသည်။

လူလှသည် ကျောင်းကို ရောက်ခါစမို့လို့သာ ခပ်ကုတ်ကုတ်
နေခဲ့ခြင်းဖြစ်သည်။ တခြားကျောင်းသားတွေက သူ့ကို ခပ်နှိမ့်နှိမ့် ဆ
ဆံခဲ့ခြင်းကြောင့်လည်း လူစွမ်းလူစ မပေါ်ခဲ့ခြင်း ဖြစ်သည်။ ကျောင်းသ
သစ်တို့၏ ထုံးစံအတိုင်း ရွံ့တွန့်တွန့် ဖြစ်ပြီး ဘယ်သူက အနိုင်ကျင့်ကျ
ဘာမျှပြန်မပြော၊ ပြန်မလုပ်ဘဲ ငုံ့ခံနေခြင်းလည်း ဖြစ်သည်။

နောက်ဆုံး မခံနိုင်တော့ဘဲ ကြွက်စုတ်တို့ ညီအစ်ကိုကို ပြန်
တော့မှ သူသည် သတ္တိကောင်းသူ ဖြစ်ကြောင်း တွေ့ကြရသည်။

ကျွန်တော်ကတော့ နဂိုကတည်းက သိပ်သတ္တိကောင်းလှ
မဟုတ်ကြောင်း ကိုယ့်ကိုယ်ကို သိပါသည်။ ရန်လည်း မဖြစ်ချင်၊ ကိုယ့်အ
သာ အေးအေးဆေးဆေးသာ နေချင်သည်။ ထိုအချိန်တာလည်
တစ်ခါမှ မဖြစ်ဖူးပါ။ လူလှဘက်က ဝင်ကူပြီး ကြွက်စုတ်နှင့် နပန်းလုံး
တာ ပထမဆုံးအကြိမ် သတ်ပုတ်ဖူးခြင်း ဖြစ်လေသည်။

အားလုံးထဲမှာ အေးမြက အံ့သြစရာ အကောင်းဆုံး။ ကျွန်တေ
တို့ ကျောင်းကို ရောက်စတုန်းက တခြားကျောင်းသားတွေက သူ့
"တင်အေးမြ... ဖင်ကလေးလှ" ဆိုပြီး စကြသည်။ အေးမြသည် ဆေ
ကြောင့် ထိုင်ချပြီး တဟီးဟီး ငိုလေသည်။ ကျွန်တော်က သူ့ကို စသ
ကောင်တွေကို မကျေနပ်သော်လည်း ပြန်မချရဲသဖြင့် အေးမြကိုသ
ချော့မော့ရသည်။

ခုကျတော့ အေးမြသည် တစ်တန်းလုံးက ကြောက်ရသေ
ကြောင်ကတိုးကို မိန်းကလေးတန်မဲ့ လွယ်အိတ်နှင့် ဝင်ရိုက်ခဲ့သည်

သည်ကောင်တွေက နောက်တစ်ခါ ထပ်စမ်းသေးသည်။ ထ
ရက် ကျောင်းက အပြန်မှာ ဖြစ်သည်။ ကျွန်တော်တို့သုံးယောက် စ
တပြောပြောနှင့် လျှောက်လာရင်း လူလှတို့ အိမ်ဘက် သွားသည့် လမ်





သူတို့နှင့် ဆုံသည်။ သူတို့က ရှေ့မှ ပိတ်ရပ်နေကြသည်။ ကျွန်တော်
တို့လည်း သူတို့နှင့် နှစ်လှမ်းသုံးလှမ်းအကွာမှာ ရပ်လိုက်ကြ၏။

ကြွက်စုတ်က ခါးထောက်ရပ်နေရင်းက...

"လူလှ မင်းကို ငါတို့ မေးစရာတစ်ခု ရှိတယ်"

ဟု ပြောသည်။ လူလှက ဘာမျှပြန်မပြော၊ ကြွက်စုတ်ကို စိုက်
ကြည့်နေသည်။ ကြောင်ကတိုးက လှောင်သလို ရယ်ပြီး...

"တခြားမဟုတ်ပါဘူး၊ မင်းတို့အဖေက ဘိန်းစားကြီးဆိုတာ
ဟုတ်သလားကွ... ဟေ"

"ဘာကွ"

လူလှ အသံက ကျယ်ကျယ်ဆတ်ဆတ်။

"ဩော်... မင်းတို့အဖေက ဘိန်း"

"ဟေ့ကောင်... တိတ်စမ်း"

လူလှက ရှေ့တစ်လှမ်း တိုးလိုက်သည်။ ဟိုနှစ်ကောင်၏ မျက်နှာ
တွေက ပြုံးထေ့ထေ့။ လူလှက...

"မင်းတို့ အဲဒီစကားကို ပြောရဲရင် ပြောစမ်း"

လူလှ၏အသံသည် တင်းမာလှသည်။ သူ့ပုံစံမှာလည်း လက်သီး
ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက် ဟိုကောင်တွေဆီက စကားတစ်
ခွန်း ထွက်လာသည်နှင့် တစ်ပြိုင်နက် ကျားတစ်ကောင်လို ခုန်အုပ်တော့
မည့် ဟန်မျိုး။ ဟိုကောင်တွေ ဘာမှမပြောဘဲ ကြောင်တောင်တောင်
ဖြစ်နေသည်။ လူလှ တကယ် ဒေါသဖြစ်နေမှန်း သိ၍ ရွံ့သွားဟန် တူ
သည်။

"ပြောလေကွာ"

သူတို့ မပြော။ ကျွန်တော်သည် ကြောင်ကတိုးက လူလှဆီ
ဝင်လျှင် ခြေထိုးခံလို့ ရအောင် ကိုယ်ကို တစောင်း အသင့်အနေ
အထား ပြင်လိုက်သည်။ အေးမြက လွယ်အိတ်ကို ပခုံးမှ ဖြုတ်ပြီး
လက်နှစ်ဖက်ဖြင့် စုကိုင်ထားသည်။

ကြောင်ကတိုးသည် လှုပ်ရှားမည့်ဟန် ပြင်သည်။ အေးမြက



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက လွယ်အိတ်သည် ဗွီးခနဲ လွဲသွားသည်။ ကြောင်ကတိုး
မျက်နှာဆီသို့၊ သူ ငုံ့ရှောင်ရင်းက. . .

"ဟ. . . ဟ၊ ဒါ ဘာလုပ်သေးလို့လဲ"

ဟု ပြောသည်။ သူတို့ ရှုံးသွားပြီ။ တကယ်တမ်းကျတော့ သူ
သည် ကျွန်တော်တို့နှင့် ရင်မဆိုင်ရဲတာ သိသာသည်။ အေးမြက. .

"လမ်းဖယ်၊ ငါတို့ သွားမလို့"

ဟု ပြောပြီး ဝင်တိုးသည်။ ကြောင်ကတိုး ခြေတစ်လှမ်း ဆု
ပေးလိုက်၏။ လူလုက နှစ်ယောက်စလုံးကို တစ်လှည့်စီ စေ့စေ့ကြည့်၍. .

"နောက်တစ်ခါ မင်းတို့ ငါ့ကို စော်ကားရင် နှစ်ယောက်စ
အမှုန့်ကြိတ်ပစ်မယ်၊ နားလည်လား"

ဟု ပြောပြီး ထွက်လာခဲ့သည်။ ကျွန်တော်လည်း သူတို့ကို အ
တည်တည် တစ်ချက်စိုက်ကြည့်ပြီး လူလုတို့ အေးမြတို့ နောက်သို့ လိုက်
၏။

ထိုနေ့မှစ၍ ကျွန်တော်တို့ သုံးယောက်ကို ဘယ်သူကမှ မကော
ရဲတော့။

❖ ❖ ❖

လူလုသည် ကျွန်တော်တို့နှင့် ပေါင်းပြီး ကျွန်တော်တို့လို စ
ကျွန်တော်တို့လို နေသော်လည်း မတူတာ တစ်ခုတော့ ရှိသည်။ အဝ
အစား ဖြစ်သည်။

သူ့မှာ ဆရာမ ဝယ်ပေးထားသော ကျောင်းဝတ်စုံတစ်စုံပဲ
သည်။ ကျောင်းက စနေတစ်ပတ်ခြား ပိတ်သဖြင့် တချို့အပတ်တွေ
ငါးရက်၊ တချို့အပတ်တွေမှာ ခြောက်ရက် တက်ကြရသည်။ သူသ





တစ်ပတ်လုံးလုံး အကျႌတစ်ထည် လုံချည်တစ်ထည်တည်းကိုသာ ဝတ်ရ
သည်။ ကျောင်းပိတ်ရက်မှာ လျှော်ဖွပ်ပြီး နောက်တစ်ပတ်ကျတော့ ပြန်
ဝတ်ရပြန်သည်။

တစ်ပတ်လုံးလုံး ဝတ်ရခြင်း ဖြစ်သဖြင့် ကြာသပတေးနေ့
လောက်ဆိုလျှင် သူ့အကျႌအဖြူက ညစ်ပေနေပြီ။ ပြီးတော့ ဝတ်ပါလျှော်ပါ
များ၍ အကျႌက ခဏလေး နွမ်းသွားသည်။ ကုပ်ပိုးတွေ ကော်လံစတွေ
ရိစပြုပြီ။ လုံချည်အစိမ်းကလည်း အရောင်လွင့်ပြီး စုတ်ဖတ်ဖတ် ဖြစ်စပြု
ပြီ။ တကယ်လို့ သည်တစ်စုံ ဟောင်းနွမ်း စုတ်ပြတ်သွားလျှင် သူ ဘယ်လို
လုပ်မလဲ။ ဆရာမကလည်း ခဏခဏတော့ ဝယ်ပေးနိုင်မှာမဟုတ်။

ထို့ကြောင့် ကျွန်တော်သည် ကျွန်တော့် အကျႌလုံချည်တွေထဲက
အသစ်နီးပါး ကောင်းသောတစ်စုံကို လူကြီးတွေ မသိအောင် ယူလာပြီး
သူ့ကို ပေးသည်။ သူက မယူဘူးဟု ငြင်းသည်။ ကျွန်တော်က သူ့ကို
ရှင်းပြရသည်။

"မင်း ငါပေးတာ မယူလို့မဖြစ်ဘူး၊ မင်းမှာ ဒီတစ်စုံတည်းနဲ့
ဘယ်ဖြစ်မလဲ၊ ဒါတွေ စုတ်ကုန်လို့ မင်းမှာ ကျောင်းဝတ်စုံ မရှိတော့ရင်
ကျောင်းဘယ်လိုလုပ် တက်မလဲ၊ အဲဒီအခါ ငါတို့နဲ့လည်း ဘယ်တွေ့ရ
တော့မလဲ"

"ဟုတ်သားပဲဟ၊ ယူလိုက်ပါ"

အေးမြကလည်း ဝင်၍ တိုက်တွန်းသည်။ လူလုက ငြင်းသေး
သည်။

"မင်းက ငါ့ကို မခင်လို့လားကွ"

ဟု ကျွန်တော်က စိတ်မကောင်း ဖြစ်ပြတော့မှ သူ ယူသည်။
နောက်တစ်နေ့ ကျွန်တော် ပေးသော အကျႌနှင့် လုံချည်ကို သူ ဝတ်လာ
ခဲ့သောအခါ ကျွန်တော် အလွန်ပျော်သွားသည်။

ကျွန်တော့်မှာ အဝတ်အစား တော်တော်များများ ရှိသဖြင့်
အကျႌတစ်ထည်၊ လုံချည်တစ်ထည် လျော့တာလောက်ဖြင့် အမေတို့ အ
မှတ်တမဲ့ပင် ရှိလိမ့်မည်ဟု ထင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ နှစ်ရက်လောက် အကြာမှာပင် အင်္ကျီတစ်ထည်နှင့် လုံချည်တစ်ထည် ပျောက်နေကြောင်း အမေ သိသွားသည်။ ကျွန်တော့်ကို ဘာမျှမပြောဘဲ အိမ်မှာ အဝတ်လာလျှော်သည့် အန်ဂျမားကို စစ်ဆေးလေတော့သည်။

"ငါလည်း လူတစ်ဖက်သားကို စွပ်စွပ်စွဲစွဲတော့ မလုပ်ချင်ဘူး အန်ဂျမား၊ ဒါပေမယ့် အိမ်ကို အပြင်က အဝင်အထွက် ရှိတဲ့လူဆိုလို့ နင်တစ်ယောက်ပဲ ရှိလို့ မေးရတာပဲ၊ တကယ်လို့ နင် ယူမိတယ်ဆိုရင်လည်း မှန်မှန်ပြော၊ နင့်ကို ငါ ဘာမှမလုပ်ဘူး"

အန်ဂျမားသည် မျက်စိမျက်နှာ ပျက်နေသည်။

"ဘုရားစူးပါစေ့ အစ်မရယ်၊ ကျွန်မ ဒီအလုပ် လုပ်လာတာ ဆယ့်ငါးနှစ် ရှိပါပြီ၊ ဒါမျိုး ဘယ်တုန်းကမှ မလုပ်ပါဘူး"

ဟု မျက်ရည်ဝဲလျက် ကြောက်ကြောက်ရွံ့ရွံ့ ပြောရှာသည်။

အမေက အန်ဂျမားကို အလုပ်ဖြုတ်ပစ်မှာလား၊ ရဲလက်များ အပ်နေမလားဟု ကျွန်တော် စိုးရိမ်လာသည်။ ထို့ကြောင့် အင်္ကျီနှင့် လုံချည်ကို ကျွန်တော် ယူကြောင်း အမှန်အတိုင်း ဖွင့်ပြီးဝန်ခံလိုက်သည်။ အမေက အံ့ဩသွားသည်။

"နေစမ်းပါဦး သားရဲ့၊ မင်းက ကိုယ့်အဝတ်အစားကို ပြန်ခိုးရအောင် အဲဒါတွေ ဘာလုပ်ပစ်လိုက်သလဲ"

"ကျွန်တော့် သူငယ်ချင်းတစ်ယောက်ကို ပေးလိုက်တာ မေမေ၊ သူက သိပ်ဆင်းရဲတာ၊ ကျောင်းဝတ်စုံတစ်စုံပဲ ရှိတယ်၊ ဒါကြောင့် ဆရာမက ဝယ်ပေးထားလို့"

အမေက ကျွန်တော့်ကို မဆူချေ။ 'နောက်ကို ဒါမျိုးမလုပ်နဲ့၊ ပေးချင်ရင် အမေတို့ကို ပြောပြီးမှ ပေး' ဟုသာ ဆိုသည်။

...✿✿✿...





ပထမအစမ်းစာမေးပွဲ ဖြေရသည်။ ကျွန်တော် ဖြေနိုင်သည်။ မှန်းထားသလောက် အပြည့်အဝ မဖြေနိုင်ခြင်းသာ ရှိ၏။ စာမေးပွဲဖြေခါနီးရက်တွင် အကစားလွန်ပြီး စာဘက်မှာ နည်းနည်း ပေါ့လျော့သွားခဲ့သောကြောင့် ဖြစ်၏။

အေးမြက ကျွန်တော့်ထက် ပိုပြီးဖြေနိုင်သည်။ လူလှကတော့ သိပ်မဖြေနိုင်ဘူးဟု ဆိုသည်။ သူသည် ပင်ကိုယ်က သိပ်ညံ့လှသည်တော့ မဟုတ်ချေ။ သူ သင်္ချာတော်တာ ကျွန်တော် သိသည်။ တစ်ခုရှိတာက စာကျက်ပျင်းသည်။ ထို့ကြောင့် ကျက်စာတွေမှာ ညံ့သည်။ ပြီးတော့ ကျောင်းဖွင့်ပြီး နှစ်လလောက် ကြာမှ ရောက်လာခြင်း ဖြစ်သဖြင့် စာနောက်ကျနေသည်။ ကျွန်တော်တ ဘယ်လိုပင် ပြန်ပြပေးပေး၊ အေးမြက ဘယ်လောက်ပင် စာတွေ ပြန်ကူးပေးပေး၊ ကိုယ်တိုင် အတန်းတက်ရသည်နှင့်တော့ မတူတာ အမှန်။ ဒီကြားထဲမှာ လူလှက. . .

"တော်ရွှံတန်ရုံဆို ရပါပြီကွာ၊ အစတနေ ပြန်ကြည့်လို့လည်း သိပ်ထူးမှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တူ ငြင်းနေခဲ့တာလည်း ပါသည်။

ဘာပဲဖြစ်ဖြစ် ကျောင်းပိတ်သွားသဖြင့် ပျော်တာတော့ ပျော်တာပါပဲ။ သီတင်းကျွတ်လပြည့်နေ့တွင် ကျိုက္ကဆံဘုရားကို တောလမ်းခရီးမှ သွားမည်ဟု အမေက ပြောထားသည်။ ကျွန်တော်က လူလှကိုပါ ခေါ်ချင်သည်။ ထို့ကြောင့်. . .

"ကျွန်တော့်ကျောင်းက သူငယ်ချင်းတစ်ယောက်လည်း ခေါ်မယ်နော် အမေ"

ဟု ပြောရာ အမေက ခွင့်ပြုသဖြင့် လူလှကို လပြည့်နေ့မနက် လာဖို့ မှာထားသည်။

ထိုနေ့ မနက်အစောကြီးကတည်းက ငှားထားသော နွားလှည်းနှစ်စီး ရောက်နှင့်နေသည်။ ထမင်းချိုင့်တွေ၊ ပန်းကန်ခွက်ယောက်တွေ၊ ရေချိုင့်တွေ တင်ပြီး ထွက်လာကြသည်ထိ လူလှက ရောက်မလာခဲ့ချေ။

"ဒီကောင် အအိပ်ကြီးပြီး စောစောမနိုးဘူး ထင်တယ်"

ဟု ကျွန်တော်က ပြောသည်။

"သူ့အမေက မလွှတ်လို့လားမှ မသိဘဲ"

အေးမြက တွက်သည်။

ရှေ့က နွားလှည်းမှာ အေးမြတို့အမေ၊ ကျွန်တော်တို့ အမေ၊ ကျွန်တော်တို့အဒေါ် ဒေါ်လေးပဲနှင့် အေးမြတို့အိမ်က အိမ်ဖော်အစ်မတို့ လိုက်ကြသည်။ နောက်က လှည်းမှာ အစ်မကြီးရယ်၊ အေးမြတို့ ညီအစ်မ သုံးယောက်ရယ်၊ ကျွန်တော်ရယ်၊ ကိုကျော်ဦးရယ်၊ ကိုဖိုးရှုပ်ရယ် ပါသည်။ ကျွန်တော်တို့အဖေ၊ အေးမြတို့အဖေနှင့် ကိုကုလားကြီးတို့ကတော့ မလိုက်ကြချေ။

ကျွန်တော်တို့ လှည်းသည် လူများသဖြင့် ကျပ်ကျပ်ညပ်ညပ် လိုက်ရသော်လည်း နွားလှည်း မစီးဖူးသေးသော ကျွန်တော်တို့ကတော့ ပျော်နေသည်။

အမေက တောလမ်းခရီးမှ သွားမည်ဟု ဆိုသဖြင့် တကယ်ပင် တောကြီးမျက်မည်းထဲမှ ဖြတ်သွားရမည်ဟု ကျွန်တော် ထင်နေသည်။





ကျွန်တော်သည် မောင်းချမားလေးတစ်ချောင်းတောင် ယူလာခဲ့သေးသည်။ အေးမြက. . .

"လမ်းမှာ ကျားတွေဘာတွေ တွေ့ရင် ဒုက္ခပဲ"

ဟု ကြောက်ကြောက်လန့်လန့် ပြောသည်။ ကျွန်တော်က. . .

"ငါ့မှာ ဓားပါပါတယ်ဟ"

ဟု ဆိုသောအခါ အစ်မကြီးတို့ ကိုကျော်ဦးတို့က ဝိုင်းရယ်ကြသည်။ တကယ်တော့လည်း လမ်းခရီးသည် တကယ့် တောလမ်း မဟုတ်။ ကျွန်တော်တို့က ရွာထဲဟု ခေါ်သော ရပ်ကွက် ဟိုးအတွင်းပိုင်းရှိ ခြံဝင်းကြီးတွေ၊ စိုက်ခင်းတွေဘေးက ကွေ့ပတ်ပြီး သရက်တောကြီးကို ဖြတ်သွားရတာလောက်သာ ရှိသည်။

"လူလှသာ ပါရင် သိပ်ကောင်းမှာပဲနော်"

အေးမြက သတိတရ ပြောသည်။

"အေးဟာ၊ ဒီကောင်ကလဲ ဘာဖြစ်လို့များ. . ."

ကျွန်တော့်စကား မဆုံးခင် အစ်မကြီးက. . .

"ဟဲ့. . . ဟဲ့"

ဟု အလန့်တကြား ရေရွတ်သည်။ ကိုကျော်ဦးနှင့် ကိုဖိုးရှုပ်တို့ နှုတ်မှ. . .

"ဟေ့ကောင် ဘာလုပ်တာလဲ"

ဆိုသောအသံ ပြိုင်တူ ထွက်သွားသည်။ လှည်းဦးမှာ ထိုင်သော ကျွန်တော်တို့ လှည့်ကြည့်လိုက်သောအခါ. . .

"ဟယ်. . . လူလှ"

လူလှသည် သရက်ပင်တွေကြားမှာ ပုန်းပြီး စောင့်နေရာမှ လှည်းလွန်အသွားတွင် နောက်မြီးမှ ဖြတ်ခနဲ ခုန်တက်လိုက်ခြင်းပင် ဖြစ်သည်။

"ကျွန်တော်တို့ သူငယ်ချင်းပါ အစ်မကြီးရ"

ဟု ပြောလိုက်ရသည်။ အစ်မကြီးက. . .

"သြော်. . . မသိပါဘူး၊ ရုတ်တရက်ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com

တိုကျော်ဦးနှင့် ကိုဖိုးရှုပ်တို့ကတော့ လူလှကို မျက်မှောင် တစ်ချက်စီ တုတ်ပြီး ကြည့်ကြသည်။ ကျွန်တော်တို့ကတော့ လူလှ ပါလာသဖြင့် အပျော်ကြီး ပျော်သွားကြသည်။

"လူလှ ရှေ့ကို လာလေကွာ"

လူလှက လူကြားထဲက တိုးပြီး လှည်းဦးသို့ လာသည်။ အစ်မကြီး၏ ဒူးများကို ကျော်သည်။ ကျွန်တော်တို့ကို လူကြီးတွေ ပြောထားသည့် အတိုင်းဆိုလျှင် ကိုယ့်ထက် ကြီးသူပေါ် မကျော်ရ၊ သို့တည်းမဟုတ် 'တန်တော့' ဟု ပြောရမည်။ လူလှက ဘာမျှမပြော။ အစ်မကြီးက မျက်လုံးတစ်ချက် လှန်ကြည့်သည်။

ကျွန်တော်သည် အူမြူးလာသဖြင့် သီချင်းတစ်ပုဒ် ကောက်ဟစ်လိုက်၏။ ကိုမြကြီး၏ မခင်နှင်းဆီ သီချင်း။

"အမယ်. . . ဇော်ထူးက အသံကောင်းသားပဲ"

ဟု အေးမြက ချီးကျူးသည်။ ကျွန်တော်သည် အားတက်လာပြီး "သဒ္ဒါရကို၊ အစဉ်ထာဝရ မှတ်လျှင်၊ သင် အနာဂတ ဖြစ်မည်" ဆိုသော အပိုဒ်ကို ပြန်ကျော့သည်။ ထိုအခါ လူလှလည်း လိုက်ဆိုသည်။ သူ ဆိုတော့မှပင် ဖျက်တော့၏။ စာသားတွေလည်း ကောင်းကောင်းမရ။ သံစဉ်ကလည်း မမှန်။ သူ့အသံသည် ကြောင်ပြီး ထွက်လာသည်။

ဘုရားရောက်သောအခါ မြောက်ဘက်မုခ်အနီးရှိ သရက်ပင်အုပ်မှာ နေရာချသည်။ ဘုရားဖူးသည်။ ဘုရားအစ်မ ဒေါ်ဒွေး၏ ရုပ်တုကို သွားကြည့်ကြသည်။

ကျွန်တော်က လူလှကို အမေနှင့် မိတ်ဆက်ပေးသည်။

"အမေ. . . ဒါ ကျွန်တော်တို့ သူငယ်ချင်းလေ၊ အတန်းထဲကပဲ၊ လူလှတဲ့"

"ဪ. . . အေး. . . အေး"

ဟုရှိသာ အမေက သာမန်သဘောလောက် ပြောသည်။ အမေသည် ကျွန်တော့်သူငယ်ချင်းများဆိုလျှင် ဂရုတစိုက် အရေးတယူ လုပ်လေ့ ရှိသည်။ "သားက ဘယ်နားမှာ နေတာလဲကွယ်၊ ဪ ဈေးနားဆို





ရင် ကိုကြည် မကြည်တို့ အိမ်နားလား၊ သူတို့က ဒေါ်ဒေါ်တို့နဲ့ သိဝ်ခင်တာ" စသဖြင့် မေးလေ့ရှိသည်။ လူလှကျတော့ စိတ်ဝင်စားဟန် မပြချေ။

အေးမြတို့အမေကတော့ လူလှကို မကြာခဏ ကြည့်ကြည့်နေသည်ကို ကျွန်တော် သတိပြုမိ၏။ လူလှသည် လှည်းပေါ် တက်လာခါစ တုန်းက ပျော်ပျော်ရွှင်ရွှင် ရှိခဲ့သော်လည်း နောက်ပိုင်းကျတော့ လူကြီးတွေ ကြားထဲမှာ အနေရ ခက်လာဟန် တူသည်။

ထမင်း ဝိုင်းစားကြသောအခါ သူသည် ရွံ့တွန့်တွန့် ဖြစ်နေသည်။

ကျွန်တော်တို့က. . .

"စားပါကွ၊ အားမနာပါနဲ့"

ဆိုပြီး ဟင်းတွေ ခပ်ထည့်ပေးရသည်။ သူသည် မနက်တုန်းက ဘာမျှ စားခဲ့ရဟန်မတူ။ တော်တော်ဆာနေပုံ ရသည်၊ နောက်တော့ ဟန်မဆောင်နိုင်တော့ဘဲ အားရပါးရ စားသည်။ သူ ထမင်းစားသောအခါ ပါးစပ်မှ တပြက်ပြက် မြည်သည်။ ထမင်းစားလျှင် အသံမမြည်ရဟု လူကြီးတွေ ပြောဖူးသည်။

အစ်မကြီးက နင်တို့ သူငယ်ချင်းက ဘယ်လိုလဲဆိုသော မျက်နှာထားဖြင့် ကျွန်တော့်ကို ကြည့်သည်။ အေးမြတို့အမေက လူလှကို အထင်သေးသလို ကြည့်သည်။ ကျွန်တော်တို့ အမေကတော့ မမြင်သလို မသိသလို နေနေသည်။

ကိုကျော်ဦးသည် လူလှ၏ ကွယ်ရာတွင် ကျွန်တော့်ကို. . .

"မင်းတို့ သူငယ်ချင်းကလဲ ဘယ်နှစ်ကမ္ဘာက ငတ်နေသလဲ မသိဘူး၊ စားလိုက်တာ သွားဖြိုနားဖြိုနဲ့၊ မင်းကလဲ ဘယ်လိုကောင်တွေ သွားပေါင်းတာလဲကွ၊ လူပုံကလဲ ကြည့်ရဆိုးလိုက်တာ"

ဟု ပြောလေသည်။

ထမင်းစားပြီးသောအခါ တချို့က ဗေဒင်သွားမေးသည်။ အစ်မကြီးက ကျွန်တော်တို့ ကလေးတွေကို ဦးဆောင်ပြီး ကျောက်စာတိုင်ဆီ သွားကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူလှသည် ကျွန်တော်တို့ မိသားစုတွင် သူ့အပေါ် ဟက်ဟက် ပက်ပက် မရှိလှသဖြင့် အနေခက်ဟန် ရှိသော်လည်း ဒါမျိုး ကြုံဖူးနေကျ ဖြစ်သောကြောင့်လား မသိ၊ မကြာခင်မှာပင် ပုံမှန်အတိုင်း ဖြစ်သွားသည်။

ကျောက်စာချပ်ကြီးတွေကြား ရောက်လျှင်. . .

"တူတူပုန်းတမ်း ကစားရရင် ကောင်းမှာပဲနော်"

ဟု ပြောသည်။

"အေး. . . ကောင်းတယ်ကွာ"

ကျွန်တော်က ပြောရာ အေးမြ၏ ညီမများ ဖြစ်သော ခင်အေးမြနှင့် ရင်အေးမြတို့က. . .

"ကျွန်မတို့လည်း ပါမယ်နော်"

ဟု ဆိုကြသည်။ အေးမြကတော့ ဘာမျှမပြောသေးဘဲ အစ်မကြီးကို ကြည့်သည်။ အစ်မကြီးက. . .

"ဒါ တူတူပုန်းတမ်း ကစားရမယ့်နေရာ မဟုတ်ဘူး၊ ပြီးတော့ နင်တို့ဟာ တူတူပုန်းတမ်း ကစားရမယ့် အရွယ်လည်း မဟုတ်တော့ဘူး"

တဲ့။

"ဒါဆိုရင် ဘာလုပ်ရမယ့် အရွယ်လဲ အစ်မကြီး"

ဟု ကျွန်တော်က မေးသောအခါ အစ်မကြီးက မျက်စောင်း တစ်ချက် လှမ်းခဲလိုက်သည်။

❖ ❖ ❖

ကျွန်တော်၏ မူလစိတ်ကူးမှာ ကျောင်းပိတ်ရက်များတွင် လူလှကို အိမ်သို့ ခေါ်ပြီး သုံးယောက်သား ကစားကြရန် ဖြစ်သည်။





ကျွန်တော်တို့အိမ်မှာ ကစားစရာမျိုးစုံ ရှိသည်၊ သံပတ်တားတို့ ဘက်ထရီ ရထားလေးတို့ကိုတော့ သိပ်မကစားချင်တော့ပါ။ ကြက်တောင်၊ စားပွဲတင် တင်းနစ်၊ ဖယ်တောက်ခုံ၊ စစ်တုရင်တို့ကိုတော့ ကစားချင်သေးသည်။ အေးမြနှင့် ကျွန်တော်သည် ဖယ်တောက်တာတို့၊ စစ်တုရင် ထိုးထားတာတို့ကို လက်ရည်တူ ပြိုင်နိုင်သော်လည်း ကြက်တောင်တို့၊ တင်းနစ်တို့ ကျတော့ လက်ရည်ချင်း မမျှတော့၊ ကျွန်တော်ကချည်း အမြဲနိုင်နေသည်၊ အမှတ်အကြောပေးရတာတို့၊ ဘယ်ဘက်လက်ဖြင့် ရိုက်ရတာတို့နှင့် ကြာတော့ ပျင်းလာသည်။

လူလှနှင့် ကျွန်တော်ဆိုလျှင် သူတင်ကိုယ်တင် ရိုက်နိုင်လိမ့်မည် ထင်သည်။ သူ့ကို ပြောပြတော့ သူကလည်း စားပွဲတင် တင်းနစ်ကို စိတ်ဝင်စားပြီး ရိုက်ချင်နေသည်။

ပြီးတော့ ကျွန်တော့်မှာရော အေးမြမှာပါ စက်ဘီးအလတ်စား တစ်စီးစီ ရှိသည်၊ အေးမြက စက်ဘီးကိုတော့ အတော် ကျွမ်းကျွမ်းကျင်ကျင် စီးနိုင်သည်၊ ကျွန်တော်တို့နှစ်ယောက် မကြာခဏ ပြိုင်စီးကြရာ အေးမြသည် သုံးခါတစ်ခါလောက် ကျွန်တော့်ကို နိုင်တတ်၏။ သူရော ကျွန်တော်ပါ လူလှနှင့် ပြိုင်စီးကြည့်ချင်နေသည်။ သို့ရာတွင် လူလှက စက်ဘီးမစီးတတ်ဘူးဟု ဆိုသည်၊ ထို့ကြောင့် သူ့ကိုလည်း စက်ဘီးစီး သင်ပေးချင်သည်၊

ခက်နေတာက ကျွန်တော်တို့အိမ်ကရော အေးမြတို့အိမ်ကပါ လူလှကို သိပ်လိုလားပုံ မရခြင်းပင် ဖြစ်သည်၊ ဘုရားသွားကြတုန်းက လူလှကို ခေါ်ကြည့်ရာတွင် လူကြီးတွေက သိပ်သဘောမကျကြောင်း သိခဲ့ရပြီ၊ ထို့ကြောင့် လူလှကို အိမ်သို့ ခေါ်မလာရဲတော့ချေ။

သူ့ကို အိမ်ခေါ်ဖို့ မဖြစ်လျှင် ကျွန်တော်တို့က သူ့ဆီ သွားဖို့သာ ရှိသည်၊ ဒါကလည်း သိပ်မလွယ်၊ အမေသည် ကျွန်တော့်ကို သိပ်ဝေးဝေး လံလံ သွားခွင့်မပြု၊ စိတ်မချဘူးဟု ဆိုသည်၊ အလွန်ဆုံး အေးမြတို့ခြံ ကပ်သာ သွားခွင့်ပြုသည်၊ အစ်မကြီးက အမေ့ထက်တောင် ပိုကဲသေးသည်၊ ခြံဝင်းထဲမှာ ကစားနေလျှင် နာရီဝက် တစ်ခေါက်လောက် ထွက်



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခေါ်တတ်သည်။

"ခင်ဗျာ. . . အစ်မကြီး၊ ဘာလဲ"

ဟု ထူးလျှင်. . .

"ဩော်. . . အေး. . . အေး၊ ခြံပြင်မထွက်ကြနဲ့နော်"

အစ်မကြီးနှင့် ကျွန်တော်သည် အသက်ချင်း တော်တော် ကွာ သည်။ ကျွန်တော် ငယ်ငယ်ကတည်းက အီအီးကုန်းပေးတာက အစ ရေချိုးပေး၊ အဝတ်အစား လဲပေး၊ ခေါင်းဖြီးပေး၊ ထမင်းခွံ့ကျွေးတာအထိ သူပဲ လုပ်လာခဲ့ရသဖြင့် အမေ့ထက်တောင် သူက ပိုပြီး ဂရုစိုက်သော သည်။

ငယ်ငယ်တုန်းကတော့ ဒါကို ကျေနပ်သာယာမိသော်လည်း ခု ကျတော့ သိပ်သဘောမကျချင်တော့။ မလွှတ်လပ်ဘူးဟု ထင်သည်။ အထူးသဖြင့် ခြံပြင်မထွက်ရသည့်ကိစ္စ၊ တခြားကောင်တွေဆို ကျွန်တော့် ထက် ငယ်တာတောင် သွားချင်ရာ သွားလို့ရသည်။

ပြီးတော့ လူလူဆိုလျှင် ကြည့်။ ရောက်တာမှ နှစ်လသုံးလ လောက် ရှိသေးသည်။ ကျွန်တော့်ထက် ပိုပြီး သွားတတ်လာတတ်နေပြီ။ ဘယ်နေရာမှာ ဘာရှိသည်၊ ဘယ်လို သွားရသည်ဆိုတာ သိနေပြီ။

ကျွန်တော့်ကျတော့ ဒီဘက်ကျောင်းကို ပြောင်းပြီး ကျွန်တော်နှင့် အေးမြတို့ နှစ်ယောက်တည်း ကျောင်းကို လမ်းလျှောက်သွားကြတာကို တောင် အစ်မကြီးက စိတ်မချ။

"မတော် လမ်းက ဖြတ်ပြီး ပြန်ပေးဆွဲသွားလို့"

ဟု ဆိုသည်။ အဖေက. . .

"သမီးရဲ့၊ အေးမြတို့ အမေကတောင် မိန်းကလေးကို စိတ်ချ လက်ချ လွှတ်သေးတာပဲ၊ ပြီးတော့ ယောကျ်ားလေးဆိုတာ သွားတတ် လာတတ်အောင် လွှတ်လွှတ်ပေးရတယ်၊ ဒါမှ ထက်ထက်မြက်မြက် ရှိ တော့မှာပေါ့၊ နို့မို့ဆိုရင် လူတောမတိုးရဲဘဲ ဖြစ်သွားလိမ့်မယ်"

ဟု ပြောသည်။ အဖေသည် တစ်ခါတစ်ခါ "သားရေ. . . စီးက ရက် တစ်ဘူးလောက် လမ်းထိပ်ဆိုင်မှာ သွားဝယ်ပေးစမ်းကွာ" ဟု





လွှတ်တတ်သည်ကို အမေတို့ အစ်မကြီးတို့ သိပ်သဘောမကျလှချေ။

အဖေက ကျွန်တော့်ကို လွတ်လပ်ခွင့် ပေးချင်သည့်တိုင် အမေ တို့ အစ်မကြီးတို့ကသာ အိမ်မှာ အနေများသဖြင့် သူတို့ စည်းကမ်း အတိုင်းသာ နေနေရသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ လူလူကို စက်ဘီးစီး အလွန် သင်ပေးချင်နေသည်။ ထို့ကြောင့် တစ်နေ့သောအခါ ကျွန်တော်နှင့် အေး မြတို့ တိုင်ပင်ပြီး ဆောင်ရွက်ကြသည်။

ကျွန်တော်က အေးမြတို့အိမ် သွားဦးမယ်ဟု ပြောပြီး ထွက်လာ သည်။ အေးမြကလည်း ဇော်ထူးတို့အိမ် သွားဦးမယ် ဆိုပြီး ထွက်လာ သည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက် ကြိုတင်ချိန်းထားသည့် ကုက္ကို ပင်ကြီးအောက်မှာ ဆုံပြီး အသာလစ်ထွက်ခဲ့ကြသည်။

ကျွန်တော့်တို့အိမ်ကလည်း ကျွန်တော် အေးမြတို့အိမ်မှာ ရှိနေ သည်ဆိုပြီး စိတ်ချနေသည်။ အေးမြတို့ အိမ်ကလည်း အေးမြ ကျွန်တော့် ဆီ လာသည်ဟုပင် ထင်နေသည်။

ကျွန်တော်တို့ကတော့ ရပ်ကွက်အစွန်ရှိ ဘုရားကုန်း ကွက်လပ် မှာ လူလူနှင့် ဆုံပြီး စက်ဘီးစီး သင်ပေးကြသည်။ လူလူသည် စက်ဘီး စီးတတ်ချင်လွန်းသဖြင့် အရမ်းကြိုးစားသင်လွန်းလို့လား မသိ။ လေးငါး ရက်လောက်အတွင်းမှာ စီးတတ်သွားသည်။

လူလု စက်ဘီးစီးတတ်သွားလို့သာ တော်သေးသည်။ နို့မို့ဆို သူသည် မတတ်တတတ်နှင့် ဒုက္ခရောက်ရဦးမည်။ အဘယ်ကြောင့်ဆို သော် ကျွန်တော်တို့ အိမ်ကနေ လစ်လစ်ပြီး ထွက်ကြတာကို မိသွားသော ကြောင့် ဖြစ်၏။

တစ်ရက်တွင် အဖေက မြို့ထဲမှအပြန် ရေခဲမုန့် ဝယ်လာသည်။ ကျွန်တော်နှင့် အေးမြတို့ကို ကျွေးမည်ဟု ခေါ်ခိုင်းသည်၊ အေးမြတို့အိမ် သွားတာပဲဆိုပြီး လိုက်ခေါ်သည်။ အေးမြတို့အိမ်ကလည်း အေးမြတို့ ကျွန်တော်တို့အိမ် သွားတာ မဟုတ်ဘူးလားဟု ပြန်မေးရာမှ ကျွန်တော်တို့ နှစ်ယောက် ပျောက်နေမှန်း သိပြီး စိတ်ပူသွားကြသည်။ အဖေတို့သည်တွေ



www.burmeseclassic.com

www.burmeseclassic.com



တို လူဖြန့်ပြီး လိုက်ရှာခိုင်းကြရာမှ ဘုရားကုန်းမှာ ကျွန်တော်တို့ကို သွားခြင်း ဖြစ်သည်။

ကျွန်တော့်အား အစွမ်းကုန် ဆူပူကြိမ်းမောင်းဖို့ တာဝန်ကို အမေက အစ်မကြီးအား လွှဲအပ်လိုက်သည်။ သို့ရာတွင် အဖေ တ ယောက်လုံး ရှိနေသေးသဖြင့် ကျွန်တော့်ကို အဖေ့ရှေ့မှောက် ခေါ်သွ ရင်းမှာသာ အစ်မကြီးအဖို့ ဗျစ်တောက် ဗျစ်တောက် လုပ်ခွင့်ရသည်

ကျွန်တော်ကတော့ အစ်မကြီး ဆူတာကိုသာ ခံချင်သည်။ အစ် ကြီး ဆူပြီဆိုလျှင် မျက်နှာဟန်ပန် အမူအရာ အမျိုးမျိုး၊ လေသံအ အမြင့် ပြုလုပ်လေ့ရှိရာ တော်တော် ရယ်စရာကောင်းသည်။ ပြီးတေ လည်း ဘယ်ကောင်လေးတစ်ယောက်ဆို လူကြီးတွေစကား နားမထော လို့ ဘယ်လို ဒုက္ခတွေ့ကြောင်း စသဖြင့် ဥပမာ ဥပမေယျာတွေပြ ပြောတာ အလွန်နားထောင်လို့ ကောင်းသည်။

ခုလည်း အဖေ့ဆီ ခေါ်သွားရင်း လမ်းမှာ. . .

"ဘုရားကုန်းဆိုတာ ဥစ္စာစောင့်သိုက် ရှိတယ်ဆိုတာ နင် မ ဘူးလားဟင်၊ ဟိုဘက်ခြံထဲက မငြိမ်း ကြည့်ပါလား၊ ဟိုတစ်ခါ ဖြစ် လေ၊ သိုက်က သူ့ကို ပြန်ခေါ်လို့ ဆရာခေါ်ပြီး မနည်း လုပ်ယူရပါ လား"

"အလကားပါ အစ်မကြီးရာ"

"ဘာအလကားလဲ၊ သိုက်မှာတုန်းက သူက ညီမအငယ်ဆုံး တာရော၊ သူ့နာမည် နန်းဆိုတာရော၊ လူ့ဘဝ ခဏသွားပါရစေ၊ သက် နှစ်ဆယ်ပြည့်ရင် ပြန်လာပါ့မယ်လို့ ကတိခံထားတယ် ဆိုတာ တိတိကျကျ ပြောတာပဲဟာ"

ကျွန်တော်သည် ရယ်ချင်သော်လည်း အောင့်ထားရသည်။ ဖေ ပေါင်ဒါစပ်သည့် အလုပ်ရုံထဲ ရောက်လာသည်။ အစ်မကြီးက.

"ဒီမှာ အဖေ၊ ဘုရားကုန်းမှာ သွားဆော့နေတာတဲ့"

အဖေသည် ကိုယ်တိုင် ပေါင်ဒါစပ်နေရာမှ ထလာသည်။ အ က စကားနည်းပြီး စိတ်ဆတ်သည်။ သူ့တပည့်တွေကို တစ်ခါ





စိတ်အခန့်မသင့်လျှင် နားရင်းပိတ်အုပ်တာ တွေ့ဖူးသည်။ အဖေ့လက်မှာ ပေါင်ဒါတွေ ဖြူဖွေးပေကျံနေ၏။ အဲဒီလက်နဲ့သာ အုပ်ထည့်လိုက်လျှင် ဖွေးခနဲ နေမှာပဲဟု တွေးပြီး တုန်ချင်သလို ဖြစ်သွား၏။

"ဘုရားကုန်းမှာ သွားဆော့တယ် ဟုတ်လား"

အဖေက ကျွန်တော့်ရှေ့မှာ လာရပ်ရင်း မေးသည်။

"ဟုတ်. . . ဟုတ်ကဲ့၊ စက်ဘီးသွားစီးတာ အဖေ"

"စက်ဘီးက ခြံထဲမှာ စီးလို့မရဘူးလား"

"ခြံထဲမှာက နေရာကျဉ်းလို့ပါ"

"ဩော်"

အဖေသည် သူ့လက်ဝါးနှစ်ဖက်ကို ပွတ်ပြီး ပေါင်ဒါတွေ ခါထုတ် လိုက်သည်။ ဆော်တော့မှာပဲ ဆိုပြီး ကျွန်တော် ခေါင်းငုံ့လိုက်မိ၏။

"နောက်ကို သွားချင်ရင် ပြောပြီးမှ သွား၊ ကြားလား"

ဒါပဲ ပြောသည်။

"ဟုတ်ကဲ့"

"ကဲ. . . သွားတော့၊ သမီးကြီး. . . ဒီကောင့်ကို ရေခဲမုန့် ကျွေး လိုက်"

အားမြကတော့ အဖေ ဝယ်လာသည့် ရေခဲမုန့်ကို မစားလိုက်ရ ရှာချေ။ သူ့အမေက ဗိုက်ခေါက် ဆွဲလိမ်တာတောင် ခံလိုက်ရသေးသည် ဆို၏။ ကျွန်တော့်ခြံဘက်တောင် ကူးလာခွင့် မပေးတော့ဘူးလိုလို ကြားရ သည်။ နောက်မှ ကိုကုလားကြီးက ဝင်ပြောပေးသဖြင့် လာခွင့် ပြန်ရ သွား၏။

ကျွန်တော်တို့ နှစ်ယောက်စလုံးသည် ဘုရားကုန်းမှာ လူလှကို စက်ဘီးစီး သင်ပေးသည့်အကြောင်းကိုတော့ လုံးဝမပြောဘဲ နေခဲ့ကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ ကုန်ဆုံး၍ ကျောင်းပြန်ဖွင့်သောအခါကျမှ ကျွန်တော်တို့ သုံးယောက် ပြန်ဆုံကြရတော့သည်။ ဘုရားကုန်းမှာ စက်ဘီးစီးသည့်ကိစ္စ မိသွားပြီးသည့်နောက်တွင် အေးမြနှင့်ကျွန်တော်တို့သည် သေသေဖပ်ဖပ်ပင် နေခဲ့ကြသည်။ အေးမြက ကျွန်တော်တို့အိမ် လာပြီး ဇယ်တောက်ခြင်း၊ ကျွန်တော်က အေးမြတို့အိမ်သွားပြီး တို့ကျောင်းသား စာအုပ်ဖတ်ခြင်း စသည်ဖြင့် စည်းကမ်းရှိရှိနေကြသည်။ လူကြီးတွေကလည်း ကျွန်တော်တို့ နှစ်ယောက် နောင်ကျဉ်သွားကြပြီဟု ထင်နေကြသည်။

ကျောင်းစဖွင့်သည့်နေ့တွင် ဆရာမများ အစည်းအဝေးလုပ်ရန်ရှိသဖြင့် နေ့တစ်ဝက် ကျောင်းဆင်းပေးလိုက်သည်။ ကျွန်တော်တို့သည် အိမ်မပြန်ချင်ကြသေးချေ။

"ဘာလုပ်ကြရင် ကောင်းမလဲ"

ကျောင်းဝင်းထဲမှာလည်း ဆက်နေလို့မဖြစ်။ ဆရာဆရာမတွေ တွေ့သွားလျှင် အဆူခံရမည်။ ကျွန်တော် အကြံတစ်ခု ရသည်။





"ငါတို့ ခုထိ လူလုအိမ် မရောက်သေးဘူး၊ သွားလည်ရအောင်၊ ကျောင်းဆင်းချိန်လောက်ကျမှ အိမ်ပြန်တာပေါ့"

"အေး. . . ကောင်းသားပဲ"

ဟု အေးမြက ထောက်ခံသည်။ လူလုက. . .

"မလိုက်ပါနဲ့ကွာ၊ ငါတို့အိမ်က တဲစုတ်လေးပါ၊ ပြီးတော့ အိမ်မှာ မင်းတို့ကို ကျွေးစရာလည်း ဘာမှမရှိဘူး"

"ဟာ. . . စားဖို့သောက်ဖို့က အရေးမကြီးပါဘူး၊ မင်းတို့အိမ် ရောက်ဖူးချင်တာ အဓိကပါ"

"မလိုက်ပါနဲ့ကွာ"

လူလုက အင်တင်တင် ဖြစ်နေသည်။

"ဘာလဲ. . ကျောင်းပိတ်ရက်တွေတုန်းက နင့်ကို ငါတို့အိမ် ခေါ်မကစားလို့ နင်ကလည်း နင်တို့အိမ် မခေါ်ဘူးဆိုပြီး ကလဲ့စားချေတာလား"

ဟု အေးမြက ခနဲ့တော့မှ. . .

"မဟုတ်ပါဘူး၊ ကဲလေ. . . နင်တို့ လိုက်ချင်ရင် လိုက်ခဲ့ပေါ့၊ နောက်မှ ငါ့ကို ဘာမှမပြောနဲ့နော်၊ ငါတို့အမေက နည်းနည်း အပေါက်ဆိုးတယ်ဟ"

အပေါက်ဆိုးတယ်ဆိုတာ အစ်မကြီးလို ဗျစ်တောက်ဗျစ်တောက် လုပ်တတ်တာကို ပြောတာ ဖြစ်မှာပဲဟု တွေးမိသည်။

သူတို့နေရာသည် ရပ်ကွက်လို လမ်းတွေဘာတွေနှင့် မဟုတ်။ မြေကွက်လပ်ကြီးတစ်ခုမှာ အိမ်တွေ ပြွတ်သိပ်အောင် ဆောက်ထားကြခြင်း ဖြစ်သည်။ အိမ်တွေကလည်း ဆောက်ချင်သလို ဆောက်ထားကြသည်။ လှည့်ချင်တဲ့ဘက် လှည့်ထားကြသည်။ တစ်အိမ်နှင့်တစ်အိမ် တည့်တည့်မတ်မတ် မျက်နှာချင်း ဆိုင်ထားသည်။ စွေစွေစောင်းစောင်း ဖြစ်ချင် ဖြစ်နေသည်။ တစ်အိမ်၏ ဘေးဘက်နှင့် တစ်အိမ်၏ရှေ့ဖက် ကပ်ချင် ကပ်နေသည်။ တစ်အိမ်၏ အိမ်သာက တခြားအိမ်ရှေ့ဖက် ရောက်ချင် ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းရယ်လို့ သတ်သတ်မှတ်မှတ် မရှိသဖြင့် သူများတွေ အိမ်ရှေ့ကလည်း ဖြတ်ရသည်။ အိမ်နောက်ဖေးဘက်မှ ကွေ့ပြီးတော့လည်း သွားရသည်။ အိမ်နှစ်လုံးကြားကလည်း ဝင်ရသည်။

"ကဲ. . . ရောက်ပြီ"

လူလုက သူတို့အိမ်ရှေ့မှာ ရပ်ရင်း ပြောသည်။ သူတို့အိမ်သည်လည်း တခြားအိမ်များလိုပင် တဲတစ်လုံးသာ ဖြစ်သည်။ တခြားတဲနှစ်လုံးကြားရှိ နေရာကျဉ်းကျဉ်းကလေးတွင် ကတ်သီးကတ်သတ် ဆောက်ထားခြင်း ဖြစ်သဖြင့် သူတို့တဲသည် ရှေ့ပိုင်းက ကျယ်ပြီး နောက်ပိုင်းကို ရှုံ့သွားရလေသည်။ သူတို့တဲကလေးမှာ အဖေနှင့် အမေ နှစ်ယောက်ကြားမှာ ကျပ်ကျပ်တည်းတည်း တိုးဝှေ့ပြီး ဝင်အိပ်နေသော ကလေးငယ်တစ်ယောက်လို ဖြစ်နေ၏။

လူလုတို့အိမ်သည် တံခါးပေါက် ရှိသော်လည်း တံခါးမရှိချေ။ ဝါးကြမ်းခင်းထားပြီး အခန်းကာမထား။ အိမ်ရှေ့မှ ကြည့်လိုက်လျှင် အိမ်နောက်ဖေး မီးဖိုချောင်အထိ တိုးလျှိုပေါက် မြင်နေရသည်။ အိမ်ရှေ့ကြမ်းပြင်ပေါ်တွင် လူကြီးတစ်ယောက် တစောင်းကလေး ခွေလှဲနေသည်။ လူလုတို့အဖေပဲ ဖြစ်လိမ့်မည်။ သူသည် တော်တော် နေမကောင်း ဖြစ်နေပုံ ရသည်။ ပိန်ခြောက်ပြီး အရိုးပေါ် အရေတင်လုနီးပါးပင်။

"ငါတို့အဖေက ကောင်းကောင်း နေမကောင်းဘူးကွ"

ဟု ယူလုက ခပ်တိုးတိုး ပြောသည်။ ပြီးတော့မှ "အမေရေ" ဟု လှမ်းခေါ်သည်။ ထိုအခါ လူလုတို့အဖေသည် ဆတ်ခနဲ တုန်သွားပြီး မျက်စိဖွင့်ကြည့်၍. . .

"ခွေးမသားလေး. . . လန့်သွားတာပဲ၊ သောက်ရမ်း အော်ရသလား၊ စောစောက ဟာလေးတောင် ဘယ်ရောက်သွားမှန်း မသိဘူး မပုရေ. . . ဆေးနည်းနည်းလောက် ပေးပါဦးကွာ"

ဟု ပြော၏။ နောက်ဖေးဘက်မှ လူလုတို့အမေ ထွက်လာသည်။ မည်းမည်းဝဝ။ သူ လမ်းလျှောက်လာသောအခါ အိမ်ကလေးက သိမ့်သိမ့်ခါသွားသည်ဟု ထင်ရ၏။





"ဘာပြောတယ်၊ ဆေးနည်းနည်း ဟုတ်လား၊ ရှင်က ပိုက်ဆံဖြ
တစ်ပြားမှ မရှာနိုင်ဘဲနဲ့ မိန်းမလုပ်စာကို ထိုင်စားနေပြီးတော့ ဇိမ်
ယူချင်လိုက်သေးတယ်"

"လုပ်စမ်းပါကွာ၊ ငါ ရင်တွေ တုန်လို့ပါ"

လူလုတို့အဖေက တုန်တုန်ယင်ယင် တောင်းတောင်းပန်ပန်
ပြောသည်။

"ကဲ. . . ရော့၊ မျိုဆို့ ဒါ နောက်ဆုံးပဲ၊ ဒီနေ့အဖို့ နောက်ထ
မရတော့ဘူး"

ဆိုပြီး လူလုတို့အမေက ဆေးလုံးကလေးတစ်လုံး ပေးသည်
လူလုတို့အဖေသည် တုန်တုန်ချည့်ချည့် လှမ်းယူသည်။ ပြီးတော့ မျို
လိုက်၏။ သူ့မျက်လုံးများသည် ရုတ်တရက် တောက်ပလာပြီးမှ ပြန်မှေ
သွားသည်။ ထို့နောက် ခုနလို ခွေခွေကလေး ပြန်လှဲလိုက်လေသည်

ကျွန်တော်သည် အံ့အားသင့်သလို ငေးကြည့်နေမိသည်။ လူလု
တို့ အမေသည် လူမမာက ဆေးတောင်းတာကို ဆောင့်ကြီးအောင့်ကြ
လုပ်ခြင်းကို လည်းကောင်း၊ ဆေးကို မပေးချင်ပေးချင်နှင့် ဒါ နောက်ဆုံ
ပဲဟု ပြောတာကို လည်းကောင်း ကျွန်တော် နားမလည်နိုင်အော
ဖြစ်ရ၏။

လူလှသည် သူ့အဖေနှင့်အမေ ဖြစ်နေပုံကြောင့် ရှက်သွားပြ
ကျွန်တော့်ကို တစ်ချက်ကြည့်သည်။ ကျွန်တော်က 'ရပါတယ်ကွာ' ဆိုသေ
သဘောဖြင့် ပြုံးလိုက်ရသည်။ အေးမြက်တော့ ကျွန်တော့် လက်မောင်း
မသိမသာ ဆုပ်ကိုင်ထားသည်။ သူ့လက်သည် နည်းနည်း အေးနေ

"ထိုင်ကြလေကွာ၊ အမေ. . . ဒါ ကျွန်တော့် သူငယ်ချင်းတွေ

ကျွန်တော်တို့လည်း ကြမ်းပြင်ပေါ်မှာ မရဲတရဲ ဝင်ထိုင်သည်
သူတို့အမေက ကျွန်တော်တို့ကို စူးစူးစိုက်စိုက် ကြည့်လိုက်သဖြင့်
တတ် မထိုင်တတ် ဖြစ်သွားသည်။ လူလုက. . .

"သူက အေးမြတဲ့ သူတို့အဖေက ဝန်ထောက်ကြီးပေါ့ သူ
ဇော်ထူး၊ ကျွန်တော့်ကို အကျီနဲ့ လုံချည် ပေးထားတာလေ၊ သူတို့အ



www.burmeseclassic.com

www.burmeseclassic.com



ထည်း သူ့ရှေ့ခဲ"

"ကြော်. . . တုတ်လား"

သူတို့အမေ၏ မျက်နှာထားမှာ စောစောကလောက် စူစူပုတ်ပုတ် မဟုတ်တော့ချေ။ နောက်ဖေးဘက် ထွက်သွားပြီး ပြန်အလာတွင် သံပန်းကန်ပြားတစ်ချပ် ပါလာသည်။

"ထန်းလျက် စားကြဦး"

ဆိုပြီး ကျွန်တော်တို့ကို 'ဘယ်မှာနေလဲ ဘာလဲ' မေးသည်။

ကျွန်တော်တို့သည် သူတို့အိမ်မှာ ကြာကြာမနေချင်ကြချေ။ သူတို့အမေ မေးတာဖြေ၊ ထန်းလျက်တစ်လုံးစီ စားပြီး ပြန်ခဲ့ကြသည်။ ကျွန်တော်တို့ချည်းဆိုလျှင် ရှုပ်ယှက်ခတ်နေသော အိမ်ကြိုအိမ်ကြားမှာ မသွားတတ်မှာစိုး၍ လူလုက လိုက်ပို့သည်။ လမ်းမှာ သူက. . .

"ဘယ်လိုလဲ၊ ငါတို့အိမ်ကို မလိုက်ပါနဲ့လို့ ငါပြောသားပဲ၊ ခုတော့ မင်းတို့ စိတ်ညစ်သွားပြီ မဟုတ်လား"

ကျွန်တော် ဘာမျှပြန်မပြော။ အေးမြက. . .

"နင်က အစက ပြောတော့ အိမ်မှာ ကျွေးစရာ ဘာမှမရှိဘူးဆို၊ ခုတော့ နင်တို့အမေက ထန်းလျက်တောင် ကျွေးလိုက်သေးတယ်၊ နင်တို့အမေက နင်ပြောသလောက် အပေါက်မဆိုးပါဘူးဟ"

လူလုသည် နည်းနည်း စိတ်သက်သာရာ ရသွားဟန်ဖြင့် ပြုံးလိုက်သည်။ ထိုအခိုက်အတန့်မှာပင် ကျွန်တော်သည် တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။ မင်းတို့အဖေက ဘိန်းစားကြီးဆိုကွဟု ကြွက်စုတ်တို့က လူလုကို ပြောသောစကား။

အိမ်ပြန်ရောက်သောအခါ. . .

"ဘိန်းစားဆိုတာ ဘာလဲဟင်"

ဟု အစ်မကြီးကို မေးသည်။

"ဘိန်းစားဆိုတာ ဘိန်းရှူတဲ့လူကို ပြောတာ၊ တချို့ကျတော့ ဘိန်းချေးကို မျိုချတယ်၊ ဘိန်းစားတာ မကောင်းဘူး၊ ဘိန်းစားတဲ့လူဟာ အမြဲတမ်း ပျင်းရိပြီး တခွေခွေနဲ့ နေတာပဲ၊ အလုပ်လည်း မလုပ်ဘူး၊





ဘိန်းစွဲတဲ့လူဟာ ထမင်းတောင် ကောင်းကောင်း မစားနိုင်တော့ဘူး။ နောက် တဖြည်းဖြည်း အားယုတ်ပြီး ပိန်ခြောက်လိုက်လာရာက နောက်ဆုံးတော့ သေတာပဲ"

ကျွန်တော်သည် ခွေခွေကလေး အိပ်နေသော လူလုတို့ အဖေ၊ ဆူပူကြိမ်းမောင်းနေသော လူလုတို့အမေ၊ ညိုညိုမည်းမည်း အလုံးကလေးတို့ကို မြင်ယောင်လာသည်။

အေးမြကို ထိုအကြောင်း ပြောပြသောအခါ သူက. . .

"လူလု သနားပါတယ်ဟာ၊ သူ့အဖေအတွက် သူ တော်တော်ရှက်မှာပဲ၊ ဒါကြောင့် ငါတို့ကို သူ့အိမ် မလိုက်ပါနဲ့လို့ ပြောတာ နေမှာ"

ကျွန်တော်တို့သည် လူလုကိုတော့ သူ့အဖေနှင့် ပတ်သက်၍ ဘာမျှမမေးပါ။ ခုလို သိလိုက်ရသည့်အတွက် လူလုနဲ့ မပေါင်းဘဲ နေဖို့လည်း လုံးဝစိတ်မကူးကြပါ။ သူ့ကို သနားပြီး အရင်ကထက်တောင် ပို၍ ခင်မင်လာခဲ့မိကြပါသေးသည်။

❖ ❖ ❖

ပထမအစမ်းစာမေးပွဲ အောင်စာရင်းတွေ ထွက်သည်။ အေးမြက တတိယ ရသည်။ ကျွန်တော်ကတော့ အဆင့်တစ်ဆယ်။ အဖေက အဆင့်တစ်ကနေ တစ်ဆယ်အတွင်း ရောက်အောင် ကြိုးစားရမယ်ဟု ပြောထားသဖြင့် တော်သေးသည်။

အမေနှင့် အစ်မကြီးကတော့ မကျေနပ်။

"ငါးတန်းတုန်းကဆို အဆင့်ငါးထက် ဘယ်တော့မှ မလျှော့ဘူး၊ ဒီနှစ် ဒီကောင် နည်းနည်း ပေါ့နေတယ်"

အစ်မကြီးက ပြောသဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com

"အစ်မကြီးက ကျွန်တော့်ကျတော့ ပြောတယ်၊ အစ်ကိုကျတော့ ကော ကိုးတန်းကျတာ နှစ်နှစ်ရှိပြီ"

"ဟဲ့. . . သူက အစကတည်းက ညံ့ပြီးသား၊ မင်းက စာတော် လျှတ်သားနဲ့ အဆင့်တစ်ဆယ်ဆိုလို့ ပြောနေတာ"

ကျွန်တော်တောင် အဆင့်တစ်ဆယ် ရလျှက်နှင့် ဒီလောက် အပြောခံနေရလျှင် လူလှတော့ ဒုက္ခပဲဟု တွေးမိ၏။ သူက သုံးဘာသာ ကျသူဖြစ်သည်၊ ဆရာမက 'ရီပို့ကတ်' ခေါ် ပညာရေး မှတ်တမ်းစာရွက် တွေ ပေးပြီးနောက်. . .

"ကဲ. . . သုံးဘာသာနဲ့ အထက် ကျတဲ့သူတွေ မတ်တတ်ရပ် စမ်း"

လူလှ အပါအဝင် ငါးယောက် မတ်တတ်ရပ်သည်။

"မင်းတို့ တနင်္လာနေ့ကျရင် မိဘခေါ်ခဲ့ရမယ်၊ ကြားလား"

ကျန်သူတွေက ခေါင်းညိတ်သည်။ လူလှက ခပ်တွေတွေ လုပ် နေသည်။ တနင်္လာနေ့ကျတော့ အခြားသူတွေ အဖေ အမေ ခေါ်လာ သော်လည်း လူလှက မခေါ်လာချေ။

"မောင်လူလှ. . . ဘာဖြစ်လို့ မိဘ မခေါ်လာသလဲ"

ဆရာမက မေးသည်။

"ကျွန်တော်တို့အဖေက နေမကောင်းဘူး ဆရာမ"

"အဖေ နေမကောင်းရင် အမေ ခေါ်ခဲ့ပေါ့"

"ကျွန်တော့်အမေက လိုက်လာမှာ မဟုတ်ဘူး"

"မလာလို့ ဘယ်ဖြစ်မလဲကွယ်၊ ကျောင်းစည်းကမ်းအရ သုံးဘာ သာနဲ့ အထက် ကျတဲ့လူကို မိဘခေါ်ပြီး ဆွေးနွေးရမယ်၊ ဒါမှ မင်းတို့ ပညာရေး တိုးတက်မှာပေါ့၊ မိဘဆရာ ပူးပေါင်း ကလေး ပညာကောင်း ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ မနက်ဖြန် ဆက်ဆက် ခေါ်လာခဲ့၊ သိလား"

လူလှက အင်းမလုပ် အဲမလုပ် နေသည်။

"မောင်လူလှ ဆရာမတို့ မှန်မှန်ပြောစမ်း၊ မိဘခေါ်ခိုင်းတဲ့ကိစ္စ





င်းအမေကို မပြောခဲ့ဘူး မဟုတ်လား"

လူလှက ခေါင်းညိတ်သည်။

"ဘာဖြစ်လို့ မပြောတာလဲ"

လူလှက ခပ်ဆိုင်းဆိုင်း လုပ်နေပြီးမှ. . .

"ပြောလို့မဖြစ်ဘူး ဆရာမ၊ ပြောလိုက်ရင် အမေက ကျွန်တော့် ို ကျောင်းထုတ်ပစ်လိမ့်မယ်၊ အခုတောင် သိပ်ပြီး ထားချင်တာ မဟုတ် ူး၊ ကျွန်တော်က မုန့်ဖိုးမယူပါဘူးဆိုလို့ ထားတာ"

ဆရာမက သက်ပြင်းချလိုက်သည်၊ လူလှမှာ ကျောင်းဝတ်စုံ ာင် မရှိလို့ ဆရာမက ဝယ်ပေးခဲ့ရတာ သတိရသွားသလား မသိ၊

"ကောင်းပြီ မောင်လူလှ၊ ဒီတစ်ခါတော့ ဆရာမ ခွင့်လွှတ်လိုက် ယ်၊ ဒါပေမယ့် နောက်ကို ခုလို မိဘခေါ်ခိုင်းရတာမျိုး မဖြစ်အောင် ိယ အစမ်းစာမေးပွဲနဲ့ စာမေးပွဲကြီးမှာ အောင်,အောင် ဖြေပါ့မယ်လို့ င်း ကတိပေးရလိမ့်မယ်၊ ဘယ်လိုလဲ"

"ကျွန်တော် ကြိုးစားပါ့မယ် ဆရာမ"

ဟု လူလှက ပြောလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ပထမဦးဆုံးအကြိမ် ကျောင်းပြေးလေသည် ဒါကလည်း လူလှက ဆွယ်သောကြောင့် ဖြစ်သည်။ သူက ကျွန်တော် လေးခွတစ်လက် ပေးသည်။ ပြီးတော့ ကျွန်တော်တို့ ဘုရားသွားစဉ် ဖြတ်သွားခဲ့သော သရက်တောထဲမှာ ငှက်လျှောက်ပစ်ရအောင်ဟု သည်။

ကျွန်တော် လေးခွ ပစ်ချင်နေတာ ကြာပြီ။ ဘယ်မှာ ဝယ်ရမှ မသိ။ ပယ်ပေးဖို့ အိမ်ကို ပြောတော့လည်း လေးခွရလျှင် ဟိုပစ်ဒီပစ် သူများတွေ လျှောက်မှန်ပြီး ပြဿနာ တက်မည်ဆိုပြီး ဝယ်မပေး။

ခုတော့ လေးခွတစ်လက် ရပြီ။ သို့ဖြင့် တစ်နေ့တွင် အေးမြ ကျောင်းနောက်ပေါက်အထိ လိုက်ပို့ပြီးနောက် ကျွန်တော်တို့ နှစ်ယော ပြန်ထွက်လာခဲ့ကြသည်။

အေးမြက. . .

"နင်တို့ ဘယ်သွားမလို့လဲ"

ဟု မေးသည်။





"ဒီနားလေးပါဟာ၊ ကိစ္စရှိလို့"

ဟု ပြောပြီး လစ်ထွက်ခဲ့၏။ သရက်တောသည် ကျောင်းနှင့် ဝေးလှချေ။ လူလှက ဖြတ်လမ်းတွေကို သိသဖြင့် ခဏလေးနှင့် ရောက်လာသည်။ အိမ်ကြိုအိမ်ကြားက ဖြတ်သွားသော ကျွန်တော်တို့ကို တဲခတ်သလို ကြည့်သော လူကြီးတွေကို တွေ့သောအခါ ကျောင်းပြေး မိတော့မှာပဲ ဆိုပြီး ကျွန်တော် လန့်မိသေးသည်။ လူလှက. . .

"မင်းကလဲ ဘာဖြစ်နေတာလဲ၊ ရဲရဲလာစမ်းပါ"

"ငါတို့က ကျောင်းစိမ်းလုံချည်တွေနဲ့ကွ၊ ကျောင်းပြေးလာတာ ပ်သိသာနေတယ်၊ တော်ကြာ ဖမ်းပြီး ကျောင်းကို ပို့နေဦးမယ်"

"ဟာ. . . မဟုတ်တာ၊ သူတို့ ကြည့်တာက လှန်းထားတဲ့ အဝတ် တွ လစ်ပြေးမှာစိုးလို့ ကြည့်တာဟ၊ ခပ်တည်တည်သာ လာစမ်းပါ"

ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားသည်။ ကျွန်တော့်ကို ဘီရှပ်တဲ့ကောင်တွေနဲ့ အမှားခံရတာ ရှက်စရာ ကောင်းသည်။

သရက်တောထဲ ရောက်တော့ လူလှက မေးသည်။

"မင်း လေးခွပါတယ် မဟုတ်လား"

"အေး. . . ပါတယ်"

ဆိုပြီး လွယ်အိတ်ထဲက လေးခွကို ထုတ်ပြလိုက်သည်။

"ငါ့ဆီမှာတော့ လောက်စာလုံးတွေ ပါပါတယ်"

သူက လွယ်အိတ်ကို ပုတ်ပြသည်။

"မင်း လေးခွပစ်တာ လေ့ကျင့်ထားရဲ့လား"

သူက မေးသဖြင့်. . .

"ကျင့်တော့ ကျင့်တာပဲကွ၊ ဒါပေမယ့် လူကြီးတွေ မသိအောင် ကျင့်ရတာဆိုတော့ ခဏပဲ ကျင့်လို့ရတာပေါ့"

"မင်း ပစ်ကြည့်စမ်းပါဦး"

လူလှက ဟိုဟိုဒီဒီ လိုက်ရှာပြီး နို့ဆီခွက်စုတ်တစ်လုံး တွေ့သဖြင့် လှမ်းလှမ်းမှာ တုတ်တစ်ချောင်း စိုက်ပြီး စွပ်ထားလိုက်သည်။

"ဒီခွက်ကို မှန်အောင် ပစ်ကြည့်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



လောက်စာလုံး လေးငါးလုံး ဝေးသည်။ ကျွန်တော် တစ် ဝစ်သည်။ တခြားစီ။

"လေးခွပစ်တဲ့အခါ သားရေကြိုး နှစ်ပင်စလုံးကို မျှပြီး အောင် ဆွဲရတယ်ကွ၊ တစ်ဖက်တင်း တစ်ဖက်လျော့ ဆိုရင် ဘယ်ဖြေ ဖြောင့်သွားမလဲ"

နောက်ထပ် သုံးချက်ပစ်သည်။ နီးတော့ နီးစပ်သည်။ ထိ မထိ၊ လူလှက ရယ်ပြီး. . .

"ငါ ပစ်ပြမယ်၊ ကြည့်နေ"

လူလှက သိပ်တောင် မချိန်ဘဲ ပစ်ထည့်လိုက်သည်။ ခေါင် မြည်အောင် မှန်သည်။ မှန်ရုံမျှ မကသေး။ နို့ဆီခွက်သည် တိုင် စွပ်ထားရာမှ ခုန်ထွက်ပြီး မြေပေါ် ကျသည်။ ကျွန်တော်က ကောက်မည် ပြုရာ လူလှက လက်ကာပြပြီး မြေပေါ် ကျနေသေ နို့ဆီခွက်ကို တစ်ချက်ပြီးတစ်ချက် ဆင့်ကာ ပစ်သည်။ အချက်တို မှန်သည်။ နို့ဆီခွက်သည် တစ်ချက်ထိလိုက်၊ ခုန်ပြီး ရွေ့သွားလို ရွေ့သည့်နေရာကို လိုက်ပစ်လိုက်၊ ထိပြီး ခုန်သွားလိုက်နှင့် တဖြည်းဖြ ဝေးသွားသည်မှာ ကြည့်လို့တောင် ကောင်းသေးသည်။

ကျွန်တော် အံ့ဩနေပုံကို ကြည့်ပြီး လူလှက ကျေနပ်စွာ သည်။ လူလှသည် ကျောင်းစာ အပါအဝင် တခြားကိစ္စများတွင် တ တော့်ထက် အောက်ကျနောက်ကျ ဖြစ်နေရာမှ ဒီတစ်ခါ ကျွန်တော် ဆရာပြန်လုပ်ခွင့် ရလိုက်သဖြင့် ဝမ်းသာသွားဟန် တူသည်။ ကျွန်တေ ကလည်း ထိုအတွက် သူ့ကို စိတ်မဆိုးသည့်အပြင်. . .

"ဟာ. . . မင်းကလည်း သိပ်လက်တည့်တာပဲ"

ဟူ၍ပင် ချီးကျူးလိုက်ပါသေးသည်။ သူသည် မြူးကြွ သွက်လ နေသည်။ လက်တည့်စမ်းတာ ဆိုပြီး စာကလေးနှစ်ကောင် ပစ်သ ပြီးတော့မှ. . .

"ကျီးကန်းလောက် ရမှ ကင်စားလို့ ကောင်းတာကွ၊ မင်း ကန်းသား စားဖူးလား"





"ငယ်ငယ်ကတော့ တစ်ခါစားဖူးတယ်ကွ"

"မင်းအစ်ကို ပစ်ကျွေးတာလား"

"မဟုတ်ပါဘူး၊ တောက အမျိုးတွေ လာလည်တုန်းက ပါလာ တာ၊ သူငယ်နာ ကောင်းတယ်ဆိုလို့ နည်းနည်းစီ စားရတာကွ"

"မြွေသားရော စားဖူးလား"

"ဟင့်အင်း"

"မြွေသားကမှ တကယ်ချိုတာကွ၊ ကြက်သားနဲ့ ဘယ်လဲမလဲ၊ ငါတို့ရွာမှာတုန်းကဆိုရင် ကောင်းကောင်း စားရတာပေါ့၊ ကြွက်တို့ ဖားတို့ လည်း ကောင်းတာပဲ"

သူက 'မင်းလည်း ပစ်ကြည့်ဦးလေကွာ၊ ဒါမှ တဖြည်းဖြည်း လက်တည့်လာမှာ' ဟု ပြောသဖြင့် ခပ်လှမ်းလှမ်းရှိ သစ်ပင်ပေါ်မှာ နားနေသော စာကလေး တစ်ကောင်ကို လှမ်းပစ်ထည့်လိုက်သည်။ လွဲ သည်။ သို့ရာတွင် စာကလေး နားနေသော သစ်ကိုင်းကို မှန်သဖြင့်. . .

"ဟာ. . . နည်းနည်းလေး လွဲတယ်ကွာ"

ကျွန်တော့်အဖို့တော့ ဒီလောက် နီးစပ်တာကိုပင် တော်တော် ပျော်သွားပြီ။ သူက. . .

"လေးခွပစ်တဲ့အခါမှာ အကြာကြီး မချိန်ရဘူးကွ၊ လက်တစ်ဖက် က သားရေကြိုးကို ဆွဲထားရတော့ ကြာရင် လက်တုန်လာတာပေါ့၊ တစ်ခါတည်း ဆွဲပြီး ပစ်ထည့်လိုက်ရတယ်၊ လွဲသွားလည်း ဘာဖြစ်သလဲ ကွာ၊ လောက်စာလုံးတစ်လုံး ဆုံးရုံပေါ့၊ နှမြောစရာ မရှိပါဘူး"

ပြောရင်းဆိုရင်းပင် သူက ငြိမ်ငြိမ်နေဟု လက်ဖြင့် ပြပြီး သ ရက်ပင် တစ်ပင်အောက် အသာကပ်လိုက်သည်။ ဟိုးအဖျားမှာ နားနေ သော ကျီးကန်းတစ်ကောင်ကို ချောင်းခြင်း ဖြစ်သည်။ သူသည် ပစ်တွင်း ကောင်းသည်နှင့် လေးခွကို ဆွဲပြီး. . .

ထိုအခိုက်တွင် အမှတ်မထင်တာ ဖြစ်လာသည်။ ခွေးဟောင်သံ ကြားရခြင်း ဖြစ်သည်။ ကျီးကန်းသည် လန့်ပျံသွားသည်။ အသံလာရာဆီ သို့ ကြည့်လိုက်ရာ အင်းခွေးကြီးတစ်ကောင်သည် တဝုန်းဝုန်း ဟောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဆီ ပြေးလာသည်။ လူလုက...

"ပြေးကွ၊ ဟော့ကောင်... သစ်ပင်ပေါ် တက်ပြေး"

ဆိုပြီး သရက်ပင် ခပ်ငယ်ငယ် တစ်ပင်ပေါ်သို့ ခွေ့ခနဲ တက်ပြေးသွားသည်။ ကျွန်တော်တတော့ သစ်ပင်လည်း မတက်တတ်၊ တက်ဖို့လည်း အချိန်မရလိုက်သဖြင့် ခြေဦးတည့်ရာ စွတ်ပြေးလေသည်။

မလွတ်နိုင်ဘူးဆိုတာ သိသည်။ ခြေထောက်တစ်ဖက်က ပွခနဲဖြစ်ပြီး တန်းသွား၏။ ခွေးကြီးက ကျွန်တော့်ခြေထောက်ကို ခဲထားပြီ၊ ကျွန်တော်သည် ငယ်သံပါအောင် အော်သည်။ လူလုက သစ်ပင်ပေါ်မှနေပြီး 'ဟဲ့...ခွေး၊ ဟဲ့...ခွေး' ဟု အော်သည်။

"ဟော့ကောင်... ဆင်းပေါက်"

ဟု အော်သံကြားလိုက်ပြီးနောက် ခွေးကြီးသည် ကျွန်တော့်ခြေထောက်ကို ခဲထားရာမှ လွှတ်လိုက်သည်။ လူကြီးတစ်ယောက် ကျွန်တော့်နား ရောက်လာပြီး ဆွဲထူပေးသည်။ ပြီးတော့ ကျွန်တော့် ခြေသလုံးကို လှန်ကြည့်သည်။ အစွယ်ရာသုံးပေါက်နှင့် အခြစ်ရာတစ်ခု။ သွေးတွေ တစိမ့်စိမ့် ထွက်လာသည်။ လူလုလည်း သစ်ပင်ပေါ်မှ ဆင်းလာသည်။

"မင်းတို့ ဘယ်ကလဲ"

လူကြီးက ပြောပြီး စုတ်ပြဲနေသော ကျောင်းစိမ်းလုံချည်နှင့် မြေပေါ် ကျနေသော လွယ်အိတ်ကို မြင်သဖြင့်...

"မင်းတို့ ကျောင်းပြေးလာကြတာပေါ့၊ ဟုတ်လား"

ကျွန်တော်တို့က ဘာမျှပြန်မပြော၊ လူလုက...

"သွေးတွေ သိပ်ထွက်တာပဲ"

ဆိုမှ ဒဏ်ရာကို သတိရပြီး လူကြီးက...

"ကဲ... မင်းတို့ ငါ့အိမ် လိုက်ခဲ့ကြ၊ ဆေးထည့်ပေးမယ်"

"နေပါစေ ဦးလေး၊ ကျွန်တော် ဒီအတိုင်းပဲ ပြန်မယ်"

ပြောပြီး ကျောင်းစိမ်းလုံချည်ဖြင့်ပင် သွေးတွေကို သုတ်လိုက်သည်။

"ကဲ... ဒါဖြင့်လည်း ငါ မန်းပေးလိုက်မယ်"





ဟု ဆို၍ လူကြီးက ဒဏ်ရာပေါ် လက်ဖြင့် အုပ်ပြီး ဘာတွေမှန်းမသိ ရွတ်နေသည်။

"အိမ်က ဝေးလား"

ဟု မေးသည်။

"သိပ်မဝေးပါဘူး"

ဟု ကျွန်တော် ညာပြောလိုက်သည်။

"ကဲ... ကဲ... သွားကြတော့၊ နောက်ကို ကျောင်းလဲ မပြေးနဲ့၊ ဒီထဲလဲ မလာနဲ့၊ ခွေးက သိပ်ဆိုးတယ်၊ ငါ ရောက်လာလို့၊ နို့မို့ဆို မင်း ခြေသလုံး အသားတစ် ထွက်သွားမယ်"

ခုမှ ခွေးကြီးကို သတိရပြီး ကြည့်လိုက်သည်။

ခွေးကြီးသည် သူ့သခင် နောက်နားတွင် ကုပ်ကုပ်ကလေး ထိုင်နေသည်။ ရန်ပြုမည့်ပုံ မပေါ်တော့။ လူလုက ကျွန်တော့်ကို တွဲပြီး ခေါ်လာသည်။ အိမ်ရောက်တော့ အစ်မကြီးတို့ အမေတို့မှာ ပျာယာခတ်နေသည်။ ချက်ချင်း ဆေးခန်းကို သွားကြသည်။ ကျွန်တော်သည် နာကျင်ရသည့်ကြားထဲက ကျွန်တော့်ကို အိမ်ပြန်တွဲပို့သည့်အတွက် အမေတို့က လူလုကို ကျေးဇူးတင်စကားလေးတောင် မပြောလိုက်သည့်အတွက် စိတ်မကောင်း ဖြစ်ရသေးသည်။ ဘာပဲဖြစ်ဖြစ် ကော်ဖီလေးဘာလေးတော့ တိုက်လိုက်ဖို့ ကောင်းသည်။ ထူပူနေလို့ မေ့သွားတာ ဖြစ်မှာပါဟုလည်း စိတ်ဖြေလိုက်၏။

ဆေးခန်းက ပြန်လာတော့မှ...

"ဘယ်နေရာမှာ အကိုက်ခံရတာလဲ"

ဟု အစ်မကြီးက မေးသည်။ သူ့လေသံက မသက်သာသံ ပါသည်။ ကျွန်တော်လည်း လမ်းမှာ စိတ်ကူးလာသည့်အတိုင်း...

"မုန့်စားဆင်းတုန်းကပေါ့၊ ဖောင်တိန်က မင်နည်းနေလို့ ဖောင်တိန်ပြင်ဆိုင် သွားရင်းနဲ့"

ဒါမှလည်း ကျွန်တော် အိမ်ပြန်ရောက်သည့်အချိန်နှင့် အတိုက်ဖြစ်မည်၊ တစ်ခုပဲ စိုးရိမ်စရာရှိသည်။ ညနေကျလျှင် အေးမြက ဘုသီ



www.burmeseclassic.com

www.burmeseclassic.com



ဘမသိ အိမ်လာပြီး လျှောက်ပြောနေမှာပဲ ကြောက်ရသည်။

သို့ဖြင့် ညနေစောင်းသောအခါ လူကြီးတွေ အလစ်မှာ ထွက်ခဲ့သည်။ ခြေထောက်က တော်တော် နာနေသဖြင့် ထော့နဲ့ထော့နဲ့ လျှောက်ရ၏။ အမေက မြင်ဖြစ်အောင် မြင်သွားသည်။

"ဟဲ့. . . ဒါ ဘယ်သွားဦးမလို့လဲ၊ အနာကြီးနဲ့"

"အေးမြဆီ သွားမလို့"

"ဘာသွားလုပ်မှာလဲ၊ ဒဏ်ရာနဲ့ဟာ ငြိမ်ငြိမ်နေမှပေါ့"

"မဟုတ်ဘူး အမေ၊ ညနေပိုင်း သင်တဲ့စာတွေ ပြန်ကူးဖို့ စာအုပ်သွားငှားမလို့"

"အမလေး သားရယ်၊ နောက်မှ ကူးလည်း ရပါတယ်၊ ကဲ သွား သွား၊ အိပ်ယာထဲ ပြန်လှဲနေ၊ တစ်ယောက်ယောက် လွှတ်ပြီး အေးမြကို ခေါ်ခိုင်းလိုက်မယ်"

ထိုစဉ်တွင် အေးမြက ခြံထဲ ဝင်လာသည်။ သူက. . .

"နင်. . ."

ဟု စကားစတုန်းမှာ ကျွန်တော်က ဘာမှမပြောနဲ့ ဆိုသောသဘောဖြင့် မျက်လုံးပြူးပြလိုက်သည်။ သူက ကျွန်တော့်ခြေထောက်ကပတ်တီးကို မြင်ပြီး. . .

"ဟယ်. . . ဘာဖြစ်တာလဲ"

"မုန့်စားလွှတ်တုန်းကလေ၊ ဖောင်တိန်ပြင်မယ်ဆိုပြီး ငါ သွားယူရောလား၊ အဲဒီမှာ ခွေးကိုက်ခံရတာ"

ဟု စကားလမ်းကြောင်းပေးပြီး မျက်စိတစ်ဖက် မှိတ်ပြလိုက်ရသည်။ လူကြီးတွေ ကွယ်ရာရောက်မှ သူက. . .

"နင်တို့ ဒီနေ့ ကျောင်းပြေးကြတာပေါ့လေ၊ ဟုတ်လား"

"ငါ့ဘာသာဆို မပြေးပါဘူးဟာ၊ လှလှဏ ဆွယ်လို့ပါ"

"လှလှကိုလည်း ပြောရဦးမယ်၊ နောက် ကျောင်းမပြေးပါနဲ့ဟာ"

"နင် ခွေးကိုက်ခံရတာလဲ ခပ်ကောင်းကောင်းပဲ"

"ဟင်. . . ဘာဖြစ်လို့"





"ဒီနေ့ ကျောင်းမလာတဲ့အတွက် နက်ဖြန် ခွင့်စာတင်ရမယ် မဟုတ်လား၊ ခု နင် ခွေးအကိုက်ခံရတော့ နက်ဖြန် ကျောင်းတက်နိုင်မှာ မဟုတ်ဘူး၊ ကျောင်းတက်တဲ့နေ့ကျမှ ကျောင်းပြေးတဲ့နေ့ကိုပါ ရောထည့်ပြီး ခွင့်တိုင်လို့ ရတာပေါ့"

"အေးဟာ. . . တော်သေးတာပေါ့"

"နင့်ကို ပြောရဦးမယ်၊ နင်တို့ ကျောင်းမလာတော့ ငါ တစ်ယောက်တည်းဆိုပြီး ဟိုကောင်တွေက အနိုင်ကျင့်ချင်တယ်"

"ဘယ်သူတွေလဲ၊ ကြွက်စုတ်တို့လား၊ ဘယ်လို အနိုင်ကျင့်လို့လဲ"

"ငါ့ကို မကြားတကြား စတာပေါ့ဟ"

"ဘယ်လို စတာလဲ"

"ထုံးစံအတိုင်းပေါ့ဟ"

"ထုံးစံအတိုင်း ဟုတ်လား၊ ဘယ်လို ထုံးစံအတိုင်းလဲဟ"

"နင်ကလဲ သိရက်သားနဲ့"

သူက ရှက်သလိုလို မျက်နှာမျိုးနှင့် ပြောသည်။ 'တင်အေးမြ ဖင်ကလေးလှ' ဟု သူ့ကို စလေ့ရှိတာကို ပြောခြင်းပင် ဖြစ်သည်၊ သူသည် ထိုစကားလုံးကို မပြောရဲဘဲ ဖြစ်နေသည်။ ကျွန်တော်ကလည်း အဲဒီလို ပြောတာ မဟုတ်လားဟု နှုတ်က ထုတ်ဖော်မပြောရဲ။ ထိုစကားလုံးကို အရင်က ကျွန်တော်လည်း သူ့ကို စချင်သည့်အခါ ပြောလေ့ ရှိခဲ့ဖူးပါသည်။ ခုကျမှ ပြောမထွက်တာ ဘာကြောင့်လဲမသိ။

❖ ❖ ❖

ကျွန်တော် စိတ်လှုပ်ရှားနေသည်။ စာကျက်ချိန် ဖြစ်သော ကြောင့် စားပွဲမှာ ထိုင်၊ စာအုပ် ရှေ့မှာ ဖွင့်ထားသော်လည်း စာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားနိုင်ချေ။ ကျွန်တော်သည် စာကျက်ပြီဆိုလျှင် ဘယ်တော့မှ တခြားအကြောင်းတွေ လျှောက်တွေးလေ့မရှိ။ စာထဲမှာပင် စိတ်ကို နှစ်ထားနိုင်သည်။ ခုလို စိတ်ပျံ့လွင့်တာမျိုး တစ်ခါတစ်လေမှပင် ဖြစ်တတ်သည်။ အဖေက ကစားစရာ အသစ်တစ်ခု ဝယ်ပေးသည့်နေ့မျိုး။

ဒီနေ့ကတော့ အဖေလည်း ဘာမှ ဝယ်ပေးခဲ့သည်မဟုတ်။ ပုံမှန်အတိုင်း ညခုနစ်နာရီမှ ကိုးနာရီထိ စာကြည့်စားပွဲ ထိုင်ရင်းက နားတစ္စင့်စွင့် ဖြစ်နေခြင်းပင်။ အကြောင်းမှာ...

နေ့လည်တုန်းက လူလှက ပြောသည်။

"ဒီနေ့ကစပြီး ငါ မုန့်ဖက်ထုပ် ရောင်းတော့မယ်ကွ"

"ဟင်...မင်း ကျောင်းမတက်တော့ဘူးလား"

"တက်မှာပေါ့၊ ညကျမှ ရောင်းမှာ"

"နင် စာကျက်ပျက်တော့မှာပဲ"

ဟု အေးမြက ဝင်ပြောသည်။

"ရပါတယ်ဟာ၊ နေ့လည် ကျောင်းက အပြန် ကျက်မှာပေါ့၊ ငါ့အဖို့ ပိုက်ဆံမရှာလို့ မဖြစ်တော့ဘူးဟ၊ ငါတို့အမေက ငါ ကျောင်းတက်နေတာကို သိပ်သဘောကျလှတာ မဟုတ်ဘူး၊ ကျောင်းစရိတ် ကုန်တာပဲ အဖတ်တင်တယ်လို့ ထင်နေတာ၊ ကျောင်းတက်နေတဲ့အချိန်တွေမှာ ဈေးရောင်းရင် ပိုက်ဆံတောင် ရသေးတယ်လို့ ခဏခဏ ပြောတယ်၊ နောက်ပြီး မင်းတို့ကချည်းပဲ ငါ့ကို မုန့်ဝယ်ကျွေးကျွေးနေရတာ ကြာတော့ အားနာလာပြီ၊ အခု မုန့်ဖက်ထုပ် ရောင်းလို့ ရှိရင် တစ်နေ့ ကျောင်းမုန့်ဖိုး ဆယ့်ငါးပြား ပေးမယ်လို့ အမေက ပြောတယ်"

"မုန့်ဖိုးက အရေးမကြီးပါဘူးကွာ၊ ခုလဲ ငါတို့နှစ်ယောက် ရတဲ့ မုန့်ဖိုးနဲ့ လောက်သားပဲ"

"မဟုတ်သေးဘူးလေ၊ အခု ငါတို့အိမ်မှာ အကုန်အကျ များလာတယ်ကွ၊ အဖေကလည်း ခုနောက်ပိုင်း ခဏခဏ နေမကောင်း ဖြစ်နေတယ်၊ ဆေးဖိုးကုန်တာ မနည်းဘူး၊ အမေ ဈေးရောင်းတာကလဲ သိတဲ့အတိုင်းပဲလေ၊ ကိုယ့်မှာ ပိုက်ဆံ မရှိတော့ နေ့ပြန်တိုး ယူနေရတာ





ပစ္စည်းတောင် သတ်သတ်မှတ်မှတ် ထိုင်ရောင်းနိုင်တာ မဟုတ်ဘူး၊ အဆင်သင့်ရာ ဆွဲပြီး ပျံကျ ရောင်းနေရတာ၊ ဒီတော့ ငါမှ မလုပ်ရင် နောက်နှစ်ဆို ကျောင်းတောင် နေရမှာ မဟုတ်ဘူး"

"နင်က မုန့်ဖက်ထုပ် ရောင်းမယ်ဆိုတော့ ရောင်းရဲလို့လား"

အေးမြက မေးသဖြင့် လူလှက...

"ဟာ...ဘာလို့ မရောင်းရဲရမှာလဲ၊ အခုလဲ ကျောင်းပိတ်ရက်ဆို အမေ့ကို ကူရောင်းပေးနေတာပဲ၊ ငါကတော့ တစ်ခုပဲ စိုးရိမ်တယ်၊ မုန့်ဖက်ထုပ် ရောင်းတဲ့ကောင်နဲ့ ပေါင်းသင်းတယ် ဆိုပြီး နင်တို့ကို သူများတွေက အထင်သေးမှာကိုပဲ"

"ဟာ...မဟုတ်တာကွာ"

"နင် ဒီလိုမပြောနဲ့ လူလှရာ၊ ငါတို့က အစကတည်းက နင်ဆင်းရဲမှန်း သိလျက်နဲ့ ခင်တာပါ"

အေးမြက ဝမ်းနည်းသည့်အသံဖြင့် ပြောသည်။ ကျွန်တော်က

"လူလှ...မင်း မုန့်ဖက်ထုပ် လိုက်ရောင်းရင် ငါတို့ဘက်လည်း လာခဲ့ကွာ"

ဟု ပြောထားခဲ့သည်။ ထို့ကြောင့် အခု စာကျက်နေရင်းတစာထဲမှာ စိတ်မဝင်စားနိုင်ဘဲ လူလှအသံကို မျှော်နေခြင်း ဖြစ်သည်။ ကိုးနာရီထိ သူရောက်မလာချေ။ သူ မုန့်ဖက်ထုပ် ရောင်းတာကို ကျွန်တော်တို့ သိပြီး ဖြစ်သော်လည်း တကယ် လိုက်ရောင်းနေတာကိုတော့ ကျွန်တော်တို့ မြင်မှာ ရှက်လို့ မလာဘဲ နေခြင်းပင် ဖြစ်လိမ့်မည်။

"ဟဲ့...ကိုးနာရီ ထိုးပြီ၊ အိပ်တော့လေ"

ဟု အစ်မကြီးက လာသတိပေးသည်။

"မနက်ဖြန် ဆရာမက စာမေးမယ်လို့ ပြောထားတယ်၊ အဲဒါ တစ်ပုဒ်ကျန်နေသေးလို့၊ အဲဒါ ရမှ အိပ်တော့မယ်"

ဟု ကျွန်တော် လိမ်ပြောလိုက်သည်။ ထိုစဉ်အခိုက်မှာ...

"မုန့်ဖက်ထုပ် ပူပူလေး"

ဆိုသောအသံ ကြားရသည်။ ကျွန်တော် ဝေါ်ကနဲ ထထိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်၊

"အစ်မကြီး. . . မုန့်ဖက်ထုပ် စားချင်တယ်"

"ဟယ်. . . ခဏနေပဲ အိပ်တော့မယ်၊ တော်ကြာ ရင်ပြည့်ပြီး"

"ဟာ. . . ဆာတယ် အစ်မကြီးရာ"

"မုန့်သေတ္တာ ရှိသားပဲ၊ ဘီစကွတ် စားပါလား၊ မုန့်ဖက်ထုပ်က"

"စားချင်တယ် အစ်မကြီးရာ၊ ပေးပါ မြန်မြန်၊ တော်ကြာ မုန့်ဖက်ထုပ်သည်တာ ထွက်သွားဦးမယ်"

ထိုစဉ်မှာ မုန့်ဖက်ထုပ် ပူပူလေးဟု နောက်တစ်ကြိမ် ထပ်အော်သည်၊ အစ်မကြီးက ဘော်လီအင်္ကျီအိတ်ထဲမှ ပိုက်ဆံတစ်မတ် နှိုက်ယူပြီး ကျွန်တော့်ကို ပေးမည်လုပ်ပြီးမှ. . .

"ငါ သွားဝယ်ပေးမယ်၊ နင် မသွားနဲ့၊ ခြံထိပ်အထိ ထွက်ရမှာ၊ အပြင်မှာ မှောင်တယ်"

"ရပါတယ်၊ အိမ်ရှေ့မီး ဖွင့်ထားတာပဲ"

ပြောပြောဆိုဆို အစ်မကြီးလက်ထဲက ပိုက်ဆံတစ်မတ်ကို ဆတ်ခနဲ ယူပြီး ပြေးထွက်ခဲ့သည်၊ အစ်မကြီးက 'ဟဲ့. . . ဟဲ့ နေဦး' ဆိုပြီး ကျန်ခဲ့၏။

ခြံထိပ်ကို ပြေးသွားသည်၊ လူလှက ကျွန်တော့်ကို စောင့်နေသည်၊

"ဟော့ကောင်"

ကျွန်တော် ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။ သူက ပခုံးပေါ် ထမ်းထားသော တောင်းကို အောက်ချလိုက်သည်။ အိမ်ရှေ့မီးရောင်သည် ကျွန်တော်တို့ ရပ်နေရာသို့ ကောင်းကောင်း မရောက်သော်လည်း သူ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေတာကိုတော့ မြင်သာသည်။ သူသည် စွပ်ကျယ်အင်္ကျီစုတ်တစ်ထည်ကို ဝတ်ထားပြီး မုန့်ဖက်ထုပ်တောင်း ထမ်းသည့်အခါ ပခုံးမနာအောင် ပုဆိုးတစ်ထည်ကို ထောင့်စွန်းခေါက်ပြီး သိုင်းချည်ထား၏။

"မင်း ရောင်းကောင်းရဲ့လား"





ကျွန်တော်က မေးသည်၊

"မဆိုးပါဘူးကွ၊ ဒီနေ့ အစမ်းရောင်းကြည့်မယ်ဆိုပြီး အထုပ်ငါးဆယ် ယူလာတာ၊ သုံးဆယ်ကျော်ကျော်လောက် ကုန်သွားပြီ"

"အားလုံး ကုန်ရင် မင်း ဘယ်လောက် မြတ်မှာလဲ"

"တစ်ကျပ်ခွဲလောက် ကျန်မယ်ကွ"

"ဟာ. . . ဘယ်ဆိုးလို့လဲ၊ မင်းဟာ စားသာတာပေါ့"

"ခြေတိုအောင် လျှောက်ပြီး အော်နေရတာလဲ ထည့်တွက်ဦးမှပေါ့ကွ"

"အေးကွာ. . . ဒါလဲ ဟုတ်တာပဲ၊ ငါဆိုရင်တော့ အဲဒီတောင်း ထမ်းပြီး သွားရရင် တစ်ဖာလုံတောင် သွားနိုင်မှာ မဟုတ်ဘူး၊ ဒါနဲ့ မင်း မုန့်ဖက်ထုပ်က ဘယ်လို ရောင်းတာလဲ"

"ဆယ်ပြား၊ တစ်မတ်ဖိုး သုံးထုပ်"

"ငါ့ကို တစ်မတ်ဖိုး ပေးကွာ"

သူက တောင်းထဲမှ မုန့်ဖက်ထုပ်သုံးထုပ် ယူပေးသည်။ ကျွန်တော် ပိုက်ဆံတစ်မတ် ပေးသောအခါ သူက. . .

"မယူပါဘူးကွာ၊ မင်းကို အလကား ကျွေးတာ"

"ဟာ. . . မဟုတ်တာ၊ ယူပါကွ၊ တော်ကြာ မင်းတို့အမေက ပိုက်ဆံလျော့တယ်ဆိုပြီး ဆူနေပါဦးမယ်"

"မဆူပါဘူး၊ ငါ ပြောခဲ့ပြီးပြီ၊ အမေက မင်းတို့ကိုတော့ စေတနာထားတယ်၊ မင်းတို့ကချည်းပဲ ငါ့ကို မုန့်ဝယ်ကျွေးခဲ့တာ၊ ဒီတစ်ခါ ငါ ပြန်ကျွေးပါရစေ၊ အေးမြကိုလည်း ကျွေးချင်တယ်ကွာ၊ သူကော ထွက်မလာဘူးလား၊ ငါ့အသံကိုတော့ ကြားမှာပဲ"

"ဒီလောက် မှောင်နေတာ၊ သူတို့အိမ်က ဘယ်လွှတ်ပါ့မလဲကွ၊ ငါတောင် မနည်းပြောပြီး ထွက်လာရတာ၊ အေးမြကို မနက်ကျမှ ငါ ကျွေးလိုက်ပါ့မယ်ကွာ"

"အေး. . . ဒါဆို ငါ သွားဦးမယ်၊ မြန်မြန်ကုန်အောင် လျှောက်ရောင်းလိုက်ဦးမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

သူက တောင်းကို မပြီး ပခုံးပေါ် တင်သည်၊ 'သွားမယ်ကွ' ဆိုပြီး လျှောက်သွား၏။ မာတ်တိုင်တစ်တိုင်လောက်ထိ သူ ဘာမျှ မအော်ချေ။ တော်တော် လှမ်းသွားမှ. . .

"မုန့်ဖက်ထုပ် ပူပူလေး"

ဟု အော်လိုက်လေသည်။ သူက ပူပူလေးဟု အော်သော်လည်း ကျွန်တော့်လက်ထဲမှာ ရှိသော မုန့်ဖက်ထုပ်တွေက အေးစက်နေပြီ။

ကျွန်တော် တစ်ခု တွေးလိုက်မိ၏။ သူနှင့် ကျွန်တော်တို့သည် သိပ်ခင်သော သူငယ်ချင်းတွေ ဖြစ်သော်လည်း ဘဝအခြေအနေချင်း မတူတာ အမှန်ပင်။

ကျွန်တော်တို့က ပိုက်ဆံရှိသည်၊ သူက ဆင်းရဲသည်။ ကျွန်တော်တို့က ရုပ်ရည် ပြေပြစ်တင့်တယ်သည်၊ သူက ရုပ်ဆိုးသည်။ ကျွန်တော်တို့ မိဘတွေက ကျွန်တော်တို့ကို ပညာမတတ်မှာ စိုးရိမ်သည်။ သူ့အမေက သူ ကျောင်းတက်နေတာကို သိပ်သဘောမကျ။ ကျွန်တော်တို့ မိဘတွေက ခြံထိပ်ကလေး ထွက်တာတောင် မှောင်နေလို့ စိတ်မချ။ သူကတော့ ညအမှောင်ကြီးထဲမှာ ရွာရိုးကိုးပေါက် လျှောက်ပြီး မုန့်ဖက်ထုပ် ရောင်းနေရသည်။

ကျွန်တော်သည် သူ့ကို ပို၍ သနားသွားသည်။ ပို၍လည်း ခင်မင်မိ၏။





ခုနစ်တန်း တက်သောနှစ်တွင် ကျွန်တော်တို့ အတွင်းမှာ ထူးခြားမှုတွေ ရှိလာသည်။

ပထမအချက်က လူလှတို့အဖေ ဆုံးသွားခြင်းပင် ဖြစ်၏။ ကျွန်တော်ရော အေးမြပါ စိတ်မကောင်းကြ။ လူလှကတော့ သူ့အဖေ ဆုံးသည့်အတွက် ကျွန်တော်တို့လောက်သာ စိတ်မကောင်းခြင်း ရှိသည်ကို တွေ့ရသည်။ အရမ်းဝမ်းနည်းသည့်ပုံမျိုး မဟုတ်ချေ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ အတတ်နိုင်ဆုံး ကူညီကြသည်။ ခုနစ်တန်းက အတန်းပိုင် ဆရာမသည် ခြောက်တန်းတုန်းက ဆရာမပင် ဖြစ်၍ အဆင်ပြေသည်၊ ကျွန်တော်တို့ အတန်းအနေဖြင့် အကူငွေ ထည့်နိုင်ဖို့ စီစဉ်ပေးသည်။ ဆရာမက တိုက်တွန်းသဖြင့် အတန်းသား အားလုံး ထည့်ကြသော်လည်း များများတော့ မထည့်ကြ။ အများဆုံး ငါးမူးလောက်သာ ထည့်ကြသည်။ ထို့ကြောင့် အားလုံး တစ်ဆယ် ကျော်ကျော်လောက်သာ ရသည်။

ဆရာမက တစ်ဆယ်ထည့်သည်။ ကျွန်တော်ကလည်း သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း တစ်ယောက် အဖေ ဆုံးလို့ဆိုပြီး အမေ့ဆီမှာ ပိုက်ဆံတောင်းသည်။ အမေသည် ဒီလိုနေရာမျိုးမှာ ရက်ရောတတ်သဖြင့် ဘာမျှမမေးဘဲ ဆယ် ငါးကျပ် ပေးလိုက်သည်။ အေးမြကတော့ သူ့အမေ ပေးလိုက်သည့် ငါးကျပ်အပြင် သူ့စုဗူးကို ဖောက်ပြီး ယူလာသော ငွေအကြွေတွေ ခုနစ် ကျပ်ဖိုးလောက် ပါလာသေးသည်။

အသုဘ လိုက်ပို့နိုင်အောင်လည်း ဆရာမက စီစဉ်ပေးသည်။ ဆရာကြီးဆီမှာ ခွင့်တောင်း၍ တစ်တန်းလုံး လိုက်ပို့ကြသည်။ တကယ် တော့လည်း ကျွန်တော်တို့ ကျောင်းသား ကျောင်းသူတွေ လိုက်ပို့သော ကြောင့်သာ စည်စည်ကားကား ဖြစ်သွားခြင်း ဖြစ်၏။ သူတို့အရပ်ထဲက လူနှစ်ဆယ် သုံးဆယ်လောက်သာ လိုက်ပို့ကြသည်။

နောက်တစ်ခု ထူးခြားတာက အသုဘမှာ ဘယ်သူမှ မငိုကြခြင်း ဖြစ်သည်။ လူလှရော သူ့အမေရော တခြားလူတစ်ယောက်၏ အသုဘ ကို လိုက်ပို့ရသည့် အနေအထားမျိုးလောက်သာ ရှိသည်။

ကျွန်တော်နှင့် အေးမြတို့သည် သူတို့အိမ်ကို နေ့တိုင်း သွားချင် သည်။ သွားခွင့်မရ။ ရက်မလည်ခင် ညမှာလည်း သွားပြီး ကူညီချင် သည်။ အမေ့ကို ခွင့်တောင်းတော့. . .

"အို. . . အသုဘအိမ်ကို ညဘက်ကြီး မသွားရပါဘူး"

ဟု တားမြစ်သည်။

ရက်လည်သည့်နေ့မှာတော့ သွားခွင့်ရသည်။ ကျွန်တော်တို့ချည်း တော့ မဟုတ်။ အစ်မကြီးက လိုက်ပို့သည်။ သွားချင်လွန်းလို့သာ လာခဲ့ သည်။ အစ်မကြီး ပါလာတာကိုတော့ ကျွန်တော် သိပ်သဘောမကျ။ လူလှတို့ အခြေအနေကို အစ်မကြီး မျက်မြင်တွေ့သွားပြီး အထင်သေး သွားမှာ စိုးရိမ်မိ၏။

ထင်သည့်အတိုင်းပင်။ လူလှတို့ တဲစုတ်ကလေးကိုလည်းကောင်း အိမ်ရှေ့မှာ အဖြစ်လောက် ထိုးထားသည့် ကနားဖျင်းကို လည်းကောင်း အနီးပတ်ဝန်းကျင်မှ ရောက်နေကြသော ဆင်းဆင်းရဲရဲ စုတ်စုတ်ချာချာ လူများကို လည်းကောင်း တွေ့မြင်ရသောအခါ အစ်မကြီးသည် သိပ်နှ





သက်ဟန် မတူချေ။

လူလှကတော့ ကျွန်တော်တို့ ရောက်လာသဖြင့် အားတက်ပြီး ပျာပျာသလဲ နေရာပေးရှာသည်။ အစ်မကြီးကတော့ ဝတ်ကျေတန်းကျေ လောက်သာ နှုတ်ဆက်သည်။ သိပ်ဟက်ဟက်ပက်ပက် မရှိ။ မုန့်ဟင်းခါး စားကြသောအခါတွင်လည်း အစ်မကြီး ဖြစ်နေပုံမှာ မုန့်ဟင်းခါးကို ဆေး မျိုးသလို ကြိတ်မှိတ် မျိုချနေရပုံ ပေါ်သည်။

အသုဘ ချသည့်နေ့တုန်းကထက် စာလျှင် ဒီနေ့ လူနည်းနည်း ပိုများသည်။ လူလှက သူ့အမေကို သွားခေါ်လာပြီး အစ်မကြီးနှင့် မိတ် ဆက်ပေးသည်။ လူလှတို့အမေသည် အစ်မကြီးထက် အသက် အများကြီး ကြီးသော်လည်း အစ်မကြီးကို ပြောဆိုနေပုံမှာ ရှိရှိသေသေ ဖြစ်နေ၏။ အစ်မကြီးက ဝတ်ကျေတန်းကျေလောက် "ဩော်. . . ဟုတ်ကဲ့" လုပ်နေ သည်။

"တော်ပြီလား၊ ထပ်ထည့်ပါဦး"

ဆိုပြီး လူလှတို့အမေက လိုက်ပွဲပန်းကန်ထဲမှ မုန့်ဖတ်များကို သူ့လက်မည်းမည်းကြီးဖြင့် လှမ်းတိုင်လိုက်သောအခါ အစ်မကြီးသည်. .

"တော်ပါပြီ၊ ဝပါပြီ"

ဟု အလျင်အမြန် ငြင်းလိုက်လေသည်။ လူလှနှင့် သူ့အမေ တခြားဝိုင်းတွေ သွားဧည့်ခံနေသောအခါတွင် ကျွန်တော်တို့နှင့် ကပ်လျက် ဝိုင်းက မိန်းမကြီးနှစ်ယောက် အပြန်အလှန် ပြောနေကြတာ ကြားရ သည်။

"အင်း. . . မပုတို့ သားအမိလည်း ခုမှပဲ ဝင်္ကျွတ်တော့တယ်၊ အောက်တန်းစား ဖြစ်ရတာများ မလွယ်ပါလားနော်"

သူတို့ ပြောနေကြသော စကားများကို အစ်မကြီးလည်း ကြားမှာ သေချာသည်။ လူလှတို့အိမ်မှ အပြန်လမ်းတွင် အစ်မကြီး မျက်နှာတ မကြည်လင်လှ။ အနည်းငယ် သုန်မှုန်နေသည်။ အစ်မကြီးက. . .

"မင်းတို့နှယ်ကွယ်၊ အံ့ပါရဲ့၊ ကျောင်းမှာ ပေါင်းစရာလူ ရှာမှ အောက်တန်းစားရဲ့ သားမှ ပေါင်းရတယ်လို့"

www.burmeseclassic.com



"စားတာ သူ့အဖေက စားတာပဲ၊ လူလှက စားတာမှ မဟုတ်တဲ့ အစ်မကြီးရ"

ဟု ကျွန်တော် ချေပသည်။

"ဟဲ့. . . အဖေက အောက်တန်းစား ဆိုကတည်းက ဘယ်မှာလာ အဆင့်အတန်း ရှိတော့မလဲ၊ ပြီးတော့ ပတ်ဝန်းကျင် အသိုက်အဝန်းကလဲ ကြည့်စမ်း၊ စုတ်စုတ်ပြတ်ပြတ် ဆင်းဆင်းရဲရဲတွေ"

"ကျွန်တော်တို့က ငွေကို ပေါင်းတာ မဟုတ်ဘူး၊ လူကို ပေါင်းတာ"

ကျွန်တော်သည် ဝတ္ထုစာအုပ်တွေ ဖတ်ခါစ ဖြစ်သဖြင့် စာအုပ်တွေထဲက စကားဖြင့် ပြန်ပြောလိုက်သည်၊ ဒါ အစ်မကြီးကို ကျွန်တော် ပထမဆုံးအကြိမ် ဆန့်ကျင်တိုက်ခိုက်ခြင်းပင် ဖြစ်သည်။ အရင်ကဆိုလျှင် ခုလိုသာ ပြန်ပြောကြည့်. . .

"ဟင်. . . နင်က စကားကြီး စကားကျယ်တွေ ပြောလို့၊ ဒီမှာ မင်းက အကြီးလား ငါက အကြီးလား"

စသည်ဖြင့် အစ်မကြီး ဆူပူကြိမ်းမောင်းပေလိမ့်မည်။ ခုတော့ အစ်မကြီးက. . .

"ငွေက အရေးမကြီးပေမယ့် အကျင့်စာရိတ္တက အရေးကြီးတယ် တွယ်"

ဟု ခပ်အေးအေး ပြန်ပြောသည်။

"လူလှက ဆင်းရဲပေမယ့် ရိုးသားပါတယ် အစ်မကြီးရာ"

ဟု ကျွန်တော် ပြောလိုက်သည်။ အေးမြကလည်း. . .

"ဟုတ်တယ် အစ်မကြီး"

ဟု ဝင်၍ ထောက်ခံသည်။

လူလှတို့ အဖေအကြောင်း လူကြီးတွေကို အစ်မကြီးက ပြန်ပြော မလားဟု စိုးရိမ်မိသေးသည်၊ အစ်မကြီးက ဘာမျှ မပြောခဲ့ချေ။ ဘာ ကြောင့် မပြောဘဲ နေမှန်းတော့ ကျွန်တော်လည်း မသိ။

နောက် ထူးခြားမှုတစ်ခုက အေးမြ၏ ညီမအကြီးဖြစ်သူ ခင်





အေးမြ လေးတန်းအောင်ပြီး ငါးတန်းတက်လာခြင်း ဖြစ်သည်။ လေးတန်း အောင်လို့ ငါးတန်းတက်လာတာ ဘာမှမဆန်း။ သို့ရာတွင် ကျွန်တော်တို့ အတွက်တော့ ဆန်းသည်။

ခင်အေးမြသည် အစက အိမ်နားမှ မူလတန်းကျောင်းနားမှာ နေခြင်းဖြစ်သည်။ ငါးတန်း ရောက်လာသဖြင့် ကျွန်တော်တို့ ကျောင်းကို ပြောင်းရသည်။ ထိုအခါ ကျောင်းသွားကျောင်းပြန် ကျွန်တော်တို့နှင့် အတူတူ ဖြစ်သွားလေသည်။

ထို့ကြောင့် ကျွန်တော်နှင့် အေးမြတို့သည် အရင်လို နှစ်ယောက် တည်း လွတ်လွတ်လပ်လပ် မသွားရတော့ချေ။ ကျွန်တော်တို့ နှစ်ယောက် တည်းဆိုလျှင် အိမ်မှ စောစောထွက်၊ ကျောင်းမရောက်ခင် လမ်းမှာ လူလှနှင့် ဆုံပြီး စကားတပြောပြောနှင့် သွားကြသည်။

တစ်ခါတစ်လေ လမ်းမှာ လူလှနှင့် ကျွန်တော် အပြေးပြိုင်ကြ သည်။ တစ်ခါတစ်လေတော့ စကားနိုင်လုကြသည်။ များသောအားဖြင့် ကျွန်တော်က တစ်ဖက်၊ လူလှနှင့် အေးမြတို့က တစ်ဖက် ဖြစ်သည်၊ စကားအရာအားဖြင့်လည်း လူလှသည် ကျွန်တော့်ကို နိုင်အောင် မပြော နိုင်။ ထိုအခါ အေးမြက သူ့ဘက်မှ ဝင်ကူတတ်သည်။

ကျွန်တော်နှင့် လူလှတို့ ဂေါ်လီရိုက်ကြသည့်နေ့ ဆိုလျှင်တော့ အေးမြက စိတ်မရှည်တတ်ချေ။ တစ်ယောက်က ဂေါ်လီကို ပစ်လိုက်၊ နောက်တစ်ယောက်က ထိအောင် ရိုက်လိုက်၊ ထိတယ် မထိဘူး ငြင်း လိုက်၊ မထိလျှင်လည်း ထွာကြည့်လိုက်နှင့် ခရီးဖင့်တတ်သောကြောင့် ဖြစ်သည်။

ခု ခင်အေးမြ ပါလာသည့်အခါကျတော့ အရင်လို အေးအေး ဆေးဆေး မသွားနိုင်ကြတော့၊ သူက အအိပ်ကြီးသည်၊ မနက်မနက် တော်တော်နှင့် နိုးလို့မရ၊ အိပ်ရာက နိုးတော့လည်း မျက်နှာသစ်တာ မနက်စာ စားတာ၊ အဝတ်အစား လဲတာ၊ နှေးနှေးကွေးကွေး လုပ်နေ သဖြင့် ကျောင်းမနောက်ကျအောင် အမြဲသုတ်ချေတင်ရသည်။

ပြီးတော့ သူက လူလှကို ကြောက်သည်ဟု ဆိုရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ သူငယ်ချင်းကလည်း မည်းမည်းသဲသဲနဲ့ ကြောက်စရာကြီး၊ သရဲနဲ့ တူတယ်"

ဟု ပြောသည်။

"လှလှက ကြောက်စရာ မကောင်းပါဘူး၊ သိပ်သဘောကောင်းတယ်၊ နင့်အစ်ကို ဇော်ထူးထက်တောင် သဘောကောင်းသေးတယ်၊ နောက်တော့ နင် သိလာလိမ့်မယ်"

အေးမြက ချော့ချည်တစ်ခါ ခြောက်ချည်တစ်လှည့်ဖြင့် ထိန်းထားရသည်။

လှလှ ခများမှာလည်း ခင်အေးမြ ကျေနပ်အောင် အမျိုးမျိုးကြိုးစားရှာသည်၊ သူများခြံထဲမှ မာလကာသီးတွေ ခိုးခူးလာပေး၊ ပန်းတွေ ယူလာပေး။

ကျွန်တော်ကလည်း သူ့ကို ကလစ်ကလေးတွေ ရင်ထိုးကလေးတွေ ဝယ်ပေးပြီး ချော့နေရသည်။

ခင်အေးမြက သဘောကောင်းသူမို့ တော်သေးသည်။ အငယ်ဆုံး ရင်အေးမြ ဆိုလျှင်တော့ မလွယ်။ အလွန်စွာပြီး အတိုင်အတောထူတတ်လေသည်။ သူက လေးတန်းပဲ ရှိသေးသဖြင့် မူလတန်းကျောင်းမှာ ကျန်ခဲ့တာ ကျွန်တော်တို့အတွက် အလွန် ကံကောင်းသည်။

တတိယ ထူးခြားချက်က ကျွန်တော်တို့အိမ်နှင့် အေးမြတို့ အိမ်အကြား ဖြစ်ပွားသော ကိစ္စတစ်ခု ဖြစ်သည်။ ရန်ဖြစ်ပြီး ပြဿနာတက်ကြခြင်း မဟုတ်၊ အချစ်ကိစ္စ ဖြစ်သည်။ တစ်ရက် ကျောင်းက အပြန်တွင် အေးမြက ပြောပြခြင်း ဖြစ်သည်။

ခင်အေးမြသည် ကျောင်းအသွားတွင် နေ့သလောက် အပြန်မှာ အရမ်းသွက်သည်၊ ထမင်းဆာသောကြောင့် အိမ်ကို သုတ်ခြေတင်တတ်ခြင်း ဖြစ်သည်။ သူက အမြဲလိုလို ရှေ့က ဦးအောင် ကြိုသွားနှင့်လေ့ရှိသည်။

ကျွန်တော်နှင့် အေးမြကတော့ ခပ်မှန်မှန်ပင် လျှောက်ရင်း စကားပြောလာကြ၏။ အေးမြက. . .





"ငါ မနက်ကတည်းက ပြောချင်နေတာ၊ လူမလစ်လို့၊ ခုနတလည်း လှလှရှေ့မှာ မပြောချင်တာရယ်၊ ခင်မြ ကြားသွားမှာ စိုးတာရယ်ကြောင့် ခုမှ ပြောတာ"

"ဘာလဲဟ၊ ဘာအကြောင်းလဲ"

"နင် ကြားရင် အံ့ဩသွားမယ်"

"ဟာ. . . ဟုတ်လား၊ အရမ်းအံ့ဩစရာ ကောင်းမှာပဲနော်"

"နောက်မနေစမ်းပါနဲ့၊ တော်ကြာ အိမ်နားရောက်လို့ မပြောဖြစ်လိုက်ဘဲ နေမယ်၊ ငါ့အစ်ကိုအကြောင်း"

"ဘယ်အစ်ကိုလဲ"

"အစ်ကို ကုလားပေါ့"

"ဘာဖြစ်လို့လဲ"

"နင်တို့ အစ်မကြီးကို စာပေးတယ်"

"ဘာ. . . အစ်မကြီးကို စာပေးတယ် ဟုတ်လား၊ နင် ဘယ်လိုလုပ် သိလဲ"

"နင်လဲ သိတဲ့အတိုင်းပဲ၊ သူက အသားသာ မည်းတာ၊ သိပ်အသန့်အပြန့် ကြိုက်တတ်တယ် မဟုတ်လား"

"ဟင်. . . ငါတို့ အစ်မကြီးက သန့်လို့ပေါ့၊ ဟုတ်လား"

"ဟာ. . . နင်ကလဲ အဲဒါ မဟုတ်ပါဘူး၊ သူက အသန့်ကြိုက်တော့ သူ့အင်္ကျီတွေကို တခြားလူ လျှော်တာ စိတ်တိုင်းမကျဘူး၊ အမေပဲလျှော်ပေးရတယ်၊ မနေ့ကတော့ သူ့အခန်းထဲမှာ ချိတ်ထားတဲ့ အင်္ကျီဟောင်းကို လျှော်ပေးဖို့ အမေက သွားယူခိုင်းလို့ သွားယူရင်း အင်္ကျီအိတ်ထဲက စာတစ်စောင် တွေ့တယ်"

"ဒါဆို စာက မပေးရသေးဘူးပေါ့"

"ပေးပြီးပါပြီ၊ အခု တွေ့တဲ့စာက အကြမ်းရေးထားတာ"

"တော်ပါသေးရဲ့"

"ဟာ. . . နင်ကလဲ ဒီစာကို သူ့အင်္ကျီအိတ်ထဲမှာ မေ့ပြီး ကျန်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ နင်တို့အမေကော တွေ့သွားသေးလား"

"ဘယ်တွေ့မလဲ၊ ငါတလည်း ဘယ်ပြမလဲ"

"နင် အဲဒီစာ တွေ့သွားတယ် ဆိုတာကော ကိုကုလားကြီး သိသွားလား"

"သိတာပေါ့၊ သူ့အင်္ကျီထဲမှာ စာကျန်ခဲ့မှန်း သိလို့ အမြန်ပြန်လာတာ၊ အိမ်ရောက်တော့ သူ့အင်္ကျီ မရှိတော့လို့ အမေ့ကို မေးတော့ အမေက လျှော်လိုက်ပြီလဲ ပြောရော မျက်နှာကို ပျက်သွားတာပဲ၊ အိတ်ထဲမှာ ဘာတွေ့သေးလဲလို့ မရဲတရဲ မေးတာ၊ အမေက ဘာမှ မတွေ့ပါဘူးကွယ်၊ ပိုက်ဆံတွေ ဘာတွေများ ကျန်လို့လား၊ ဒါဆိုရင် မင်းညီမကို မေး၊ အင်္ကျီကို သူ သွားယူတာပဲ ဆိုတော့မှ ငါ့ကို အမေတို့ ကွယ်ရာမှာ ခေါ်ပြီးမေးတာကိုး"

"ဒီတော့. . ."

"ငါကလဲ စာတွေ့လို့ သိမ်းထားတဲ့အကြောင်း ပြောတော့ အဲဒီကိစ္စ ဘယ်သူ့မှ မပြောရဘူးတဲ့၊ နှုတ်လုံရင် ငါကြိုက်တဲ့ အင်္ကျီစနဲ့ ထဘီတစ်ထည် ဝယ်ပေးမယ်တဲ့၊ နှုတ်မလုံဘဲ လျှောက်ပြောရင်တော့ အသေပဲတဲ့၊ နင်လဲ နှုတ်လုံနော်၊ ဘယ်သူ့မှ မပြောနဲ့၊ ငါ့ဆီက သတင်းပေါက်ကြားသွားတာ သိရင် အင်္ကျီစ မရဘဲ လက်သီးရနေမယ်"

"အေးပါ၊ ငါကလည်း ကိုကုလားကြီးကိုတော့ လန့်ပါတယ်၊ စိတ်မထင်ရင် တကယ်ဆွဲထိုးမှာ၊ ဒါနဲ့ နင်က အဲဒီစာရော ဖတ်ကြည့်သေးလား"

"အေး"

"ဘာတွေ ရေးထားလဲ"

"စုံနေတာပါပဲ၊ တစ်ခုတော့ ငါသတိရတယ်ဟ၊ အစ်ကိုက ရေးထားတာ၊ သူဟာ အသားက ကျွဲလို မဲပေမယ့် အသည်းနှလုံးကတော့ ပုလဲလို ဖြူပါတယ်တဲ့၊ ရယ်ရတယ်ဟ"

"အေးဟာ"

ဆိုပြီး ကျွန်တော်လည်း ရယ်မိ၏။ ကျွန်တော် ရယ်နေတုန်း. . .





"ဟာ. . . ဒုက္ခပဲ"

ဟု အေးမြက ရေရွတ်လိုက်သည်။

"ဘာဖြစ်တာလဲဟ"

"နင် မတွေ့မိဘူးလား၊ အခု ပြောပြတဲ့အကြောင်းက ငါ့အစ်ကိုက နင့်အစ်မကို စာပေးတဲ့အကြောင်းလေ"

"ဘာဖြစ်လဲ"

"နင် စိတ်ဆိုးရမှာပေါ့"

"အေးဟာ. . . ဟုတ်သားပဲ၊ အေးလေ. . . ခုကျမှ ပြန်ပြီး စိတ်ဆိုးနေလို့လည်း အပိုပါပဲ"

"နင် စိတ်မဆိုးဘူးပေါ့"

"ငါ ရယ်ပဲ ရယ်ချင်တယ်ဟာ"

တကယ်လည်း ကျွန်တော် ရယ်ချင်သည်။ အေးမြက နင် အံ့သြသွားမယ်ဟု ဆိုခဲ့သော်လည်း ကျွန်တော် မအံ့သြပါ။ စိတ်ထဲမှာလည်း ဘယ်လိုမှ မနေပါ။ တစ်ခုပဲ ရှိသည်။ တစ်သက်လုံး ဒီလိုပဲ နေလာခဲ့ကြပြီး ခုကျမှ ကိုကုလားကြီးက အစ်မကြီးတို့ ကြိုက်နေသည် ဆိုသည့် အတွက် ထူးဆန်းသလိုလို ရယ်ချင်သလိုလို ဖြစ်နေခြင်းသာ ရှိသည်။

ကိုကုလားကြီးက ကြိုက်နေသည့်အတွက် မကျေနပ်စရာ မရှိပါ။ သူသည် သူတို့ မိသားစုထဲတွင် ထူးထူးခြားခြား အသားညိုသူ ဖြစ်သဖြင့် ကုလားကြီးဟု ခေါ်ကြရာမှ ဒီနာမည် တွင်သွားခြင်း ဖြစ်၏။ သူ့နာမည်ရင်းက ကိုထွန်းမောင်။

သူသည် စိတ်ဆတ်သည်ကလွဲ၍ လူရိုးလူကောင်း တစ်ယောက်ဖြစ်သည်။ တစ်ခါတစ်ခါတော့ စကားကြော ရှည်တတ်သည်။ ဒါကလည်း ပြဿနာမရှိ။ အစ်မကြီးသည်လည်း စကားများလေ့ ရှိသူ ဖြစ်၍ လိုက်တောင် လိုက်ဖက်သေးသည်။

လူကြီးချင်းကလည်း အရမ်းခင်မင်နေကြသဖြင့် သဘောတူစရာ မရှိချေ။ တစ်ခုပဲ စိုးရိမ်ရသည်။ အစ်မကြီးက ကိုကုလားကြီးကို ကြိုက်မကြိုက် ဆိုတာပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အေးမြဆီက သတင်းကြားပြီးနောက်ပိုင်း အစ်မကြီးကို မြင်သည့်အခါတိုင်း ကျွန်တော် မျက်နှာပိုး မသတ်နိုင်။ အစ်မကြီးနှင့် မျက်နှာချင်း ဆိုင်မိသည်နှင့် ပြုံးစိစိ ဖြစ်သွားရသည်ချည်းပင်။ အစ်မကြီးကလည်း ကျွန်တော် ဒီလိုဖြစ်နေတာကို ရိပ်မိပြီး မလုံမလဲ ဖြစ်နေဟန်တူသည်။

"နင် ဘာဖြစ်နေတာလဲ၊ စပ်ဖြီးဖြီးနဲ့ အပိုးကို မသေဘူး"

ဟု ပြောသည်။

"ဘာဖြစ်လို့လဲ အစ်မကြီးရ"

"ဘာဖြစ်ရမလဲ၊ နင် မဟုတ်တာ တစ်ခုခု လုပ်ထားတယ် ထင်တယ်"

"ဟာ. . . ဘာလုပ်ရမှာလဲ"

"မညာနဲ့၊ ငါ့ကို မှန်မှန်ပြော၊ တစ်သက်လုံး နင့်အစ်မ လုပ်လာတာပဲဟယ်၊ နင့်မျက်နှာရိပ် မျက်နှာကဲ ကြည့်တာနဲ့ သိတယ်၊ နင် တစ်ခုခု လုပ်ထားလို့ မလုံမလဲ ဖြစ်နေတဲ့မျက်နှာ"

သူက ကျွန်တော့်ကို ပြန်ပြီး မယုံသင်္ကာနှင့် စစ်ဆေး မေးမြန်းနေသဖြင့် ကျွန်တော် ပို၍တောင် ရယ်ချင်သွားရသည်။ ခေါင်းထဲမှာ အကြံတစ်ခုလည်း လက်ကနဲ ပေါ်လာသည်။ အေးမြကို ကိုကုလားကြီးက စာကိစ္စ လူကြီးတွေ ပြန်မတိုင်လျှင် အင်္ကျီလုံချည် ဝယ်ပေးမည်ဟု ပြောခဲ့သည်။ ကျွန်တော်လည်း အစ်မကြီးကို စာအကြောင်း သိနေပြီဟု ပြောလိုက်လျှင် နှုတ်ပိတ်ခ တစ်ခုခု ရစရာ အကြောင်းရှိသည်။ ပြီးတော့လည်း လူလူတို့အဖေအကြောင်း အစ်မကြီး သိထားတာ ရှိသည်။ ကျွန်တော်တို့က သူတို့အကြောင်း နှုတ်လုံလျှင် အစ်မကြီးကလည်း လူလူတို့ အဖေအကြောင်း လူကြီးတွေကို ပြန်မပြောဘဲ နေလိမ့်မည်။ ထို့ကြောင့်. . .

"တကယ်တော့ ကျွန်တော်ကသာ အစ်မကြီးကို မေးရမှာပါလေ၊ တကယ်တမ်း မလုံမလဲ ဖြစ်နေတာက အစ်မကြီးပဲ"

"ဘာ. . . ငါက ဘာကို မလုံမလဲ ဖြစ်နေရမှာလဲ"

"အမယ်. . . မသိချင်ယောင် ဆောင်မနေပါနဲ့ အစ်မကြီးရာ"





"ဟာ. . . ဒီကောင်လေးဟာ ဒုက္ခပါပဲ၊ ရူးများနေသလား"

အစ်မကြီးက ဇဝေဇဝါဟန်ဖြင့် ပြောသည်။ ကျွန်တော်တောင် ညည်းနည်း ကြောင်သွားသည်။ တော်တော် ဟန်ဆောင်ကောင်းတဲ့ အစ်မကြီး။ တည့်တည့်ပြောမှ ဖြစ်မယ်ဟု တွေးပြီး. . .

"ကျွန်တော့်ကို လိမ့်လို့ ဘယ်ရမလဲ အစ်မကြီးရာ၊ အစ်မကြီးတို့အကြောင်း ကျွန်တော် မသိဘူးများ မှတ်နေလား"

"ဘာလဲ၊ ဘာ့အကြောင်းလဲ"

"ကိုကုလားကြီး အကြောင်းလေ"

"ကိုကုလားကြီးက ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ ကိုကုလားကြီးက စာပေးတာလေ"

ဟု ကျွန်တော်က လေသံနှိမ့်၍ ပြောပြီး ခပ်မိန့်မိန့် ပြုံးလိုက်သည်။

"စာ. . . ဟုတ်လား။ ဘာစာလဲ"

အစ်မကြီးက မေးသည်။

"ဘာစာလဲဆိုတာ အစ်မကြီး အသိဆုံး ဖြစ်မှာပါ"

"ဘာဖြစ်လို့ သိရမှာလဲ၊ နင် ငါ့ကို ဘာတွေ လာပြောနေတာလဲ၊ ငါ မသိဘူး"

အစ်မကြီးက ကြောင်တောင်တောင် လုပ်နေဆဲ။ ကျွန်တော်သည်လည်း ဘာဆက်ပြောရမှန်း မသိဘဲ ဖြစ်နေ၏။

ထိုစဉ်မှာပင် ကလင်ကလင် ဆိုသော စက်ဘီး ခေါင်းလောင်းသံနှင့်အတူ 'စာခင်ဗျ' ဟု အော်လိုက်သောအသံ ကြားရသည်။

"ဟော. . . စာလာတယ်"

ဆိုပြီး ခြံဝသို့ ကျွန်တော် ထွက်လာခဲ့သည်။ စာပို့လုလင်က စာအိတ်တစ်အိတ်ကို လှမ်းပေးသည်။ စာအိတ်ပေါ်က လိပ်စာရှင်ထိုး ကြည့်သောအခါ. . .

"ဟိုက်. . . ပြဿနာပဲ"

သို့. . . မမြင့်ဦး၊ ခြံအမှတ် ၃. . .။ လက်ရေးက မသော[illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ လက်ရေး၊ လက်စသတ်တော့ ကိုကုလားကြီးက စာတ
စာတိုက်က ထည့်လိုက်တာကိုး၊ ဒါကြောင့် ဒီစာက အစ်မကြီး လက်ထ
မရောက်သေးတာကိုး၊

ကျွန်တော်သည် စာကို တွေ့လိုက်သည်နှင့် တခြား ဘာကို
သတိမရတော့ဘဲ အစ်မကြီးကို ပြောခဲ့သည့်စကားကို မှန်ကန်ကြောင်
သက်သေပြလိုသည့်ဇောသာ ဝင်သွားပြီး အစ်မကြီးဆီ ပြေးသွား၍...

"ဒီမှာလေ၊ ကျွန်တော် ပြောတဲ့စာ၊ ခုပဲ ရောက်လာပြီ"

ဟု ဝမ်းသာအားရ ပြောမိ၏။ အစ်မကြီးလဲ ယောင်၍ လက
လှမ်းလိုက်ပြီးမှ...

"အို... ဘာစာလဲ၊ မယူပါဘူး"

"မယူလို့ ဘယ်ဖြစ်မလဲ၊ အစ်မကြီး နာမည်နဲ့ လာတဲ့စာပဲဟာ"

"ဟယ်... ရှုတ်ရှုတ်ယှက်ယှက်၊ ပြန်ပေးလိုက်"

"ဟင်... ဘယ်လိုလုပ် ပြန်ပေးမလဲ၊ ပို့စမင်းက ထွက်သွားပြီ"

"မသိဘူး၊ အဲဒီစာ ပေးတဲ့လူဆီ ပြန်ပေးလိုက်"

အစ်မကြီးက ချာခနဲ လှည့်ပြီး အိမ်ခန်းထဲ ဝင်သွားသည်
ကျွန်တော်သည် စာအိတ်ကို ကိုင်ရင်း ယောင်တောင် ကြောင်တော
တောင် ကျန်ခဲ့၏။

"အဲဒါပါပဲဟာ၊ ခုတော့ အဲဒီစာကြီးက ငါ့လက်ထဲမှာ သော
တင်ပြီး ကျန်နေတာပဲ၊ ငါလည်း ဘာလုပ်ရမှန်း မသိတော့ပါဘူး"

အေးမြသည် အားရပါးရ ရယ်နေသဖြင့် ကျွန်တော့်ကို တော
တော်နှင့် စကားပြန်မပြောနိုင်။

"အေးပါ ရယ်ပါ၊ ဒီကိစ္စက နင် စတဲ့ ပြဿနာပဲ၊ နင်လည်
ပါတယ်"

အေးမြသည် အရယ်ရပ်သွားသော်လည်း ပြုံးစိစိ ဖြစ်နေတု
ဖြင့်...

"အေးပါဟာ၊ ငါကလဲ အဲဒီစာကို ပေးပြီးသွားပြီ အောက်မေ့
တာ၊ ဒါနဲ့ နင်က ဘာဖြစ်လို့ အဲဒီအကြောင်း အစ်မကြီးကို သွားမေး





ဘာလဲ"

"အစ်မကြီးကို တွေ့လိုက်တာနဲ့ ငါ အရမ်းရယ်ချင်လာတာပဲဟာ၊
အဲဒါကို အစ်မကြီးက မသင်္ကာလို့ မေးတာနဲ့ ငါလည်း ပြောလိုက်တာ၊
ခုတော့ တလွဲတွေ ဖြစ်ကုန်ပြီ၊ ဒါက အရေးမကြီးဘူး၊ ဒီစာကို ဘယ်လို
လုပ်ကြမလဲ"

"ငါလဲ မပြောတတ်ဘူးဟ"

"ဒီစာကို ကိုကုလားကြီးကို နင် ပြန်ပေးပေးဟာ"

"ဟာ... ဘယ်ဖြစ်မလဲ၊ ငါတို့ လုပ်ထားတာတွေ ပေါ်ကုန်မှာ
ပေါ့"

"အဲဒါတွေ မပြောနဲ့ပေါ့ဟ၊ အစ်မကြီးဆီကို စာတိုက်က စာ
ရောက်ပြီးမှ အစ်မကြီးက လက်မခံဘဲ ပြန်ပေးခိုင်းလိုက်တယ်လို့ ပြော
ပေါ့"

"အစ်မကြီးက စာအိတ်ပေါ်က လက်ရေးမြင်ရုံနဲ့ အစ်ကို ရေးတဲ့
စာပဲလို့ သိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ဘယ်ယုတ္တိရှိမလဲ"

"ဒါဆို စာအိတ်ဖွင့်ပြီးတော့ ပေးဟာ"

"ဒါလဲ ဘာထူးသလဲ၊ အစ်မကြီးက ဒီစာကို ဖတ်ပြီးပြီလို့ အ
ကိုယ် ပေါက်သွားမှာပေါ့"

"အေးဟာ၊ စဉ်းစားရ ကျပ်လိုက်တာ"

သူသည် အတန်ကြာအောင် ခေါင်းကုတ်နေပြီးမှ...

"ငါ အကြံတစ်ခု ရတယ်ဟ"

"ပြောစမ်းပါဦး"

"ဒီလိုဟာ၊ အဲဒီစာကို အစ်မကြီးလက်ထဲ ပြန်ရောက်အောင်
နင် တစ်နည်းနည်းနဲ့ ပေးပေး"

"ဟာ... သေသေချာချာလဲ စဉ်းစားပါဦး အေးမြရယ်၊ အစ်မ
ကြီးဟာ ငါ့အစ်မ အရင်းကြီး ဆိုတာလည်း သတိရဦးမှပေါ့"

"ငါသိပါတယ်၊ ဒါပေမယ့် အခြေအနေအရပေါ့ဟာ၊ ကဲ... ငါ
ပြောမယ်၊ နင်ကကော ငါတို့အစ်ကိုနဲ့ အစ်မကြီးကို သဘောမတူဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ရှတ်သလိုလို ဘာလိုလိုတော့ ဖြစ်မိသား၊ သို့ရာတွင်. . .

"တူတော့ တူပါတယ်ဟာ"

ဟု ပြောလိုတ်သည်၊ အေးမြက. . .

"ဒါဆို ငါပြောသလိုသာ လုပ်၊ ကျန်တာကို ငါကြည့်လုပ်မ
အဆင်ပြေသွားရင် ငါတို့ စားသာတာပေါ့ဟာ"

ဤသို့ဖြင့် ကျွန်တော်သည် ကိုယ့်အစ်မကို စာပေးပေးရသ
အဖြစ်သို့ ရောက်သွားသည်၊

အိမ်ပြန်ရောက်လာပြီးနောက် စာကို အစ်မကြီး၏ မှန်တ
ပေါ် တင်ထားပြီး မသိမသာ စောင့်ကြည့်နေသည်။ အစ်မကြီး
အခန်းထဲ ဝင်သွားသည်။ ခဏအကြာတွင် အခန်းတံခါးကို ပိတ်
ကန့်လန့်ထိုးသံ ကြားရသည်၊ အစ်မကြီး စာဖတ်နေတာ သေချာပြီ

အေးမြက ကိုကုလားကြီးကို ဤသို့ ပြောသည်။ အစ်မကြီး
စာကို ပြန်ပေးခိုင်းကြောင်း၊ ကျွန်တော်က မပေးနိုင်ဟု ငြင်းပြီး အစ်မ
ကို ပြန်ပေးခဲ့ကြောင်း၊ ကျွန်တော်သည် ကိုကုလားကြီးနှင့် အစ်မကြီး
သဘောတူနေကြောင်း။

ထိုအတွက် ကျွန်တော်တို့ ရရှိသော အကျိုးကျေးဇူးမှာ
ကုလားကြီးက ကျွန်တော်တို့နှစ်ယောက်ကို မကြာခဏ ရုပ်ရှင်ပြ
ရှားမီးမှာ ရေခဲမုန့် ကျွေးခြင်း၊ အေးမြကို အဝတ်အစား ဝယ်ပေးခြ
ကျွန်တော့်ကို ဘောလုံးတစ်လုံး ဝယ်ပေးခြင်းတို့ ဖြစ်သည်။ အစ်မကြီး
လည်း ကျွန်တော့်ကို သိပ်မဆူပူတော့ဘဲ လွတ်လပ်ခွင့်တွေ ပိုပေးလာ
သည်။

နောက်ပိုင်းကျတော့ စာတွေကို စာတိုက်က မပို့တော့။ အေး
က တစ်ဆင့် ကျွန်တော့်ဆီ ပေးသည်၊ ကျွန်တော်က အစ်မကြီး မှန်တ
ပေါ် သွားတင်ပေးရသည်၊ အစ်မကြီးက "မင်းကပါ အလိုတူ အလို
ဖြစ်နေပြီလား၊ နောက်ကို မယူလာနဲ့" ဟု ပြောသော်လည်း စာတွေ
ပြန်မပေးခိုင်းတော့ချေ။

စာ လေးငါးစောင်ထိ အစ်မကြီးက ဘာမျှ အကြောင်းမပြ





ခြောက်လလောက် ကြာတော့မှ 'အချိန်ယူပြီး အလေးအနက် စဉ်းစားပါရ
စေ' ဟု စာတိုကလေးတစ်စောင် ပြန်လိုက်သည်၊

နောက်တစ်နေ့တွင် ကိုကုလားကြီးက ကျွန်တော့်ကို ဒန်းလော့
အမျိုးအစား ကြက်တောင်ရိုက်သည့် ရက်ကက်တစ်ချောင်း ဝယ်ပေးလေ
တော့သည်၊

...ဖြစ်ပုံ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရှစ်တန်းတက်ပြီး နှစ်ဝက်လောက်အကြာမှာ အစ်မကြီးက ကိုကုလားကြီးကို အဖြေပေးလိုက်သည်။ အေးမြ ပြန်ပြော ချက်အရဆိုလျှင် အစ်မကြီးက. . .

"ကျွန်မ လောလောဆယ်တော့ အိမ်ထောင်ရေးကို စိတ်မကူး ချင်သေးပါဘူး၊ စိတ်ကူးတဲ့အခါကျရင်တော့ ကိုထွန်းမောင်ကို ပထမဆုံး ဦးစားပေးပြီး စဉ်းစားပါ့မယ်"

ဟု စာထဲမှာ ရေးထားသည် ဆို၏။

ဒါကိုပင် ကိုကုလားကြီး အရမ်းပျော်နေသည်။ ကျွန်တော့်စိတ် ထဲမှာတော့ ကြိုက်တယ်လို့လည်း မပြောရသေးဘဲနဲ့ သည်လောက်တောင် ဖြစ်သွားရသလား ထင်မိသေးသည်။

နောက်ပိုင်းတွင် သူတို့နှစ်ယောက် ဘာများ ထူးထူးခြားခြား ပြောင်းလဲလာမလဲဟု ကျွန်တော် အကဲခတ်ကြည့်သေးသည်။ သိပ်ထူးခြား တာ မတွေ့ရချေ။

လမ်းမှာ ဆုံလျှင် နေကောင်းလား ဘာလား နှုတ်ဆက်တာ





ကိုကုလားကြီးက ကျွန်တော်တို့နှင့်အတူ မကြာခဏ ကြက်တောင်ရိုက် တာ၊ အစ်မကြီး ဈေးသွားသည့်အချိန်တွင် ကိုကုလားကြီး လက်ဖက်ရည် ဆိုင်က ထိုင်ကြည့်နေတတ်တာလောက်သာ ရှိ၏။ တစ်ခုတော့ ထူးခြား သည်ဟု ပြောလို့ရသည်။ အစ်မကြီးသည် ကိုကုလားကြီးနှင့် လမ်းမှာ ဆုံလို့ စကားပြော နှုတ်ဆက်လျှင် ခေါင်းငုံ့ထားတတ်တာပဲ ဖြစ်၏။

အစ်မကြီးသည် ကျွန်တော့်ကို ဆူပူကြိမ်းမောင်းခြင်း မပြုတော့ ချေ။ အရင်ကကဲ့သို့ ကလေးတစ်ယောက်လိုလည်း သဘောမထားတော့ ချေ။ ခြံထဲက ခြံပြင်ထွက်သည်နှင့် "စိတ်မချဘူး၊ မင်း ပြန်မလာမချင်း ဘာများ ဖြစ်မလဲလို့ တထိတ်ထိတ်" ဟု မဆိုတော့ချေ။

ယခုအခါ ကျွန်တော်သည် အနီးအနားတစ်ဝိုက်ကိုတော့ လွတ် လွတ်လပ်လပ် သွားခွင့်ရနေပါပြီ။ ဒုတိယ အစမ်းစာမေးပွဲ နောက်ဆုံးနေ့ က သူငယ်ချင်းတွေနှင့်အတူ မရိုးဆန်းရုံမှာ ရုပ်ရှင် သွားကြည့်ခွင့်တောင် ရနေပါပြီ။ အဖေကလည်း တစ်ခါတစ်ရံ အတိုအထွာ ပစ္စည်းကလေးတွေ လိုလျှင် ဈေးကို ကျွန်တော် တစ်ယောက်တည်း စက်ဘီးဖြင့် သွားဝယ်ခိုင်း တတ်ပါသည်။ အမေကတော့ စက်ဘီးနင်းလျှင် "ဖြည်းဖြည်းနင်းနော်၊ ကားတွေလည်း သတိထား" ဟု ပြောတတ်ပါသေးသည်။

ကျောင်းပိတ်ရက်တွေကျလျှင် လူလုတို့အိမ် သွားလည်သည်။ လူလုတို့ အမေသည် ကျွန်တော့်ကို တော်တော် သဘောကျသည်။ ကျွန် တော် ရောက်သွားပြီဆိုလျှင် ပျာပျာသလဲ ကြိုဆိုပြီး သူအိပ်သည့် ဖျာကို ခင်းပေးတတ်၏။

တစ်ခါတစ်လေမှာ သူတို့အိမ်မှာ ထမင်းစားသည်။ လူလုတို့ အမေသည် ဟင်းချက်ကောင်းလှသည်တော့ မဟုတ်။ သို့ရာတွင် သူချက် သည့် ဆီနည်းနည်း အရည်များများ ငရုတ်သီးစပ်စပ် ဟင်းများသည် စားလို့ ခံတွင်းမြိန်လှသည်။

အေးမြကတော့ မိန်းကလေးမို့ သိပ်လွတ်လပ်ခွင့် မရသေး ပါ၊ ကျောင်းချိန်မှလွဲ၍ အိမ်မှာသာ နေရသည်။ ကျွန်တော်တို့ညနေ အားလျှင် စက်ဘီးတစ်စီးဖြင့် အပြင်ထွက်လည်တတ်လာပြီ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူတို့အိမ်ဘက် သိပ်မရောက်တော့။ သူကလည်း ကျွန်တော် မရှိသဖြင့် အိမ်ကို သိပ်မလာဖြစ်ချေ။

ကျွန်တော်တို့သည် ကျောင်းကိုတော့ အတူတူ သွားဖြစ်ကြတုန်းပင်။ တစ်ခု ကောင်းသွားတာက ရှစ်တန်းရောက်သဖြင့် ညနေပိုင်း တက်ရခြင်းပင် ဖြစ်သည်။ ခင်အေးမြသည် မနက်ပိုင်း တက်ရသဖြင့် ကျွန်တော်တို့နှင့်အတူ မသွားနိုင်တော့။ သူ့အတွက်လည်း အဖော်တော့ မမဲ့ပါ။ အငယ်ဆုံး ရင်အေးမြ ငါးတန်း ရောက်သဖြင့် ကျွန်တော်တို့ ကျောင်းကို ပြောင်းလာရခြင်းပင် ဖြစ်သည်။ သူတို့နှစ်ယောက်က မနက်ပိုင်း တစ်တွဲ သွားကြပြီး ကျွန်တော်နှင့် အေးမြက ညနေပိုင်းတစ်တွဲ ဖြစ်သွားသည်။

အေးမြနှင့် ကျွန်တော်သည် အရင်ကလို ကျောင်းသွားရင်း စကားနိုင် မလုကြတော့ချေ။ များသောအားဖြင့် ကျွန်တော်တို့ ဖတ်သော ဝတ္ထုများအကြောင်း ပြောကြသည်။ သူက သိန်းသန်းထွန်း၏ ဝတ္ထုတွေ ကြိုက်သည်။ ကျွန်တော်က မောင်သိန်းဆိုင်ကို သဘောကျသည်။

လူလှကတော့ ဘာမျှမကြိုက်။ သူက စာဖတ်ဝါသနာပါသူ မဟုတ်ချေ။ စာဖတ်ဖို့လည်း အချိန်မရ။ သူ့အမေဆိုင်မှာ ကူရောင်းနေရသည်။ ကျွန်တော်တို့က သူ့ကို ဝတ္ထုဇာတ်လမ်းတွေ ပြောပြရသည်။

လူလှနှင့် ကျွန်တော်သည် လမ်းသွားရင်း ဂေါ်လီရိုက်တာမျိုး မလုပ်ကြတော့ပါ။ ကျွန်တော်တို့သည် ဂေါ်လီရိုက်ရမည့်အရွယ် မဟုတ်ကြတော့ချေ။

ရှစ်တန်းစာမေးပွဲကို ကျွန်တော်က အင်္ဂလိပ်စာ ဂုဏ်ထူးဖြင့် အောင်သည်။ အေးမြက အင်္ဂလိပ်စာနှင့် သင်္ချာ။ နှစ်ယောက်စလုံး သိပ္ပံဖြင့် အောင်သည်။ လူလှကတော့ ဝိဇ္ဇာဖြင့် အောင်သည်။ ထို့ကြောင့် ကိုးတန်းရောက်သောအခါ ကျွန်တော်တို့ နှစ်ယောက်နှင့် လူလှတို့ အတန်းချင်း ကွဲသွားသည်။ ကျောင်းသွားကျောင်းပြန်တော့ အရင်လို အတူတူပင် ဖြစ်သည်။

တစ်နေ့တွင် ကျောင်းသွားရင်း ကျွန်တော်က မောင်သိန်းဆိုင်၏





'ကျွန်တော်နှင့် လယ်လယ်' ဝတ္ထုအကြောင်း ပြောပြသည်။

"နောက်ဆုံးတော့ သူဟာ ထုံးစံအတိုင်း မေသင်းအောင်နဲ့ပဲ အဆင်မပြေ ဖြစ်ပြီး ရထားပေါ်မှာ အရက်ပုလင်းတစ်လုံးနဲ့အတူ ပြန်လာခဲ့တော့တာပေါ့"

"နောက်တော့ကော"

အေးမြ စိတ်ဝင်စားစွာ မေးသည်။

"ဒါပဲလေ"

"ဟင်. . . ဘယ်လိုလဲဟ၊ ဇာတ်လမ်းက ဆုံးမှမဆုံးသေးပဲ၊ ဝတ္ထုနာမည်က ကျွန်တော်နှင့် လယ်လယ်ဆိုပြီး လယ်လယ့်အခန်းက သိပ်တောင် မပါသေးဘူး"

"အေးလေ၊ အခုပြောပြတာ ပထမပိုင်း။ ဒုတိယပိုင်းအဆက် ရှိသေးတယ်၊ ချစ်သော လယ်လယ်တဲ့"

"အဲဒါ ဆက်ပြောကွာ"

ဟု လူလှ ဆိုသည်။

"အဲဒီစာအုပ်က မထွက်သေးဘူးကွ၊ နောက်လမှ ထွက်မှာတဲ့"

"ဟာ. . . နားထောင်ရတာ ဆန့်တငန့်ငန့်နဲ့"

"အေး. . . ငါလည်း ဖတ်ရတာ ဆန့်တငန့်ငန့်ပဲ၊ စာအုပ် ထွက်ထွက်ချင်း ဝယ်ပေးပါလို့တော့ အစ်ကို့ကို မှာထားတာပဲ"

"ရရင် မြန်မြန်ဖတ်ပြီး ပြန်ပြောပြနော်"

"အေးပါ"

အေးမြသည် စကားပြောနေရာမှ တစ်နေရာသို့ လှမ်းကြည့်ပြီး

"ဟယ်. . . ဟိုမှာကြည့်စမ်း၊ ဘာပန်းတွေလဲ မသိဘူး"

သူ ညွှန်ပြသည့်ပန်းများမှာ အခိုင်လိုက် ပွင့်နေသည့် ခရမ်းပြာရောင် ပန်းများ ဖြစ်သည်။

"အဲဒါ ပျဉ်းမပန်းပေါ့"

ဟု လူလှက ပြောသည်။

"လှလိုက်တာနော်၊ ငါ အရင်က သတိထား မကြည့်ခဲ့မိဘူး"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည်လည်း ဒီအပင်နားက ကျောင်းသွားကျောင်းပြန် ဖြတ်သွားခြဲ ဖြစ်သော်လည်း သတိမထားမိခဲ့။ ဒီနှစ်ကျမှ ပွင့်တာလည်း ဖြစ်နိုင်သည်။

"နင် လိုချင်လို့လား၊ ငါတက်ခူးပေးမယ်"

လူလုက ပြောသည်။ အေးမြက. . .

"ကျောင်းနောက်ကျနေဦးမယ်"

"ရပါတယ်ဟ၊ စောပါသေးတယ်"

လူလုသည် သူ့လွယ်အိတ်ကို ကျွန်တော့်အား ပေးခဲ့ပြီး ပျဉ်းမပင်ပေါ်သို့ လျင်မြန်စွာ တက်သွားသည်။ အကိုင်းဖျားနားက အခိုင်လှလှများကို ကျွမ်းကျင်စွာ ခူးယူနေ၏။ အေးမြသည် သစ်ပင်ပေါ် မော့ကြည့်ရင်း ကျေနပ်သဘောကျနေပုံ ရသည်။

ကျွန်တော်သည်လည်း လူလုကို ပထမဆုံးအကြိမ် မနာလိုခြင်း ဖြစ်မိသလိုလို ရှိ၏။ ကျွန်တော်လည်း သစ်ပင်ပေါ် တက်ပြီး အေးမြအတွက် ပန်းတွေ ခူးပေးချင်သည်။ ပျဉ်းမပင်သည် သိပ်မြင့်လှသည်တော့ မဟုတ်။ သို့ရာတွင် ကျွန်တော်က သစ်ပင် ကောင်းကောင်း တက်တတ်သူ မဟုတ်ချေ။ သစ်ပင်ဆိုလို့ မာလကာပင်လောက်သာ အမြင့်ဆုံး ထားပြီး တက်ဖူးသူ။





ထိုပျဉ်းမပွင့်တွေ တက်ခူးနေသောကြောင့်ပင် မနက်ပိုင်း ကျောင်းဆင်းပြီး ပြန်လာသော ခင်အေးမြနှင့် ရင်အေးမြတို့နှင့် ဆုံခြင်း ဖြစ်သည်။

လူလု သစ်ပင်ပေါ်မှ ဆင်းလာချိန်တွင် သူတို့နှစ်ယောက် အနား ရောက်လာသည်။

"မမတို့ ကျောင်းနောက်ကျတော့မှာပဲ၊ မြန်မြန်သွား"

ဟု ခင်အေးမြက ပြောသည်။ လူလုက အေးမြကို ပန်းတွေ တချို့တဝက် ပေးပြီး. . .

"ခင်အေးမြကော ယူဦးမလား"

ဟု ဆို၍ ခင်အေးမြကို နှစ်ခိုင်သုံးခိုင် လှမ်းပေးသည်။ ခင်အေးမြက ယူလိုက်၏။ လူလုသည် ရင်အေးမြကိုပါ ပေးရာ ရင်အေးမြက. . .

"မယူချင်ပါဘူး"

ဟု ဆူအောင့်အောင့် ပြောပြီး ခြေဆောင့်၍ ထွက်သွားသည်။ အိမ်ပြန်ရောက်သောအခါ. . .



www.burmeseclassic.com

www.burmeseclassic.com



"မမတို့က ကျောင်းသွားတာ ကောင်းကောင်း မသွားဘူး၊ လမ်းမှာ ပန်းတွေ ခူးကြတယ်၊ အရှုပ်ဆိုးဆိုးကောင်ကြီး တစ်ယောက်က သစ်ပင်ပေါ် တက်ပြီး မမကို ပန်းတွေ ခူးပေးတယ်"

ဟု ရင်အေးမြက သူ့အမေတို့ ပြန်တိုင်သည်ဟု သိရသည်။ အေးမြတို့အမေသည် ဘယ်နည်းဘယ်ပုံ စုံစမ်းသိရှိသွားလေသလဲ မပြောတတ်၊ နှစ်ရက်သုံးရက် အကြာတွင် ကျွန်တော်တို့အိမ်ကို ရောက်လာပြီး

"မောင်ဇော်ထူးတို့ မိတင်မြတို့ လုပ်ပုံ ကောင်းကြသေးရဲ့လား၊ ကျောင်းမှာ ပေါင်းသင်းစရာလူ ရှားလို့ အောက်တန်းစားနဲ့မှ ပေါင်းသတဲ့"

ဟု အမေ့ကို လာပြောလေတော့သည်။ သူတို့အိမ်မှာ အေးမြတို့ ညီအစ်မတစ်တွေကို တင်မြ၊ ခင်မြ၊ ရင်မြဟု ခေါ်သောကြောင့် အေးမြကို မိတင်မြဟု သုံးနှုန်းလိုက်ခြင်း ဖြစ်၏။

သူ ပြန်သွားပြီးနောက် အမေက ကျွန်တော့်ကို စစ်မေးသည်။

"စောစောက အေးမြတို့အမေ ပြောသွားတာ အမှန်ပဲလား"

ကျွန်တော် ညာဖို့ ခက်နေသည်။ ထိုအချိန်က ဘေးနားမှာ အစ်မကြီးလည်း ရှိနေ၏။ အစ်မကြီးသည် လူလှတို့အဖေအကြောင်း သိပြီးသား ဖြစ်သည်။ ကျွန်တော်က မဟုတ်ဘူးဟု ငြင်းလျှင် အစ်မကြီးက တစ်စုံတစ်ခု ဝင်ပြောချင် ပြောလိမ့်မည်။ ထို့ကြောင့်. . .

"သူတို့အဖေ သေသွားပါပြီ"

ဟူ၍သာ စကားလွှဲပြီး ပြောလိုက်သည်။ အမေက. . .

"ဘာပဲဖြစ်ဖြစ်လေ၊ မျိုးရိုးဆိုတာက အရေးကြီးတယ်၊ ဒီတော့ သား. . . မင်း အဲဒီကောင်လေးနဲ့ မပေါင်းသင်းဘဲ နေရင် ကောင်းမယ်"

ကျွန်တော်သည် အစ်မကြီးကို တစ်ချက် လှမ်းကြည့်သည်။ အစ်မကြီးက ခပ်မဆိတ် နေမြဲနေသည်။ ဘာမျှ ဝင်မပြောချေ။

ကျွန်တော်သည်လည်း အမေ့ကို ဘာမျှ ပြန်မပြောဘဲ နေလိုက်သည်။ ဤသို့ နေလိုက်ခြင်းမှာ အမေ့စကားကို နားထောင်ပါမည်ဟု ဆိုလိုရာ ရောက်သလို အမေ ဘာပဲပြောပြော ကျွန်တော် ပေါင်းချင် ပေါင်းမှာပဲ ဆိုသည့် အဓိပ္ပါယ်လည်း ဖြစ်နိုင်ကြောင်း အမေ ရိပ်မိသည်။





ထို့ကြောင့် အဖေ့ကိုပါ စစ်ကူခေါ်သည်။ အဖေ့ကို ပြောပြလိုက်သည်။ 'ရှင့်သားကို ကြည့်ပြောဦး' ဟု ဆိုသည်။ ကျွန်တော်ကတော့ ခုလို အဖေ့ကို တိုင်လိုက်ခြင်းကိုပင် သဘောကျသည်။ ကိစ္စတစ်ခုကို လူကြီးတွေ မသိအောင် လျှို့လျှို့ဝှက်ဝှက် နေရသည်ထက် အားလုံး သိသော ကိစ္စကို ခပ်ပြောင်ပြောင် လုပ်ရတာက ပိုကောင်းသည်ဟု ထင်သည်။ တလော ကျွန်တော် ဘယ်လို ဖြစ်နေသည်မသိ။ လူကြီးတွေ၏ အလိုဆန္ဒကို ဆန့်ကျင်ပြီး လုပ်ရမှာကို အရင်ကလောက် မကြောက်တော့ဘဲ ဖြစ်နေသည်။

အံ့ဩဖို့ကောင်းတာကတော့ ကျွန်တော့်စိတ်ထဲမှာ ဘယ်လို ဖြစ်နေသည် ဆိုတာ အဖေက သိနှင့်နေခြင်းပင် ဖြစ်သည်။

"အဖေတို့က မပေါင်းနဲ့ဆိုလည်း မင်း ပေါင်းချင်တယ်ဆိုရင် ပေါင်းမှာပဲ မဟုတ်လား၊ ဟုတ်တော့လည်း ဟုတ်တာပေါ့ကွာ၊ အချိန်အတော်ကြာအောင် ပေါင်းလာတဲ့ သူငယ်ချင်းတစ်ယောက်ကို ခုမှ မင်းနဲ့ ပေါင်းတော့ဘူးလို့ ဘယ်ပြောထွက်ပါ့မလဲ၊ အေး. . . ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ သားပြောတဲ့ စကားအရ အဲဒီသူငယ်ဟာ ရိုးသားတယ်လို့ ထူဆရတယ်၊ ဒါပေမယ့် သူ့ရဲ့ အသိုက်အဝန်း ပတ်ဝန်းကျင်မှာ မလိုလားအပ်တဲ့ အကျင့်စရိုက်တွေ ရှိချင်ရှိနေမယ်၊ အဲဒီစရိုက်တွေက ဒီသူငယ်ကို ရိုက်ခတ်ပြီး သားဆီကို တစ်ဆင့် ကူးစက်လာနိုင်တယ်၊ ခုထိအဖေ မြင်သလောက်တော့ သားမှာ ဒီလိုအကျင့်ဆိုးတွေ မရှိသေးပါဘူး၊ ဘာပဲဖြစ်ဖြစ် သတိတော့ ထားရလိမ့်မယ်၊ သူ့ဆီက စရိုက်တွေ သားဆီ ကူးဘဲ သားဆီက ကောင်းတဲ့အကျင့်တွေ ဒီသူငယ်ဆီ ရောက်သွားအောင် ကြိုးစားရမယ်၊ ဘယ်လို ဖြစ်လာမယ် ဆိုတာကို အဖေ အမြဲစောင့်ကြည့်နေမယ်ဆိုတာကိုတော့ မင်း မှတ်ထားလိုက်"

အဖေ့စကားကို အမေက သိပ်သဘောမကျဘဲ. . .

"အောက်တန်းစားတစ်ယောက်ရဲ့ သားက ဘယ်လိုလုပ် သူကောင်း သားကောင်း ဖြစ်လာနိုင်မလဲ၊ ဗိဇကတော့. . ."

အဖေက လက်ကာပြပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အောက်တန်းစားရဲ့ သားမို့လို့ လူကောင်း မဖြစ်နိုင်ဘူး ဆိုတာ
တော့ ငါ လက်မခံဘူး၊ ငါဆိုရင် ဘယ်လိုလုပ်မလဲ၊ ငါတို့အဖေဟာ အ
ရုတ်တို မိုးလင်းအောင် သောက်တဲ့လူကြီး၊ နောက်ဆုံး အရက်ကြောင့်
ဖျတ်စီးခဲ့ရတယ်၊ ငါကျတော့ အရက်ကို လျှာပေါ်တောင် မတင်တဲ့လူ
ဖြစ်နေတာ ကျတော့ကော မင်း ဘယ်လိုပြောမလဲ၊ နောက်တစ်ခု ငါပြော
ဦးမယ်၊ မင်း သားအကြီးကောင် ကျော်ဦး၊ ဘယ်သူနဲ့ ပေါင်းနေသလဲ
ဝန်ထောက်ကြီးရဲ့သား ဖိုးရှုပ်နဲ့ ပေါင်းနေတယ် မဟုတ်လား၊ ဝန်ထောက်
သားနဲ့ ပေါင်းပြီးတော့ ဒီကောင် ဘာတွေ ကောင်းလာသလဲ၊ ကိုးတန်း
လေးငါးနှစ် မအောင်ဘူး၊ ကျောင်းလည်း မှန်မှန် မတက်တော့ဘူး၊ အ
ကြောင့် ငါ့အလုပ်ထဲ ခေါ်ခိုင်းထားရတယ် မဟုတ်လား၊ ဒါတော
ခြေငြိမ်လို့လား"

"ဒါကတော့"

"နေဦး. . . ငါ့စကား မဆုံးသေးဘူး၊ ဝန်ထောက်ကြီးတို့ ဘက်က
ကြည့်ရင်လည်း သူတို့သား ဖိုးရှုပ်ဟာ ငါတို့သား ကျော်ဦးနဲ့ ပေါင်းပြီး
ပေါ့ပေါ့နေ ပေါ့ပေါ့စား ဖြစ်နေတာလို့ မြင်လို့ရတာပဲ၊ အေး. . . ငါပြော
ချင်တာကတော့ ငါ့သား ဇော်ထူးကို ငါယုံတယ်၊ ဒီကောင်က မဟုတ်တာ
လုပ်မယ့်ကောင် မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား ဇော်ထူး"

ကျွန်တော်က အလျင်အမြန် ခေါင်းညိတ်ပြသည်။

နောက်တစ်နေ့ ကျောင်းသွားကြသောအခါ ထိုအကြောင်းကို
အေးမြကို ပြောပြသည်။ ကိုကျော်ဦးနှင့် အေးမြတို့အစ်ကို ဖိုးရှုပ်တို့
အကြောင်းကိုတော့ မပြောဘဲ ထားလိုက်သည်။ အေးမြက. . .

"နင်တို့အိမ်က တော်သေးတာပေါ့ဟာ၊ ငါတို့အိမ်ကတော့
မလွယ်ဘူး၊ အစ်ကို ကုလားကြီးက နောက်ကို လူလှနဲ့ အဆက်အဆံ
တယ်လို့ ကြားရင် နားရင်းပိတ်အုပ်ပြီသာ မှတ်တဲ့၊ အမေကလည်း
ကျောင်းပြောင်းပစ်မယ်လို့ ပြောတယ်၊ အဲဒါ နင့်ကို ငါ တောင်းပန်ရဦး
မယ်"

"ဟာ. . . ငါနဲ့ ဘာဆိုင်လို့လဲ၊ ငါ့ကို တောင်းပန်ရမှာလဲ"





"ဒီလိုလေဟာ၊ လူလှအကြောင်း မေးတော့ ငါက လူလှဟာ
ဇော်ထူး သူငယ်ချင်းပါလို့၊ ကျွန်မနဲ့ သိပ်မခင်ပါဘူးလို့ ပြောလိုက်ရတယ်၊
ဒါမှ ဆက်ပြီး ပြဿနာ မတက်အောင်လို့"

"အေးလေ. . . ဒီလိုပဲ ပြောရတော့မှာပေါ့"

"ဒါက အရေးမကြီးဘူး၊ ငါက လူလှနဲ့ သိပ်မခင်ပါဘူးလို့ ပြော
ထားတော့ တကယ်ပဲ မခင်သလို နေပြရတော့မှာပေါ့၊ လူလှက ငါ့ကို
ဘယ်လိုထင်မလဲ မသိဘူး"

"ဒါတော့ ကြည့်ပြောရမှာပေါ့ဟာ"

စကားပြောရင်း လျှောက်လာခဲ့ကြရာ လူလှ စောင့်နေကျနေရာ
သို့ ရောက်လာသည်။ လူလှကတော့ ဘာမျှ မသိသဖြင့်. .

"မင်းတို့ နောက်ကျလိုက်တာကွာ"

ဟု ပြောပြီး တစ်ဆက်တည်း. . .

"ဟော့. . . အေးမြ၊ နင်ကြိုက်တတ်မှန်း သိလို့ ငါ ရှောက်သီးဝိုင်း
တွေ ဝယ်လာတယ်"

ဆိုပြီး စက္ကူထုပ်တစ်ထုပ်ကို အေးမြအား လှမ်းပေးသည်၊ အေး
မြကတော့. . .

"ဟင့်အင်း"

ဟု ငြင်းဆန်လိုက်ပြီး ရှေ့က ခပ်သုတ်သုတ် လျှောက်သွားသည်၊
လူလှက အံ့သြသွားပြီး. . .

"ဟေ့ကောင်. . . အေးမြ ဘာဖြစ်သွားတာလဲ"

"မသိပါဘူးကွာ၊ အိမ်နဲ့ စိတ်ဒေါက်လာတယ် ထင်ပါရဲ့"

ဟုသာ ပြောလိုက်သည်။

မုန့်စားဆင်းချိန်မှာလည်း အေးမြက လူလှကို ရှောင်သည်၊
ထုံးစံအတိုင်း ကျွန်တော်တို့ အတန်းကို လာခေါ်သည်။ ကျွန်တော် တစ်
ယောက်တည်း ထွက်လိုက်သွားသည်။

"အေးမြကောကွ"

ဟု လူလှက မေးသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ မဆာဘူးလို့ ပြောတယ်"

ညနေ ကျောင်းဆင်းသောအခါမှာလည်း အေးမြက ရှေ့မှ ရင် သွားနှင့်သည်။ လူလှနှင့် ကျွန်တော်တို့က နောက်မှ အတူ လျှောက်လာကြသည်။ လူလှက...

"အေးမြက အိမ်ကို စိတ်ကောက်လာတယ်ဆိုတာက ဘာဖြစ် လဲကွ"

"ဘယ်သိမလဲကွ၊ သူ့အိမ်မှာ ဖြစ်တာကို ငါက ဘယ်လိုလု သိမလဲ"

"မဟုတ်သေးပါဘူးကွာ၊ သူ့အိမ်ကို စိတ်ကောက်တာနဲ့ ငါ့ မခေါ်မပြောဘဲ နေတာနဲ့ ဘာဆိုင်လို့လဲ"

"ဪကွာ ဒီလိုပဲပေါ့၊ သူ့အိမ်ကို စိတ်ကောက်တော့ အ အရှိန်နဲ့ တခြားလူတွေကိုလဲ မခေါ်ချင် မပြောချင် ဖြစ်နေတာပေါ့ကွ"

"မင်းကိုကျတော့ ဘာလို့ စကားပြောသလဲ"

"ငါ့ကိုလည်း ဒီလိုပါပဲ"

"မဟုတ်ပါဘူးကွာ၊ မင်းတို့ ကျောင်းကို လာရင်းနဲ့ စကားပြေ လာကြတာ ငါလှမ်းမြင်သားပဲ"

ကျွန်တော် ဘာပြန်ပြောရမှန်း မသိချေ။ တကယ့်အဖြစ်မှန် ပြောလိုက်ရ ကောင်းမလား စဉ်းစားသေးသည်။ ဒါလည်း မဖြစ်သေ လူကြီးတွေက သူနှင့် မပေါင်းရဘူးဟု ပြောထားသည့်ကိစ္စကို သူ့ ဘယ်လိုလုပ် ပြောလို့ ဖြစ်ပါ့မလဲ။

"သူ့ပုံစံ ကြည့်ရတာ အိမ်နဲ့ စိတ်ကောက်လာတာ မဖြစ်နိုင် ဘူးကွာ"

လူလှက ပြောရာ ကျွန်တော်က...

"ဒါဆိုလည်း မင်းအပေါ်မှာ တစ်ခုခု မကျေနပ်တာ ရှိလို့ မှာပေါ့"

ဟု ပြောမိပြောရာ ပြောလိုက်၏။

"ဒါလည်း မဖြစ်နိုင်ပါဘူး၊ သူက ငါ့ကို ရှောင်နေပေမယ့်





မျက်နှာထားက ငါ့ကို စိတ်ဆိုးနေတဲ့ပုံမျိုး မဟုတ်ဘူးကွ၊ ဘာတွေ ဖြစ်နေတာလဲဆိုတာ ငါ့ကို ပြောပြစမ်းပါကွာ"

"ငါလည်း မသိဘူး"

ကျွန်တော်တို့ လမ်းလျှောက်လာကြရင်း လူလှတို့ အိမ်ဘက်သို့ သွားသည့် လမ်းခွဲနား ရောက်လာသည်။ သူက ရပ်လိုက်၏။ ရှေ့နား ခပ်လှမ်းလှမ်းက လျှောက်သွားနေသော အေးမြကို လှမ်းကြည့်သည်။ အေးမြသည် လျှောက်သွားနေရာမှ နောက်ကို ဖြတ်ခနဲ လှည့်ကြည့်သည်။ သူသည် ပြုံးယောင်ယောင် လုပ်ပြီး ဆက်သွားသည်ဟု ကျွန်တော် ထင်လိုက်သည်။

"မင်း မသိပေမယ့် ငါသိပါတယ်ကွာ"

ဟု လူလှက ပြောလိုက်သည်။ ကျွန်တော် ဘာမျှပြန်မပြောဖြစ်ခင် သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး လှည့်ထွက်သွား၏။

❖ ❖ ❖

နောက်တစ်နေ့ ကျွန်တော်တို့ ကျောင်းသွားကြသောအခါ စောင့်နေကျနေရာမှာ လူလှကို မတွေ့ရတော့ချေ။ ကျွန်တော်တို့ အိမ်က ထွက်တာ နည်းနည်း နောက်ကျသဖြင့် လူလှက မစောင့်နိုင်ဘဲ သွားနှင့်တာလည်း ဖြစ်နိုင်သည်။ ကျောင်းမတက်တာလည်း ဖြစ်နိုင်သည်။ ကျောင်းရောက်တော့လည်း ကျောင်းတက် ခေါင်းလောင်း ထိုးနေပြီဖြစ်၍ သူ့အတန်းဘက် သွားကြည့်ဖို့ အချိန်မရ။

မုန့်စားလွှတ်ချိန်ကျတော့လည်း ခါတိုင်းလို ကျွန်တော်တို့ အတန်းရှေ့ကို ရောက်မလာတော့ချေ။

"ခဏနေဦးဟာ၊ ငါ သူ့အတန်း သွားကြည့်ဦးမယ်"

ဆိုပြီး ထွက်လာခဲ့သည်။ လမ်းမှာ လူလှလိုပင် ဝိဇ္ဇာတန်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသော ဝင်းထွန်းတို့ မောင်မောင်အောင်တို့နှင့် တွေ့သည်။

"ဟေ့ကောင်တွေ၊ လူလှ ဒီနေ့ ကျောင်းလာသလားကွ"

"လာသားပဲ"

ဝင်းထွန်းက ဖြေသည်။

"ဒီကောင် အခု ဘယ်မှာလဲ"

"အိမ်ခဏပြန်သွားတယ်"

"ဒါဆို ညနေကျောင်းဆင်းရင် ငါတို့ကို စောင့်နေပါလို့၊ အတူတူ ပြန်မယ်လို့ ပြောလိုက်ပါ"

ဟု မှာခဲ့သည်။

သို့ရာတွင် ကျောင်းဆင်းချိန်မှာလည်း လူလှကို မတွေ့ရ။ အေးမြနှင့် ကျွန်တော် နှစ်ယောက်တည်း ပြန်လာကြသည်။ စကားမပြောမိကြ။ အေးမြသည် မျက်နှာ သိပ်မရွှင်။ တစ်ခုခု စဉ်းစားနေဟန် တူသည်။ အိမ်နား နီးလာတော့မှ. . .

"လူလှက ဘာဖြစ်လို့ ငါတို့ကို ရှောင်နေတာလဲ မသိဘူး" ဟု ပြောသည်၊ ကျွန်တော်က. . .

"နင်က သူ့ကို ခပ်တန်းတန်း လုပ်နေလို့ ဖြစ်မှာပေါ့"

"အေးဟာ၊ ဒါနဲ့ ငါတို့အိမ်မှာ ဖြစ်တဲ့ကိစ္စ လူလှကို နင် သွား ပြောမိသေးလို့လား"

"ဟာ. . . မပြောပါဘူး"

"ငါ့စိတ်ထင်တော့ အဲဒီအကြောင်းကို လူလှက တစ်နည်းနည်းနဲ့ ရိပ်မိသွားတာ ဖြစ်လိမ့်မယ်"

"ဒါတော့ ဖြစ်နိုင်တယ်ဟာ၊ နင် ဘာကြောင့် သူ့ကို ခပ်တန်း တန်း လုပ်နေတယ်ဆိုတာ သူသိပါတယ်လို့ ငါ့ကို ပြောသွားတယ်"

"မဟုတ်မှ လွဲရော. . . ရင်မြက သူ့ကို သွားရန်တွေ့ပြီး လျှောက်ပြောခဲ့တာ ဖြစ်ရမယ်"

"ဒီလိုတော့ မဟုတ်နိုင်ပါဘူး၊ ဖြစ်နိုင်တာက ဟိုနေ့က ပန်းတွေ ခူးပြီး နင့်ကို ပေးတာကို ရင်အေးမြ မြင်သွားတာရယ်၊ သူ့ကို လူလှတာ





ပန်းတွေ ပေးတော့ မယူဘူးဆိုပြီး ဆူဆူအောင့်အောင့် လုပ်သွားတာရယ်၊ နောက်နေ့ကျတော့ နင်က သူ့ကို မခေါ်မပြောဘဲ နေတာရယ်၊ ဆက်စပ် တွေးကြည့်လို့ ရသွားတာ ဖြစ်ရမယ်"

"အေး. . . ဒါ ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ်ဟာ ခုလို တစ် ယောက်နဲ့ တစ်ယောက် စိမ်းစိမ်းကားကား ဖြစ်သွားကြရတာတော့ မကောင်းဘူး၊ မနက်ဖြန်ကျရင် သူ့ကို တွေ့အောင် ကြိုးစားပြီး ရှင်းပြကြ ရင် ကောင်းမယ်"

"ဘယ်လို ရှင်းမလဲဟာ၊ နင်တို့အိမ်က ပြောထားလို့ သူ့အပေါ် ခပ်တန်းတန်း နေရတာပါလို့ ပြောလို့လည်း မဖြစ်၊ အရင်လိုပဲ ပြန်နေကြ ပြန်ရင်လဲ နင်တို့အိမ်က ပြန်သိသွားရင် မလွယ်ဘူး"

"စိတ်ရှုပ်ပါတယ်ဟာ"

လျှောက်လာကြရင်း အိမ်နား ရောက်လာသည်။ သူက သူတို့ ခြံဝင်းထဲ မဝင်သေးဘဲ အတန်ကြာ ရပ်နေသည်။ ပြီးတော့မှ. . .

"မနက်ဖြန်တော့ လူလှနဲ့ တွေ့ဖြစ်အောင် တွေ့မယ်ဟာ၊ တ တယ်လို့ အိမ်က သိပြီး ပြဿနာ တက်ရင်လည်း တက်ပစေတော့၊ ငါ ခံလိုက်မယ်"

ဟု ပြောပြီး ခြံဝင်းထဲ ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လူလုသည် ခေါင်းငိုက်စိုက် ချလျက်. . .

"ငါ့ကြောင့် မင်းတို့မှာ ပြဿနာ ဖြစ်ရတာမျိုးတော့ ငါ မ[illegible] လားဘူး"

ဟု ပြောသည်။

ဒီနေ့လည်း သူသည် ကျောင်းအသွားတွင် လမ်းမှာ မစော[illegible] ချေ။ မုန့်စားဆင်းချိန်ကျတော့ ကျောင်းဆင်းခေါင်းလောင်း ထိုးပြီး ဆ[illegible] ထွက်သွားသွားချင်း သူ့အတန်းသို့ ကျွန်တော် အမြန်ပြေးသည်။ သူ[illegible] မမီလိုက်။ သို့ဖြင့် သူတို့အိမ်သို့ သွားရာလမ်းအတိုင်း ပြေးလိုက်[illegible] သူ့ကို အတင်းဆွဲခေါ်လာခဲ့ခြင်း ဖြစ်သည်။ အေးမြနှင့် ကြိုချိန်း[illegible] သည့်အတိုင်း ဟိုတစ်နေ့က ဖျဉ်းမပင်အောက်မှာ ဆုံကြသည်။

"မင်း ငါတို့ကို ဘာဖြစ်လို့ ရှောင်နေတာလဲ"

ဟု ကျွန်တော်က မေးသဖြင့် သူ ပြန်ပြောခြင်း ဖြစ်သည်[illegible]

"နေပါဦး၊ ငါတို့ ပြဿနာတက်မယ်ဆိုတာက ဘာကို ပြော[illegible] လဲ"





ကျွန်တော်က နားမလည်သလို ဟန်ဆောင်၍ မေးကြည့်လိုက်သည်။ လူလုက. . .

"ငါသိပါတယ်ကွာ၊ ကဲ. . . ငါမေးမယ်၊ အေးမြက ငါ့ကို ဘာကြောင့် မခေါ်မပြောဘဲ အရင် စပြီးရှောင်နေတာလဲ"

"ဒါကြောင့် နင်ကလဲ စိတ်ဆိုးပြီး ပြန်ရှောင်တာပေါ့ ဟုတ်လား"

အေးမြက ဝင်ပြောသည်။

"ငါမေးတာကို အရင်ဖြေလေ"

ဟု လူလုက ပြန်ပြော၏။ အေးမြ မဖြေ။ လူလုက ကျွန်တော့်ဘက် ကြည့်ပြီး မေးဆတ်ပြပြန်သည်။ ကျွန်တော်က မမြင်ချင်ယောင်ဆောင်ပြီး ဖျဉ်းမပင်ပေါ် မော့ကြည့်သလို လုပ်နေ၏။

"ငါ သိပါတယ်၊ ငါနဲ့ ပေါင်းနေတာကို နင်တို့အိမ်က လူကြီးတွေက ဆူလို့မဟုတ်လား"

ကျွန်တော်တို့ ဘာမျှပြန်မပြောဘဲ နေသည်။

"ဟိုးအရင် ဘုရားသွားကြကတည်းက မင်းတို့အိမ်က လူကြီးတွေ ငါ့ကို မကြည့်ဘူးဆိုတာ ငါရိပ်မိပါတယ်၊ နောက်တော့ ငါ့ကို ခိုးကြောင်ခိုးဝှက်နဲ့ စက်ဘီးစီး သင်ပေးခဲ့တာတွေ၊ ငါ့ကို မင်းတို့အိမ်တွေ လာလည်ဖို့ တစ်ခါမှ မခေါ်ခဲ့တာတွေ၊ အေးလေ. . . ငါကလည်း မင်းတို့နဲ့ ပေါင်းလောက်တဲ့ အဆင့်အတန်းမှ မရှိဘဲ၊ ငါနဲ့ ပေါင်းတဲ့အတွက် မင်းတို့မှာ ဘာအကျိုးရှိသလဲ၊ ငါ့ကို မုန့်ဝယ်ကျွေးရတာရယ်၊ စာပြပေးရတာရယ်၊ နောက်ပြီး ငါနဲ့ ပေါင်းလို့ တခြားလူတွေက အထင်အမြင်သေးတာရယ်၊ လူကြီးတွေရဲ့ အဆူအပူ ခံရတာရယ်၊ ငါ့အတွက် မင်းတို့ပဲ ဂုဏ်ငယ်ခဲ့ရတာပဲ၊ ဒါကြောင့် မင်းတို့ ငါနဲ့ မပေါင်းကြနဲ့တော့"

"တော်ပါတော့ လူလုရယ်"

အေးမြအသံက ဝမ်းနည်းသံ။ ကျွန်တော်က. . .

"ငါတို့ မင်းနဲ့ ပေါင်းတာ မင်းကို ခင်လို့ပဲ၊ တခြား ဘာတို့မှ ထည့်မစဉ်းစားဘူး၊ မင်းနဲ့ ပေါင်းလို့ ပြဿနာတက်ရရင်လည်း ထက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မြဲသနာကို ရင်ဆိုင်မယ်ကွာ၊ ဒီမှာ လူလူ၊ ငါ ရှင်းရှင်းပဲ ဖွင့်ပြောတော့မယ်၊ အေးမြတို့အိမ်က မင်းနဲ့ အေးမြနဲ့ ပေါင်းနေတာကို မကြိုက်ဘူး"

"အေးလေ. . . ဒါကြောင့်"

"နေစမ်းပါဦး၊ ငါတို့အိမ်ကတော့ မင်းနဲ့ ပေါင်းတာကို ခွင့်ပြုထားလိုက်ပြီ"

"ဘာပဲဖြစ်ဖြစ် ခုလို မခေါ်မပြောဘဲ နေကြရမှာကိုတော့ ငါလက်မခံနိုင်ဘူး"

အေးမြက ဝင်ပြောသည်။ လူလုက တစ်ခုခု ပြောမည်ပြုရာ ကျွန်တော်က ပြောခွင့်မပေးဘဲ. . .

"ဒီမှာ ငါ အကြံတစ်ခု ပေးမယ်၊ ငါတို့ အရင်ကလိုပဲ ခင်ခင်မင်မင် နေကြရအောင်"

"မဖြစ်ပါဘူးကွာ၊ ခုတောင်. . ."

"ဖြစ်တယ်ကွာ၊ သိုသိုသိပ်သိပ်တော့ နေကြရမှာပေါ့၊ အရေးကြီးတာက အေးမြတို့အိမ်ကို သတင်းမပေါက်ကြားဖို့ပဲ၊ အထူးသဖြင့် ရင်အေးမြ မသိဖို့လိုတယ်၊ ဒီတော့ ငါတို့ ကျောင်းသွားကျောင်းပြန် အတူတူမသွားတော့ဘူး။ မုန့်စားဆင်းချိန်ကျမှ လူရှင်းတဲ့ တစ်နေရာမှာ ဆုံပြီး စကားပြောကြမယ်၊ ဘယ်လိုလဲ"

"ကောင်းပါတယ်ဟာ"

အေးမြက ပြောသည်။ လူလုက တွေနေ၏။

"မင်း ငြင်းမယ်တော့ မကြံနဲ့နော်"

ဟု ကျွန်တော်က ပြောသည်။ လူလုက. . .

"ငါက ပိုပြီး ဖြစ်စေချင်တာပေါ့ကွ၊ ငါ့မှာ မင်းတို့နဲ့မှ မပေါင်းရင် ဘယ်သူနဲ့ ပေါင်းမလဲ၊ တစ်ခါတစ်ခါတော့ ကျောင်းက ထွက်သွားမယ်တောင် စိတ်ကူးမိတယ်"

"ကဲ. . . ဒါဆို ပြီးရောပေါ့၊ အခင်အမင်မပျက် ဆက်နေကြမယ်နော်"

သူတို့နှစ်ယောက် ခေါင်းညိတ်သည်။





ပြောသာ ပြောသည်။ တကယ်တန်းကျတော့ အရင်ကလောက် နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ဖြစ်မလာတော့တာ အမှန်ပင်။ အေးမြသည် သူ့အိမ်က ရန်ကို ကြောက်ရသည်။ လူလုနှင့် ဆုံသည့်အခါတိုင်း လွတ်လွတ်လပ်လပ် စိတ်အေးအေး စကားမပြောနိုင်။ မကြာခဏ ဟိုကြည့်သည်ကြည့် လုပ်နေတတ်သည်။ ခဏတဖြုတ် စကားပြောပြီး ပြန်သွားတတ်သည်။ မုန့်စားလွှတ်ချိန်တိုင်းလည်း မဆုံဖြစ်ကြတော့။

ထူးဆန်းတာက အေးမြသည် လူလုနှင့်သာ မဟုတ်။ ကျွန်တော်နှင့်လည်း အရင်ကလောက် တပူးတွဲတွဲ မနေတော့ချေ။ ကျောင်းသွားကျောင်းပြန် အတူလျှောက်မြဲ ဖြစ်သော်လည်း အရင်ကလို စကားတွေအများကြီး မပြောဖြစ်ကြတော့။ အရင်လို ဝတ္ထုဇာတ်လမ်းတွေ အပြန်အလှန် ပြောကြတာမျိုးလည်း မရှိတော့။ များသောအားဖြင့် ဆိတ်ဆိတ်သာ နေရင်း လျှောက်ခဲ့ကြသည်။ တစ်ယောက်အိမ် တစ်ယောက် လည်မတ်ခြင်းလည်း သိပ်မရှိတော့။ အကြောင်းကိစ္စ ရှိမှသာ တစ်အိမ်နှင့်တစ်အိမ် ကူးသန်းမိကြတော့သည်။

ကျွန်တော်က လူလု အားငယ်နေမည်စိုး၍ သူနှင့် အမြဲလိုလို တွဲနေသောကြောင့် အေးမြနှင့် သိပ်မတွေ့ဖြစ်ခြင်းလည်း ပါသည်။ အေးမြသည် လူလုကိစ္စနှင့် ပတ်သက်ပြီး စိတ်မကောင်း ဖြစ်နေသောကြောင့် စကားနည်းသွားခြင်းလည်း ဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် တစ်စုံတစ်ခု ပြောင်းလဲသွားတာတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ပြောင်းလဲမှုကို စတင်သိလာခဲ့သည့် အချိန်ကား၊ ကိုးတန်း၊ စာမေးပွဲတွေ ဖြေပြီး နွေရာသီ ကျောင်းပိတ်ရက် ဖြစ်သည်။ ကျွန်တော်တို့ မိသားစု အညာဘုရားဖူး သွားကြသည်။ အစကတော့ အေးမြတို့ သားအမိတွေလည်း ပါလာဖို့ပင်။ သွားခါနီး နှစ်ရက်လောက် အလိုကျမှ အေးမြ အပြင်းဖျားသဖြင့် မလိုက်ဖြစ်ကြတော့ခြင်း ဖြစ်၏။

ကျွန်တော်သည် အေးမြ ပါမလာသဖြင့် စိတ်မကောင်းသလိုလို ဖြစ်နေသည်။ ဘုရားတွေ လျှောက်ဖူးရင်း သူ့ကို သတိရနေတတ်၏။

ရွှေစက်တော် ရောက်တော့ အေးမြကြည်လင်နေသော မန်းချောင်းထဲမှာ ရေချိုးရတာ အလွန်ပျော်ဖို့ကောင်းသည်။ အေးမြကို သတိမရတော့။ လူလှကိုသာ သတိရသည်။ ဒီကောင်သာ ပါလျှင် ပိုပြီး ပျော်စရာ ကောင်းမှာပဲ။

ရွှေစက်တော်ဘုရားမှာ ဆိုရိုးစကားတစ်ခု ရှိသည်။ အဖော်မစုံ အရုဏ်မတက်နဲ့တဲ့။ ဘုရားဖူးများသည် မနက်အစောကြီး ထပြီး အထက် စက်တော်ရာမှာ အရုဏ်ဆွမ်း ကပ်လေ့ ရှိကြသည်။ ပြီးတော့ အထက်





တ်တော်ရာပေါ်မှ နေပြီး ပတ်ဝန်းကျင် ရှုခင်းများကို ကြည့်ရှုကြသည်။ ာယာလွန်းလှသဖြင့် အဖော်မစုံသူဆိုလျှင် ကျန်ရစ်သူကို အထူး လွမ်း တ်ရသည်ဟု အဆိုရှိ၏။

ကျွန်တော်တို့ မိသားစုသည် ရောက်ပြီး နောက်တစ်နေ့မနက်မှာ ရုဏ်ဆွမ်းကပ်ကြသည်။ အမေတို့၊ အစ်မကြီးတို့ ဘုရားရှိခိုးနေကြတုန်း န်တော်လည်း အလျင်အမြန် ဦးချပြီး ရှုခင်းတွေ ကြည့်ရန် ထွက်လာ ည်။

ရောင်နီလာခါစပဲ ရှိသေးသည်။ ပတ်ဝန်းကျင်မှာ မှောင်မိုက်၍ ည်း မနေ၊ လင်းလည်း မလင်းသေး။ စက်တော်ရာ တောင်ကို ဝန်းရံ ားသော တောင်တွေကို မြင်ရသည်။ မှိုင်းမှိုင်းပြာပြာ။

မန်းချောင်းသည် တောအုပ်ကလေးတွေ ကြားမှာ ကွေ့ကွေ့ ာက်ကောက် စီးဆင်းလာပြီး တောင်ခြေကို ဦးတိုက်သည်။ ထို့နောက် န်ကွေ့ထွက်ကာ တောအုပ်ကြားထဲ ပြန်ပျောက်သွားပြန်၏။ တစ်နေရာ ဘွားခနဲ ပေါ်လာပြန်သည်။ ဤနည်းဖြင့် တောင်ခြေကို ဦးသုံးကြိမ် ိုက်သည်။ ချောင်းရေသည် ငြိမ့်ငြိမ့်ကလေး တိတ်ဆိတ်စွာ စီးဆင်းနေ ာ်လည်း တစ်ချက်တစ်ချက် လက်ခနဲ လက်ခနဲ ဖြစ်ဖြစ်သွားသည်။

ကျွန်တော်သည် ရုတ်တရက် လွမ်းလာလေ၏။ ရန်ကုန်မှာ ကျန် သူများမှာ အဖေ၊ အစ်ကို၊ လူလှနှင့် အေးမြတို့ ဖြစ်သည်။ ထိုသူများ နက် အေးမြ တစ်ယောက်တည်းကိုသာ ကွက်၍ လွမ်းမိခြင်းမှာ ထူး န်းလှတော့သည်။

"ဘာလဲ. . . ဆွေးနေပြီလားဟေ့"

အစ်မကြီးက ကျွန်တော့်ဘေးမှာ လာရပ်ရင်း ပြောသည်။

"ဘာကို ဆွေးရမှာလဲ အစ်မကြီးရ"

"အံမယ်. . . ငါမသိဘူး မှတ်လို့လား"

ဟု အစ်မကြီးက ပြုံးစစဖြင့် ပြောသည်။ ကျွန်တော်က. . .

"လုပ်မနေပါနဲ့ အစ်မကြီးရာ၊ အစ်မကြီးသာ လွမ်းနေတာ"

အစ်မကြီးက ရှက်သွားပြီး ကျွန်တော့်လက်မောင်းကို ဆွဲဆိတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အစ်မကြီး လွမ်းနေလည်း အပိုပဲ၊ ခုချိန်မှာ ဟိုက အိပ်ကောင်းတုန်းပဲ ရှိဦးမယ်၊ ပါးစပ်က အာပုပ်ရည်တွေတောင် စီးကျချင် ကျ[illegible]မယ်"

"ဟယ်. . . ဒီကောင်လေး ပေါက်ပေါက်ရှာရှာ"

ကျွန်တော့်ကျောကို ဖတ်ခနဲ ရိုက်ပြီး အစ်မကြီး ပြန်ထွက်သွား သည်။ ရှုခင်းတွေကို ကျွန်တော် ပြန်လည်ငေးမောလိုက်၏။ နံနက်ခင်း[illegible] ပထမဆုံးသော နေရောင်ခြည် တစ်တန်းသည် အမြင့်ဆုံး တောင်ထိပ်[illegible] လာထိပြီ။

❖ ❖ ❖

ဘုရားဖူးက ပြန်လာပြီး အိမ်ရောက်ရောက်ချင်းမှာပင် [illegible]တို့ အိမ်သို့ ကျွန်တော် သွားသည်။ သူ့အတွက် ဝယ်လာသော သနပ်ခါး[illegible]တုံးနှင့် အမြစ်မှုန့်များ ပေးဖို့ သွားခြင်းဖြစ်သည်။ လူလှအတွက်[illegible] မကွေး မြသလွန်ဘုရားမှ ဓားမြှောင်ကလေး တစ်ချောင်း ဝယ်လာ[illegible]သည်။

ကျွန်တော်သည် လက်ဆောင်တွေ ပေးချင်ဇောနှင့် ခပ်သွက်[illegible]သွက် လာခဲ့ပြီး သူတို့ခြံဝအရောက်တွင် ရုတ်တရက် စိတ်ပြောင်း[illegible] ရပ်လိုက်သည်။ သူ့ဆီသို့ မသွားလိုတော့ခြင်းပင် ဖြစ်သည်။ ထို့ကြော[illegible] ပြန်လှည့်ထွက်လာခဲ့၏။ ခြေလှမ်းငါးလှမ်း လှမ်းပြီးတော့ သူနှင့် တွေ့[illegible] လာပြန်သည်။ သို့နှင့် ပြန်လှည့်ပြီး သူတို့ခြံထဲ ဝင်ခဲ့လေသည်။

အေးမြကို အိမ်ဘေးက အုတ်ခုံကလေးပေါ်မှာ ထိုင်နေ[illegible] တွေ့ရသည်။ သူက ကျွန်တော့်ကို မြင်သောအခါ. . .





"နင် ဘယ်တုန်းက ပြန်ရောက်သလဲ"

ဟု မေးသည်။

"ခုနပဲ"

ဟု ကျွန်တော် ပြောရင်း သူ့ကို ကြည့်၍ အံ့ဩသွားသည်။ သူသည် နေမကောင်း ဖြစ်ခဲ့သဖြင့် ပိန်သွားရမည့်အစား နည်းနည်း [illegible]တောင် ဝလာသည်။ ပြီးတော့ သူ့ရုပ်တလည်း နည်းနည်း ပြောင်းလဲသွား သလိုပဲ။ ကျွန်တော်တို့ ဘုရားဖူးထွက်တာ ဆယ်ရက်သာ ကြာသည်။ [illegible]လောက် ရက်ပိုင်းကလေးအတွင်းမှာ သူ့ပုံစံ ပြောင်းလဲသွားတာ ထူး ဆန်းသည်ဟု ထင်မိ၏။ သူသည် အရင်မြင်နေကျ အေးမြနှင့် တစ် [illegible]ယောက်စီလို ဖြစ်နေသည်။

"နင့်အတွက် ငါဝယ်လာတာ"

ဟု ဆိုပြီး သနပ်ခါးတုံးတွေနှင့် အမြစ်မှုန့်ထုပ်တွေ လှမ်းပေး သည်။ သူ 'လှမ်းယူ၏။

"ကျေးဇူးပဲ"

ဟု ပြောသည်။ သူ့အမူအရာသည် လက်ဆောင်တွေ ရသဖြင့် အရမ်းပျော်သွားပုံမျိုး မဟုတ်။ ခပ်အေးအေးပင် ရှိနေသည်။ ဟိုးအရင် ကျွန်တော် သူ့ကို ရင်ထိုးကလေးတစ်ခု ဝယ်ပေးတုန်းကလို 'လှလိုက်တာ ဆယ်' ဟု ဆယ်ခါလောက် ပြောပြီး ထကတော့မည်ကဲ့သို့ ဖြစ်နေပုံမျိုး မဟုတ်တော့။ ပြီးတော့လည်း ကျေးဇူးပဲဟု သူ ပြောသည့်စကား၊ ကျွန် တော်တို့ နှစ်ယောက်သည် ကျေးဇူးစကား ဆိုရလောက်အောင် "စိမ်း"သူ များ မဟုတ်ကြ။

ကျွန်တော်သည်လည်း သူနှင့် စကားကြာကြာ မပြောချင်ဘဲ ဖြစ်နေသည်။ သူ့ရှေ့မှာ ရပ်နေရတာ အရင်လို သက်တောင့်သက်သာ မရှိ၊ စိတ်ကျဉ်းကျပ်သလိုပဲ။ ထို့ကြောင့်. . .

"ငါပြန်တော့မယ်၊ နင်တို့အမေအတွက် ဝယ်လာတဲ့ လက် ဆောင်တွေ အစ်မကြီး လာပေးလိမ့်မယ်"

ဟု ပြောပြီး ပြန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ရောက်တော့မှ ဘုရားဖူး လာစဉ်က အတွေ့အကြုံ တို သူ့အား လုံးစေ့ပတ်စေ့ ပြောပြချင်သောဆန္ဒ ဖြစ်ပေါ်လာပြန်သည်။ သို့ရာတွင် သူ့ဆီ နောက်ထပ် မသွားဖြစ်တော့ချေ။

ဤသို့ သင်္ကြန်ရက်များ ရောက်လာသည်။

ကျွန်တော်သည် သူ့ကို ရေလောင်းချင်သောဆန္ဒ အပြင်း ထန် ဖြစ်ပေါ်နေသည်။ တကယ်တော့ သူ့ကို ရေလောင်းသည့်ကိစ္စ ဘာမျှ ထူးဆန်းသည် မဟုတ်ပါ။ ခါတိုင်းလည်း သူ့ကို ရေသွားလောင်း နေကျ။ ကျွန်တော် သွားလျှင် သူတို့ ညီအစ်မတွေက ထွက်ပြေး ပုန်းနေကြသည်။ ကျွန်တော်က သူတို့အမေကို တိုင်သောအခါ ဒေါ် က. . .

"အေး. . ဟုတ်သားပဲ၊ သင်္ကြန်ရေဆိုတာ ထိကောင်းတယ်၊ ထွက်ပြီး အလောင်းခံကြပေ့"

ဟု ပြောနေကျ။ ထိုအခါ အေးမြနှင့် ခင်အေးမြတို့က လောင်းခံကြသည်။ အငယ်မ ရင်အေးမြကတော့ ဘယ်တော့မှ လောင်းမခံ။ ကျွန်တော်က လောင်းပြီးလျှင် သူတို့က ပြန်လောင်းသည် ကျွန်တော် ပြန်ခါနီးတော့မှ တစ်နေရာမှ အလစ်ချောင်းနေသော အေးမြ ပြေးထွက်လာပြီး ကျွန်တော့်ကို အိုးမည်းသုတ်သည်။ ကျွန်တော် သူ့လက်ကို ဖမ်းချုပ်ပြီး သူ့လက်နှင့် သူ့မျက်နှာကို ပြန်သုတ်သောအ သူ ငိုရလေသည်။

ဒါတွေက နှစ်တိုင်း ဖြစ်နေကျ။ သူ့ကို ရေလောင်းချင်လျှ သွားလောင်းလိုက်ရုံပင် ဖြစ်သည်။ ထူးထူးခြားခြား ဆန္ဒတွေဘာ ဖြစ်နေစရာမလို။

ဒီနှစ်ကျတော့ တစ်မျိုးပဲ။ ဒီသင်္ကြန်တွင်းမှာမှ သူ့ကို မလောင်းလိုက်ရလျှင် တစ်သက်လုံးအတွက် အလွန်ကြီးကျယ်သော ဆုံး မှုကြီးအဖြစ် နောင်တရလို့ ဆုံးမှာ မဟုတ်တော့ဘူးဟု ထင်နေသည် တစ်ပြိုင်နက်တည်းမှာပင် သူ့ကို ရေမလောင်းချင်တော့ဘဲလည်း ဖြစ် ပြန်သည်။ ခုနောက်ပိုင်း သူနှင့် ပတ်သက်၍ ဒီလိုပင် ဆန့်ကျင်ဘ





စိတ်နှစ်ခု ပြိုင်လျက် ဖြစ်ဖြစ်နေတတ်သည်မှာ ထူးဆန်းလှသည်။

ကျွန်တော်သည် သူ့ကို ရေသွားလောင်းဖို့ မကြိုးစားတော့ဘဲ လမ်းထိပ်က ရေပက်ကစားနေသူများနှင့် ရောပြီး စိတ်ပြေလက်ပျောက် ဆိုသလို သွားနေလိုက်သည်။ တကယ်တော့ စိတ်ပြေလက်ပျောက် မဖြစ်၊ ရေပက်ခံ ထွက်လာကြသည့် ကောင်မလေးတွေကို မြင်ရလေ နေမထိ ထိုင်မသာ ဖြစ်ရလေပင်။

ကိုယ့်ကိုယ်ကို သို့တည်းမဟုတ် တစ်စုံတစ်ယောက်ကို မကျေနပ် သလို ဖြစ်လာသည်။ ထိုမကျေနပ်မှုကို ရေပက်ခံသူများအပေါ် ပုံချလိုက် သည်။ သူတို့ကို မညှာမတာ ခွက်စောင်းခုတ်ခြင်းပင် ဖြစ်၏။ မိန်းကလေး တွေဆိုလျှင် ပို၍ အပြိုးကြီးစွာ ထားမိသည်။

ခွက်စောင်းခုတ်သည့် အတတ်ပညာသည် လွယ်ကူလှသည် မဟုတ်။ နို့ဆီခွက်ကို လက်မြဲမြဲ ကိုင်နိုင်စေရန် အရင်းနားက နည်းနည်း ချိုင့်အောင် ထုထားရသည်။ ခွက်ထဲမှာ ရေအပြည့် ထည့်လျှင် သိပ်အထိ မနာ။ ရေနည်းပြန်လျှင်လည်း သိပ်အရှိန်မပြင်းဘဲ ဖြစ်နေပြန်၏။ အ ကောင်းဆုံးက ရေတစ်ဝက်သာသာလောက် ထည့်၊ ခွက်ကို မြှောက်ပြီး ခုတ်ချသည့်အခိုက်တွင် လက်ကောက်ဝတ်၏အားကို ယူပြီး ခွက်ထဲရှိ ရေ လေတို့၏ အားပါ ပေါင်းလိုက်သောအခါ ခံရသူမှာ ကျောကော့ပြီး စပ်ဖျင်းဖျင်း ဖြစ်သွားရ၏။

ဤသို့ ခွက်စောင်းခုတ် ကောင်းသောကြောင့်ပင် ပြဿနာတက် ရခြင်း ဖြစ်သည်။ ကျွန်တော်တို့ထက် အသက်ကြီးသော အမျိုးသမီး သုံးယောက်နှင့် အမျိုးသားသုံးယောက်တို့ လျှောက်လာကြသည်။ အမျိုး သမီး တစ်ယောက်၏ မျက်နှာက အေးမြနှင့် ခပ်ဆင်ဆင် တူသည်ဟု ကျွန်တော် ထင်သည်။ သူက နိုင်လွန်အကျႌပါးပါးလေး ဝတ်ထားသဖြင့် ရေစိုပြီး အသားမှာ ကပ်နေသည်။

ကျွန်တော်သည် ထိုအမျိုးသမီးကို ရွေး၍ နောက်ဘက်ကနေ ပြီး တအားခုတ်ချသည်။ ဖြစ်ချင်တော့ ရေသာမက ခွက်ပါ သတ်မှ လွတ်ပြီး သူ့ကျောကို သွားမှန်သည်။ သူက လှည့်ပြီး မိမဲ့မဲ့ ဘ

www.burmeseclassic.com



စသည်ဖြင့် ရန်တွေ့သည်။ ကျွန်တော်ကလည်း သကြ်န်တွင်း ရေပက်တာ ဘာဖြစ်လဲ၊ ရေပက်မခံချင် အပြင်မထွက်နဲ့ ပြောသည်။ သူတို့နှင့် ပါလာသော အကောင်ကြီး သုံးယောက်က ကျွန်တော့်ကို ထိုးမည်ကြိတ်မည် ပြုသည်၊ ကျွန်တော်တို့ ရပ်ကွက်ထဲက လူတွေကလည်း သူတို့ကို ဝိုင်းရိုက်မည်ဟု တုတ်တွေ ဆွဲပြီး ထွက်လာကြသည်။ လူကြီးတွေ အတားမြန်သောကြောင့်သာ ဘာမျှမဖြစ်ခဲ့။

သကြ်န်တကာ့ သကြ်န်တို့တွင် လုံးဝ ပျော်စရာမကောင်းဆုံး သကြ်န်။

❖ ❖ ❖

ကျောင်းတွေ ပြန်ဖွင့်သည်။ ဆယ်တန်းရောက်ပြီ။ ကျွန်တော်နှင့် အေးမြတို့သည် ကျောင်းအတူတူ မသွားဖြစ်ကြတော့။ နင်နဲ့ အတူတူ မသွားတော့ဘူးဟာ စသည်ဖြင့် ပြောဖြစ်ကြသည်တော့ မဟုတ်ချေ၊ သူ့အလိုလို ဖြစ်သွားခြင်းသာ ဖြစ်၏။

သူ့ညီမ ခင်အေးမြက ရှစ်တန်းတက်ရသဖြင့် ညနေပိုင်း ဖြစ်လာသည်။ ထိုအခါ သူတို့ညီအစ်မ အတူတူ သွားကြသည်။ ကျောင်းသွား ကျောင်းပြန် သူတို့နှင့် မဆုံမိအောင် လျှောက်ရတာကိုက ကျွန်တော့်အ[illegible] အလုပ်ကြီးတစ်ခု ဖြစ်လာလေသည်။

ကျောင်းသွားခါနီးလျှင် သူတို့အိမ်ဘက်သို့ တစေ့တစောင်း [illegible] ကဲခတ်ရသည်။ များသောအားဖြင့်တော့ သူတို့အရင် ဦးအောင် အိမ်[illegible] ထွက်ပြီး ခပ်သွက်သွက် လျှောက်ရသည်။ ကျောင်းက ပြန်လျှင်လည်း ထိုအတူ။ သို့မဟုတ် တော်တော် နောက်ကျခံပြီးမှ ပြန်ရသည်။ တစ်[illegible] တစ်လေ သူတို့ ရှေ့က သွားနေသည်ကို သတိမထားဘဲ လျှောက်လာ[illegible]





မှ သူတို့ကို မီလုလု ဖြစ်လာသောအခါ သူတို့ကို မမီအောင် ခြေလှမ်းကို တမင်နှေးပစ်ရသည်မှာ စိတ်ပင်ပန်းဖွယ် ကောင်းလှသည်။

ကျွန်တော်တို့နှစ်ယောက်သည် မခေါ်မပြောဘဲ နေကြတာတော့ မဟုတ်။ အတန်ငယ် ခပ်တန်းတန်း ခပ်စိမ်းစိမ်း ဖြစ်သွားကြခြင်းသာ။ ထိုသို့ နေသည်ကိုလည်း လက်မခံချင်ကြသဖြင့် တစ်ခါတစ်ရံ ဆုံမိသောအခါ တတ်နိုင်သမျှ ရင်းရင်းနှီးနှီး ပြောဆိုကြသည်။ အနောက်အပြောင် စကားမျိုး ပြောကြည့်ကြသည်။ ဒီအခါကျပြန်တော့လည်း တမင် ဟန်ဆောင်ပြီး လုပ်ပြနေကြမှန်း သိသာသဖြင့် အသက်မပါဘဲ ရှိနေပြန်လေသည်။

ကျွန်တော်နှင့် အေးမြတောင် ဒီလိုဖြစ်နေတော့ လူလှနှင့် အေးမြမှာ ပို၍ပင် အလှမ်းဝေးသွားသည်။ ဟိုအရင် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ရှောင်နေခဲ့ကြပြီးနောက် အစတုန်းကလို သူငယ်ချင်းတွေ ပျော်ပျော်ရွှင်ရွှင် ပြန်နေကြရအောင် ဆိုသောစကားသည် စကားအဖြစ်သာ ရှိခဲ့သည်။ လူလှနှင့် အေးမြတို့သည် လူချင်း ဆုံလျှင် ဘာယ်သွားမလို့လဲ၊ ဘာလဲ၊ တစ်ခွန်းနှစ်ခွန်း နှုတ်ဆက်ရုံထက် မပိုတော့ချေ။

ကျွန်တော်နှင့် လူလှတို့ကတော့ ပိုပြီးတော့တောင် တွဲဖြစ်လာသေးသည်။ ကျွန်တော်တို့အိမ်ကလည်း လူလှနှင့် ပေါင်းသည့်ကိစ္စကို ကေန့်ကွက်တော့သဖြင့် ပိုအဆင်ပြေလာသည်။

အဖေကလည်း မင်း ဆယ်တန်းရောက်ပြီ၊ ကိုယ့်ဘာသာ သွားတတ် လာတတ်အောင် လုပ် ဆိုပြီး လွှတ်ပေးထားသဖြင့် လူလှနှင့် ကျွန်တော်တို့သည် မြို့ထဲ ထွက်ပြီး ရုပ်ရှင်ကြည့်၊ ဘောလုံးပွဲကြည့် ဖြစ်လာကြသည်။

တစ်ခါတစ်ရံ လူလှက ကျွန်တော့်အိမ် လာလည်သည်၊ အဖေနှင့် အစ်မကြီးတို့က ခပ်မှန်မှန် ဆက်ဆံကြသော်လည်း အဖေက ရင်းရင်းနှီးနှီး ပြောဆိုလေ့ရှိသည်။ အစ်ကို ကျော်ဦးကတော့ လူလှကို ကြည့်[illegible] ဆိုပြီး လုံးဝစကားမပြောချေ။



www.burmeseclassic.com

www.burmeseclassic.com



တချို့နေ့များတွင် အဖေ့လုပ်ငန်းရုံထဲ သွားပြီး ဆေးပေါင်ဒါတွေ ကူထုပ်ပေးကြသည်။ အဖေက လူလု လုပ်ပုံကိုင်ပုံ ကြည့်ပြီး. . .

"ဒီကောင် မဆိုးဘူးကွ၊ လုပ်တာကိုင်တာ သွက်သွက်လက်လက် သေသေသပ်သပ် ရှိတယ်"

ဟု မှတ်ချက်ချလေသည်။

❖ ❖ ❖

ကျွန်တော်တို့ နှစ်ဖက်မိသားစု အရေးကိစ္စတစ်ခု ဖြစ်ပေါ်လာသည်။ ကိုကုလားကြီးနှင့် အစ်မကြီးတို့ကိစ္စ လူကြီးတွေ သိသွားခြင်း ဖြစ်သည်။

အမှန်က သိနေတာ ကြာပြီ။ နှစ်ဖက်စလုံးက ကန့်ကွက်ရန် မရှိသဖြင့် ဘာမျှမပြောဘဲ မသိချင်ယောင် ဆောင်နေကြခြင်း ဖြစ်သည်။ တစ်ရက်မှာ အမေက အစ်မကြီးကို ဖွင့်မေးသည်။ ထို့အတူ ကိုကုလားကြီး ကိုလည်း သူတို့အဖေက မေးသည်။ ဤသို့ဖြင့် လူကြီးချင်း စကားပြောစရာ ရှိလာ၏။

ကိုကုလားကြီးဆန္ဒက သူလည်း ဘွဲ့ရတာ ကြာပြီဖြစ်သည့်အပြင် အလုပ်တောင် ရနေပြီ ဖြစ်သဖြင့် လက်ထပ်လိုက်ချင်သည်။

အစ်မကြီး၏ သဘောထားကို ပြောပြလိုက်သောအခါ ကို ကုလားကြီး ပက်လက်လန်သွား၏။ အစ်မကြီးအပြောက သူသည် အိမ်မှာ အစ်မအကြီးဆုံး ဖြစ်သဖြင့် တာဝန်တွေ များသည်။ မောင်ငယ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်တွေ ရှိသေးသည်။ အထူးသဖြင့် အငယ် ဆုံး ဖြစ်သော ကျွန်တော် လူလားမြောက်သည်အထိ စောင့်ချင်သေး သည်။ ကျွန်တော် လူလားမြောက်တဲ့ထိ ဆိုတာက ဘွဲ့ရတဲ့ထိလို့ ဆို





တာတဲ့။

သည်မှာတင် ကိုကုလားကြီး မျက်လုံးပြူးသွားရခြင်း ဖြစ်၏။ ကျွန်တော်က ခုမှ ဆယ်တန်းပဲ ရှိသေးသည်။ ဘွဲ့ရဖို့ဆိုလျှင် အနည်းဆုံး ငါးနှစ်လိုသေးသည်။

သည်လောက်တော့ ကြာလွန်းပါသည်ဟု သူက တောင်းပန်သည်။ လူကြီးတွေကလည်း ဟုတ်ပါတယ်၊ မောင်ဇော်ထူးအတွက် ပူစရာ မရှိပါဘူး၊ လိမ္မာသားပဲ၊ သူ့ကိုယ်သူ ထိန်းနိုင်ပါတယ် စသည်ဖြင့် ဝင် ရောက် တိုက်တွန်းတော့မှ အစ်မကြီးက တစ်ထစ်လျှော့ပေးလိုက်သည်။

သို့နှင့် သဘောတူညီမှု ရသွားသည်။ လောလောဆယ် စေ့စပ် ကြောင်းလမ်းထားကြရန်၊ ကျွန်တော် တက္ကသိုလ် ဒုတိယနှစ် ရောက်လျှင် လက်ထပ်ကြရန်။

ကျွန်တော် ရယ်ချင်သည်။ သူတို့ဘာသာ ကြိုက်လို့ လက်ထပ် တာ ကျွန်တော်နှင့် ဘာဆိုင်သလဲ။ ခုတော့ သူတို့ လက်ထပ် ရက်ချိန်းကို ကျွန်တော် တက္ကသိုလ်တက်တာနှင့် လာပြီးညှိနေကြတာ အတော် အူ ကြောင်ကြောင်နိုင်သည်။ ဆိုကြပါစို့. . . ကျွန်တော် သည်တသက် ဆယ် တန်း မအောင်လို့ တက္ကသိုလ် မတက်ရဘူး ဆိုလျှင် သူတို့လည်း လက် မထပ်ဘဲ နေကြတော့မှာတဲ့လား။

ဒါကို ကိုကုလားကြီးကလည်း ကျွန်တော် တွေးသလိုပင် တွေးပြီး စိုးရိမ်နေရှာသည်။ အစ်မကြီးက သည်လိုပြောပြီးနောက်ပိုင်း သူသည် ကျွန်တော့်ပညာရေးကို မျက်ခြည်မပြတ် ဂရုစိုက်လာလေတော့၏။

တွေ့သည့်ဆုံသည့်အခါတိုင်း. . .

"စာကြိုးစားနော် ဇော်ထူး၊ တစ်နှစ်တည်းနဲ့ အောင်အောင် ကြိုတ်လိုက်စမ်းပါကွာ၊ ဟော့. . . မင်း ကျူရှင်ယူပါလားကွ၊ ဒီနှစ်သာ လွတ်လွတ်ကျွတ်ကျွတ် အောင်လို့တတော့ မင်း ဘာလိုချင်သလဲ အစ်ကို ဝယ်ပေးမယ်ကွ"

စသည်ဖြင့် ပြောလေ့ရှိသည်။

စာမေးပွဲ နီးလာတော့လည်း ဘယ်က ဘယ်လို ရှာဖွေလာသလဲ



www.burmeseclassic.com

www.burmeseclassic.com



မသိ။ စာမေးပွဲ အထူးထုတ် စာအုပ်မျိုးစုံ။ အထူးထုတ် စာကြည့်တိုက် တစ်ခုတောင် ဖွင့်လို့ရလောက်သည်။ သူ့ညီမအရင်းခေါက်ခေါက်တောင် သည်လောက် ဂရုစိုက်လိမ့်မည် မထင်။

ကျွန်တော် နည်းနည်း စိတ်ချဉ်ပေါက်လာသဖြင့် တစ်ရက်မှာ သူက ထုံးစံအတိုင်း...

"ရာသီဥတုက ပူလာပြီကွ၊ ရေချိုးတာတွေဘာတွေ သတိထားနော်၊ တော်ကြာ အပူရှပ်ပြီး ဖျားနေမယ်၊ စာမေးပွဲက နီးနေပြီ မဟုတ်လား"

လာပြောသောအခါ...

"နေကောင်းကောင်း မကောင်းကောင်း မလွယ်ပါဘူး အစ်ကိုရာ"

ဟု ပြောလိုက်ရာ...

"ဟင်... ဘာဖြစ်လို့လဲ"

"ကျွန်တော် စာတွေ မလိုက်နိုင်ဘူးဗျ၊ ဒီနှစ်တော့ ကျမှာပါပဲ"

ဟု ညည်းပြလိုက်သည်။ သူသည် မျက်လုံးမျက်ဆန်ပြူးပြီး ငိုမလို ရယ်မလို ဖြစ်သွားကာ...

"ဟာ... ဒါဆို မဖြစ်ဘူး၊ အစ်ကို လာသင်ပေးမယ်၊ အဲ... ဒီလိုလုပ်၊ အစ်ကိုတို့အိမ်မှာ ညတိုင်း စာလာလာကြည့်ပေါ့၊ တင်မြလည်း အဖော်ရအောင်၊ ပြီးတော့ ဟို... အထူးထုတ် စာအုပ်တွေလည်း နှစ်ယောက်စလုံး ကြည့်လို့ရသွားတာပေါ့"

ကျွန်တော် ကိုယ့်အတတ်နှင့်ကိုယ် စူးသွားခြင်း ဖြစ်၏။ အကြိမ်ကြိမ် ငြင်းသော်လည်း မရ။ သူက အမေတို့ အစ်မကြီးတို့ကိုပါ ပြောသဖြင့် အမေတို့က သဘောတူလိုက်သည်။ ထို့ကြောင့် ကျွန်တော်သည် ညတိုင်း သူတို့အိမ် သွားပြီး အေးမြနှင့် အတူတူ စာကြည့်ရတော့သည်။

အဲသည်မှာ ပြဿနာ။ ကျွန်တော် သူ့နားမှာ ကြာကြာမနေချင်။ သူနဲ့ အတူတူ စာကျက်လို့ကတော့ စိတ်ကျဉ်းကျပ်နေရတာနဲ့ပဲ စာရတော့မှာ မဟုတ်။ သို့ရာတွင် မတတ်နိုင်။





ညခုနစ်နာရီမှ ကိုးနာရီထိ သူတို့အိမ်မှာ စာသွားကြည့်ရသည်။ ကိုကုလားကြီးက ပြပေးသည်။ သူက တစ်နာရီလောက် ကြာအောင် ရှင်းပြပြီးနောက် သင်္ချာပုစ္ဆာဖြစ်စေ၊ ရူပဗေဒ ပုစ္ဆာတွေ ဖြစ်စေ တွက်ခိုင်းထားခဲ့ပြီး လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့ ထွက်သွားသည်။ ထိုအခါ အေးမြနှင့် ကျွန်တော်တို့သည် စားပွဲထိပ် တစ်ဖက်စီမှာ ထိုင်ပြီး ပုစ္ဆာတွေ တွက်ရင်း ကျန်ခဲ့သည်။

ကျွန်တော်တို့ နှစ်ယောက်သည် စကားသိပ်မပြောဖြစ်ကြ။ အဖြေ ဘယ်လောက်ရလဲ၊ လော်ဂရစ်သမ်စာအုပ် ခဏလောက် စသော စာနှင့် ဆိုင်သည့် စကားမျိုးသာ ပြောဖြစ်ကြသည်။

လူကြီးတွေ အမြင်မှာတော့ ကျွန်တော်တို့သည် စကားတောင် မပြောနိုင်လောက်အောင် စာထဲမှာ စိတ်ဝင်စားနေကြသည်ဟု ထင်လိမ့်မည်။ ဟိုအရင်တုန်းကဆိုလျှင်တော့ လူကြီးတွေ မသိအောင် စာရွက်ပေါ်မှာ စာဖြင့် ရေးပြီး အသံတိတ် ဆက်သွယ် စကားပြောမိကြပေလိမ့်မည်။ ခုတော့ တစ်ယောက်ကိုတစ်ယောက် မကြည့်မိအောင်ပင် ကြိုးစား ရှောင်လွှဲနေကြသည်။

ရက်တွေ ကြာလာတော့လည်း နည်းနည်းရိုးလာသည်။ တစ်ယောက် ရှေ့မှာ တစ်ယောက် စိတ်ကျဉ်းကျပ်တာမျိုး လျော့ပါးလာသည်။ စကားအနည်းငယ် ပြောဖြစ်လာသည်။

"လူလှကော စာတွေ ကျက်ရဲ့လား"

ဟု သူက မေးသည်။

"ကျက်တယ် ထင်တာပဲ၊ ဒါပေမယ့် ဒီကောင်က နည်းနည်းပေါ့တယ်"

"သူ့အမေဆိုင်လည်း ကူရသေးတာကိုး၊ အေးလေ... သူ့တို့တွေ့ရင် စာလည်း ကြည့်ဦးလို့ ပြောလိုက်ပါ"

ကျွန်တော်သည် သူ့အနားမှာ ထိုင်ပြီး စာကြည့်ရသည်ကို အတော်သလိုလို ဖြစ်လာပြန်သည်။ ညနေ ထမင်းစားပြီးသည်နှင့် သူတို့အိမ်ဘားဖို့ လွယ်အိတ်တပြင်ပြင် ဖြစ်နေရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ကိုကုလားကြီး ထုံးစံအတိုင်း ခဲတုပေဒတွေ အဆွဲလေ့ကျင့်ခိုင်းပြီး လက်ဖက်ရည်ဆိုင် ထွက်သွားသည်။ စားပွဲပေါ်တွင် ကိုကုလားကြီး တင်ထားခဲ့သော ဝတ္ထုစာအုပ်တစ်အုပ် တွေ့သည်။ တက္ကသိုလ် ဘုန်းနိုင်၏ သူငယ်ချင်းလို့ ဆက်၍ခေါ်မည် ခိုင် ဝတ္ထု။ ကျွန်တော်က စာအုပ်ကို လှမ်းယူပြီး. . .

"နင် ဖတ်ပြီးပြီလား"

ဟု မေးသည်။ သူက. . .

"စာမေးပွဲ နီးနေတော့ အစ်ကိုက ဝတ္ထုတွေဘာတွေ မဖတ်ရဘူး ပြောထားတယ်၊ ဒါပေမယ့် ငါ ခိုးဖတ်နေတာ တစ်ဝက်လောက် ရောက်သွားပြီ"

"ကောင်းလား"

သူ ခေါင်းညိတ်ပြပြီး. . .

"ကောင်းတယ်ဟ၊ ဒါပေမယ့် စာမေးပွဲ ပြီးမှပဲ ဆက်ဖတ်တော့မယ်"

ကျွန်တော်က စာအုပ်ကို လှန်ကြည့်သည်၊ စာအုပ်ကြား တစ်နေရာတွင် စွယ်တော်ရွက်တစ်ရွက် ညှပ်ထားသည်။ ကိုကုလားကြီးပဲ ညှပ်ထားသလား၊ အေးမြပဲလား မသိ၊ သူ့ကို ပြန်ကြည့်လိုက်တော့ ခါတ်ငွေ့ထုတ်ဖော်သည့် သရုပ်ပြပုံကို ငုံ့ပြီး ဆွဲနေသည်ကို တွေ့ရ၏။

ကျွန်တော်သည် သူ့ကို ငေးကြည့်နေမိသည်၊ သူ့ပါးပြင်ပေါ်မှာ ပါးကွက်တင်ထားသည်။ ဆံပင်သည် အရင်လို ကုတ်ပေါ် ဝဲကျရုံလောက် မဟုတ်တော့။ ခါးလယ်လောက်ထိ ရှည်လျားနေပြီး အရင်းမှ သားရေကွင်းနှင့် စုစည်းထားသည်၊ သူသည် နှုတ်ခမ်းစွန်းကလေးကို ကိုက်ပြီး ပုံကို စိတ်ပါဝင်စားစွာ ဆွဲနေသည်၊ သူ့နှုတ်ခမ်းသည် ကိုက်ထားသည့်နေရာအနီးတွင် အရောင်ဖျော့နေပြီး ကျန်တစ်ပြင်လုံးက ရဲရဲကလေးဖြစ်နေ၏။

သူ ကျွန်တော့်ကို ဖျတ်ခနဲ မော့ကြည့်သည်။ မျက်လုံးချင်း ခဏဆုံ၏။ ချက်ချင်း မျက်လွှာချသွားသည်။ ကျွန်တော်လည်း ခေါင်းပြန်





ပြီး ခဲတံကို ကိုင်လိုက်သည်။ ဆွဲလက်စပုံကို ဆက်ဆွဲသည်။ ခါတ်ငွေ့ပြွန်ချောင်းသည် နည်းနည်း ကောက်သွားလေသည်။

သူ့ကို နောက်တစ်ကြိမ် ပြန်ကြည့်လိုသောဆန္ဒ ပြင်းထန်စွာပေါ်လာပြန်သည်။ သို့ရာတွင် မကြည့်ရဲတော့ပြန်။ မျက်လုံးတစ်ချက်ပြန်ကြည့်ဖို့ကိစ္စမှာ မျက်ခွံသည် အိပ်ဆေးမိထားသူ တစ်ယောက်လို လွန်လေးလံနေ၏။ ကြိုးစားနေတုန်း. . .

"ကော်ဖီသောက်မလား"

ဟု သူမေးသည်။ ကျွန်တော် သူ့ကို မကြည့်ဘဲ ပုံထဲမှာ စိတ်ဝင်စားနေဟန်ဖြင့် ခေါင်းသာ ညိတ်ပြလိုက်သည်။

သူ ထထွက်သွား၏။ သူ သွားရာသို့ ကြည့်မိ၏၊ သူ့အတန်းထဲက ကောင်တွေက "တင်အေးမြ ဖင်ကလေးလှ" ဟု စကြသည့် အကြောင်းကို ဖျတ်ခနဲ သတိရသည်။

သူသည် တကယ်ပင် လှလာပါပေသည်။

...ဘဘဘ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သင်္ချာဂုဏ်ထူးဖြင့် အောင်သည်။ အေးမြင့က ဓာတု နှစ်ဘာသာ ဂုဏ်ထူးပါသည်။ လူလှကတော့ ဘာဂုဏ်ထူးမှ မရ စာမေးပွဲလည်း မအောင်ချေ။

လူလှ စာမေးပွဲကျသည့်အတွက် ကျွန်တော်တို့ စိတ်မကောင်းကြ။ သူငယ်ချင်းသုံးယောက်တွင် နှစ်ယောက်က အောင်ပြီး တစ်ယောက်က ကျသည့်အတွက် တစ်ကြောင်း၊ လူလှသည် ကျွန်တော်တို့အထဲတွင် အားအပယ်ဆုံးသူ ဖြစ်သောကြောင့် တစ်ကြောင်း ပို၍ စိတ်မကောင်း ဖြစ်ရခြင်းပင်။

လူလှကတော့ ဘာမှ စိတ်ထိခိုက်ပုံ မရချေ။

"ငါ ကျမယ်ဆိုတာ အစကတည်းက သိသားပဲ"

ဟု ခပ်အေးအေး ပြောသည်။

စာမေးပွဲ အောင်စာရင်း ထွက်သည့်နေ့က ကျွန်တော်တို့ သုံးယောက် ဆုံမိကြသည်။ လူလှ စာမေးပွဲကျသဖြင့် စိတ်မကောင်း ဖြစ်သည်ကို အကြောင်းပြုပြီး ထူးခြားစွာပင် ငယ်ငယ်တုန်းကလို ရင်းနှီးမှု





ပြန်လည် ရဖြစ်လိုက်၏။ လူလှ စာမေးပွဲကျသဖြင့် ဝမ်းနည်းရတာက တစ်မျိုး၊ ခုလို သူငယ်ချင်းသုံးယောက် ပြန်လည် ဆုံတွေ့ရသဖြင့် ဝမ်းသာရတာက တစ်မျိုး။ ခံစားမှုနှစ်မျိုးကို တစ်ပြိုင်တည်း ရလေသည်။

"နင်က ပေါ့ဆလို့ပါဟာ၊ နင် ဒီလောက် ညံ့တာမှ မဟုတ်ဘဲ"

ဟု အေးမြင့က အားပေးစကား ပြောသည်။ ကျွန်တော်ကလည်း

"မင်း ကျောင်းပြန်တက်ပြီး ထပ်ကြိုးစားပေါ့ကွာ"

လူလှက. . .

"ငါ ကျောင်းပြန်မနေတော့ဘူး"

ဟု ပြောသည်။

"ဟင်. . . ဘာဖြစ်လို့လဲ"

"ငါ စာသင်ဖို့ စိတ်မပါတော့ဘူးကွာ၊ ပြီးခဲ့တဲ့ တစ်နှစ်လုံး ငါ ကျောင်းလာနေတာကလဲ မင်းတို့နဲ့ တွေ့ချင်လို့သာ လာတာ၊ ကျောင်းမှာ မင်းတို့ မရှိတော့ဘူးဆိုတော့ ငါ့အတွက် ကျောင်းတက်တာ ဘာအဓိပ္ပါယ်ရှိတော့မှာလဲ"

"ဟာ. . . နင်ကလဲ"

"ဟုတ်တယ်၊ နင်တို့ စဉ်းစားကြည့်လေ၊ ဆယ်တန်းအောင်တော့ ကော ငါ့အတွက် ဘာထူးမှာလဲ၊ တက္ကသိုလ် ဆက်တက်နိုင်မှာမှ မဟုတ်တာ ခုချိန်မှာ ငါ့အဖို့ ပညာသင်ဖို့ အချိန်မပေးနိုင်တော့ဘူးဟာ၊ ပိုက်ဆံရှာ အလုပ်လုပ်ရတော့မယ်ပေါ့ဟ"

"အလုပ်လုပ်ရင်း စာမေးပွဲ ပြန်ဖြေပေါ့ဟ"

"မဖြစ်နိုင်ပါဘူး၊ တစ်ခုခုကို စောက်ချလုပ်ရမှာ၊ အခု ငါတို့ အမေရဲ့ ဆိုင်ဆိုတာက အတည်တကျမှ မဟုတ်ဘဲ၊ ဈေးအပြင်တန်းမှာ ထိုင်ရောင်းရတာ၊ ပြီးတော့ ကြယ်သီးတို့၊ ကလစ်တို့၊ အပ်ချည်လုံးတို့ ပစ္စည်းကတီးချောက်ချက် ရောင်းနေရတာ၊ ထမင်းနပ်မှန် စားရဖို့တောင် မနိုင်နိုင်ပဲ၊ ငါ အဲဒီလို ဘဝမျိုးမှာ မနေချင်တော့ဘူး၊ တိုးတက်ကြီးပွားအောင် စီးပွားရှာချင်တယ်၊ ငါ့အတွက် ကျောင်းပညာနဲ့ အကျိုးပေးမှာ မဟုတ်ပါဘူး၊ ဒီလောက်ထိ တတ်တာပဲ တော်လှပြီ၊ ခုကတည်းက အပြင်း



www.burmeseclassic.com

www.burmeseclassic.com



အထန် ကြိုးစားမှ ငါရောက်ချင်တဲ့ အခြေအနေမျိုးကို ရမှာ"

သူ့အကြောင်းပြချက်က ခိုင်လုံသည်။ လက်တွေ့ကျသည်။ တော်တို့က ဖြစ်စေချင်သည့်ဆန္ဒကိုသာ ပြောနေခြင်း ဖြစ်သည်၊ အတွက်တော့ သူများတကာလို အေးအေးချမ်းချမ်း ပညာသင်ကြားနိုင် မရှိချေ။ သူ့အတွက် အလုပ်တစ်ခုခု လုပ်ခြင်းသည်သာ အသင့်တော် ဖြစ်ကြောင်း သဘောတူရသည်။

"နင် ဘယ်တက္ကသိုလ် လျှောက်မယ် စိတ်ကူးလဲ"

ဟု အေးမြက ကျွန်တော့်ကို မေးသည်။

"ငါ့အမှတ်က သိပ်များလှမယ်တော့ မထင်ဘူးဟ၊ အမှတ်စာ ရမှပဲ သင့်တော်တဲ့ဟာ လျှောက်ကြည့်ရမှာပဲ၊ နင်ကော ဘာလျှောက်မ

"ငါ လုပ်သားကောလိပ် လျှောက်မလို့"

"ဘာ. . ."

ကျွန်တော် အံ့သြသွားသည်။ ကျွန်တော်သာ မဟုတ်၊ လူ လည်း အံ့သြသွားရ၏။

"ခုန လူလူ ပြောသလိုပေါ့ဟာ၊ လူဆိုတာ ကိုယ့်အခြေအ ကိုယ် သင့်တော်ရာ လုပ်ကြရမှာပဲ မဟုတ်လား"

"နင် တကယ် ပြောနေတာလား အေးမြ"

ကျွန်တော်က မယုံနိုင်သလို မေးလိုက်သည်။

"ငါက နောက်ရမှာလားဟ၊ နင်က ငါတို့အိမ်ဘက် အ အပေါက် နည်းသွားလို့ သိပ်မသိတော့တာ၊ ငါ့အိမ်ရဲ့ အခြေအ အရင်ကလို သိပ်ချောင်ချောင်လည်လည် မဟုတ်တော့ဘူး၊ တို့အ လခတစ်ခုတည်းကို အားလုံးက မှီခိုပြီး နေကြရတာ မဟုတ်လား၊ နောက်ပိုင်း ငွေကြေးကျပ်တည်းလာ၊ သားသမီးတွေ ကြီးလာတော့ ကလည်း တက်လာပြီလေ၊ အဖေက မဟုတ်တာလည်း မလုပ်တ ဒီတော့ ရတဲ့လခနဲ့ အိမ်စရိတ်နဲ့ ကာမိရုံလောက်ပဲ၊ ငါတို့ကားလေး ရောင်းလိုက်ရတာ နင် သိသားပဲ"

"ငါက ရုံးကားရှိလို့ ရောင်းလိုက်ရတာလို့ ထင်နေတာ"





"နင်တို့အခြေအနေက ဒီလောက်လဲ မဆိုးသေးပါဘူးဟာ"

ဟု လူလူက ဝင်ပြောသည်။ အေးမြက. . .

"အေး. . . ခုတော့ သိပ်မဆိုးဘူးပေါ့၊ နောက် ဒီထက် ကျပ်လာမယ့် အခြေအနေ ဖြစ်လာနိုင်တယ်၊ ဒါကြောင့် ခုကတည်းက ကြိုပြီး ပြင်ဆင်ရတာပဲဟ၊ ငါ အလုပ်ဝင်လုပ်မယ်၊ ပြီးတော့ လုပ်သားကောလိပ် တက်မယ်"

အေးမြက ယတိပြတ် ဆုံးဖြတ်ပြီးဟန်ဖြင့် ပြောသည်။

ကျွန်တော်သည် အကြီးအကျယ် အံ့သြနေသဖြင့် ဘာပြောရမှန်း တောင် မသိတော့ချေ။ ကျွန်တော်တို့ သူငယ်ချင်း သုံးယောက်တို့သည် အတော်ကြာအောင် ဆက်ဆံရေး အေးစက်နေခဲ့ကြရာမှ ဒီနေ့တွင် ထူး ခြားစွာ ပြန်ဆုံကြသည်။ ထို့အတူ ဒီနေ့မှာပင် လမ်းခွဲအသီးသီးပေါ်သို့ စတင် ရောက်ရှိခဲ့ကြပြန်သည်။

ကျွန်တော်သည် ဝမ်းနည်းသလို ဖြစ်လာ၏။

ကျွန်တော်က စီးပွားရေး တက္ကသိုလ် တက်ခွင့်ရသည်။ အေးမြ က သူတို့အဖေ လိုက်ပြောပေးသဖြင့် အလုပ်ရသည်။ ဗဟိုစာတိုက်ကြီး မှာ။ ညဘက် လုပ်သားကောလိပ် တက်သည်။ လူလူကတော့ အလုပ်ထဲ ခြေစုံပစ် ဝင်သွားပြီ။ သူ့အလုပ်က ဈေးထဲမှ ဆိုင်များအတွက် ကုန် ပစ္စည်းများကို ကီလီဒိုင်တွေမှာ သွားဝယ်ပေးခြင်း ဖြစ်သည်။ ထိုအတွက် သူက လုပ်အားခ ရသည်။

ကျွန်တော့်အတွက် တက္ကသိုလ် ကျောင်းသားဘဝသည် ထင်သ လောက် ပျော်စရာ မဖြစ်ခဲ့ချေ။ ဟိုအရင်က ကျွန်တော့် စိတ်ကူးက အေးမြနှင့် ကျွန်တော် ကျောင်းအတူတူ တက်ကြမည်။ ဘာသာရပ်တစ်ခု တည်း လျှောက်ကြမည်။ ထိုအခါ ကျောင်းသွားကျောင်းပြန်လည်း အတူ တူ။ တစ်ခါတစ်ရံ လူလူ့ကို ကျောင်းထဲ အလည်ခေါ်ပြီး ကျွန်တော်တို့ သုံးယောက် အင်းလျားမှာ ဘူးသီးကြော် သွားစားကြမည်။ ပြီးတော့ ဘန်စပ်မှာ ထိုင်၍ စကားတွေ ပြောကြမည်။ ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ခုတော့ ကျွန်တော် တစ်ယောက်တည်းသာ။ ရွှေစက်တော် ဘုရားမှာတုန်းက အဖော်မစုံ အရှုဏ်မတက်နဲ့ ဆိုသော စကားကို သတိရသည်၊ ဒီမှာတော့ အဖော်မပါ တက္ကသိုလ် မလာနဲ့ဟု ဆိုရမလိုပင်။

တက္ကသိုလ်သည် အငွေ့အသက်ကိုက လွမ်းမောဖွယ် အတိ။ ကျောင်းထဲ ဝင်လိုက်သည်နှင့် ရှူရှိုက်လိုက်ရသော လေ၏အနံ့ကိုက ပြောင်းလဲသွားသည်။ ဆွတ်ပျံ့မှုတွေ ရောပြွမ်းနေသော ရနံ့။ တခြားသူတော့ မသိ။ ကျွန်တော့်အဖို့တော့ ကျောင်းထဲ ဝင်လိုက်လျှင် အတိတ်ကာလ တစ်ခုခုဆီသို့ ပြန်ရောက်သွားသလို ခံစားရသည်။ အနာဂတ်ဆိုသည်မှာ မျှော်လင့်ခြင်းဟု ဆိုလျှင် အတိတ်ဆိုသည်မှာ လွမ်းဆွတ်ခြင်းဟု အဓိပ္ပါယ် သတ်မှတ် ဖွင့်ဆိုချင်သည်။

ကျောင်းမှာ ကျွန်တော့်အတွက် အဖော်မရှိ။ ပထမနှစ် တက်ခါစ ဖြစ်၍ အတန်းသူ အတန်းသားများသည် တစ်ယောက်နှင့်တစ်ယောက် စိမ်းနေကြသေးသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း လူအများနှင့် ရောရောနှောနှော နေတတ်သူမဟုတ်။ လူတစ်ယောက်ကို တွေ့တွေ့ချင်း မိတ်ဖွဲ့ ပေါင်းသင်းတတ်သူ မဟုတ်၊ အပေါင်းအသင်းလည်း နည်းသည်။ သူငယ်ချင်း တစ်ယောက်နှစ်ယောက်ကို အသေခွဲမြဲ ပေါင်းသင်းတတ်သူ ဖြစ်သည်။

ဆယ်တန်းစာမေးပွဲတွင် ကျွန်တော်တို့ အတန်းထဲက ဆ ယောက် အောင်သည်။ တချို့က တခြားတက္ကသိုလ်တွေ ရောက်သွားသည်။ လုပ်သားကောလိပ် တက်ကြသည်။ ဝိဇ္ဇာသိပ္ပံမှာတော့ မိန်းကလေး သုံးယောက် ရှိသည်၊ သို့ရာတွင် ကျွန်တော်က မိန်းကလေးဆိုလျှင် အေးမြတစ်ယောက်လောက်သာ ရင်းရင်းနှီးနှီး ရှိသဖြင့် သူတို့နှင့်လည်း မဆုံကြတော့။

အေးမြတို့ လှလှတို့ကို ကျောင်းထဲ လာလည်ဖို့ ခေါ်သေးသည်။ သူတို့က အကြောင်းအမျိုးမျိုး ပြပြီး မလာဖြစ်ခဲ့ကြချေ။ လှလှက အလုပ်တွေ သိပ်များလို့၊ အေးမြကတော့ အလုပ်ဝင်ခါစမို့ ခွင့်မယူချင်သေးသ





ဟု ဆိုသည်။

တကယ်တော့ သူတို့ တမင်မလာဘဲ နေခဲ့ကြခြင်း ဖြစ်ကြောင်း ကျွန်တော် သိသည်၊ လှလှသည် ဆယ်တန်းမအောင်ခဲ့။ အောင်လျှင်လည်း တက္ကသိုလ်ကျောင်းသားဘဝကို စိတ်တောင် ကူးလို့ မရနိုင်၊ ထို့ကြောင့် သိမ်ငယ်စိတ်ဖြင့် မလာခြင်းဖြစ်သည်။ အေးမြကတော့ တက္ကသိုလ် တက်လျှင် ဖြစ်နိုင်သော်လည်း အခြေအနေအရ မတက်နိုင်။ သို့ဖြစ်၍ ကျောင်းထဲကို လာလျှင် ဝမ်းနည်းရလိမ့်မည်။

သုံးယောက်ထဲတွင် ကျွန်တော်သည် ကံအကောင်းဆုံး ဆိုရမလား မသိ။ သူတို့လို အလုပ်လုပ်စရာ မလို။ လွတ်လွတ်လပ်လပ် ကျောင်းတက်နိုင်သည်။ ဘဝသက်တမ်းတစ်လျှောက် ပျော်မွေ့ဖွယ် အကောင်းဆုံး ဆိုသော တက္ကသိုလ်ကျောင်းဘဝကို လွတ်လွတ်ကျွတ်ကျွတ် သိတွေ့ခွင့် ရသည်။

သို့ရာတွင် ကျွန်တော့်ဘဝကို အားမကျချေ။ အေးမြလို အလုပ်လုပ်ပြီး လုပ်သားကောလိပ် တက်ရ အကောင်းသားဟု မကြာခဏ တွေးမိသည်။ ဒါဆို အေးမြနှင့် အတူတူ ကျောင်းတက်ရမည်။ အလုပ်လုပ်လျှင်လည်း အေးမြ လုပ်သော ဌာနမှာပင် ဝင်လုပ်ချင်သည်။ စိတ်ကူးသည်။

အားလပ်ချိန်များတွင် တစ်ယောက်တည်း ဦးတည်ရာ လျှောက်သွားသည်။ တစ်နေရာရာမှာ ထိုင်ပြီး တွေးနေငေးနေသည်။ တစ်ခါတစ်ရံ စာကြည့်တိုက်မှာ သွားထိုင်ပြီး စာဖတ်သည်။ အတွဲတွေ ပေါသည် ဆိုသော အင်းလျားကန်စပ်ဘက်ကို ကျွန်တော် မသွား။ ဘာကြောင့်မှန်း မသိ၊ အဲဒါတွေ ကျွန်တော် မကြည့်ချင်။

တစ်ရက်တွင် လှလှနှင့် ကျွန်တော် ချိန်းပြီး အေးမြတို့ရုံးကို သွားလည်သည်။ အေးမြကိုတော့ ကြိုပြီး ပြောမထားခဲ့။ ကျွန်တော်တို့ မမျှော်လင့်ဘဲ ရောက်လာသဖြင့် အေးမြသည် အံ့သြဝမ်းသာနေသည်။

"နင်တို့ကို လက်ဖက်ရည် လိုက်တိုက်မယ်၊ အရာရှိကို သွားပြောခဲ့ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အခန်းထိပ်က စားပွဲမှာ ထိုင်နေသူထံသို့ သွားခွင့်တောင်းသည်။ အရာရှိဆိုသူသည် အသက်သိပ်မကြီးလှသေး။ သုံးဆယ်အောက်မှာသာ ရှိမည်။ သပ်သပ်ရပ်ရပ် သားသားနားနား ဝတ်စားထားသည်။ ရုပ်ရည်ကလည်း သန့်သန့်ပြန့်ပြန့် ရှိသည်။ စောစောက အေးမြနှင့် ကျွန်တော် စကားပြောနေတုန်း သူက မသိမသာ လှမ်းအကဲခတ်သည်ကို သတိပြုမိသည်။ သူ အေးမြကို ဆက်ဆံ ပြောဆိုပုံက လိုက်လိုက်လျောလျော ချိုချိုသာသာ ရှိလှသည်။ အေးမြ ခွင့်တောင်းပြီး ပြန်အလှည့်တွင် တစ်စုံတစ်ခု လှမ်း၍ နောက်ပြောင်ပြီး ရယ်မောလိုက်သည်ကို တွေ့ရ၏။

ကျွန်တော်တို့ လှေကားမှ ဆင်းလာကြရင်း လှလှက...

"ငါတို့မှာ နင်နဲ့ တွေ့ချင်လို့ တကူးတက လာရတာ၊ လက်ဖက်ရည် တစ်ခွက်လောက်ပဲ တိုက်မှာဆိုတော့ မတန်ဘူးဟာ"

ဟု ပြောသည်။ အေးမြက...

"ဟယ်... ငါကလည်း အလွယ်တကူ ပြောလိုက်တာပါ။ စားချင်တာ စားလို့ရပါတယ်၊ ဆီချက် စားမလား"

ကျွန်တော်က ဝင်၍...

"နေပါစေဟာ၊ လက်ဖက်ရည်ဆိုင်ကျမှ မုန့်တစ်ခုစီ လိုက်ကျွေးနော်"

"အေးပါ၊ ဟင်... နင်"

ခုန သတိမထားမိဘဲ ခုကျမှ ကျွန်တော့်လက်ကြား ညှပ်ထားသော ဒူးယားစီးကရက်ကို မြင်သွားသည်။ သူက ရယ်၍...

"နင်က တက္ကသိုလ် ရောက်လာလို့ နင့်ကိုယ်နင် လူကြီးဖြစ်ပြီ ဆိုပြီး ဆေးလိပ်တွေ ဘာတွေနဲ့ပေါ့ ဟုတ်လား"

"ကျောင်းမှာ တစ်ယောက်တည်း ပျင်းလို့ ဖွာတာပါဟာ၊ အတွက် အဖော်ဆိုလို့ ဒါပဲ ရှိတာပဲ၊ တကယ်တော့ ဆေးလိပ် ဆို သိပ်သစ္စာရှိတယ်"

"အင်း... ပြောစမ်းပါဦး"

"မောင်မောင်စနေရဲ့ ကဗျာတစ်ပုဒ် မဖတ်ဖူးဘူးလား၊





လိပ် ဆိုတာ သူ့ချည်းသာ ထား တိုမသွားချေတဲ့"

"အဲဒါ ဘာဖြစ်လဲ"

"နင် စဉ်းစားကြည့်လေ၊ ဆေးလိပ်ဆိုတာ မီးမညှိမချင်း ဘယ်တော့မှ ပြောင်းလဲမသွားဘူး၊ တိုမသွားဘူး၊ လူကတော့ ဒီလို မဟုတ်ဘူးလေ၊ နည်းနည်း အနေဝေးတာနဲ့ စိမ်းသွားတတ်တယ်"

"အမယ်... နင်က ငါ့ကို စောင်းပြောနေတာလား၊ ငါက နင်တို့အပေါ်မှာ ဘယ်တော့မှ မစိမ်းဘူး သိလား"

"ဇော်ထူး... ဆေးလိပ်ဆိုတာ မီးမညှိမချင်း တိုမသွားဘူး ဆိုတာ မှန်တယ်၊ ဒါပေမယ့် ဆေးလိပ်တစ်လိပ်ကို မီးမညှိဘဲ အကြာကြီးခဲထားရင် မှိုတက်သွားတတ်တယ်"

လှလှက ဝင်ပြောရာ အေးမြက ရယ်၍...

"လုပ်ပြန်ပြီ တစ်ယောက်က၊ ငါက မှိုတက်ရဦးတော့မှာလားဟ"

လက်ဖက်ရည်ဆိုင် ထိုင်မိကြတော့ လှလှက ငါဆာပြီဟာ ဆိုပြီး ပေါက်စီတစ်လုံး ယူစားသည်။ ကျွန်တော်က ကော်ပြန့်ကြော်၊ အေးမြက ခဲပေါင်မုန့် စား၏။ လက်ဖက်ရည် သောက်ကြရင်း...

"ကဲ... တက္ကသိုလ် ကျောင်းတော်သားကြီး၊ ပြောစမ်းပါဦး ကျောင်းက အတွေ့အကြုံလေးတွေ၊ ခုမှပဲ မေးရတော့တယ်၊ နင်နဲ့ ငါနဲ့က အိမ်ချင်းသာ ကပ်နေတာ၊ အေးအေးဆေးဆေး တစ်ခါမှ မတွေ့ရတော့ဘူးနော်၊ နင်ကလည်း ကျောင်းတက်၊ ငါကလည်း ရုံးတက်၊ ညကျတော့လည်း ငါက ကျောင်းဆက်တက်ရနဲ့"

"တက္ကသိုလ် အတွေ့အကြုံကတော့ သိပ်မထူးပါဘူးဟာ၊ ဝတ္ထုတွေထဲက အတိုင်းပါပဲ၊ ငါ့အတွက် အတွေ့အကြုံကတော့ တက္ကသိုလ်ဆိုတာ ပျင်းရိငြီးငွေ့စရာကြီးပါလားလို့ပဲ ပြောရမှာပဲ"

"နင် အဖော်လေးဘာလေး မတွေ့သေးဘူးလား"

အေးမြက ပြုံးစစ မေးသည်။

"အဖော်ရှာဖို့ နေနေသာသာဟာ"

"ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဘာဖြစ်နေတယ်လို့ ပြောရမှန်းတောင် မသိတော့ဘူး"

ရယ်ကြသည်။

"ငါ့စိတ်က တစ်မျိုးပဲ၊ အစွဲအလမ်း ကြီးတယ် ခေါ်မလား မသိဘူး၊ ကျောင်းမှာ တွေ့တဲ့လူတွေကို သိပ်မခင်ပါဘူး၊ သူငယ်ချင်းလို့ မသတ်မှတ်ချင်သလိုပဲ၊ ငယ်ငယ်ကတည်းက ခင်ခဲ့တဲ့ သူငယ်ချင်းတွေကိုပဲ ငါခင်တယ်"

"ဝမ်းသာပါတယ်ဟာ၊ ဒါပေမယ့် တစ်နေ့နေ့တော့ နင် ငါတို့ထက် ခင်တဲ့သူ တွေ့ဦးမှာပေါ့"

"ငါတော့ မထင်ပါဘူးဟာ၊ ကဲ. . . ထားစမ်းပါ ဒါတွေ နင်တော့ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ဒီရုံးမှာက ရုံးသူရုံးသားချင်း မိသားစုလိုပဲဟ"

"ဟုတ်လား"

ကျွန်တော့်လေသံမှာ ငေါ့သလိုလို ဖြစ်သွားသည်။ စောစောက အရာရှိဆိုသူကို မြင်ယောင်လိုက်သောကြောင့် ဖြစ်သည်။ အေးမြကတော့ မရိပ်မိလိုက်။

"နင် ရုံးက ဆင်းတော့ ကျောင်းဆက်တက်ရတာ ပင်ပန်းမှာပဲနော်"

လူလူက မေးသည်။

"ဒီလိုပဲပေါ့ဟာ ငါတို့ လုပ်သားကောလိပ်မှာ ငါ့ထက် ဆိုးတဲ့လူတွေချည်းပဲ၊ တချို့ဆို ဘွဲ့ရမှ ရာထူးတိုးမှာမို့လို့သာ ကျောင်းလာတက်နေရတာ၊ အိမ်မှာ ကလေးတွေ တစ်ပြုံကြီးကို ဖြစ်သလို ပစ်ထားခဲ့ရတာ"

"နင်တို့ဘဝတွေက တော်ပါသေးတယ်ဟာ၊ အခု ဒုက္ခခံရပေမယ့် ဘွဲ့တွေ ရမယ်၊ ရာထူးတိုးမယ်ဆိုတဲ့ မျှော်လင့်ချက် ရှိသေးတယ်၊ ငါ မြင်နေရတဲ့ ဘဝတွေကမှ ဘာမျှော်လင့်ချက်မှ မရှိဘဲ၊ လုပ်နေကြရတာ ဘာအတွက် လုပ်နေကြရတာလဲလို့ သူတို့ကို မေးရင် မသေအောင် ထမင်းစားဖို့လို့ ပြောကြမှာ"





"နင်ကကော"

လူလူ့ကို အေးမြက မေးသည်။

"အေး. . . ငါကတော့ သူတို့လို မဟုတ်ဘူး၊ လက်ရှိအခြေအနေထက် တိုးတက်ဖို့ အမြဲ ကြံစည် စိတ်ကူးနေတာပဲ၊ ငါ အဲဒီလို စိတ်မျိုး ရှိတာလည်း နင်တို့နဲ့ ပေါင်းတဲ့ ကျေးဇူးပဲ၊ ငါသာ နင်တို့နဲ့ မတွေ့ခဲ့ရင် ခုထိ မုန့်ဖက်ထုပ် ရောင်းချင် ရောင်းရမှာပဲ"

လူလူက သူ့အလုပ်အကြောင်းကို ဆက်၍ ပြောပြသည်။

"ဈေးထဲက ဆိုင်တွေ အထူးသဖြင့် ကုန်စိမ်းတို့ ငါးသည်တို့က ကီလိမှာ သွားပြီး ပစ္စည်းစောင့်ယူကြရတယ်၊ တစ်ခါတစ်လေ ညဆယ့်တစ်နာရီ ဆယ့်နှစ်နာရီထိ၊ တစ်ခါကျတော့ မနက် သုံးလေးနာရီ ထသွားချင် သွားရတာ၊ တချို့ဆိုင်တွေက အဲဒီလို သွားမစောင့်နိုင်တော့ သူများဆီက လက်ဝေခံ ပြန်ယူရတယ်၊ ဈေးပိုပေးရတဲ့အပြင် ပစ္စည်းကျတော့ သူများ မလိုချင်တာမှ ရတော့ သိပ်မကိုက်ဘူးပေါ့၊ အဲဒီလို ဆိုင်တွေ စုပြီး ငါက သူတို့အတွက် ပစ္စည်းသွားယူပေးတာ လုပ်အားခ ရတာပေါ့၊ ဒါ့အပြင် တစ်ခါတစ်လေ အဆင်သင့်တဲ့အခါ နယ်က လာတဲ့လှေတွေ သမ္ဘာန်တွေဆီ တိုက်ရိုက် ဆင်းဝယ်ပြီးတော့ ဈေးထဲက ဆိုင်တွေကို ဒိုင်ဈေးနဲ့ ပြန်ပေးတော့ ငါ့အတွက်လည်း ကျန်တာပေါ့ကွာ"

"မင်း ကြိုးစားရင် ကြိုးစားသလောက် ရနိုင်တာပေါ့"

"အေး. . . ဟုတ်တယ်၊ ငါကလည်း ကြိုးစားတယ်၊ အခု ငါ ပိုက်ဆံစုနေတယ်ကွ"

"ဘာလုပ်ဖို့လဲ မိန်းမ ယူမလို့လား"

ကျွန်တော်က ဝင်နောက်သည်။ လူလူက လက်ဝါးကို တဖုပ်ဖုပ် ခါပြပြီး. . .

"မိန်းမ နေနေသာသာကွာ"

သူ ရယ်၍. . .

"အေး. . . ငါကလည်း မင်းလိုပဲ၊ ဘာဖြစ်တယ်လို့ ပြောရမှန်းတောင် မသိတော့ဘူး၊ ယားလို့တောင် မကုတ်အားဘူးလို့ ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကွ၊ ငါ ပိုက်ဆံစုနေတာက ဈေးထဲမှာ ဆိုင်ခန်းကလေးတစ်ခန်း ငှားချင်လို့၊ ပြီးရင် အမေ့ကို ဆိုင်ထိုင်ခိုင်းမယ်၊ ကီလီဗိုင်တွေက ငါ့နဲ့ ခင်နေတော့ ပစ္စည်းကို အကြွေးယူလို့ရတယ်၊ တစ်ပတ်တစ်ခါ နှစ်ပတ် တစ်ခါ ငွေရှင်းလို့ရတယ်လေ”

လူလှက အားတက်သရော ပြောနေသည်။ သူ့အဝတ်အစားများ သည် အရင်ကထက် ပိုပြီး အတန်ငယ် သပ်ရပ်သားနားလာကြောင်း သတိပြုမိသည်။

သူတို့ရုံးသို့ သွားလည်သဖြင့် အေးမြ အံ့ဩဝမ်းသာသလို ကျွန် တော်တို့ ကျောင်းသို့ လူလှ လာလည်သဖြင့် ကျွန်တော် အံ့ဩ ဝမ်းသာရ သည်။

ကျွန်တော် အတန်းပြီး၍ စားသောက်ဆိုင်တန်းဘက် ထွက်လာ သောအခါ ကျောင်းအဆောက်အအုံရှေ့ ဆင်ဝင်အောက်က အုတ်ခုံမှာ ယောင်ချာချာ ထိုင်စောင့်နေသော လူလှကို တွေ့လိုက်ရလေသည်။

“ဟာ. . . ဟေ့ကောင် လူလှ”

ကျွန်တော် ဝမ်းသာအားရ ခေါ်ပြီး သူ့ဆီ ပြေးသွားသည်။ လူလှလည်း ကျွန်တော့်ကို မြင်တော့မှ စောစောက ငယ်နေသောမျက်နှာ လန်းဆန်းလာသည်။ နှစ်ပေါင်းများစွာ ကွဲနေသူတစ်ယောက်အား ပြန်ဆုံ လိုက်ရသလို ကျွန်တော့်လက်မောင်းကို အားပါးတရ ဆွဲကိုင်လှုပ်ယမ်းပြီး

“မင်းကို တွေ့မှ တွေ့ပါ့မလားလို့ကွာ”

ဟု ပြောသည်။

“မင်းကလဲ ကျောင်းထဲ လာချင်ရင် ကြိုပြောရောပေါ့၊ ဒါမှ မဟုတ် မနက်ကတည်းက ငါနဲ့ အတူတူ လိုက်လာခဲ့ ပြီးရော”

“မနက်က ငါးနာရီလောက်မှ အိမ်ပြန်ရောက်တာကွ၊ ခုလည်း လှည်းတန်းဈေးဘက် လာရင်းနဲ့ မင်းကို သတိရလို့ ဝင်လာတာ၊ ငါ့နှယ် ကွာ၊ ကြောင်လိုက်တာ၊ မင်းအတန်းကိုလည်း မရှာတတ်တော့ မုန့်စား ဆင်းချိန်တော့ မင်း ထွက်လာမှာပဲဆိုပြီး ဆင်ဝင်အောက်က ထိုင်စောင့် နေရတာ”





“မင်း ကံကောင်းသွားတယ် ဟေ့ကောင်၊ ဒီနေ့က ဆယ်နာရီထိ အတန်းရှိနေလို့၊ ဒီမှာက တို့ ဆယ်တန်းတုန်းကလို မုန့်စားဆင်းမှ အတန်း ပြင် ထွက်ရတာမျိုး မဟုတ်ဘူးကွ၊ အတန်းတစ်ချိန် ပြီးတာနဲ့ နောက်တစ် ချိန် မတက်ချင်ရင် ထွက်သွားလို့ ရတယ်၊ ငါသာ စောစောစီးစီး ထွက် သွားရင် မင်းနဲ့ ဘယ်တွေ့တော့မလဲ”

“တော်သေးတာပေါ့ကွာ၊ ငါ့မှာ မင်းနဲ့ တွေ့ချင်လို့သာ အရဲစွန့် ပြီး လာရတယ်၊ ခပ်လန့်လန့်ပဲ၊ မင်းကို ထိုင်စောင့်ရတာကလည်း ကြောင် တောင်တောင် နိုင်လိုက်တာ၊ ငါ့ကို သူများတွေကများ ဝိုင်းကြည့်နေ သလား၊ ကျောင်းသား မဟုတ်ဘဲ ကျောင်းထဲ လာလို့ ဝိုင်းလှောင်ကြ မလားနဲ့”

“ကျောင်းမှာ အားလုံးက သူလိုကိုယ်လို ချည်းပါပဲ၊ အပြင်က လည်း ကျောင်းထဲ ရောက်လာရင် ကျောင်းသားတွေနဲ့ ရောသွားတာပါ ဘယ်သူကမှ ဂရုစိုက် ကြည့်နေတာ မဟုတ်ပါဘူးကွ”

“ငါ့မှာ စာအုပ်တို့ လွယ်အိတ်တို့လည်း မပါဘူးလေ”

“ဘယ်သူမှ သတိမထားမိပါဘူးကွာ၊ ကဲ. . . မင်း လက်ဖက်ရည် သောက်မယ် မဟုတ်လား၊ အအေးသောက်မလား”

“ပြီးမှ သောက်တာပေါ့ကွ၊ မင်း ငါ့ကို ကျောင်းထဲ လိုက်ပြဦး ”

“အေး. . . ဟုတ်သားပဲ၊ လာကွာ၊ အဓိပတိလမ်းဘက်ကနေ ပြီးပြမယ်”

သူ့ကို ဘွဲ့နှင်းသဘင်ခန်းမ၊ သိပ္ပံဆောင်၊ ဝိဇ္ဇာဆောင်၊ အပန်း ဖြေရိပ်သာတို့ကို ပြပြီး ဂျပ်ဆင်ဘက် လျှောက်လာခဲ့ကြသည်။

“အဲဒါ ဂျပ်ဆင်ဆိုတာပဲ၊ ဟိုမှာက သီရိဆောင်၊ ဒီဘက်က ... ဆောင်၊ မင်းကို ကျောင်းထဲမှာ မသွားမဖြစ်တဲ့နေရာ ခေါ်သွားမယ် ... ဆိုင်လေကွာ”

သူသည် ကျွန်တော် ပြသော အရာများကို တအံ့တဩ ငေးမော ... ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ. . . ဒါကြောင့်လည်း တက္ကသိုလ်ဆိုတာ နာမည်ကြီး
တာပဲ၊ သိပ်ခမ်းနားတာပဲနော်၊ ငါတောင် ဆယ်တန်း ပြန်ဖြေပြီး တက္က
သိုလ် တက်ချင်စိတ် ပေါက်လာတယ်"

"ဖြေပါလားကွ"

"တော်ပါပြီကွာ၊ မဖြစ်နိုင်တာကို စိတ်ကူးမယဉ်တာပဲ ကောင်း
တယ်"

သူ့ကို ကျွန်တော် သနားသွားသည်။ သူ ဟိုကြည့်သည်ကြ
ရင်သပ်ရှုမော ဖြစ်နေပုံ၊ ပျော်ရွှင်စွာ နောက်ပြောင်နေသော ကျော
သားများကို ကြည့်၍ အားကျနေဟန် ရှိပုံ၊ တစ်ခါတစ်ခါ တခြားကျော
သားများနှင့် ပခုံးချင်း ယှဉ်လျှောက်မိသည့်အခါ မသိမသာ ကိုယ်ကလေး
ယို့သွားပုံတို့မှာ ဂရိတ်အိပ်စပက်တေးရှင်း ဝတ္ထုထဲမှ လန်ဒန်မှာ ကော
စားနေသော 'ပစ်'ထံ လာလည်သည့် တောသားကြီး 'ဂျိုး'ကို သတိရ
သည်။

ဦးချစ်ဆိုင်မှာ လက်ဖက်ရည် သောက်ပြီးနောက်. . .

"မင်း ပေါက်စီကြိုက်တယ် မဟုတ်လား၊ ဒီဆိုင်က ကောင်းတ
ကွ"

"တော်ပြီ၊ ငါ လှည်းတန်းက ထမင်းစားလာသေးတယ်"

သူသည် အတန်ငယ် အေးစပြုနေသော လက်ဖက်ရည်ကို မ
၍ မသောက်တော့ဘဲ ရေသောက်သလို တစ်ခါတည်း မော့ချပစ်လိုက်
သည်။ ဒူးယားတစ်လိပ်ကို မီးညှိ၍ မီးခိုးထောင်းထောင်း ထအောင်
ဖွာသည်။ သူ့ကို ကြည့်ရသည်မှာ စိတ်လှုပ်ရှားနေပုံ ရ၏။ ကျောင်း
အရှိန်အဝါကြောင့် ခုထိ နေသားကျဟန် မတူသေးချေ။ ကျွန်တော်
စီးကရက်ကို သောက်တတ်ခါစ ဖြစ်၍ သိပ်မရှိုက်ဘဲ သတိနှင့် မှုတ်
နေတုန်း. . .

"မင်းကို ငါ ပြောစရာရှိတယ်"

ဟု သူ ပြောသည်။

"ပြောစရာရှိ ပြောပေါ့ကွ၊ စကားပလ္လင်ခံနေဖို့ လိုသေးလို့လား





သူ ဈေးလာရင်းက ကျောင်းထဲကို အရဲစွန့်ပြီး ဝင်လာသည်
ဆိုသဖြင့် ကျွန်တော်နှင့် တွေ့ဖို့ တစ်ခုတည်း မဟုတ်နိုင်။ အရေးတကြီး
ပြောစရာတစ်ခု ရှိနိုင်သည်ဟု ခုမှ တွေးမိသည်။ ပိုက်ဆံများ လိုနေလို့
လား။ ကျွန်တော့်မှာတော့ ဆယ့်ငါးကျပ်လောက်ပဲ ပါသည်။ သူက. . .

"မင်း အေးမြတို့ရွာက အရာရှိဆိုတဲ့လူကို သတိထားမိလား"

"အင်း. . . သားတော့ သားသားနားနားပဲ"

"ဒီလူ့ကို မင်း ဘယ်လို ထင်သလဲ"

"မင်းကော ဘယ်လို ထင်သလဲ၊ မင်းထင်တဲ့အတိုင်းပဲ"

"ဒီလူက အေးမြကို သိပ်အရေးပေးပုံ ရတယ်ကွ၊ သူ ပြောပုံဆိုပုံ
တာ အထက်အရာရှိတစ်ယောက်အနေနဲ့ဆိုရင် သိပ်ချိုသာလွန်းတယ်၊ ငါ
တို့ ရောက်သွားတော့လည်း သူက ငါတို့ကို မသက်သာသလို ကြည့်တယ်ကွ၊
င်းလည်း သတိထားမိမှာပေါ့"

ကျွန်တော်က ခေါင်းညိတ်လိုက်သည်။

"မင်း ဘယ်လို သဘောရသလဲ"

ဟု သူက မေး၏။

"မင်းကော"

ဟု ကျွန်တော် ပြန်မေးသည်။ သူက တစ်ဖက်စားပွဲရှိ ကျောင်း
သားနှင့် ကျောင်းသူအတွဲကို တစ်ချက်လှမ်းကြည့်ပြီး. . .

"ဒီလိုကွာ၊ ဥပမာ ဆိုပါတော့. . . မင်းရယ်၊ ငါရယ်၊ အေးမြ
ယ် ဘတ်စ်ကား စီးသွားကြတယ်၊ အေးမြ ထိုင်နေတဲ့ ဘေးက နေရာ
လွတ်သွားတယ် ဆိုပါတော့၊ အဲဒီနေရာမှာ မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ်
င်မထိုင်ရင် တခြားလူ ဝင်ထိုင်သွားမှာပေါ့"

"အဲဒါ ဘာဖြစ်လဲ၊ မင်း ဘာကို ဆိုလိုတာလဲ"

ဟု ကျွန်တော် အလောသုံးဆယ် မေးမိသည်။ သူက. . .

"မင်း အေးမြကို စိတ်ဝင်စားသလား"

အချို့သော မေးခွန်းတို့သည် အဖြေတစ်ဝက်တစ်ပျက် ပါပြီးသား
ဖြစ်သည်။ မေးခွန်းရှင်သည် အဖြေကိုပါ တစ်ပါတည်း ထည့်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြေကို တွေးမိသောအခါ ကျွန်တော် တုန်လှုပ် ချောက်ချားသွားရ အတွေးတွေ ‌ြောက်မြားစွာ။ အတွေးများစွာကို ဆက်စပ် ဆင်ခြင်ခြ တော့ မပြုနိုင်။ သို့ရာတွင် ဒီလိုမေးလျှင် ဒီလိုဖြေမည်ဟု ဟိုယခင်အခါ ကတည်းက ဆုံးဖြတ်ထားခဲ့ပြီးသားလို ခံစားရသည်။ သူ့ကို ကျွန်တော် တစ်ချက် စိုက်ကြည့်လိုက်၏။ သူသည် အမိန့်ကို ငံ့လင့်နေသော တရား တစ်ယောက်လို စိတ်လှုပ်ရှား တုန်လှုပ်စွာ ကျွန်တော့်ကို ပြန်ကြည့်သည်

ကျွန်တော် ပြုံးလိုက်၏။ ခေါင်းကို ခါသည်။

"ငါ အေးမြကို သူငယ်ချင်းတစ်ယောက်ထက် ပိုပြီး မခင်ခဲ့ပါဘူ ကွာ၊ သူ့အပေါ်မှာ ငါ ဘယ်တုန်းကမှ. . . ဘယ်တုန်းကမှ"

"ငါ အေးမြကို ချစ်နေမိပြီကွာ"

သူက ကျွန်တော့်စကား မဆုံးခင် ဖြတ်၍ပြောသည်။

အသံမှာ အရောင်ရှိသလား၊ အနီရဲရဲ။ အသံမှာ ရနံ့ရှိသလာ မွှန်ထူစွာ။ အသံမှာ အရသာ ရှိသလား၊ ခါးခါးသီးသီး။ အသံမှာ အပူ ရှိသလား၊ အလျှံညီးညီး။

ကျွန်တော့် နားရွက်များသည် အာရုံငါးပါးစလုံးကို တစ်ပြိုင်န ခံစားရသည်။ ကျွန်တော့် နှုတ်ဖျားကတော့ အာရုံမဲ့သော အသံတစ် ထွက်ပေါ်လာသည်။

"ငါ သဘောတူတယ်၊ ငါ သိပ်ဝမ်းသာတယ် သူငယ်ချင်း"

ဆေးလိပ်သောက်တတ်ခဲ့သည့်အချိန်မှစ၍ ပထမဆုံးအကြိမ် ကရက်ကို အားပါးတရ ဖွာရှိုက်လိုက်သည်။ အဆိပ်သင့် မီးခိုးတို့သ အဆုတ်ထဲသို့သာမက နှလုံးသားဆီအထိ၊





တီထွင်မှုသမိုင်းတွင် အငြင်းပွားစရာတွေ အများကြီး ရှိခဲ့သည်၊ တီထွင်မှုတစ်ခုကို မည်သူက စတင် တွေ့ရှိသည်ပင် ဖြစ်စေ၊ ပထမဦးဆုံး သုသိရှင်ကြား၊ ထုတ်ဖော်ကြေညာသူသာလျှင် တရားဝင် တီထွင်သူအဖြစ် မှတ်တမ်း အတင်ခံရတတ်လေသည်။

ကျွန်တော်သည် အချစ်ကို ရှာဖွေတွေ့ရှိခဲ့သည်။ သို့ရာတွင် နောက်ကျလေပြီ၊ လူလှက အလျင်ဦးစွာ ထုတ်ဖော် ကြေညာခဲ့သည်၊ ထို့ကြောင့် လူလှသည်သာ တရားဝင်သူ ဖြစ်ခဲ့၏။

ထိုအကြောင်းကို လူလှ ဖွင့်ပြောပြစဉ်က ကျွန်တော့် အတွင်း စိတ်ထဲမှာ ဘာတွေ ဖြစ်နေသလဲဆိုတာ ခုမှ ပြန်လည် ဆန်းစစ်ကြည့်မိ သည်။ ဟိုတစ်ချိန်တုန်းကတော့ ဘာမျှ သေချာစွာ စဉ်းစားမနေဘဲ အလိုအလျောက် ပြောဆိုပြုမူမိခြင်းပင် ဖြစ်၏။

ကျွန်တော်သည် ဘာကြောင့် ချက်ချင်း ဆုံးဖြတ်ပြီး ငါ သဘော တူတယ် သူငယ်ချင်းဟု ပြောခဲ့ရသလဲ။ ထိုသို့ ပြောသည့်အတွက် အရင် ကတည်းက အခြေခံ အကြောင်းအချက်တွေ ရှိရမည်။ ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ လူလုထက် သာနေသည်။ ရုပ်ရည်၊ ပညာ၊ ငွေကြေး၊ ဂုဏ်ဒြပ်၊ ဘယ်နေရာမှာမှ လူလုက ကျွန်တော့်ကို မယှဉ်နိုင်။ ကျွန်တော့်အဖို့ မိန်းမ မရှား။ လူလုအတွက်တော့ အေးမြ တစ်ယောက်ကိုသာ မျှော်လင့်ကောင်း မျှော်လင့်နိုင်သည့် အခြေအနေ။ ထို့ကြောင့် သူ့အပေါ် သနားညှာတာစိတ်ဖြင့် အခွင့်အရေး ပေးလိုက်ခြင်း ဖြစ်ချင်ဖြစ်မည်။

သို့တည်းမဟုတ်. . .

လူလုက အေးမြကို ချစ်နေသည့်အကြောင်း အလျင်ဦးစွာ ထုတ် ပြောသူ ဖြစ်သည်။ သူက ဦးသွားသဖြင့် ကျွန်တော် နောက်ဆုတ်ပေးလိုက် ခြင်း ဖြစ်လေသလား။ အကယ်၍ ကျွန်တော်က ဦးအောင် ထုတ်ပြော လျှင်ကော. . . လူလု ဘယ်လို သဘောထားမလဲ။ ဒါကတော့ လုံး ဖြစ်မလာနိုင်တော့သဖြင့် ဘယ်လိုမှ ခန့်မှန်းလို့ မဖြစ်တော့ချေ။

ကျွန်တော့်အဖို့ အကြီးအကျယ် သံသယဖြစ်ဖွယ်ကိစ္စမှာ ' ဝမ်းသာတယ် သူငယ်ချင်း' ဟု လူလုကို ပြောခဲ့သောစကားသည် ရာ နှုန်းပြည့် မှန်မမှန် ဆိုသည့်အချက်ပင် ဖြစ်သည်။

ကျွန်တော် ဖတ်ဖူးသော ဝတ္ထုများ၊ ကြည့်ဖူးသော ရုပ်ရှင်ဇာ ကားများ၊ ကြားဖူးသော စကားလုံးများ၊ မြင်ဖူးသော အဖြစ်အပျက် က ကျွန်တော့်အပေါ် လွှမ်းမိုးနေလိမ့်မည်။ သူငယ်ချင်းအတွက်၊ ချစ် အတွက် အနစ်နာခံချင်သော အတွေးအခေါ် အယူအဆ။

ကိုယ် ချစ်ခင်သောသူတစ်ယောက် ဝမ်းမြောက် ပျော်ရွှင်စေ အတွက် ကိုယ်က အနစ်နာခံပေးရခြင်းသည် မြတ်သည်ဟူ၍ ကျွန်တေ အကြွင်းမဲ့ ယုံကြည်ပါသည်။ ပြဿနာက ထိုသို့ အနစ်နာခံခြင်းအတ တကယ်တမ်း ပျော်ရွှင်ကျေနပ်မှု ဖြစ်မဖြစ်ဆိုသော ကိစ္စပင် ဖြစ်

အဘယ့်ကြောင့်ဆိုသော် အေးမြက လူလုလိုကောင်မျိုးကို ချစ်မှာ မဟုတ်ပါဘူးဆိုသော အတွေးမျိုး မကြာခဏ ဝင်ရောက်လာ သောကြောင့် ဖြစ်သည်။ ထိုသို့ ဖြစ်လာသည့်အခါတိုင်းလည်း ကိုယ့်တ ကို ပြစ်တင် ရှုတ်ချမိတတ်သည်။

တစ်ခါတစ်ခါတော့လည်း ငါသည် သူငယ်ချင်းအတွက် အ





နာခံသူ ဖြစ်သည်ဟူ၍ ကိုယ့်ကိုယ်ကို ဂုဏ်ယူလိုသောစိတ်ဖြင့် ဆုံးဖြတ်ခဲ့မိလေသလားဟု ယုံမှားဖွယ် ဖြစ်ရပြန်သည်။ တကယ်တော့ ထိုသို့ ဂုဏ်ယူမည် ဆိုလျှင်လည်း ဂုဏ်ယူပိုင်ခွင့် ရှိပါသည်။ တစ်ယောက်တည်း ကျိတ်၍ ဂုဏ်ယူမည့်ကိစ္စအတွက် ကျွန်တော် ပေးအပ်လိုက်ရသော အရင်းအနှီးသည် အသက်တမျှပင် မဟုတ်လား။

ဘာပဲဖြစ်ဖြစ် သူငယ်ချင်း လူလုအနေဖြင့် အေးမြအချစ်ကို ရရန် ကျွန်တော် အစွမ်းကုန် ကူညီရမည်။ အကယ်၍ သူတို့ အဆင်ပြေ သွားခဲ့လျှင် ကျွန်တော် ဝမ်းသာကို သာရမည်။ ထိုအတွက် ကျွန်တော် ဂုဏ်ယူဖြစ်အောင် ယူရမည်။

လောကကြီး၏ ဓမ္မတာ သဘောအရ တစ်စုံတစ်ခုကို ရလျှင် တစ်စုံတစ်ခုကို ပေးအပ်ရမည်။ တစ်စုံတစ်ခု စွန့်လွှတ်လိုက်ရသူအတွက် တစ်စုံတစ်ခု အလျော် ပြန်ရရမည်။

ဤသို့ဖြင့် အချစ်ဆိုသည်မှာ စွန့်လွှတ်ခြင်းလား၊ ရယူခြင်းလား ဟု အငြင်းပွားခဲ့ကြသော ပြဿနာ၏ အဖြေကို ကျွန်တော် ရလိုက်သည်။

အချစ်ဆိုသည်မှာ စွန့်လွှတ်ရယူခြင်းပင် ဖြစ်ပေသည်။

အေးမြသည် ကျွန်တော့်ကို ဘယ်လောက်တောင် တွေ့ချင်နေလဲ မသိ။ ကျွန်တော် ကျောင်းက ပြန်လာသောအခါ သူတို့ခြံဝနားက ထွက်စောင့်နေသော အေးမြကို တွေ့ရသည်။

"နင် ဒီနေ့ ကျောင်းမတက်ဘူးလား"

ဟု ကျွန်တော် နှုတ်ဆက်ပြော ပြောသည်။ သူက. . .

"ဟင့်အင်း မတက်ဘူး၊ ရုံးကလည်း နေ့တစ်ဝက် ခွင့်ယူပြီး ဆင်းလာခဲ့တာ"

သူ့မျက်နှာထားကို ကြည့်လိုက်ကတည်းက တစ်ခုခု ထူးခြားပြီဟု သိလိုက်သည်။ ထူးစရာက တခြားအကြောင်း မရှိ။ လူလုကိစ္စပဲ ဖြစ်ရမည်။

"ငါ နင့်ကို စောင့်နေတာ"

ဟု သူ ပြောသည်။ ကျွန်တော်လည်း အိမ်ဘက်သို့ ဆက်မသွား



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ သူနဲ့ အတူတူ သူတို့ခြံဝင်းထဲ လိုက်ဝင်လာခဲ့သည်။ အိမ်ရှေ့ ပန်းအိုးတွေနားမှာ ရပ်နေသော သူတို့အမေက ပြုံးပြီး နှုတ်ဆက်သည်။ ကျွန်တော်တို့နှစ်ယောက် အိမ်ဘေး အုတ်ခုံဆီသို့ လာခဲ့သည်။ သူက အုတ်ခုံမှာ ဝင်ထိုင်သည်။ ကျွန်တော်က သူ့ရှေ့မှာ ရပ်နေသည်။

"ငါ ပြောစရာရှိတယ်"

သူက ဘလောက်စ်အကျႌအောက်ခြေရှိ အိတ်ထဲက စာတစ်စောင်ကို ထုတ်ပေးပြီး. . .

"လူလူက ငါ့ကို ပေးတာ"

ဟု ပြောသည်။ စာကို ကျွန်တော် ဖြန့်ပြီး ဖတ်ကြည့်သည်။ ခပ်သော့သော့ ခပ်ကြွမ်းကြွမ်း လက်ရေးများကို တွေ့ရသည်။ လူလူ၏ စာအရေးအသားသည် တက္ကသိုလ်ကျောင်းသား တစ်ယောက် ဖြစ်သော ကျွန်တော့်အဖို့ အဆင့်အတန်း သိပ်မရှိလှဟု ထင်စရာ ဖြစ်နေသည်။ သမားရိုးကျ ရေးနေကျ ရည်းစားစာများထဲမှ စကားလုံးများကိုပင် ထပ်ကာ တလဲလဲ သုံးထား၏။ ကျောင်းမှာတုန်းက စာစီစာကုံးဆိုလျှင် တစ်မျက်နှာခွဲထက် ပိုမရေးတတ်ခဲ့သော လူလူသည် ခုစာကိုတော့ နှစ်မျက်နှာ ပြည့်အောင် ကြိုးစား၍ ရေးထားသည်။ သို့ရာတွင် ကျွန်တော်က စာကို သေသေချာချာ မဖတ်ဖြစ်။ သူ့စာထဲတွင် အားငယ်သံတွေ လွှမ်းနေတာလောက်သာ သတိပြုမိသည်။

စာကို ခေါက်၍ အိတ်ထဲ ပြန်ထည့်သည်။ အေးမြကို ပြန်ကမ်းပေးသည်။ သူက ခေါင်းခါပြီး. . .

"နင် သူ့ကို အဲဒီစာ ပြန်ပေးလိုက်"

ဒါမျိုးဖြစ်တာ နှစ်ခါရှိပြီ။ အေးမြတို့အစ်ကို ကိုကုလားကြီးထံ ကျွန်တော့်အစ်မကြီးကို စာပေးစဉ်က အစ်မကြီးက လက်မခံဘဲ ကိုကုလားကြီးကို ပြန်ပေးခိုင်းစဉ်က တစ်ကြိမ်။ ထိုစဉ်က ကျွန်တော်ပဲ ဆောင်ရွက်ပေးခဲ့သည်။ ခုလည်း ဒါမျိုး လုပ်ရဦးမည်လား မသိချေ။ ကျွန်တော်သည် စေ့စပ်ဖြန်ဖြေရေး နက္ခတ်နှင့် ယှဉ်ပြီး မွေးခဲ့သူပေလား မသိနိုင်။





"သူက အဲဒီကိစ္စ နင့်ကို တိုင်ပင်သေးတယ် မဟုတ်လား"

သူ ဒီလိုမမေးသင့်။ တိုင်ပင့်မှာ ကျိန်းသေကြောင်း သူ သိနိုင်ပြီးသား။ ကျွန်တော့်ကို ဘာကြောင့် အကျပ်ရိုက်စေချင်ရသလဲ။ ကျွန်တော်က မဖြေဘဲ နေသောအခါ သူ ထပ်မေးပြန်သည်။

"အဲဒီတော့ နင်က ဘာပြောလိုက်သလဲ"

မဖြေဘဲ နေလိုက်သည်။

"နင် မြှောက်ပေးလိုက်တယ် မဟုတ်လား"

ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်တော် ဘယ်လောက် ခံစားရကြောင်း သူ မသိ။ သက်ပြင်းနှင့် ရောလျက်။

"အေးမြရယ်. . . လူလူက ငါ့ကို အဲဒီအကြောင်း ဖွင့်ပြောတဲ့အခါ ငါက မလုပ်နဲ့လို့ တားရမှာလား"

"နင်က သဘောတူတယ်ပေါ့"

"လူလူဟာ ငါ့အချစ်ဆုံး သူငယ်ချင်းပါ"

"ဘာ. . . လူလူက နင့်အချစ်ဆုံးသူငယ်ချင်း ဟုတ်လား၊ ငါကကော"

"အချစ်ဆုံးသူငယ်ချင်းဆိုတာ တစ်ယောက်တည်းပဲ ရှိရမယ်လို့ သတ်မှတ်ထားတာ မဟုတ်ပါဘူးဟာ"

ကျွန်တော့်စကားကြောင့် သူ ကျေနပ်သွားလေသလားတော့ မသိ။ သူ့မျက်နှာပေါ်မှာ ဘာမျှ အပြောင်းအလဲ မရှိချေ။

"မိန်းကလေးနဲ့ ယောက်ျားလေး သူငယ်ချင်းအဖြစ် ကြာရှည်နေရင် ဒါမျိုး ဖြစ်လာတတ်တယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် ဒါမျိုး မဖြစ်ရအောင် ထိန်းသင့်တယ်၊ အဲဒီလိုမျိုး ဖြစ်လာတဲ့အခါ နှစ်ချက်ပဲ စဉ်းစားရမယ်၊ သမီးရည်းစားအဖြစ် ဘဝပြောင်းချင်ပြောင်း၊ ဒါမှမဟုတ် သူငယ်ချင်းအဖြစ်ကိုပါ စွန့်လွှတ်ပြီး လမ်းခွဲလိုက်"

ကျွန်တော် သူ့ကို ဖြတ်ခနဲ ကြည့်သည်။ သူ တစ်ခုခု ဆုံးဖြတ်ခဲ့ပြီလား မသိ။ ထိုအခိုက်အတန့်တွင် ကျွန်တော့် စိတ်ထဲမှာ ဘာတွေ ဖြစ်နေသလဲ ဆိုတာတော့ သေချာစွာ မသိ။ တစ်ခုပဲ ရှိသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အပြစ်တင်သလို စကားပြောနေသည်ကိုတော့ စိတ်တိုသလို လို ဖြစ်သွား၏။ ထို့ကြောင့်. . .

"နင် ဘယ်လို ဆုံးဖြတ်ချင်သလဲ"

ဟု ခပ်ဆတ်ဆတ် မေးလိုက်သည်။

"သူ့ကို ပြောလိုက်ပါ၊ ငါ သူ့ကို လုံးဝမချစ်နိုင်ဘူးလို့"

"နင့်ဘာသာနင် ပြောပါလား"

သူ့မျက်လုံး တစ်ချက် လက်ခနဲ ဖြစ်သွားပြီး. . .

"ပြောမယ် ငါ့ဘာသာ ပြောမယ်၊ သူ့ကို ငါကိုယ်တိုင် ပြောမယ်"

အေးမြရယ်. . . ကြံရာပါ တစ်ယောက်အတွက်ကော နင် ဘယ်လို ဆုံးဖြတ်မှာလဲဟု ကျွန်တော် မျက်လုံးများဖြင့် မေးသည်။

သို့ရာတွင် သူက ကျွန်တော့်ကို မကြည့်ဘဲ လှည့်ထွက်သွားသည်။

ရည်းစားစာ တစ်စောင်နှင့် ပတ်သက်၍ ပေးသူနှင့် အပေးခံရသူတို့၏ ရှင်းလင်းပွဲတွင် သက်သေတစ်ယောက်ကိုပါ ထည့်သွင်းထားခြင်း၊ ထိုသက်သေမှာလည်း ဘယ်သူမှ မသိသော တရားခံတစ်ဦးပင် ဖြစ်နေခြင်းတို့သည် သမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ် ဖြစ်ကောင်း ဖြစ်နိုင်သည်။

လူရှင်းသော အအေးဆိုင်တစ်ခု၏ ထောင့်စားပွဲတစ်လုံးတွင် လူသုံးယောက်တို့ ထိုင်နေကြပြီး ထိုသုံးယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် မကြည့်ဘဲ နေနေကြခြင်းသည်လည်း ထူးဆန်းသော မြင်ကွင်းတစ်ခု ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။

ကျွန်တော်သည် မိမိ ရောက်ရှိနေရသည့် အနေအထားတို့ကို ကောင်းစွာ သိပါသည်။ ခုကိစ္စတွင် ဝင်ရောက် ဆွေးနွေးခြင်း၊ တစ်စုံတစ်ယောက်ဘက်မှ ဝင်ရောက် ထောက်ခံ ပြောဆိုခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းများ ပြုလုပ်ပိုင်ခွင့် ကျွန်တော့်မှာ မရှိချေ။ သံတမန် ဆက်သွယ်ထားခြင်း မရှိသော နိုင်ငံနှစ်နိုင်ငံတို့၏ တဆင့်ခံ ဆွေးနွေးပွဲတွင် ကြားထဝင်၍ ဆက်သွယ် ပြောကြားပေးရသည့် နိုင်ငံကဲ့သို့သာ ဖြစ်၏။





သို့ရာတွင် ထိုလူမျိုးသည် ဖွင့်မပြောသည့်တိုင် ရင်ထဲမှာတော့ ခံစားချက် တစ်ခုခု မရှိဘဲ နေမည်မဟုတ်။ လောလောဆယ်မှာတော့ ကျွန်တော် တစ်ခုပဲ စိုးရိမ်သည်။ အေးမြက လူလု၏ အားနည်းချက်များကို ထုတ်ဖော် ပြောဆိုလိုက်မှာကိုပဲ ဖြစ်၏။ ဤသို့ ဖြစ်ခဲ့လျှင် လူလု ပေါက်ကွဲသွားနိုင်သည်။

ဘာလီရည် ဖန်ခွက်သုံးခွက်တွင် ကျွန်တော့်ခွက်ကသာ အနည်းငယ် လျော့သွားသေးသည်။ သူတို့အဖို့ကတော့ ထိုအရည်များသည် သောက်ကောင်းသော အရာများ မဟုတ်ဟု ယူဆထားသယောင်။

ဘယ်သူကမှ စကား စမပြောကြသဖြင့် တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျွန်တော့်ဖန်ခွက်အောက်ခြေမှ လေခိုနေသော ပလုံစီ တစ်လုံးသည် အရည်၏ မျက်နှာပြင်ဆီသို့ တဖြည်းဖြည်း တက်လာနေသည်။ ၎င်းသည် လေထုနှင့် ထိပြီး ပေါက်ကွဲသည့်အခါ ပြင်းထန်သော အသံကြီး မြည်ဟီးသွားတော့မလို။ ကျွန်တော် စိုးရိမ်သွားပြီး. . .

"ကဲ. . . ပြောစရာရှိတာ ပြောကြလေ"

ဟု စကားစလိုက်သည်။ ပလုံစီသည် မပေါက်ကွဲချေ။ ဘာလီရည် မျက်နှာပြင်ပေါ်မှာ ပေါလော မျောနေသည်။

"နင် လုပ်ရက်တယ် လူလုရယ်"

အေးမြအသံ ထွက်ပေါ်လာသည်။ ကျွန်တော် နည်းနည်း စိတ်သက်သာရသလို ဖြစ်သွား၏။ အေးမြသည် သိပ်ပြင်းပြင်းထန်ထန် ပြောလိမ့်မည် မဟုတ်ဟု ယူဆရသောကြောင့် ဖြစ်သည်။

လူလုက ဘာမျှပြန်မပြောဘဲ အေးမြကို တစ်ချက် မျက်လုံးလှန်ကြည့်ပြီး ခေါင်းပြန်ငုံ့သွားသည်။

"တခြားလူတွေက ငါ့ကို ဒီလိုလုပ်ရင်တောင် နင်တို့က တားတွယ်ရမှာပါ"

'နင်တို့' ဆိုသော စကားလုံးကြောင့် ကျွန်တော့်တို့သည် တောင့်ခနဲ ဖြစ်သွားရ၏။ ကျွန်တော်သည် ဘာစကားမျှ ပြန်မပြောရဘဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အာခေါင်တွေ ခြောက်လာသည်။ စားပွဲပေါ်ရှိ သတ္တုပန်းကန်ပြားလေးထဲမှ ဒူးယားတစ်လိပ်ကို ယူ၍ မီးညှိသည်။ လူလုလည်း ခုချိန်မှာ စိတ်လှုပ်ရှားပြီး ဆေးလိပ်သောက်ချင်နေမှာပဲဟု တွေးမိသဖြင့် သူ့ဆီ စီးကရက် ကမ်းပေးသည်။ သူက ခေါင်းခါလိုက်ပြီး...

"ငါသိပါတယ် အေးမြရယ်၊ တကယ်တော့ ငါဟာ ကိုယ်နဲ့မတန်တာ မှန်းခဲ့တာပါ။ နင်နဲ့ငါနဲ့ အစစအရာရာ အဆင့်အတန်းချင်း မိုးနဲ့မြေလို ကွာတယ်ဆိုတာလည်း ငါသိပါတယ်၊ ငါဟာ မဖြစ်နိုင်တာကို စိတ်ကူးယဉ်ခဲ့တာပါပဲ"

ကျွန်တော်တို့ လူလုကို သူငယ်ချင်းတစ်ယောက်အဖြစ် ပေါင်းခဲ့ရာတွင် အဆင့်အတန်းတွေ ဘာတွေကို လုံးဝထည့်မစဉ်းစားခဲ့။ သူငယ်ချင်း အဖြစ်နှင့်တုန်းကသာ လူလုက အဆင့်အတန်းစကား ပြောလာလျှင် အေးမြရော ကျွန်တော်ပါ သူ့စကားကို ငြင်းချက်ထုတ်သည့် တုံ့ပြန်မှု ဖြစ်ပေလိမ့်မည်။ ခုတော့ အေးမြကလည်း ဘာမျှ ပြန်မပြော။ ကျွန်တော်ကလည်း ငြိမ်နေသည်။ လူလုကသာ ဆက်၍ပြော၏။

"ဒါပေမယ့် ငါ ဘယ်လိုမှ မနေနိုင်လို့ ဖွင့်ပြောခဲ့ရတာပါ နင့်မေတ္တာကို ငါရဖို့ မမျှော်လင့်ရဲခဲ့ပါဘူး။ ငါချစ်နေတာ နင် သိသွားရင် ကျေနပ်ပါပြီ"

"အေး...ငါသိပြီလို့ ထားလိုက်၊ ဒါပေမယ့် ဒါ နောက်ဆုံးအကြိမ် ဖြစ်ပါစေ၊ နောက်တစ်ခါဆိုရင်တော့ နင်နဲ့ငါနဲ့ အပြတ်ပဲ"

အမှန်ဆိုလျှင် အေးမြသည် ယောကျ်ားလေး တစ်ယောက်၏ စာပေးခြင်းကို ခံထားရသောသူ။ ခုလည်း စာပေးသော ယောကျ်ားလေးနှင့် မျက်နှာချင်း ဆိုင်နေရသောအချိန်။ ထုံးစံအတိုင်းဆိုလျှင် ရှက်ရွံ့နေရမည်။ ခုတော့ သူက ပုံမှန်လေသံဖြင့် ခပ်ရဲရဲ ပြောနေနိုင်သည်။ သူငယ်ချင်းမို့ ဖြစ်ချင်လည်း ဖြစ်မည်။ လူလုမို့လည်း ဖြစ်ချင်ဖြစ်မည်။

လူလုက မချိပြုံး ပြုံးလိုက်သည်။ ထို့နောက်...

"ဒါဆိုလည်း ခုကတည်းက ငါ့ကို သူငယ်ချင်းအဖြစ်က စွန့်လွှတ်လိုက်ပါတော့၊ ငါ မပြောဘဲ မနေနိုင်ဘူး၊ ခုလည်း တစ်ခါ ထပ်ပြော





ဦးမယ်၊ နင့်ကို ငါ..."

"တော်တော့လို့ ပြောနေတယ်နော် လူလု"

အေးမြအသံသည် နည်းနည်းကျယ်သွားသည်။ ကောင်တာမှာ ထိုင်နေသော အမျိုးသမီးကြီးက တစ်ချက်လှမ်းကြည့်သည်၊ တခြားစားပွဲတွေမှာ ဘယ်သူမှ မရှိလို့ တော်သေးသည်။ သူတို့နှစ်ယောက်ကတော့ ဒါတွေကို မမြင်မသိ။ ကျွန်တော့်တို့တောင် ရှိတယ်လို့ သတိမှ ရပါရဲ့လား။

"အေးမြရယ်...ငါက သိပ်ဆင်းရဲခဲ့တဲ့ကောင်ပါ၊ ငါ့အဖို့ ဆင်းရဲတယ်ဆိုတာ မဆန်းတော့ပါဘူး၊ ရှေ့ဆက်ပြီး ဆင်းရဲနေရင်လည်း ငါ ကြောက်ပါဘူး၊ ဒါပေမယ့် ငါ ဘာကြောင့် ဒီလောက်တောင် ကြီးပွားတိုးတက်ချင်တဲ့စိတ်တွေ ဖြစ်နေရသလဲ၊ ဘာကြောင့် ဒီလောက်တောင် ကြိုးစားနေရသလဲ သိလား၊ တစ်နေ့နေ့မှာ နင်နဲ့ အခြေအနေချင်း တူမလားလို့ ကြိုးစားကြည့်တာပဲ၊ ခုတော့ နင်နဲ့ငါဟာ ဘယ်တော့မှ အဆင့်အတန်းချင်း တူလာမှာ မဟုတ်ဘူးဆိုတာ ငါသိပါပြီ၊ နင်ကလည်း ဘယ်တော့မှ ငါ့ကို တန်းတူ သတ်မှတ်မှာ မဟုတ်ပါဘူး၊ နင် ငါ့မျက်နှာကို နောက်ထပ် ဘယ်တော့မှ မမြင်စေရဘူးလို့ ငါ ကတိပေးပါတယ်"

လူလုက ကျွန်တော့်ကို ရိုဝေစွာ တစ်ချက်ကြည့်ပြီး...

"ငါ့ကို မေ့လိုက်ကြပါတော့၊ ဘိန်းစားကြီးတစ်ယောက်ရဲ့ သားပုံကျဈေးသည်တစ်ယောက်ရဲ့သား၊ ပညာမရှိ၊ ဂုဏ်မရှိ၊ ရာထူးမရှိ၊ သရဲသဘက်တစ်ကောင်လို အရုပ်ဆိုးတဲ့ လူလုဆိုတဲ့ကောင်ကို မေ့လိုက်ကြပါတော့"

လူလု မတ်တတ်ရပ်လိုက်သည်။ ဘာလီရည်ဖန်ခွက် အမြင်ဘက်တွင် သီးနေသော ရေစက်တစ်စက် စီးကျသွားသည်။ သူ လှည့်ထွက်သွားသည်။ အေးမြနှင့် ကျွန်တော် မျက်လုံးချင်း ဆုံမိသည်။ သူ မျက်နှာ ဝေခနဲ ဖြစ်သွားသည်ကို ကျွန်တော် မြင်လိုက်သည်။

"လူလု ခဏနေဦး"

အေးမြ၏အသံ ထွက်ပေါ်လာသည်။ ပြီးတော့ လူလု နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ထလိုက်သွားသည်။ ပြာတောင့်ရှည်ကြီး ဖြစ်နေသော စီးကရက်တစ်လိပ်နှင့်အတူ ကျွန်တော် ထိုင်လျက် ကျန်ခဲ့သည်။

ဟန်ပြအဖြစ်တောင် သောက်မသွားခဲ့ကြသော အအေးဖိုးတွေကို ကျွန်တော် ရှင်းလိုက်သည်။ ထိုအတူ ရှေ့ဆက်၍လည်း သူတို့နှစ်ယောက်နှင့် ပတ်သက်ပြီး ဖြစ်ပေါ်လာအံ့သော ပြဿနာများကို ရှင်းရလိမ့်ဦးမည်ဖြစ်ကြောင်း သိလိုက်လေသည်။





လူလှ၏ အချစ်ကို အေးမြက လက်ခံလိုက်သဖြင့် ကျွန်တော် အံ့သြသွားရသည်။ အေးမြနှင့်သူ မတန်ပါဘူးဟု လူလှ ပြောခဲ့သည့် စကားများသည် အမှန်ချည်း ဖြစ်သည်။ ဘယ်ဘက်ကပဲ တွက်တွက် သူလှနှင့် အေးမြတို့နှစ်ယောက် နီးစပ်ဖို့ဆိုသည်မှာ လုံးဝ မဖြစ်နိုင်။

အေးမြသာ နည်းနည်းလေး စဉ်းစားလိုက်လျှင် ရှေ့ဆက်ပြီး ဖြစ်လာနိုင်သည့် ပြဿနာတွေကို ကောင်းကောင်း မြင်နိုင်သည်။ ထိုပြဿနာတွေကို အေးမြ မသိဘဲ နေမည်မဟုတ်။ သို့ရာတွင် အေးမြသည် ပြဿနာတောကို ဖွတ်ဝင်တိုးခဲ့ပြီ။

ဘာကြောင့် သူ မမှုသနည်း။

တကယ်တော့ ဟိုးငယ်ငယ်တုန်းကတည်းက စခဲ့သည့် အခြေခံအကြောင်းတရားကို ပြန်စဉ်းစားလျှင် ဘာမျှမဆန်း။ လူလှကို ကြွက်စုတ်နှင့် ကြောင်ကတိုးတို့ ညီအစ်ကို အနိုင်ကျင့်စဉ် အေးမြက လွယ်အိတ်နှင့်ပင်ရိုက်ကတည်းက လူလှ၏အချစ်ကို လက်ခံဖို့ သေချာခဲ့ပြီးပြီဟု ဆိုရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သာမန်အားဖြင့်ဆိုလျှင် မိန်းမတို့သည် ကိုယ့်ထက် သာသူကို သာ မှန်းတတ်သည်။ အားနည်းသူတို့၏ သဘာဝအရ အားကိုးရာ ရှာ ခြင်းပင် ဖြစ်၏။ တစ်ခါတစ်လေကျတော့ အံ့ဩစရာကောင်းလောက် အောင် ကိုယ့်ထက် နိမ့်ပါးသူကိုမှ ရွေး၍ ချစ်မိတတ်ကြသည်။ သနား ခြင်းနှင့် ယှဉ်သော ကရုဏာကြောင့် ဖြစ်သည်။ ထိုမိန်းကလေးမျိုးသည် မိခင်စိတ် လွှမ်းကဲသူဟု ဆိုလေမလား။ ထိုအခါမျိုးတွင် ချစ်သူအပေါ် ထူးခြားစွာ အနွံအတာ ခံတတ်သည်။

လူလုနှင့် အေးမြတို့ကိစ္စနှင့် ပတ်သက်၍ ကျွန်တော်သည်လည် ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ဖြစ်သည်။ ဘယ်လို သဘောထားသလဲ။

ကျွန်တော်သည် အေးမြကို ချစ်ခဲ့ဖူးသည်မှာ အမှန်ပင် ဖြစ်၏ သို့ရာတွင် အစက ထိုအကြောင်းကို မရိပ်မိခဲ့။ လူလုက အေးမြတ ချစ်နေပါပြီဟု ဖွင့်ပြောလာတော့မှ ငါလည်း ချစ်နေတာပါလားဟု သ တော့သည်။ လူလုအတွက် ကျွန်တော် အနစ်နာခံပြီး နောက်ဆုတ်ပေ လိုက်သည်။ လူလုက အေးမြ၏အချစ်ကို ရရှိသွားသောအခါ ကျွန်တော် ဘယ်လို ဖြစ်သွားသနည်း။

ကျွန်တော့်ကိုယ် ကျွန်တော် တကယ်ပင် အံ့ဩသွားသည်။ လူလ အတွက် ကျွန်တော် စိတ်လက်သန့်ရှင်းစွာ ဝမ်းသာနိုင်သောကြောင့်ပင ဖြစ်၏။ အေးမြကို ကျွန်တော် ချစ်ခဲ့ဖူးသည် ဆိုသောအချက်ကို လုံး ဖျောက်ဖျက်ပစ်ဖို့ ဆိုတာကတော့ မဖြစ်နိုင်ကောင်းသော အရာပင် သို့ရာတွင် ထိုအချက်နှင့် လူလုအတွက် ဝမ်းသာမှုတို့ကို ဆီနှင့်ရေလ တစ်ကန့်စီ ခွဲထားနိုင်ခဲ့ပါသည်။

တကယ်တော့ ကျွန်တော်တို့သုံးယောက်စလုံးသည် အံ့ဖွယ် လူ သားတွေချည်း ဖြစ်၏။ လူလုကလည်း မတန်မရာကို လှမ်းသည်။ အေး ကလည်း မဖြစ်နိုင်တာကို လက်ခံသည်။ ကျွန်တော်ကလည်း လက်လွှ ဆုံးရှုံးမှုအတွက် ဝမ်းသာနေသည်။

ကိုယ့်ဘက် ကိုယ်ယက်သည်ဟု ဆိုချင်ဆို၊ အားလုံးထဲတွင် ကျွ တော်သည်သာ အံ့ဖွယ်ထိပ်သီး ဖြစ်သည်ဟု ထင်၏။ အဘယ်ကြောင့်





ဆိုသော် ကျွန်တော်သည် အေးမြထက်ပင် လူလုကို ပို၍ချစ်မိခဲ့ကြောင်း သိလိုက်ရသောကြောင့်တည်း။

ချစ်သူတစ်ယောက် ရှိခါစလူသည် ကားအသစ်တစ်စီး ဝယ်ခါစ လူတစ်ယောက်နှင့် အလွန်တူသည်။ အရိပ်တကြည့်ကြည့်နှင့် နေတတ် သည်။ မနက်တိုင်း ရေဆေး ဖုန်သုတ်ရတာ အမော။ နည်းနည်းကလေး ပွန်းမိ ခြစ်မိသွားသည်နှင့် နှလုံးသွေး ရပ်သွားမလောက် စိတ်ထိခိုက်ရ သည်။

သို့ရာတွင် လူလုသည် ကားသာ ဝယ်ထားပြီး ကားမမောင်း တတ်၊ စက်မပြင်တတ်သူ တစ်ယောက်ကဲ့သို့သာ ဖြစ်၏။ ကျွန်တော်က တော့ ဒရိုင်ဘာနှင့် တူသည်။ ကားကို ဂရုစိုက်ရသည်။ ပြုပြင် ထိန်းသိမ်း ရသည်။ ကိုယ်ကတော့ မပိုင်ချေ။

သူတို့နှစ်ယောက် ချိန်းတွေ့ဖို့ကို ကျွန်တော်က စီစဉ်ပေးရသည်။ သူတို့နှစ်ယောက်ကြားမှာ အချိန်းအချက် ပြုပေးရသည်။ အေးမြတို့ရုံးကို လူလု သိပ်သွားလို့မဖြစ်။ အေးမြ၏ အထက်အရာရှိ ဆိုသူသည် အေးမြ တို့ အဖေ၏ တပည့်ဖြစ်ခဲ့ဖူးသည်။ အေးမြ၏ လှုပ်ရှားမှုများကို သတင်းပို့ ကောင်း ပို့နိုင်သည်။

ကျွန်တော်ကျတော့ အရေးမကြီး။ အေးမြတို့ရုံးကို သွားလို့ ကောင်းသည်။ အေးမြတို့အိမ်က သိသွားလည်း ပြဿနာ မရှိနိုင်။ သက်ာ ကင်း ဖြစ်မည်လည်း မဟုတ်။ ထို့ကြောင့် လူလုက မှာစရာ ချိန်းစရာ လျှင် ကျွန်တော်က သွားပြောပေးရသည်။

လူလုဆိုတဲ့ကောင်ကတော့ တော်တော် ကြောင်တောင်တောင် င်သည်။ အေးမြနှင့် ချိန်းတွေ့ချင်တာလည်း တစ်ပိုင်းသေနေသည်။ စ်ယောက်တည်းလည်း မသွားရဲ။ ထို့ကြောင့်...

"မင်းပါ လိုက်ခဲ့ကွာ" ဟု ခေါ်သည်။

"ဟာကွာ... အမိပ္ပါယ် မရှိလိုက်တာ၊ မင်းတို့နှစ်ယောက် ချိန်း တွေ့တဲ့ကြားထဲ ငါက ဘာလိုက်ရှုပ်ရမှာလဲ"

"မဟုတ်ပါဘူးကွာ၊ အေးမြနဲ့ငါနဲ့ နှစ်ယောက်တည်းကို သွားရ



www.burmeseclassic.com

www.burmeseclassic.com



လာရတာ ကြောင်တောင်တောင်ကြီး ဖြစ်နေမှာ”

“*ဟော့ကောင်ရ၊ စဉ်းစဉ်းစားစားလည်း ပြောစမ်းပါဦး၊* ငါ ပါရင် မင်းတို့ လွတ်လွတ်လပ်လပ် စကားပြောလို့ ဘယ်ရတော့မှာလဲ၊ အနှောင့်အယှက်တောင် ဖြစ်သေးတယ်”

“ဒါတွေ မသိဘူးကွာ၊ မင်း မပါဘဲနဲ့တော့ ငါ မသွားရဲဘူး”

အမှန်တော့ အေးမြနှင့် နှစ်ယောက်တည်း သွားရမှာ သူ ကြောက်နေခြင်း ဖြစ်သည်။ သူသည် အေးမြ၏အချစ်ကို ဘယ်လိုမှ မမျှော်မှန်းနိုင်သော အခြေအနေမှ ရုတ်တရက် မထင်မှတ်ဘဲ ရရှိလိုက် သဖြင့် သူ့ဘာသာသူ မယုံနိုင်သလို ဖြစ်နေဟန် တူသည်။ မနေတတ် မထိုင်တတ် ဖြစ်နေရသည်။ အေးမြနှင့် တွဲသွားဖို့ သူ့မှာ အဆင်သင့် မဖြစ်သေး။ သူ့ကိုယ်ရည်ကိုယ်သွေးကို ရုတ်ချည်း မြှင့်တင်ဖို့ အခက်အခဲ ရှိမည်။

သူတို့နှစ်ယောက်သည် ချစ်သူတွေ ဖြစ်နေကြတာတော့ မှန် သည်။ သူငယ်ချင်းဆိုသော အရှိန်က မကုန်သေး။ ခါတိုင်း သုံးယောက် တွဲ နေနေကြသည့်အကျင့်က ပါနေသေးသည်။ ထို့ကြောင့် အေးမြက သူတို့နှင့် လိုက်ဖို့ခေါ်သည်။ ထို့ကြောင့် ကျွန်တော့်မှာ သူတို့ သွားလေရာ ကန့်လန့်ကန့်လန့် ပါနေရလေသည်။

စနေနေ့များတွင် ရုံးနေ့တစ်ဝက် ဆင်းပြီးနောက် အေးမြတို့ လုပ်သားကောလိပ် ကျောင်းသူကျောင်းသားတွေ ရန်ကုန်တက္ကသိုလ်မှာ လက်တွေ့သင်တန်းတွေ တက်နေကြရသည်။ ဒါကို အခွင့်ကောင်း ယူ၍ သူတို့နှစ်ယောက် ချိန်းတွေ့ကြသည်။ ထိုကိစ္စကိုလည်း ကျွန်တော်က ဦးဆောင် စီစဉ်ပေးရလေသည်။

ကျွန်တော်ကလည်း သမီးရည်းစား ချိန်းတွေ့ဖို့ ကောင်းသည့် နေရာမျိုးကို ကျွမ်းကျွမ်းကျင်ကျင် သိတာမဟုတ်။ တက္ကသိုလ် ကျောင်း ဝင်းနှင့် အင်းလျားကန်စပ်လောက်သာ သိသူဖြစ်သည်။ အေးမြကလည်း ကျောင်းထဲ မသွားချင်။ ကျောင်းထဲ သွားလျှင် သူတို့ အတန်းထဲက လူများနှင့် ဆုံနိုင်သည်။ လက်တွေ့ သင်တန်း မတက်ဘဲ ရည်းစားနှင့်





ချိန်းတွေ့သည်ဟု ပြောကြမှာကို ရှက်နေ၏။

ကျွန်တော်တို့ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် ရည်းစားနှင့် ချိန်းတွေ့ ခြင်းကိုလည်း ပရက်တီကယ် လုပ်သည်ဟု ခေါ်ကြသဖြင့် ကျွန်တော်က အေးမြကို. . .

“ဒါလည်း လက်တွေ့သင်တန်းပါပဲဟ”

နောက်သဖြင့် အေးမြမျက်နှာ ရဲခနဲ ရှက်သွားပြီး ကျွန်တော့် ကျောကို တစ်ချက်ထုသေးသည်။

ကျွန်တော့်မှာ လူလှက အပူကပ်သဖြင့် ချစ်သူတို့ ချိန်းတွေ့လို့ ကောင်းသော နေရာများအကြောင်းကို စုံစမ်းရသည်။ ဗိုလ်ချုပ်ပန်းခြံ ဦးဥတ္တမပန်းခြံ ကျိုက္ကလို့ ကျိုက္ကလဲ့ စသည်ဖြင့်။ စုံစမ်းရုံဖြင့် မပြီးသေး၊ ထိုနေရာများကို ကြိုတင်သွားရောက်၍ ဘယ်လို အခြေအနေ ရှိသည် ဘယ်နေရာက ထိုင်လို့ကောင်းသည်။ ဘာပြဿနာတွေ ပေါ်နိုင်သည် အသွားအပြန် အချိန် ဘယ်လောက် ကုန်နိုင်သည်တို့ကို လေ့လာထားရ သည်။ သူတို့ သွားသည့်အခါ လမ်းညွှန် ခေါ်ဆောင်သွားရသည်။

တစ်နေရာ ရောက်လို့ အဖော်လိုက်သူတို့ ထုံးစံအတိုင်း သူတို့ နှစ်ယောက်တည်း ထားခဲ့ပြီး အကြောင်းတစ်ခုခု ပြ၍ ရှောင်ထွက်မည် ပြုလျှင် အေးမြက. . .

“ဘယ်သွားမလို့လဲ၊ ထိုင်စမ်းပါ”

ဟု ဆိုသည်။ လူလှကလည်း အတင်းပြန်ထိုင်ခိုင်းသည်။ ထို့ နောက် သုံးယောက်သား စကားထိုင်ပြောကြရင်း အချိန်ကုန်တော့သည်၊ ကျွန်တော်ပါ ရှိနေသဖြင့် သူတို့နှစ်ယောက် ရည်းစားပြော ပြောလို့မရ၊ ပြောလည်း မပြောတတ်သေးချေ။ သူတို့နှစ်ယောက်သည် အခေါ်အဝေါ် လည်း မပြောင်းသေး။ နင် ငါနှင့် ပြောကြတုန်း။ များသောအားဖြင့်တော့ ကျောင်းမှာတုန်းက အကြောင်းတွေ အေးမြတို့ ရုံးအကြောင်း လူလှ၏ လုပ်ငန်းအကြောင်း၊ ကျွန်တော်တို့ တက္ကသိုလ်အကြောင်း ရယ်စရာ ဖော ရာများ ပြောဖြစ်ကြသည်။ သမီးရည်းစားတို့ အေးအေးဆေးဆေး ထိုင်၍ တိုးတိုးတိတ်တိတ် ပြောဆိုကြရမည့် ဆိတ်ငြိမ်နေရာတွင် တဝဲဝဲ



www.burmeseclassic.com

www.burmeseclassic.com



တဟားဟား လုပ်နေကြသော ကျွန်တော်တို့ သုံးယောက်ကို သူများတွေက တော့ ဘယ်လို ထင်မည်မသိ။

လူလုနှင့် ပတ်သက်၍ ကျွန်တော် သတိထားမိတာ တစ်ခု ရှိသည်။ စားသောက်ဆိုင် တစ်ခုခုမှာ စားသောက်ကြပြီးနောက် အရင်က လိုပင် ကျွန်တော်က ငွေရှင်းမည် ပြုလျှင် လူလုက မကြိုက်။

"မင်းက ငါတို့အတွက်လည်း လိုက်လာရသေးတယ်၊ ကျွေးလည်း ကျွေးရဦးမယ်ဆိုတော့ ဘယ်ဟုတ်မလဲ"

"ဘာဆိုင်လဲကွာ၊ ဘယ်သူပဲ ပေးပေးပေါ့၊ တူတူပါပဲ"

ဟု ကျွန်တော်က ပြောသော်လည်း မရ။ တစ်ခါတစ်လေတော့ ကျွန်တော်က အတင်းပေးလျှင် သူ စိတ်ဆိုးသလိုလို ဖြစ်ဖြစ်သွားတတ်သည်။ ဟိုးအရင် ငယ်ငယ်ကတည်းက သူ့ကို မုန့်လိုက်ကျွေးနေကျ ဖြစ်သော်လည်း ခုအခါတွင် သူ့ကို ဆင်းဆင်းရဲရဲ လူတစ်ယောက်လို သဘောထားတာ သိပ်မကြိုက်လှကြောင်း သတိထားမိ၏။ လူလုသည် ခုနောက်ပိုင်း အတန်ငယ် သုံးနိုင်စွဲနိုင် ရှိလာကြောင်းကိုလည်း တွေ့ရသည်။

အေးမြတို့ရုံးကို ကျွန်တော် မကြာခဏ ရောက်တတ်ကြောင်း ကိုကုလားကြီးမှတစ်ဆင့် အစ်မကြီး သိသွားသည်။ ကျွန်တော့်ကို...

"နင် အေးမြတို့ရုံးကို ခဏခဏ သွားတယ်ဆို"

"အင်းလေ... ဘာဖြစ်လဲ"

"နင်နဲ့ အေးမြက ဘယ်လိုလဲ"

"ဘာ ဘယ်လိုရမှာလဲ အစ်မကြီးရဲ၊ ကျွန်တော်တို့ သူငယ်ချင်း တွေပဲဟာ"

"မသိနိုင်ဘူးလေ၊ နင်တို့ကလည်း ငယ်တော့တာမှ မဟုတ်တာ"

ဟု ပြုံးစစ ပြောသည်။

"ဟာ... အဓိပ္ပါယ် မရှိလိုက်တာဗျာ"

ကျွန်တော်က စိတ်ဆိုးသလို ခပ်ဆတ်ဆတ် ပြောလိုက်သည်။ နောက်တော့ တစ်မျိုး စဉ်းစားမိလာသည်။ အစ်မကြီးတို့က ကျွန်တော့်ကို





အေးမြကို သက်ာမကင်း ဖြစ်နေလျှင်လည်း တစ်နည်းတော့ ကောင်းသည်။ ကျွန်တော်နှင့်ဆိုလျှင် သူတို့ မကျေမနပ် ဖြစ်ကြမည် မဟုတ်။ ကျွန်တော့်အပေါ် အာရုံစိုက်နေသဖြင့် လူလုကို စိတ်ကူးထဲတောင် ထည့်မိမှာ မဟုတ်။ အေးမြကို စောင့်ကြည့်တာမျိုး မလုပ်ဘဲ လွှတ်လပ်စွာ လွှတ်ပေးထားနိုင်သည်။

သို့ဖြင့် တစ်ခါတစ်လေ အိမ်က အပြန်တွင် အေးမြနှင့် အတူတူ တမင်တကာ လမ်းလျှောက်ပြန်လာတာမျိုး လုပ်ပစ်လိုက်သည်။ ကျွန်တော့် အဖြစ်ကလည်း မလွယ်ပါလားဟု ဆိုရတော့မည်။

မလွယ်တာတစ်ခု ကြုံရသေးသည်။

တစ်ရက်တွင် ရုပ်ရှင် သွားကြည့်ကြသည်။ ထုံးစံအတိုင်းပင် ကျွန်တော်က နေရာခွဲထိုင်ဖို့ ကြိုးစားလို့ မရချေ။ သုံးယောက်တွဲ ထိုင်ရသည်။ နေရာကောင်းပင်။ နောက်ဆုံးတန်း ထောင့်ဆုံးခုံ။ အေးမြက အစွန်ဆုံးက ထိုင်သည်၊ ကျွန်တော်က လူလုဘေးမှာ။ ကျွန်တော့် ဘေးမှာတော့ လေးငါးခုံလောက် လွတ်နေသည်။

"နေရာကတော့ တကယ်ကောင်းတယ်ကွာ၊ ဟေ့ကောင်... ရှေ့ကြည့်နေ"

ဟု လူလုက ကျွန်တော့်နားနား ကပ်၍ တိုးတိုးပြောသည်။ 'ရှေ့ကြည့်' ဆိုတာက ရုပ်ရှင်ကြည့်နေစဉ်အတွင်း သူတို့ဖက်ကို လှည့်မကြည့်ဖို့ သတိပေးခြင်း ဖြစ်သည်။ ဒီနေ့တော့ လူလုသည် အကြီးအကျယ် သတ္တိမွေးပြီး ရေရေလည်လည် စွန့်စားတော့မည် ဖြစ်ကြောင်း သိလိုက်၏။

ကျွန်တော်လည်း သူတို့ဘက် မကြည့်တော့ဘဲ ရုပ်ရှင်ပိတ်ကားကိုသာ တည့်တည့်ကြီး ကြည့်နေလိုက်သည်။ အေးမြက လူလုကို တော်တော် လှမ်းစကားပြောသေးသည်။ ကျွန်တော်က ရုပ်ရှင်ထဲမှာ စိတ်ဝင်စားဟန်ဖြင့် မကြားသလို နေလိုက်သည်။ ရုပ်ရှင်ကလည်း ညံ့လိုက်သည့် ဇာတ်ကား။

"ဟေ့... ရော့လေဟာ"

www.burmeseclassic.com



အေးမြအသံ ကြားရပြန်သည်။ ဒီတစ်ခါတော့ သူက ကျွန်တော့် ဝခုံးကိုပါ တို့လိုက်သည်။ ကျွန်တော် ဆတ်ခနဲ တွန့်ပြီး လှည့်ကြည့်သည်။ လူလှ၏ပခုံးမှ ကျော်၍ ကမ်းပေးနေသော သူ့လက်ကလေး၊ နေကြာစေ့ တစ်ထုပ်။ နေကြာစေ့ကို လှမ်းယူရင်း တစ်ချက် ကြည့်မိသည်။ ရုပ်ရှင် ပိတ်ကားပေါ်မှ လာသော ရောင်ပြန်တွင် မှုန်မှုန်ကလေး လှနေသော အေးမြ၏မျက်နှာ။

ကျွန်တော်သည် ပိတ်ကားဘက် ပြန်လှည့်ကြည့်လိုက်သည်။ ရုပ်ရှင်ထဲမှာ စိတ်ဝင်စားလို့ မရသဖြင့် နေကြာစေ့များကိုပင် တစ်စေ့ချင်း ရေတွက်၍ စားနေလိုက်သည်။ ထိုအချိန်တွင် အေးမြနှင့် လူလှတို့သည် လက်ချင်း ဆုပ်ကိုင်ထားချင် ထားကြပေလိမ့်မည်။ ခုနစ်ဆယ့် ခြောက်စေ့မြောက် နေကြာစေ့ကို ထောက်ခနဲ ကိုက်ခွဲလိုက်သည့်အချိန်တွင်. . .

"ဟင်. . . ဒါမျိုးမလုပ်နဲ့၊ ငါ မကြိုက်ဘူး"

အေးမြ၏အသံ ခပ်ဆတ်ဆတ် ခပ်အုပ်အုပ် ထွက်ပေါ်လာသည်။

ရုပ်ရှင်ရုံထဲက ပြန်ထွက်လာသောအခါ အေးမြ၏မျက်နှာက ခပ်တင်းတင်း ဖြစ်နေသည်။ စကားလည်း သိပ်မပြော။ အိမ်ပြန်ဖို့ လမ်းခွဲ ခါနီးမှာ လူလှကို ဘာမျှမပြောဘဲ ကျွန်တော့်ကိုသာ. . .

"ငါသွားမယ်"

ဟု နှုတ်ဆက်သွားသည်။ လူလှနှင့် ကျွန်တော် လက်ဖက်ရည် ဆိုင် ဆက်ထိုင်ကြသည်။ လူလှက. . .

"အေးမြက ငါ့ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား မသိပါဘူး ကွာ"

ဟု ညည်းသည်။

"ဘာဖြစ်လို့လဲကွ"

"သူ ငါ့ကို ဆက်ဆံပြောဆိုပုံက တစ်မျိုးပဲကွ"

"ဘာတစ်မျိုးလဲ၊ ငါတော့ သတိမထားမိပါဘူး"

"မင်းက ဘယ်သတိထားမိမလဲ၊ သူ့အချိုးက ပြောင်းမှမပြောင်း





ဘဲ၊ တကယ်ဆိုရင် ငါတို့ဟာ ချစ်သူတွေ ဖြစ်နေကြပြီ မဟုတ်လား၊ ဒါ ပေမယ့် သူက ခုထိ သမီးရည်းစားလို မနေတတ်သေးဘူး"

"ဒါကတော့ကွာ၊ သူငယ်ချင်းဘဝကနေ ခုလို ဖြစ်လာကြတာ ဆိုတော့. . ."

"မဟုတ်ဘူးကွ၊ သူက ငါ့ကို အရင်ကထက်တောင် ပိုပြီး ခပ်မှန် မှန် လုပ်ချင်လာတယ်၊ ဒီနေ့လည်း ငါက သူ့ကို ရုပ်ရှင်ရုံထဲမှာ ကစ်စ်ပေး ဖို့ ကြိုးစားတာကို ငါ့ကို တွန်းပစ်တယ်၊ စိတ်ဆိုးသွားတာလည်း မင်း အမြင်ပဲ"

"လူလှ. . . မင်း စဉ်းစားကြည့်လေ၊ ဘေးမှာ ငါ တစ်ယောက်လုံး ရှိနေတာ၊ သူ ရှက်မှာပေါ့"

"အေးလေ၊ ဒါလည်း ဟုတ်ပါတယ်"

"အေးမြလို မိန်းကလေးမျိုးက တကယ် မချစ်ဘဲနဲ့ ချစ်တယ်လို့ ပြောမလားကွ"

ထိုအခါကျမှ သူ့မျက်နှာ ကြည်လင်လာပြီး. . .

"တစ်ခုတော့ ရှိတယ်ကွာ၊ သူက ငါ့ကို တွန်းထုတ်လိုက်ပေမယ့် တစ်ချက်တော့ နည်းနည်းလေး ထိသွားတယ်၊ မွှေးလိုက်တာကွာ၊ ပြီးတော့ ပါးကလေးက သိပ်နူးညံ့တာပဲ၊ အိအိဖောင်းဖောင်းကလေး"

သူက စပ်ဖြဲဖြဲ လုပ်ရင်း ပြောသည်။ ဒီအချိန်မှာ ကိုယ့်မျက်နှာ ကိုယ် ပြန်ကြည့်လို့ မရသဖြင့် ကျွန်တော့်မျက်နှာ ဘယ်လို ဖြစ်နေသလဲ မသိပါ။

ကျွန်တော့်နေရာကို ကျွန်တော့်ဘာသာ ပြန်ဝင်ပြီး စဉ်းစားကြည့် လိုက်တော့ အငယ်ဆုံး ကလေးကို လူကြီးတွေ လက်ခုပ်လက်ဝါး တီးပြီး ဝိုင်းဝန်းချော့မြှူနေစဉ် ဘေးမှာ ရပ်ရင်း လက်ခုပ်လက်ဝါး ဝိုင်းတီးပေး နေမိသော နို့ညှာကလေးတစ်ယောက်၏ ပျော်ရွှင်မှုမျိုး ဖြစ်လေသည်။ တစ်ခါတစ်ခါ မိခင်၏ရင်ခွင်ကို သတိရ လွမ်းဆွတ်မိသည့်အတွက်သော့ ခွင့်လွှတ်သင့်ပါသည်။

...[illegible]...



www.burmeseclassic.com

www.burmeseclassic.com



အေးမြသည် ပင်ကိုက အေးအေးဆေးဆေး နေတတ်သူ ဖြစ်သည်။ လူလူနှင့် ချစ်ခဲ့ကြပြီးတော့လည်း အချို့ရည်းစားတွေလို ပလူးပယ် မလုပ်တတ်။ ဒါကို လူလူက အားမလို အားမရ ဖြစ်နေခြင်းပင်။

အေးမြဘက်က ကြည့်တော့လည်း ကိုယ့်ထက် အစစ အရာရာ နိမ့်ပါးသူ တစ်ယောက်ကို ချစ်သူအဖြစ် ရွေးချယ်ခဲ့တာကပင် လွန်လှပြီ။ လူလူ့ကို ကိုကိုရဲ့ မောင်မောင်ရဲ့ ဆိုပြီး ကန့်ကလျ စကားဆိုဖို့ အခါ အခွဲ ရှိပေလိမ့်မည်။ သူငယ်ချင်းစိတ်ကလည်း ရှိရင်းစွဲ ဖြစ်နေ၏။

အေးမြသည် လူလူ့အပေါ် ဆက်ဆံပြောဆိုရာတွင် အေးစက် ခပ်မှန်မှန် ရှိပုံရသော်လည်း တကယ်တမ်း အရေးကြုံလာသောအခါ လူလူ့ကို သူ ဘယ်လောက် ချစ်ကြောင်း သိသာလေသည်။

ကျွန်တော် ကျိတ်ပြီး စိုးရိမ်နေခဲ့သော အချိန်ကာလသည် ထင်ထားသည်ထက် စောပြီး ရောက်ရှိလာခဲ့၏။

ပြဿနာ အစရှာသူလည်း လူလူပဲ ဖြစ်သည်။ အေးမြတို့ လုပ်သား ကောလိပ်ကို သွားလည်ရအောင်ဟု သူက ဆွယ်သည်။ အေးမြ





သည် လူလူကို သူ့ချစ်သူတစ်ယောက်အဖြစ် အတန်းထဲက လူများရှေ့မှာ ချပြလိုသောဆန္ဒ ရှိမရှိ မသေချာသဖြင့်. . .

"ဖြစ်ပါ့မလားကွာ၊ အေးမြက လာစေချင်မှန်းမသိ မလာစေခ့င်မှန်းမသိ"

"ဘာဆိုင်လဲကွာ၊ သူ့ကို ငါ ဘယ်နေရာဖြစ်ဖြစ် သွားတွေ့ခွင့် ရှိတာပဲ၊ ငါက သူ့အမျိုးသားပဲဟာ"

လူလူသည် ခုတလော ငါက သူ့အမျိုးသားပဲ ဆိုသော စကားလုံးကို မကြာခဏ သုံးစွဲလေ့ ရှိသည်။ ကိုယ့်ခါးမှာ ဝတ်ထားသော ပုဆိုးကို ဒါ ကျွန်တော့်ပုဆိုးပါဟု ပြောသည့်သဘောမျိုး ဖြစ်နေ၏။ သူသည် အေးမြ၏ ချစ်သူဖြစ်ကြောင်း သူများတွေကို အလွန် သိစေချင်နေသည်။

ကျွန်တော်လည်း သူ စိတ်ချမ်းသာပါစေတော့ ဆိုပြီး လိုက်သွားသည်။ လုပ်သားကောလိပ် ရောက်တော့ အေးမြတို့ အတန်းရှေ့မှာ သွားရပ်စောင့်နေကြသည်။ အေးမြတို့ အတန်းမပြီးသေး။ သူတို့ကျောင်းမှာက ကျွန်တော်တို့ ဝိဇ္ဇာသိပ္ပံမှာလို အတန်းရှေ့မှာ သိပ်ရှုံးရှုံးစုစု မရှိတာ တွေ့ရသည်။

အတန်းပြီးသောအခါ အေးမြ ထွက်လာသည်။

"နင်တို့ ဘယ်လို ဖြစ်လာကြတာလဲ"

ဟု မနှစ်သက်ဟန်ဖြင့် မေးသည်။

"တွေ့ချင်လို့ပေါ့ဟာ"

ဟု လူလူက ပြောတော့မှ. . .

"တွေ့ချင်ရင်လည်း ကြိုကြိုတင်တင် မှာထားရောပေါ့ဟာ"

ဟု လေသံကို လျှော့လိုက်ပြီး လိုက်လျောဟန် ပြုသည်။

"တစ်ခုခု သွားစားကြရအောင်"

ကျွန်တော်က ဝင်၍ ဦးဆောင်လိုက်ရပြန်သည်။

ဗိုလ်တစ်ထောင် ဘုရားနားက ဆိုင်မှာ ခေါက်ဆွဲသုတ် စားကြသည်။ ပြီးတော့ ကျွန်တော်တပင် ကမ်းနားဘက် လမ်းလျှောက်ဖို့ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တစ်ခါ ဗောတံတားပေါ် ထိုင်ရအောင်ဟု လမ်းစ ထွင်ပေး ရပြန်သည်။ မိုးမရွာသော်လည်း အတန်ငယ် အေးသောည ဖြစ်၍ ကမ်း နားဘက်မှာ လူနည်းနည်း ရှင်းသည်။

ဗောတံတားပေါ် ထိုင်ရင်း ထွေရာလေးပါး ပြောနေကြရာမှ သူတို့နှစ်ယောက်တည်း ထားခဲ့ပြီး ကျွန်တော် ရှောင်ထွက်ဖို့ စိတ်ကူးသည်။ ဒါမှလည်း ချစ်သူတွေ ပီသလာမည်ဟု ကျွန်တော် သဘောရ၏။ ထို ကြောင့်. . .

"ငါ ဆေးလိပ် သွားဝယ်ဦးမယ်၊ လူလှ မင်း ဘာသောက်မလဲ ဒူးယားပဲ သောက်ကွာ၊ ငါဝယ်ခဲ့မယ်"

ဆိုပြီး လစ်ထွက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး လက်ဖက်ရည်တစ်ခွက်၊ ဒူးယားတစ်လိပ်နှင့် အချိန်ဖြုန်းနေလိုက်သည်။ ခုချိန်ဆို လူလှတစ်ယောက် စိတ်တွေ လှုပ်ရှားပြီး ဆေးလိပ် သောက်ချင် နေမှာပဲဟုလည်း တွေးမိ၏။ လူလှက ဒီတစ်ခါလည်း ရုပ်ရှင်ရုံထဲတ တစ်ကြိမ် ထပ်ကြိုးစားချင် ကြိုးစားလိမ့်မည်၊ အေးမြက ဘယ်လို တုံ့ မည် မသိ။ အေးမြက ကြည်ကြည်သာသာ လက်ခံမှာ မဟုတ်တာတော့ သေချာသည်။

အတော်ကြာအောင် ထိုင်နေပြီးမှ လူလှအတွက် ဒူးယား ဝယ်ပြီး ဗောတံတားဘက် ပြန်လာခဲ့သည်။

ဗောတံတားထိပ် အရောက်မှာပင် ထိတ်လန့်တုန်လှုပ်ဖွယ် မြင် ကွင်းကို တွေ့လိုက်ရလေတော့သည်။ အေးမြနှင့် လူလှတို့၏ ကြော နေသော မျက်နှာများကို ခပ်မှောင်မှောင် ဖြစ်နေသည့်ကြားမှပင် မြင်ရ သည်။ သူတို့ရှေ့မှာ မားမားကြီး ရပ်နေတာက ကိုကုလားကြီး။

ကျွန်တော် သူတို့နားကို ခပ်သွက်သွက် လျှောက်သွားသည်။ ကျွန်တော် အနားမရောက်ခင်မှာပင် ကိုကုလားကြီးက လူလှ၏ အ ရင်ဘတ်စကို စုကိုင်ပြီး ဆွဲလိုက်သည်။

"ဟင်. . . မင်းလိုကောင်ကများ ငါ့နှမကို"

ကျွန်တော် အပြေးကလေး ကပ်သွားပြီး. . .





"အစ်ကို လွှန်မယ်"

သူ့လက်မောင်းကို ကိုင်သည်။ သူ လှည့်ကြည့်ပြီး အံ့ဩသွား သည်။ ပြီးမှ. . .

"ဩော်. . . မင်းကလည်း အလိုတူ အလိုပါကိုး"

လူလှကို သူ ဆောင့်တွန်းလိုက်ရာ လူလှ ဗောတံတားပေါ် ထိုင်လျက် ကျသွားသည်။ လူလှသည် သူ့နှာခေါင်းကို လက်ခုံဖြင့် သုတ် လိုက်သည်။ ကိုကုလားကြီးသည် တွေ့တွေ့ချင်း စိတ်မထိန်းနိုင်ဘဲ လူလှကို ဆွဲထိုးခဲ့ပြီးလေပြီ။ ကျွန်တော့်စိတ်ထဲက တင်းခနဲ ဖြစ်သွားသည်။ လူလှက တော့ အံ့ဩစရာ ကောင်းလောက်အောင် သည်းခံနေ၏။ ဘာမှလည်း ပြန်မလုပ်။ ဘာမှလည်း ပြန်မပြော။ အေးမြသည်လည်း ဘာလုပ်ရမှန်း မသိဘဲ ရှိုက်ငို၍သာ နေသည်။

"တောက်. . . အံ့ပါရဲ့ကွာ၊ ဒီလိုကောင်ကိုများ ကြိုက်ရတယ်လို့"

ကျွန်တော့်ဘက် လှည့်ပြီး. . .

"မင်းကတော့ ငါ့နှမကို ကောင်းကောင်း စောင့်ရှောက်လိုက်တာ ပေါ့လေ၊ ဘိန်းစားရဲ့သား၊ ငါးစိမ်းသည်ရဲ့သားနဲ့"

"ခင်ဗျား ဒီလိုမပြောပါနဲ့"

ကျွန်တော်သည် ခုလို ပြန်ပြောလိမ့်မည် မထင်သဖြင့် သူ ခပ်မဲ့ အံ့ဩသွားသည်။ လူလှ၏မိဘတွေကို စော်ကားတာတော့ ကျွန် တော် မခံနိုင်။ ပြီးတော့. . .

"ခင်ဗျား မတရား မလုပ်နဲ့၊ ခင်ဗျားနှမ ထိတော့ နာသလား ခင်ဗျားကျတော့ ကျွန်တော့်အစ်မကို ကြိုက်ပြီးတော့"

"ဘာကွ၊ မင်း မကျေနပ်ရင် မင်းလည်း ငါ့နှမကို ပြန်ကြိုက်ပါ လား"

"ဘာပြောတယ်"

ထိုအသံ၊ ဝင်းဝင်းတောက်သော မျက်လုံးများ၊ ဝှီးခနဲ ထွက်သွား သော လက်သီးတစ်ချက်၊ ဘယ်ဟာက အရင်လဲ မသိ။ သူ အငိုက်မိသွား သော်လည်း ကျွန်တော့်လက်သီးက လိုရာကို မရောက်။ သူ့ဗိုက်ကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ထိသည်၊

ကျွန်တော်သည် သူ့ကို အတင်း တရကြမ်း လိုက်ထိုးသည်။ သူက နောက်ဆုတ် နောက်ဆုတ်နှင့် ရှောင်သည်။

"မင်း ရှေ့မတိုးနဲ့နော်၊ မင်း. . . မင်း. . ."

ပြောရင်း နောက်ဆုတ်သွားရာ ဗောတံတား အစပ်ကို ရောက်သွားသည်။ နောက်ထပ် တစ်လှမ်းဆုတ်လျှင် သူ ရေထဲ ကျတော့မည်။ ကျွန်တော်ကတော့ အရှိန်သတ်လို့မရ။ သူ့ဆီ အတင်း တိုးဝင်သည်။

အေးမြ၏ အော်သံတစ်ချက်နှင့်အတူ ကျွန်တော့်မျက်နှာ ဘယ်ဘက်ခြမ်းက ပူခနဲ ဖြစ်သွားသည်။ ဗောတံတားပေါ် ပက်လက်လန်လဲကျသွားသည်။ လူလှက ကျွန်တော့်ကို ပြေးပွေ့သည်။ အေးမြက ကိုကုလားကြီးကို ဝင်ဆွဲပြီး. . .

"အစ်ကို. . . အားလုံး ဒုက္ခရောက်ကုန်တော့မှာပဲ"

"တိတ်စမ်း. . . ခွေးမ"

ကိုကုလားကြီးက အေးမြ၏ နားရင်းကို တစ်ချက် ပိတ်ရိုက်လိုက်သည်။ ရှန်းရင်းဆန်ခတ် ဖြစ်ကုန်သဖြင့် လူတွေ ဝိုင်းလာပြီ၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲဟု မေးကြသည်။

"ဘာမှ မဖြစ်ပါဘူး၊ ဒါ ကျုပ်နှမ"

ကိုကုလားကြီးက ခပ်ဆတ်ဆတ် ပြောပြီး အေးမြ၏လက်မောင်းကို ဆောင့်ဆွဲခေါ်သွားသည်။ လူလှနှင့် ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ လူလှ၏ နှာခေါင်းထဲက သွေးချောင်းများ ယိုကျနေသည်။ ကျွန်တော့် ဘယ်ဘက် မျက်ခုံးပေါ်မှာလည်း ပူနွေးသော သွေးများ။

❖ ❖ ❖





ကျွန်တော်တို့ သတိလစ်သွားခဲ့ခြင်း ဖြစ်သည်။ ကိုကုလားကြီးသည် လပြည့်လကွယ်နေ့ဆိုလျှင် ဘုရားတက်ပြီး အဓိဋ္ဌာန် ပုတီးစိတ်လေ့ရှိသည်။ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တစ်ထောင်၊ မယ်လမု စသည်ဖြင့် ပြောင်းလဲ သွားလာလေ့ ရှိသည်။ တိုက်တိုက်ဆိုင်ဆိုင် လကွယ်နေ့လည်း ဖြစ်၊ သူ ဗိုလ်တစ်ထောင်ဘုရား လာသောနေ့လည်း ဖြစ်သောနေ့တွင် ကျွန်တော်တို့နှင့် သွားတိုးခြင်း ဖြစ်သည်။ ပိုပြီးဆိုးသွားတာက သူနှင့်ဆုံသောအချိန်တွင် ကမ်းနား ဗောတံတားပေါ်တွင် လူလှနှင့် အေးမြတို့နှစ်ယောက်တည်း ရှိနေခြင်းပင်။

ဘာပဲဖြစ်ဖြစ် ပြဿနာတော့ အကြီးအကျယ် တက်ခဲ့ပြီ။ ပြဿနာကလည်း သာမန်မဟုတ်။ အေးမြ၊ လူလှ၊ ကျွန်တော်၊ ကိုကုလားကြီးတို့အကြားတွင်သာ ဖြစ်ပွားသောကိစ္စမဟုတ်။

အေးမြနှင့် လူလှတို့ကို ကိုကုလားကြီးက မိသွားသည်။ သူတို့ကို ကူညီပံ့ပိုးနေသူက ကျွန်တော်။ ကျွန်တော်နှင့် ကိုကုလားကြီးတို့ ထိုးကြိတ်ကြသည်အထိ ဖြစ်သွားသည်၊ နောက်ဆုံးပိတ် ကွဲပြဲသွားသူကလည်း ကျွန်တော်။ ကိုကုလားကြီးသည် ကျွန်တော့်အစ်မကြီးနှင့် စေ့စပ်ထားသူ၊ ကိုကုလားကြီးနှင့် ကျွန်တော်တို့ ဖြစ်သော အရေးအခင်းသည် အစ်မကြီးနှင့် ကိုကုလားကြီး၊ ထိုမှတစ်ဆင့် နှစ်ဖက်မိသားစု အရေးအခင်းအဖြစ် ပြန့်ပွားသွားရလေတော့သည်။

ကျွန်တော် မျက်လုံးကွဲပြီး ပြန်လာသောအခါ အိမ်ရှိ လူအားလုံးက စိုးရိမ်ကြီးစွာ ပျာပျာသလဲ ဝိုင်းမေးကြသည်။ ကျွန်တော်ကလည်း ကိုကုလားကြီးအပေါ် စိတ်ဆိုးနေသောအချိန် ဖြစ်၍ အကုန် ဖွင့်ပြောလိုက်သည်။

ဒီမှာတင်ပဲ. . .

အမေက. . .

"ကိုယ့်နှမ ရည်းစားထားတာ ကိုယ်ဘာသာ နိုင်အောင် ထိန်းပေါ့၊ ဘယ့်နှယ့် သူများသားသမီးကို ထိုးလားကြိတ်လား လုပ်ရသလဲ"

ဟု ဒေါသတကြီး ဆိုသည်။ ကိုကျော်ဦးကလည်း ကျွန်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ် ကင်းကွင်းရှင်းရှင်း နေတတ်သည် ဆိုသည့်တိုင် ညီကို ထိ လာတော့ မခံနိုင်။ ခုချက်ချင်းပင် ကိုကုလားကြီးကို သွားရိုက်ပါမည် လုပ်နေသဖြင့် အဖေက ဟန့်လိုက်ရသည်။

အဖေကတော့ စကားကို ဆင်ဆင်ခြင်ခြင် ပြောသည်။

"ခု ဖြစ်ရတာက အဖေတို့ မိသားစုနဲ့ တိုက်ရိုက် ပတ်သက်တဲ့ ကိစ္စမဟုတ်ဘူး၊ နောက်ပြီး လူငယ်ချင်း ဒေါသအလျောက် ဖြစ်သွားကြ တာ၊ တော်ကြာ ဒေါသပြေတော့လည်း တစ်မျိုးဖြစ်ချင်ဖြစ်မှာ၊ ဒီအတွက် စဉ်းစဉ်းစားစား လုပ်ကြစေချင်တယ်၊ အရှည်သဖြင့် သွားရမယ့် ဆက်ဆံ ရေးကို ထိခိုက်မှာစိုးတယ်"

ဟု အစ်မကြီးနှင့် ကိုကုလားကြီးတို့ ချစ်စပ်ထားသည့်ကိစ္စကို ထိခိုက်မှာစိုးသည့်သဘော ပြောသည်။ တစ်နည်းအားဖြင့် အစ်မကြီးကို ညာတာလိုက်ခြင်း၊ ကျွန်တော်တို့ကိစ္စအတွက် အစ်မကြီး ခါးစာခံ ဖြစ်ဖြစ် နစ်နာသွားမှာ စိုးရိမ်ခြင်းပင် ဖြစ်၏။ ထိုအခါကျမှ ကျွန်တော်လည်း သွားတွေးမိပြီး. . .

"အလကားပါ အဖေ၊ ကျွန်တော်လည်း ရုတ်တရက် ဒေါသဖြစ် သွားလို့ပါ၊ နောက်တော့လည်း ပြီးသွားမှာပါ"

ဟု ဖြေပြော ပြောသည်။ သို့ရာတွင် အစ်မကြီးက မရတော့

"ကိုထွန်းမောင်ကို ကျွန်မ လက်ခံခဲ့တာ ပညာတတ်တာ ရိုးသား တာ တစ်ခုတည်းကြောင့် မဟုတ်ပါဘူး အဖေ၊ ကျွန်မတို့ မိသားစုအပေါ် နားလည်တတ်မယ့်လူ၊ ကျွန်မတို့မိသားစုနဲ့ ဝင်ဆံ့မယ့်လူ၊ ကျွန်မတို့ မိ သားစုနဲ့ ပြေလည်မယ့်လူ ဖြစ်တယ်ဆိုတာကလည်း အဓိက အချက် တစ်ချက်ပါပဲ၊ ခုတော့ ဒီလိုအချိန်မှာတောင် ကျွန်မ မောင်လေးကို ထိုးလားကြိတ်လား လုပ်နေရင် နောင်အခါမှာ ပိုဆိုးတော့မှာပေါ့၊ ခုထ ဟည်းက စေ့စေ့စီးစီး ကိစ္စဖြတ်တာ ကောင်းပါတယ်"

ဟု ယတိပြတ် စကားဆိုသည်။

အဖေက ဖျောင်းဖျသော်လည်း မရ။ အမေသည် စေ့စေ့ ဒေါသအလျောက် ပြောခဲ့သော်လည်း အစ်မကြီး နစ်နာမှာစိုး၍ ဝင်





သေးသည်။ အစ်မကြီးက ဆုံးဖြတ်ချက်ကို မပြင်ချေ။

ဤသို့ဖြင့် အစ်မကြီးနှင့် ကိုကုလားကြီးတို့၏ ချစ်စပ်ကြောင်း လမ်းထားခြင်းကို တစ်ဖက်သတ် ဖျက်သိမ်းကြောင်း သူတို့အိမ်သို့ အ ကြောင်းကြားလိုက်ရလေတော့သည်။

❖ ❖ ❖

အစ်မကြီးအတွက် ကျွန်တော် စိတ်မကောင်းပါ။ အစ်မကြီးသည် အပျိုကြီးအဖြစ် နှစ်အတန်ကြာ နေခဲ့သူ ဖြစ်သည်။ နောက်ဆုံးကျမှ တစ်သက်မှာ တစ်ယောက်ဆိုသလို ကိုကုလားကြီးကို လက်ခံခဲ့ခြင်းပင်၊ ဒါတောင် သူတို့ လက်ထပ်ဖို့ကိစ္စတွင် ကျွန်တော့်ပညာရေးကို မဆီမဆိုင် ထည့်တွက်ခဲ့သေးသည်။ ခုလည်း ကျွန်တော့်ကြောင့်ပင် သူ့အချစ်ရေး သည် ပျက်စီးဆုံးပါးသွားခဲ့ရ၏။

သို့ရာတွင် အားလုံး လွန်ခဲ့ပြီ။ ထိုကိစ္စအားလုံး၏ အရင်းခံသည် အေးမြနှင့် လူလုတို့ကိစ္စ။ အထူးသဖြင့် ပြောရလျှင် လူလုကြောင့်။ သို့ ရာတွင် သူ့ကို ကျွန်တော် စိတ်မဆိုးပါ။ သူနှင့် အေးမြတို့၏ ရှေ့ဆက်ရ မည့် ခရီးအတွက် စိုးရိမ်ပူပန်ခြင်းပင် ဖြစ်မိသေးသည်။

ခုအခါ အေးမြသည် ခြေချုပ်မိနေပြီ။ ရုံးကလည်း ခွင့်ယူခိုင်း ထားသည်။ ကျောင်းတက်ခွင့်လည်း မရ။ အိမ်ထဲက အိမ်ပြင်တောင် ထွက်ခွင့်မရ။

သို့တိုင်အောင် သူတို့ အိမ်တွင်းရေး သတင်းများသည် ကိုဖိုးရွှေ မှတစ်ဆင့် ကိုကျော်ဦး၊ ထိုမှတစ်ဆင့် ကျွန်တော်တို့ မိသားစုထံ ရောက် လာသည်။

အစ်မကြီးနှင့် ကိုကုလားကြီးတို့ကိစ္စတွင်. . .



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . သူတို့ဘက်က ဖျက်တယ်ဆိုတော့ ငါတို့ကလည်
ဘာဖြစ်လို့ မကန်နေရဦးမှာလဲ"

ဟု လူကြီးတွေက ပြောသည်ဟု ဆိုသည်။ တကယ်လည်း လူကြီ
ချင်း ခပ်တန်းတန်း ဖြစ်ကုန်ကြသည်။

လှုလှနှင့် ပတ်သက်၍ အေးမြကို ဒီကောင်နဲ့ အဆက်အသွ
ဖြတ်ပါမယ်လို့ ကတိမပေးမချင်း အလုပ်ဆင်းခွင့်မပြု။ ကျောင်းတက်ခွ
မပြုဟု အကျပ်ကိုင်သည်။ အေးမြက အလုပ်မလုပ်ရလည်း ကိစ္စမ
ကျောင်းမတက်ရလည်း နေပစေ။ မကြာခင် စစ်တော့မည့် စာမေး
မဖြေရုံပဲ ရှိသည်ဟု တင်းခံနေသည်။ လှုလှကို အဆက်ဖြတ်ပါ့မယ်
ကတိမပေးဟု သိရ၏။ လှုလှအပေါ် ထားသည့် အေးမြ၏ မေတ္တာ
ကျွန်တော် လေးစားရပါသည်။

လှုလှကတော့ ထိုသတင်းအတွက် ဝမ်းသာရမလို၊ အေးမြ
မတွေ့ရသဖြင့် ဝမ်းနည်းရမလို ဖြစ်နေရှာသည်။

"မင်းကလဲကွာ၊ သူတို့ အေးမြကို တစ်သက်လုံး အိမ်ထဲ
ချုပ်နှောင်မထားနိုင်ပါဘူးကွာ၊ အေးမြလည်း ကလေးမှ မဟုတ်တော့
အလုပ်တောင် လုပ်နေပြီပဲဟာ၊ အခွင့်အရေး ရရင် ခိုးသာခိုးကွာ၊
ကူညီမယ်"

ကျွန်တော်က အားပေးစကား ပြောရသည်။

သတင်းစကား ကြားသိရသမျှ ကိုကုလားကြီးသည် စိတ်ဆ
သလို စိတ်ဆိုးပြေလွယ်သူလည်း ဖြစ်သည်။ အစ်မကြီးကိုလည်း
တော်တော် ချစ်ရှာသည်။ အစ်မကြီးနှင့် ခွဲရတော့မည် ဆိုသည့်အတွ
သူ မျက်နှာမကောင်း။ အေးမြကို စကားမပြောဘဲ နေသော်လည်း အ
အယာ သိပ်တင်းတင်းမာမာ မဟုတ်တော့ဟု ဆိုသည်။

ဤသို့ဖြင့် တစ်ရက်တွင် သူသည် ကျွန်တော့်ထံမှောက်
ရောက်ရှိလာခဲ့ရလေတော့သည်။

သူ ကျောင်းထဲ ရောက်လာသည်။ ကျွန်တော့်ကို ခေါ်သ
တစ်ခုခု စားပါလား ပြောသည်။ ကျွန်တော်က ငြင်းသောအခါ အေးဆေ





ဆေးဆေး စကားပြောပါရစေဟု ခွင့်တောင်းသည်။ အပန်းဖြေ ရိပ်သာ
နောက်ဘက်က အုတ်ခုံတွင် ထိုင်ကြသည်။

ကြက်ကြီး လည်လိမ်ထားတာကို ကျွန်တော် တစ်ခါမျှ မမြင်ဖူး
ပါ။ ခု သူ ဖြစ်နေပုံကို မြင်တော့မှ ထိုစကားဥပမာ၏ ထိရောက်ပုံကို
ကွင်းကွင်းကွက်ကွက် သိမြင်လိုက်ရတော့သည်။

သူသည် ခေါင်းငိုက်စိုက်ချပြီး သက်ပြင်းတွေကိုသာ တစ်ခုပြီး
တစ်ခု ချနေသည်။ လိုအပ်သည်ထက် ပိုပြီး အသံမြည်အောင် တမင်လုပ်
ကြောင်း သိသာ၏။ သူ ဘာကြောင့် လာသည်ကို ကျွန်တော် ရိပ်မိပြီး
သား။ သူက ဘာမျှ မပြောသေးသောကြောင့်သာ မသိဟန် နေနေရ
ခြင်း ဖြစ်သည်။

"ဘာပြောစရာရှိလို့လဲ"

ဟု ကျွန်တော်က စကားစပေးလိုက်ရသည်။ သူက ချက်ချင်း
ပြောသေး။ ဆံပင်တွေကို ရှုပ်ပွသွားအောင် ဖွသည်။ အမြဲလိုလို လည်
တုံးအကျႌ ဖြူဖြူဖွေးဖွေးကို သပ်ရပ်စွာ ဝတ်တတ်သော သူသည် ဒီ
တော့ အပေါ်ဆုံး ကြယ်သီးတစ်လုံး တပ်မထား။ အကျႌကလည်း
ကြေမွပြီး အတန်ငယ် ညစ်နေသည်။ သူ အရမ်း စိတ်ညစ်နေကြောင်း
ခင်ရှားအောင် လုပ်ပြထားခြင်း ဖြစ်သည်။

"အစ်ကို တောင်းပန်ပါတယ်ကွာ၊ တကယ်တော့ ငါ့ညီကို ခုလို
နာတရဖြစ်အောင် လုပ်ဖို့ ရည်ရွယ်ချက် မရှိရိုး အမှန်ပါ၊ ရုတ်တရက်
ဒါသအလျောက် ဖြစ်သွားခဲ့ရတာပါ"

ခုချိန်မှာ သူ့ကို ကျွန်တော် စိတ်မဆိုးတော့ပါ။ သို့ရာတွင် ဒီ
တိုင်းကြီးတော့ အလျှော့မပေးနိုင်။ တစ်ခုခုနှင့် အပေးအယူ လုပ်ရ
ည်။ သူသည် မိသားစုအတွင်းမှာ ဩဇာညောင်းသူတစ်ဦး။ ထို့ကြောင့်

"အစ်ကို ဘယ်လောက် ခံစားရမယ်ဆိုတာ ကျွန်တော် နားလည်
င်ပါတယ်၊ ဒီလိုပဲ၊ အေးမြလည်း ဘယ်လောက် ခံစားနေရတယ် ဆိုတာ
စ်ကို နားလည်နိုင်လိမ့်မယ်လို့ ထင်တယ်လေ"

သူကလည်း ကျွန်တော် ဒီလို ပြောလာလိမ့်မည်ဟု ခန့်မှန်းခဲ့ပြီးပုံ



www.burmeseclassic.com

www.burmeseclassic.com



ရှံသည်။

"သူ့သဘောနဲ့သူ ရွေးချယ်တာကို အစ်ကိုက ဘာတတ်နိုင်တော့မှာလဲကွာ"

ဟု ပြော၏။ ဒီလောက်ဆို ရပြီ။

"အစ်ကို့ကို ကျွန်တော် စိတ်မဆိုးပါဘူး၊ ကျွန်တော်ကတောင် အစ်ကို့ကို ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုခဲ့မိတဲ့အတွက် တောင်းပန်ရဦးမယ်"

"ဟာ. . . မဟုတ်တာ ငါ့ညီရာ၊ အစ်ကို ဘယ်လိုမှ သဘော မထားပါဘူး"

ကျွန်တော့်ပခုံးကို လှမ်းဖက်ရင်း သူ ပြောသည်။ ပြီးတော့. . .

"တစ်ခုတော့ တောင်းပန်ရဦးမယ်ကွာ၊ မမြင့်ဦးကို နားလည်အောင် ရှင်းပြပေးစေချင်တယ်"

"စိတ်ချပါ၊ ကျွန်တော့်ကြောင့် ဖြစ်ခဲ့ရတဲ့ပြဿနာ ကျွန်တော် ရှင်းပြပေးရမှာပေါ့"

သူသည် ရုတ်တရက် အသည်းရောင် ရောဂါများ ဖြစ်သွားသလားဟု ကျွန်တော် လန့်သွားမိသေးသည်။ ပင်ကိုက မည်းသော သူ့မျက်နှာက ဝါထိန် ဝင်းလက်သွားသောကြောင့် ဖြစ်၏။

"သိပ်ကျေးဇူးတင်တယ်ကွာ"

ဟု ပြောရင်း ခုမှ သတိရဟန်ဖြင့် သူ့အင်္ကျီအိတ်ထဲက ဒူးယားဘူးကို ထုတ်၍ ကမ်းသည်။ သူက ဆေးလိပ်သောက်တတ်သူ မဟုတ်။ အစကတော့ သူ့စိတ်တွေ လေပြီး ဆေးလိပ်တွေတောင် သောက်နေမလား ဆိုတာမျိုး လုပ်ဖို့ ရည်ရွယ်ဟန်တူ၏။ နောက်မှ မေ့ပြီး မသောက်ပြမိခြင်း ဖြစ်မည်။ စီးကရက်ဘူးက မဖောက်ရသေး။

"အစ်ကို မင်းအတွက် သတိရလို့ ဝယ်လာခဲ့တာကွ"

ဟု သူက ပြောသည်၊ ကျွန်တော်လည်း ရသမျှ အမြတ်ပဲ ဆို ပြီး ယူထားလိုက်၏။

❖ ❖ ❖





အေးမြ ရုံးပြန်တက်ခွင့် ရသည်။ ကျောင်းလည်း ပြန်တက်သည်၊ လူလှလည်း အေးမြနှင့် ပြန်တွေ့ခွင့် ရသွားသည်။

ဒီလို သူတို့နှစ်ယောက် ပြန်တွေ့ကြမည်ကို အေးမြတို့အိမ်က မသိဘဲ နေမည်မဟုတ်။ သို့ရာတွင် ဘာမျှ အနှောင့်အယှက် မပေးကြတော့ချေ။ ကန့်ကွက်ခြင်းလည်း မပြု။ အားပေးခြင်းလည်း မရှိ။ ထိုအကြောင်းကို တစ်ခွန်းမျှ မဟတော့ဘဲ မသိသလို နေနေကြသည်၊ ကျွန်တော်နှင့် အပေးအယူ လုပ်ထားသည့်အတိုင်း ကိုကုလားကြီးက ကတိတည်သည့်အနေဖြင့် ဆောင်ရွက်ချက်ပဲလား။ အေးမြကို ဘယ်လိုမှ ပြောလို့ရမည် မဟုတ်သဖြင့် လက်လျှော့လိုက်ကြတာလားတော့ မသိ၊

ကြည်ကြည်ဖြူဖြူ ခွင့်ပြုတာမျိုး မဟုတ်တာတော့ အေးမြစကားအရ သေချာသည်။

"အိမ်မှာ ငါတစ်ယောက်တည်း သီးသန့်လို ဖြစ်နေတယ်ဟ၊ အမေက ငါ့ကို စကားဟဟ မပြောတော့ဘူး၊ အဖေကတော့ နဂိုကတည်းက သားသမီးတွေနဲ့ ရောရောနှောနှော နေတတ်တာ မဟုတ်လို့ထားပါတော့၊ ဒါတောင် တစ်ခါတစ်ခါ ငါ့ကို မျက်နှာထားကြီးနဲ့ စိုက်စိုက်ကြည့်တတ်တယ်၊ ရင်မြကလည်း စကားကြုံတိုင်း ငါ့ကို ထေ့ငေါ့နေတာပဲ"

"ကိုကုလားကြီးတို့. . . ကိုဖိုးရှုပ်တို့ကကော"

"အစ်ကိုဖိုးရှုပ်ကတော့ ခပ်ပေါ့ပေါ့ပဲလေ၊ မိသားစု အရေးကိစ္စ ဘာတွေလည်း သိပ်စိတ်ဝင်စားတာမှ မဟုတ်ဘဲ၊ အပြင်ထွက်လည်ဖို့ စဉ်းစားနေတာဆိုတော့ ငါနဲ့တောင် သိပ်မဆုံဖြစ်ဘူး၊ အစ်ကို ကုလားကြီးကတော့ သိပ်မကျေနပ်ပေမယ့် သူ့အကြောင်းနဲ့သူ အောင့်သက်သက် ကြည့်နေရတဲ့ သဘောပေါ့ဟာ၊ ခင်မြတစ်ယောက်ကသာ ငါ့ကို နားလည်ပြီး အရင်ကလိုပဲ ဆက်ဆံ ပြောဆိုနေတာဟ"

"နင့် အိမ်မှာ နေရတာ တော်တော် စိတ်ကျဉ်းကျပ်မှာပဲနော်"

ကျွန်တော်က ပြောသည်။ သူက. . .

"ဒီလိုပေါ့ဟာ၊ ငါက အလုပ်သွား၊ ကျောင်းတက်နဲ့မို့ အိမ်မှာ နေရတယ် မရှိလို့ တော်သေးတာပေါ့၊ ဘာပဲဖြစ်ဖြစ် နင်နဲ့ ပတ်သတ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ငါ ဘယ်လောက် စွန့်စွန့်စားစား ရပ်တည်ခဲ့တယ်ဆိုတာ ယုံပြီလား လူလု"

ဟု လူလုကို မေးသည်။ လူလုက. . .

"မယုံနိုင်ဘူး"

ဟု ပြောသည်။

"ဘာ. . . မင်းကလဲ"

ကျွန်တော် ဝင်အပြောတွင် လူလုက လက်ကာပြပြီး. . .

"ဟုတ်တယ်လေ၊ အံ့သြစရာ ကောင်းလောက်အောင် ငါ့ဘက်က ရပ်တည်ခဲ့လို့ မယုံနိုင်လောက်အောင် ဖြစ်နေတာ"

ဟု ဝမ်းမြောက်ဂုဏ်ယူသည့် လေသံဖြင့် ပြော၏။ တကယ်တော့ လူလုနေရာမှာ ကျွန်တော်သာဆိုလျှင် အေးမြ ဒီလောက် စွန့်စားပါ့မလား ဟု တွေးမိသည်။ ထိုအတွေးကို ချက်ချင်း မောင်းထုတ်လိုက်၏။

ကျွန်တော်သည် ကိုကုလားကြီးကို ပေးခဲ့သည့်ကတိအတိုင်း ကောင်အထည် ဖော်ရသည်။ ကိုကုလားကြီးက ကျွန်တော့်ကို တောင်းပန်ကြောင်း၊ သူ့အပေါ် ကျွန်တော် စိတ်မဆိုးတော့ကြောင်း၊ ကျွန်တော့်ကြောင့် အစ်မကြီးတို့ အချစ်ရေး ထိခိုက်ပြိုကွဲသွားသဖြင့် တစ်သက်လုံး စိတ်ကောင်းတော့မည် မဟုတ်ကြောင်း ပြောရသည်။

အစ်မကြီးက ဆုံးဖြတ်ချက်တစ်ခု ချပြီး ပြန်ပြင်ဖို့ မဖြစ်နိုင်ဟု တင်းနေသေးသည်။ ကျွန်တော်က. . .

"အစ်မကြီးရယ်၊ စဉ်းစဉ်းစားစားလဲ လုပ်ပါ၊ တကယ် အထိခံရတဲ့ ကျွန်တော်ကတောင် စိတ်မဆိုးတော့ပါဘူးဆိုမှ အစ်မကြီးက တင်းနေရသလား၊ နောက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချပြီး ပြန်မပြင်နိုင်ဘူးဆိုတာကလည်း ရှေ့နောက် မညီညွတ်ဘူး၊ ဟိုအရင်တုန်းက ကိုကုလားကြီးကို လက်ထပ်မယ်လို့ ဆုံးဖြတ်ပြီးမှ ဖျက်ပစ်ခဲ့တာကျတော့ ဘယ်လို ပြောမလဲ၊ ဒီမှာဗျ၊ အနုတ်လက္ခဏာနှစ်ခုဟာ အပေါင်းလက္ခဏာတစ်ခု ဖြစ်နိုင်တယ်တဲ့၊ ဆုံးဖြတ်ချက်တစ်ခုကို နှစ်ခါဖျက်လိုက်ရင် မူလဆုံးဖြတ်ချက်အတိုင်း ပြန်တည်သွားတာပေါ့"





ဟု ပညာတတ်စကား ဆိုသည်။ အဖေတို့ အမေတို့တလည်း ကျွန်တော့်ဘက်မှ ဝင်၍ထောက်ခံပြီး တိုက်တွန်းကြသည်၊ အစ်မကြီးသည် ကျွန်တော့်ကြောင့်သာ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်ခဲ့သော်လည်း ကိုကုလားကြီးအပေါ် သံယောဇဉ် မကုန်သေး။ သို့ဖြင့် နောက်ဆုံးတွင် ကျွန်တော့်စကားကို လက်ခံလိုက်လေသည်။

ကျွန်တော်က မီးစိမ်းပြလိုက်သောအခါ ကိုကုလားကြီးတို့ဘက်က စကားပြန်စလာသည်။ ပြီးခဲ့သမျှတွေ သင်ပုန်းချေပြီး သားရေးသမီးရေးကိစ္စ ပြောဆိုကြသည်။ ကိုကုလားကြီးက သူသည် အလုပ်ဖြင့် နယ်ပြောင်းဖို့ ရှိသဖြင့် အမြန်ဆုံး လက်ထပ်ပြီး ခေါ်သွားချင်သည်ဟု ပြောသည်။ အစ်မကြီးကို ရွှေ့ဆိုင်းခွင့် မပေးတော့ဘဲ အဖေတို့က လက်ခံလိုက်သည်။

နှစ်ဖက်မိဘများသည် အရင်လောက် ဖက်လှဲတကင်း မရှိကြသည့်တိုင် အစ်မကြီးတို့ လက်ထပ်မည့်ကိစ္စကို ဝမ်းမြောက် ကျေနပ်မှု ရှိကြသည်။ အလျင်ကလောက် ဖက်လှဲတကင်း မရှိဟု ဆိုရခြင်းမှာလည်း ကျွန်တော်နှင့် ကိုကုလားကြီးတို့ ထိုးကြကြိတ်ကြ ဖြစ်ခဲ့သည့်အတွက် အပြန်အလှန် အားနာနေကြခြင်းနှင့် ကျွန်တော်က လူလုနှင့် အေးမြတို့ကို ဆက်လက် ကူညီနေသဖြင့် စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်နေကြခြင်းတို့ကြောင့်ပင် ဖြစ်ပေမည်။

သီတင်းကျွတ်တွင် အစ်မကြီးတို့ မင်္ဂလာဆောင်သည်။

ရယ်စရာဟု ဆိုရမလား၊ ရင်နင့်စရာဟု ဆိုရမလားတော့ မသိ။ သူတို့ မင်္ဂလာဆောင်တွင် ကျွန်တော်နှင့် အေးမြတို့က လူပျိုရံ အပျိုရံများ လုပ်ကြသည်။

အေးမြနှင့် ကျွန်တော့်ကို လူကြီးတွေက ကျိတ်ပြီး သဘောတူနေခဲ့သည်ကို ကျွန်တော် သိသည်။ အစ်မကြီးဆိုလျှင် "နင် အေးမြတို့ ဘာကြောင့် မကြိုက်ခဲ့တာလဲဟယ်" ဟုပင် ဖွင့်ပြောဖူးသည်၊ သူတို့ မျှော်လင့်သလို ဖြစ်မလာခဲ့သောကြောင့် ခု မင်္ဂလာဆောင်တွင် လူပျိုရံ အပျိုရံများအဖြစ် ကျွန်တော်တို့နှစ်ယောက်ကို တွဲပေးခြင်းဖြင့်သာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မြေကြရဟန် တူလေသည်။

လူတွေကလည်း ပေါက်ပေါက်ရှာရှာ စပ်စပ်စုစု လုပ်ချင်ကြသည်၊ မင်္ဂလာဆောင် လာရင်း ကျွန်တော်နှင့် အေးမြတို့က ဘယ်လိုပတ်သက်သလဲ။

"ဩော်. . . သတို့သားရဲ့ညီမနဲ့ သတို့သမီးရဲ့မောင်ကိုး၊ သတို့သား သတို့သမီးက သိပ်မလိုက်ဘူး၊ သူတို့နှစ်ယောက်က ပိုလိုက်တယ်၊ ကြည့်စမ်းပါဦး၊ နှစ်ယောက်စလုံး ချောချောလှလှလေးတွေ၊ မောင်လှယ်နှမလှယ် လုပ်ပြီး သူတို့နှစ်ယောက်ကိုပါ ဆက်ပြီး လက်ထပ်ပေးလိုက်ဖို့ကောင်းတယ်"

ဟု ဝေဖန်ပြောကြားသော ဟူ၏။

အချစ်ဆိုသည်မှာ ဘောလုံးပွဲမှာလို "က"အုပ်စု ပိုလ်နှင့် "ခ" အုပ်စု ဒုတိယတို့ ကန်ကြစေ ဟူ၍ သတ်မှတ်ပြဋ္ဌာန်းလို့ မရနိုင်ကြောင်း သူတို့ မသိကြဘူးလား။

ကျွန်တော်ကတော့ ခြေစစ်ပွဲတောင် အောင်မြင်ခဲ့သူ တစ်ယောက် မဟုတ်ပါတကား။





အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ အချိန်ကာလကို တည့်တည့် ဖြတ်သန်းနေစဉ်က အမှတ်တမဲ့ပင် နေခဲ့သည်။ စက္ကန့်ပေါင်းများစွာ စုပုံလာပြီး နှစ်အပိုင်းအခြား ဖြစ်လာတော့မှ အပြောင်းအလဲတွေ အများကြီးပါလားဟု ပြန်တွေးမိသည်။

ကျွန်တော်တို့ နေထိုင်ရာအရပ်သည် ငယ်ငယ်ကလို မြို့၏ ဆင်ခြေဖုံး ရွာကြီးတစ်ရွာသာသာမျှ မဟုတ်တော့။ မြို့တော်၏ စည်ပင်သာယာ နယ်နိမိတ်ထဲမှာ ပါဝင်လာသော စည်ကားသည့် မြို့နယ်တစ်ခု ဖြစ်လာခဲ့ပြီ။

မော်တော်ကားလမ်းသည် အရင်လို ကားတစ်စီးမှ ချောင်ချောင် သွားသာရုံလောက် မဟုတ်တော့။ နှစ်ဆမျှ ကျယ်ဝန်းပြီး နိုင်လွန်တတ္တရာခင်းလမ်း ဖြစ်လာသည်။ ကားတွေကလည်း အဆက်မပြတ် မောင်းနှင် သွားလာနေသည်။ ညရှစ်နာရီလောက်ဆိုလျှင် ကားသံလူသံ တိတ်ဆိတ်ငြိမ်သက်သွားသောအရပ် မဟုတ်တော့။ ဆယ်နာရီ ဆယ့်တစ်နာရီထိ လက်ဖက်ရည်ဆိုင်တို့မှာ လူစည်နေတုန်း။



www.burmeseclassic.com

www.burmeseclassic.com



ကျိုက္ကဆံဘုရားသို့ သွားသော တောလမ်းကလေး ဆိုသည်မှာ မရှိတော့။ သရက်ခြံကြီးများသည်လည်း သရက်တော ဟူသော အမည်သာ ရှိတော့သည်။ သရက်ပင် နှစ်ဆယ်ပြည့်အောင် မကျန်တော့ချေ။ ထိုနေရာများမှာ လူနေရပ်ကွက်တွေ ဖြစ်လာသည်။ ပြည်သာယာ၊ သုမင်္ဂလာ စသော လမ်းမကြီးတွေ ပေါ်လာသည်။ တောင်ဥက္ကလာပ မြို့သစ်သည် ဘယ်တုန်းကများ ရုတ်တရက် ပေါ်လာပါလိမ့်ဟု ခုချိန်ကျမှ ပြန်တွေးမိပြီး အံ့သြစရာလို ဖြစ်ရသည်။ အရှေ့တောင်ဘက်ရှိ လယ်ကွင်းပြင်များသည် ခုအခါတွင် သုဝဏ္ဏဟု ထင်ရှားနေပြီ။

တကယ်တော့ တစ်စတစ်စ ပြောင်းလဲလာခဲ့ခြင်းကို သတိမမူခြင်းပင် ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ဦး။ စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ဖြစ်နေပြီ။ ဘောင်းဘီတိုကလေးနှင့် စက်ဘီးလျှောက်စီးနေသော ကာလနှင့် အခုအချိန် များစွာ ခြားနားခဲ့ပြီကို သိလာ၏။

သက်ရှိသက်မဲ့ အရာအားလုံးတို့သည် အချိန်ကာလ ဟူသော ရေစီးထဲတွင် မျောပါခဲ့ကြသည်။ ရေစီးနှုန်းချင်း တူသော်လည်း မျောပါပုံခြင်းတော့ မတူကြချေ။ တချို့ကတော့ ချောင်းငယ် မြောင်းငယ်ထဲမှာ။ တချို့က မြစ်ပြင်ကျယ်ထဲမှာ။ တစ်ခုတော့ တူညီသည်။ အချိန်ကာလ ရေစီးကြောင်းကို မည်သူမျှ ဆန်မတက်နိုင်ခြင်းပင် ဖြစ်၏။

အပြောင်းအလဲ ဆိုသည်မှာ နှိုင်းယှဉ်မှု ရှိလျှင် ပို၍သိသာ၏။ အထူးသဖြင့် ဆန့်ကျင်ဘက် ပြောင်းလဲမှုနှစ်ခု။ ဥပမာ. . .

လှလှနှင့် အေးမြ။

လှလှ၏ ပြောင်းလဲတိုးတက်မှုများသည် နိုင်လွန် ကတ္တရာလမ်းခင်းသလို မနက်ကပင် ကျင်းချိုင့် ထူပြောသောလမ်းသည် ညနေကျတော့ ညီညာချောမွေ့သွားတာမျိုး။ အံ့ဖွယ်မြန်ဆန်လှသည်။

ထိုအတူ အေးမြ၏ ပြောင်းလဲမှုသည်လည်း ကျူးကျော်ရပ်ကွက်တစ်ခုကို ဖျက်ဆီးလိုက်သလို မနက်ကပင် ဈေးနှင့် လက်ဖက်ရည်ဆိုင်နှင့် စည်စည်ကားကား ရှိပြီး ညနေကျတော့ ပြောင်တလင်း ခါသော





ကွင်းပြင် ဖြစ်သွားတာမျိုး။

လှလှသည် ကီလီဒိုင်မှာ ကုန်ပစ္စည်းတွေ သွားယူရင်းက လုပ်ငန်း အကွက်မြင်လာသည်။ ဒိုင်များနှင့် ခင်မင်သိကျွမ်းလာသဖြင့် ကုန်ပစ္စည်း အကြွေးယူလို့ ရသည်။ ထိုပစ္စည်းများကို ကျွန်တော်တို့ဆီက ဈေးမှာ ပြန်သွင်းရာမှ သူ့အတွက် အထိုက်အလျောက် ကျန်သည်။ ထိုမှမက သူသည် ကွမ်းခြံကုန်း၊ လတ်ခုပ်ကုန်းတို့အထိ ခြေဆန့်သည်။ တန်လာပို့သောလှေ၊ သမ္ဗာန်၊ မော်တော်များနှင့် မိတ်ဖွဲ့ ပေါင်းသင်းသည်။ ရေလုပ်ငန်း လုပ်ကွက်ဆီထိ ဆင်းပြီး ငါး၊ ငါးခြောက်၊ ငါးပိ စသည်တို့ကို ဈေးဖြတ် ဝယ်ယူသည်။ ငွေကြိုထုတ်ပေးတာန် ပေးခဲ့သည်။ လိုသမျှငွေကို သူ့လုပ်ရည်ကိုင်ရည်ကို သဘောကျသော ကုန်သည်များက ထုတ်ပေးသည်။ ဤသို့ဖြင့် သူသည် ကီလီဈေးမှာ အရေးပါသော ပွဲစားတစ်ယောက် ဖြစ်လာသည်။ သူ့အဆင့်ဖြင့် တွက်လျှင် လက်ဖျားမှာ ငွေသီးသူတစ်ယောက် ဖြစ်လာခဲ့ပြီ။

သူ့အမေကို ဈေးမရောင်းခိုင်းတော့။ ငါးဆိုင်ကို စိတ်ချရသော သူငှားတစ်ယောက်ကို ခန့်ပြီး ရောင်းခိုင်းသည်။ မြေကွက်တစ်ကွက်ကို ချောင်ချောင်နှင့် ဝယ်ပြီး သွပ်မိုးပျဉ်ထောင် တစ်ထပ်အိမ်ကလေး ဆောက်သည်။ တလောကပင် ဆိုင်ကယ်တစ်စီး ဝယ်လိုက်သေးသည်။

အေးမြတို့ မိသားစု ပြောင်းလဲပုံတ လှလှနှင့် ပြောင်းပြန် ဖြစ်၏၊ အေးမြတို့အဖေ ရုံးမှာ ပြဿနာတစ်ခု ပေါ်သည်။ လက်အောက်ငယ်သားများ၏ အမှားဖြစ်သော်လည်း သူ့မှာ တာဝန်ရှိနေသဖြင့် အချိန်တန်ဘဲ အငြိမ်းစား ယူလိုက်ရသည်။

သူတို့မိသားစုသည် အရင်ကတည်းက သူတို့အဖေ လစာကို စားသောက်ခဲ့ကြရခြင်း ဖြစ်သည်။ တစ်ချိန်က လောက်ငရုံမက ပိုလျှံသော်လည်း ကုန်ဈေးနှုန်းတွေ ကြီးမြင့်လာသောအခါ အကျပ်အတည်းတွေ့လာသည်။ ဝိကြားထဲ ပင်စင်ယူလိုက်ရသဖြင့် ပို၍ အခက်အခဲတွေ့လာသည်။ အတွင်းပစ္စည်းတွေ ထုခွဲပြီး ဟန်မပျက် နေသေးသည်။

နောက်ဆုံး မတတ်သာတော့မှ သူတို့တိုက်ကို ရောင်းလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ရောင်းလိုက်ရသည် ဆိုခြင်းထက် အကြွေးနှင့် အသိမ်းခံလိုက် သည် ဆိုခြင်းက ပို၍မှန်မည်။ တန်ဖိုး၏ တစ်ဝက်လောက်သာ ထပ် သည်။

ကျန်ရှိသောငွေဖြင့် ချောင်ကျသော ရပ်ကွက်တစ်ခုမှာ အိမ် သေးသေးတစ်လုံး ဝယ်၍ ပြောင်းရွှေ့သွားကြသည်။

သူတို့အိမ်မှာ ဝင်ငွေရှာနိုင်သူ ဟူ၍ အေးမြတစ်ယောက်သ ရှိတော့သည်။ သူ့လခကလည်း ဘာမျှ ဖြစ်လောက်သည် မဟုတ်။ ကျောင်းစရိတ်၊ အသုံးစရိတ် ကျေရုံလောက်သာ ရှိမည်။

သူတို့အဖေမှာ တစ်သက်လုံး အရာရှိ လုပ်လာသူ ဖြစ်သဖြ တခြားဘာမျှ မလုပ်တတ်။ ကိုကုလားကြီးကလည်း နယ်မှာ ရောက်နေ သူ့လခနှင့် သူတို့လင်မယား လောက်ငရုံသာ ရှိမည်။ သူ့အိမ် ထောက်ပံ့နိုင်မှာ မဟုတ်။ ကိုဖိုးရှုပ်ကတော့ လုံးဝအားကိုးလို့ မရ။ ခု ဘာအလုပ်မှ မလုပ်သေးဘဲ ပေါ်ကြော့နေချင်တုန်း ဖြစ်၏။

သူတို့ စားဝတ်နေရေးကို ဘယ်ပုံဘယ်နည်း ဖြေရှင်းနေကြသ ဟု ခဏခဏ တွေးမိ၏။ သေချာသည်ကတော့ လောလောဆယ် ရောင်းရာမှ ပိုလျှံသော ငွေကလေးဖြင့် ဖြည့်စွက် သုံးစွဲနေကြပေ မည်။

ဒီလို အခြေအနေမျိုးမှာ အေးမြတို့ မိသားစုက လူလှအ ဘယ်လို သဘောထားမည်နည်း။ မလွဲသာ မရှောင်သာ သဘောမျိုးနှ ဖြစ်စေ၊ လူလှ၏ အခြေအနေ တိုးတက်မှုကို အသိအမှတ်ပြု၍ပဲ ဖြစ် လူလှအပေါ် အမြင် ပြောင်းလဲလာခဲ့လေသည်။ သူတို့နှစ်ယောက်ကို မကန့်ကွက်တော့ဘဲ လက်ခံသည့် သဘောမျိုး ပြသလာသည်။

လူလှက အေးမြတို့အိမ်ကို ဝင်ထွက်စ ပြုလာသည်။ လူလ လိုက်လိုက်လျောလျော ဆက်ဆံလာကြသည်။ အေးမြတို့ အဖေနှင့် ခအေးမြတို့ကသာ ခုထိ ခပ်တန်းတန်း ရှိနေတုန်းဟု သိရသည်။ သို့ရာ ခအေးမြတို့အဖေသည် ခုချိန်မှာ မိသားစုအတွင်း၌ ဩဇာအာဏာ ဆင်းနေသည့် လူတစ်ယောက်။ အရေးပါသောနေရာ မဟုတ်တော





ခအေးမြတို့အမေသည်သာ ဆုံးဖြတ်ပိုင်ခွင့်ကို လက်ကိုင် ရထားခဲ့ပြီ၊ သူက တော့ လူလှကို အရေးပေးစ ပြုနေကြောင်း သိရသည်။

ဘာပဲဖြစ်ဖြစ် ထိုအတွက် ကျွန်တော် ဝမ်းသာရပေမည်။

ကျွန်တော်ကတော့ သူတို့လောက် အပြောင်းအလဲ မရှိလှဟု ဆိုရမည်။

အဖေ၏ ဆေးပေါင်ဒါလုပ်ငန်းက အရင်လောက် အခြေအနေ မကောင်းတော့။ သို့တိုင်အောင် တစ်ဖက်က အဖေ စမ်းသပ်ထုတ်လုပ် သော မိတ်ကပ်များကို လူကြိုက်များစ ပြုလာသဖြင့် ထေမိသည်။ ကျွန် တော်တို့ မိသားစု၏ စီးပွားရေး အခြေအနေသည် ပုံမှန်အတိုင်း ရှိနေ သည်။

ကျွန်တော့်မှာ ထူးခြားသော ပြောင်းလဲမှုတစ်ခုတော့ ရှိသည်၊ "ရဲရဲ"နှင့် တွေ့ဆုံခဲ့ရခြင်းပင် ဖြစ်၏။

❖ ❖ ❖

သူ့နာမည် အပြည့်အစုံက ရဲရဲတောက်ထွန်း ဖြစ်သည်၊

နာမည်ကြားရုံနှင့် သူ့အဖေနာမည် ဦးတောက်ထွန်း ဆိုတာ သိသာသည်။ ထို့အတူ သူ့ကို မြင်ရုံနှင့် လူနှင့် နာမည် လိုက်ဖက်ပါပေ သည်ဟု အသိအမှတ် ပြုရမည် ဖြစ်သည်။

ရဲရင့်ဖျတ်လတ် သွက်လက်သည်၊ အနီရောင်တစ်ခုခုကို အမြဲ ခအောင် ပြင်ဆင် ခြယ်သတတ်သည်။ ဖိနပ်ဖြစ်ဖြစ် လွယ်အိတ်ဖြစ်ဖြစ် ယှတ်စွအဆုံး နှုတ်ခမ်းကို ရဲရဲနီအောင် ဆိုးလာတာပဲဖြစ်ဖြစ် တင်[illegible] ဘစ်ရက်လောက်တော့ သူ၏အထိမ်းအမှတ် အနီရောင်ကို တင်[illegible] ဆင်မြန်းလာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူက လုပသည်။

ကျွန်တော်နှင့် စတင်တွေ့ကြပုံက ဝတ္ထုတွေ ရုပ်ရှင်တွေထဲက အတိုင်းပင် ဖြစ်၏။

တစ်ရက်. . . ကျောင်းကို ဘတ်စ်ကား စီး၍ သွားသည်။ ကား ပြားသုံးဆယ် ကျသည်။ ကျပ်တန် ပေးထားသည်။ စပယ်ယာက အကြွေ မရှိ၍ မအမ်းနိုင်သေး။ ကျောင်းရှေ့ ရောက်ခါနီးတော့ ကျွန်တော်က သတိရ၍. . .

"ပြားခုနစ်ဆယ် မအမ်းရသေးဘူးနော်"

ဟု သတိပေးသည်။ ထိုအခိုက်တွင် တစ်ဘက်ခြမ်းက ခုံမှာ ထိုင်နေသော ကျောင်းသူတစ်ယောက်ကလည်း. . .

"ဒီမှာလည်း မအမ်းရသေးဘူး"

ဟု လှမ်းပြောသည်။ စပယ်ယာက. . .

"ဒုက္ခပဲ၊ ကျွန်တော်လည်း ခုမှ ဓါတ်ဆီထည့်ပြီး ထွက်လာတာမို့ အကြွေမရှိဘူး။ ပြားခြောက်ဆယ်ပဲ ရှိတယ်၊ ဪ. . . ဒါနဲ့ အစ်ကိုတို့ ဒီမှတ်တိုင် ဆင်းမှာလား"

"ဟုတ်တယ်"

"အစ်မကကော"

သူက ခေါင်းညိတ်ပြသည်။

"ဒါဆို ဒီလိုလုပ်လေ၊ ကျပ်တန်တစ်ရွက်နဲ့ အကြွေပြားလေးဆယ် ပေးလိုက်မယ်၊ အောက်ကျမှ တစ်နေရာရာမှာ အမ်းပြီး ခွဲယူလိုက်ပေါ့"

ပြောပြောဆိုဆို ကျွန်တော့်လက်ထဲ ကျပ်တန်နှင့် အကြွေ ပြား လေးဆယ် ထည့်ပေးသည်။ ထိုစဉ်မှာပင် ကားက မှတ်တိုင်မှာ ရပ်သည်။ ကြောင်တောင်တောင်နှင့် ဆင်းလာခဲ့ရသည်။ အောက်ရောက်တော့ ကျွန် တော်က. . .

"ဘယ်လိုလုပ်ကြမလဲ"

"ယူ ဆေးလိပ်တစ်လိပ်လောက် ဝယ်ပြီး အမ်းလိုက်ပါလား"

သူပြောတာ ဟုတ်တော့ ဟုတ်သည်။ သို့ရာတွင် မိန်းကလေး





ဘစ်ယောက်က ဆရာလုပ်သည့် လေသံမျိုးနှင့် ပြောနေသဖြင့်. . .

"ကျွန်တော်က ဆေးလိပ်မသောက်တတ်ဘူး၊ ခင်ဗျား အချဉ်ထုပ် ဝယ်စားပြီး အမ်းလိုက်ပါလား"

"အချဉ်ထုပ်က ဆေးသကြား ပါလို့ မစားဘူး"

"ဒါဆိုလဲ. . . ရော့"

ကျွန်တော်က ကျပ်တန်ကို လှမ်းပေးသည်။ သူက ယောင်ပြီး ယူလိုက်၏။

"အမျိုးသမီးတွေကို ဦးစားပေးရတဲ့ ထုံးစံအတိုင်း ခင်ဗျားက ကျပ်တန်ယူ၊ ကျွန်တော်က အကြွေ ပြားလေးဆယ်ပဲ ယူတော့မယ်"

ဟု ပြောပြီး လှည့်ထွက်လာခဲ့သည်။ သူက "ရှတ် ရှတ်" ဆိုပြီး လှမ်းခေါ်သည်။ ကျွန်တော်က လှည့်မကြည့်။

❖ ❖ ❖

နှစ်ရက် သုံးရက် ကြာသွားသည်။ သူ့ကို အမှတ်တမဲ့ပင် မေ့နေ ခဲ့သည်။

တစ်ရက်. . . ကျွန်တော် အင်းဝလမ်းပေါ် လျှောက်သွားနေ ဘုန်း နောက်ဘက်မှ ကားစက်သံ ကြားရသဖြင့် လမ်းဘေးကို ကပ် လျှောက်လိုက်သည်။ ကားက ကျွန်တော့်ကို ကျော်တက်မသွားသေးဘဲ ကျွန်တော့်ဘေးမှာ ကပ်ရပ်လိုက်သည်။

"ဒီမှာ"

ကျွန်တော် လှည့်ကြည့်သည်။ ဟိုနေ့က အမျိုးသမီး၊ ဖင်ပေါ် ယာ ကားအနီရောင်ကို ကိုယ်တိုင် မောင်းလာသည်၊

"ဟိုနေ့က ပိုက်ဆံ ပြားသုံးဆယ် ပေးစရာရှိတယ် မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ရော့"

ကားပေါ်က မဆင်းဘဲ လက်လှမ်းပေးနေသည်။ သူ လုပ်ပုံက ခပ်ရင့်ရင့် ဖြစ်နေ၏။ ထို့ကြောင့်. . .

"နေပါစေ၊ မယူတော့ပါဘူး၊ အလှူလို့ပဲ သဘောထားပါတယ်"

ဆိုပြီး ဆက်လျှောက်လာခဲ့သည်။ သူက ကားကို ဘီးလိမ့်ရုံ မောင်းရင်း ကပ်လိုက်လာပြန်၏။

"ရော့ပါ၊ ယူပါ"

ကျွန်တော်က လှည့်မကြည့်။

"ယူလေ၊ သံသရာမှာ အကြွေးတင်ခံရမှာ ကြောက်လွန်းလို့ ပေးနေတာ"

ယောက်ျားလေး တစ်ယောက်ကို မိန်းကလေး တစ်ယောက်က သက်သက် လိုက်စနေသည်နှင့် တူသည်။ ကျွန်တော်က ယောက်ျားလေး၊ သူက မိန်းကလေး။ သို့ရာတွင် ခုလက်ရှိ အနေအထားမှာ သူက ရဲရဲတင်းတင်း။ ကျွန်တော်က မဝံ့တဝံ့။

'ရှေ့နားဆီမှာ ကျောင်းသားတစ်သိုက် လျှောက်လာကြသည်၊ လမ်းလျှောက်နေသော ယောက်ျားလေးတစ်ယောက်ကို မိန်းကလေး တစ်ယောက်က ဘေးမှ ကားနှင့် လိုက်ပြီး စကားပြောနေသော မြင်ကွင်းထို စူးစူးစမ်းစမ်း ကြည့်ကြသည်။ ကျွန်တော်တို့ နှစ်ယောက်ကို သမီးရည်းစား စိတ်ကောက်နေကြသည်ဟု ထင်ကြဟန် တူ၏။

"မိန်းကလေးတန်မဲ့ ဒီလောက် ချော့နေတာ ကျေနပ်ဖို့ ကောင်းပါတယ်"

ဟု မကြားတကြား ပြောသွားကြသည်။ ကျွန်တော် ရှက်သွား၏။ သူကတော့ ဂရုမစိုက်သလို နေသည်။ ကားကို ဘီးလိမ့်ရုံ မောင်းလိုက်လာမြဲ။ စားသောက်ဆိုင်တန်းဘက် သွားသော မြေလမ်းကလေးနှင့် ဆုံရာသို့ ရောက်လာ၏။ ထိုလမ်းအတိုင်း ထွက်သွားတော့မည် စိတ်ကူးမိသေးသည်။ ဒီလို လုပ်လိုက်လျှင် ကျွန်တော် အရှုံးပေးပြီး ထွက်ပြေးရာ ကျမည်။ သို့ဖြင့်. . .





"ကဲ. . .ပေး ပိုက်ဆံ"

ဆိုပြီး ပြားသုံးဆယ် လှမ်းယူရင်း. . .

"ဒါကြောင့်လဲ ဗေဒင်က ဟောထားတာ၊ ဆုံးပြီလို့ ထင်ထားတဲ့ ငွေကြေး ပြန်ရနိုင်တယ်တဲ့"

"ဩော်. . .ဟုတ်လား၊ ယူက ဘာနေ့သားလဲ"

မထင်မှတ်သော မေးခွန်းဖြစ်သဖြင့် ကျွန်တော် ကြောင်သွားသည်။ သူက. . .

"တို့က ရာဟုသမီးရှင့်"

ဟု ပြောပြီး ကားကို ဝူးခနဲ မောင်းထွက်သွား၏။

❖ ❖ ❖

နောက်တစ်ခါက အင်းလျားကန်စပ်မှာ။ ထိုနေ့က နေ့လည် အားလပ်ချိန်တွင် ဘူးသီးကြော် စားချင်စိတ် ပေါက်နေသည်။ ကျောင်းထဲမှာလည်း ဘူးသီးကြော် ရတော့ရသည်။ အကြော်စားမှတော့ ကန်စပ်က ဆိုင်မှာ ထိုင်ပြီး ရေကူးနေသူတွေ၊ တစ်ခါတစ်ရံ ရှားရှားပါးပါး တွေ့ရတတ်သော ရွက်လှေကလေးတွေကို ကြည့်ရင်း စားရတာ ပိုကောင်းသည်ဟု အတွေးပေါက်ပြီး အင်းလျားဘက် လာခဲ့သည်။ ကန်စပ်နှင့် အနီးဆုံးဆိုင်မှာ ထိုင်၊ ဘူးသီးကြော်တစ်ပွဲ မှာပြီး ဖြည်းဖြည်းချင်း စား၊ ငွေစပယ် ဆေးပေါ့လိပ်ကို ဖိမ်နှင့် ဖွာရင်း ကန်ဘက်ကို ငေးနေလိုက်သည်၊

ကျွန်တော် ကျောပေးထားသည့် စားပွဲမှာ ကျောင်းသူတစ်သိုက် ဆူဆူညံညံ စကားပြောရင်း ဝင်ထိုင်ကြသည်ကို သိသည်၊ တို့လ်နှင့် မဆိုင်သဖြင့် လှည့်မကြည့်မိ။ ခဏအကြာတွင် သူတို့ စကားသံများထဲ နားထဲ အလိုလို ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့မလား"

"ဟုတ်ပါတယ်၊ ပြားသုံးဆယ်မှ ပြားသုံးဆယ်အစစ်"

ပြားသုံးဆယ်ဆိုသော စကားလုံးကြောင့် ကျွန်တော် စိတ်ဝင်စားသွားသည်။ အသံများကပ ခပ်တိုးတိုး ဖြစ်သွားသဖြင့် သိပ်မသဲကွဲ။

"မဆိုးပါဘူး၊ နောက်က ကြည့်ရတာတော့ ထွန်းထွန်းဝင်းနဲ့ ခပ်ဆင်ဆင်"

တစ်ယောက်၏ အသံက စူးခနဲ ထွက်လာပြန်သည်။

"ဟုတ်မဟုတ် ခေါ်ကြည့်ပါလား"

ချွေးပြန်ချင်သလို ဖြစ်လာသည်။ ကျောင်းထဲမှာ ဒါမျိုး ဖြစ်တတ်သည်။ ယောကျ်ားလေးပေမယ့် မိန်းကလေးအုပ်စုက များနေလျှင် 'အချွတ်' ခံရတတ်သည်။ ထိုစဉ်. . .

"ဒီမှာ. . . ဒီမှာ"

အသံကို မှတ်မိသည်။ ဟိုတစ်နေ့က ကောင်မလေး။ ကျွန်တော် လှည့်မကြည့်။ ကိုယ့်ကို ခေါ်တာ မဟုတ်သလို နေသည်။

"ဟိုဘက်က ကျေးတစ်ရာ ယောလုံချည်နဲ့ ဆရာလေး"

ထပ်ခေါ်သည်။ လှည့်မကြည့်လို့ မဖြစ်တော့။ ပိုဆိုးသွားနိုင်သည်။ ကျွန်တော် လှည့်ကြည့်သည်။

"ဟာ. . . အစစ်ပဲ"

ဟု 'ဟို'ကောင်မလေးက ရေရွတ်ပြီး တစ်ဆက်တည်း. . .

"ယူ့နာမည်က ဇော်ထူး မဟုတ်လား"

ကျွန်တော် အံ့သြပြီး ခေါင်းညိတ်ပြသည်။

"အဲဒီကို ဖိုင်နယ်က"

"ခင်ဗျား ဘယ်လိုလုပ် သိလဲ"

"အဲဒီကိုမှာ တို့သူငယ်ချင်းတွေ ရှိတယ်၊ ညိုဝင်းမောင်ကို မေး လိုက်ရင် အားလုံး သိတာပေါ့"

ညိုဝင်းမောင်သည် ကျွန်တော်တို့ အတန်းထဲက။ သူသည် ထို စပ်စပ် ဒီစပ်စပ် အကုန်လုပ်သည်။ ပန်းချီသင်တန်းလည်း တက်သည်။





ကဗျာလည်း ရေးသည်။ တက္ကသိုလ် အရန်တပ်ရင်းမှာလည်း ပါသည်၊ အသိမိတ်ဆွေလည်း ပေါသည်။ ဒီကောင့်ဆီက ကျွန်တော့်အကြောင်း သိသွားခြင်း ဖြစ်သည်။

"အကြော်စားပါဦး"

ဟု သူက ပြောသည်။

"ကျွန်တော် စားနေတာပဲ"

"ယူ့အကြော်တွေက ကုန်နေပြီပဲ"

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်သလဲ"

ကျွန်တော်က ဘုကျကျ ပြောပြီး အကြော်ဖိုးကို ပန်းကန်နှင့် ခဲသည်။ ထရပ်သည်။ သူတို့ဘက် လှည့်၍. . .

"ကဲ. . . သွားလိုက်ပါဦးမယ် မရာဟု"

ဟု ပြောပြီး ထွက်ခဲ့သည်။

"ကောင်းပါပြီ ကိုအဂ်ါ"

ကျောပေးပြီး ထွက်လာသောကြောင့် ကျွန်တော် မျက်လုံးပြူး သွားကြောင်း သူတို့ မမြင်ခြင်း ဖြစ်မည်။ ကျွန်တော် ဘာနေ့သား ဆို တာပါ သူ ဘယ်လို သိပါလိမ့်ဟု အံ့သြရပြန်သည်။ ကျွန်တော့် နာမည် ဇော်ထူးဖြစ်၍ စဆဇဈည အင်္ဂါပဲဟု ရမ်းပြောခြင်း ဖြစ်လိမ့်မည်။

ကျွန်တော့်အကြောင်း သူ ဘာကြောင့် စုံစမ်းထားတာလဲဟု သိချင်မိသည်။ ကျွန်တော်သည် ပင်ကိုအားဖြင့် မိန်းကလေးများနှင့် သိပ်မရောတတ်။ အထူးသဖြင့် (အေးမြက လွဲလျှင်) မိန်းကလေးတွေနှင့် တစ်ယောက်တစ်ခွန်း အပြန်အလှန် ထေ့ကြငေါ့ကြတာမျိုး လုပ်လေ့မရှိ၊

သူ့ကျတော့ တစ်မျိုး။ ပြန်မပြောဘဲ ဘယ်လိုမှ နေလို့မရအောင် ကောတတ်သည်။ တစ်ခုခုတော့ ပြန်ပြောဖြစ်လိုက်သည်ချည်း ဖြစ်၏၊

သူသည် လှတော့ အလှသားပဲ။



www.burmeseclassic.com

www.burmeseclassic.com

အေးမြတို့ အိမ်ပြောင်းသွားပြီးနောက် သူတို့အိမ်ကို အရင်တာ ထက် ပိုပြီး အရောက်အပေါက် များသည်။ သူတို့ နိမ့်ပါးသည့်အချိန်တွင် ပို၍ ဂရုစိုက်ရမည်ဟု ယူဆသောကြောင့် ဖြစ်၏။

တိုကုလားကြီးနှင့် အစ်မကြီးတို့ကိစ္စ အဆင်ပြေသွားပြီးနောက် နှစ်ဖက်မိသားစု ပြန်လည် သင့်မြတ်သွားကြသည့်တိုင် သူတို့သည် ကျွန် တော့်အပေါ် လုံးဝ အမြင်ကြည်လင်ခဲ့ကြသည်တော့ မဟုတ်။ လှလှနှင့် အေးမြကို ကျွန်တော်က ကူညီပံ့ပိုးနေခဲ့သောကြောင့် ဖြစ်သည်။ ကျွန် တော့်ကို ဟန်မပျက် ပြောဆိုဆက်ဆံခဲ့ကြသော်လည်း နွေးထွေးမှု မရှိလှသည်မှာ သေချာသည်။

ခုနောက်ပိုင်းကျတော့ တစ်မျိုးဖြစ်သွားပြန်သည်။ သူတို့ နိမ့်ပါး နေသည့်အချိန်တွင် ကျွန်တော်က စိတ်ထားမပြောင်းလဲဘဲ ဆက်ဆံ ကူညီခဲ့သောကြောင့် တစ်ကြောင်း၊ လှလှအပေါ် ထားခဲ့သည့် သူ့ သဘောထား ပြောင်းလဲသွားသောကြောင့် တစ်ကြောင်း ဖြစ်မည်။ သူ့ အိမ် သွားလျှင် ပျူပျူငှာငှာ အရေးပေး ကြိုဆိုကြသည်။





ဒီနေ့လည်း ကျွန်တော် ရောက်သွားသောအခါ အေးမြတို့အမေ က. . .

"မောင်ဇော်ထူးပါလား၊ လာဟော့ ယိုင်၊ တင်မြ ရှိတယ်ကွယ့် ဘင်မြရေ. . . နင့်သူငယ်ချင်း လာတယ်"

ဟု ကျွန်တော့်ကို နှုတ်ဆက်ရင်း အေးမြကိုပါ လှမ်းခေါ်သည်၊

"ဦးဦးကော"

"ရှိတယ်လေ၊ ပန်းခင်းထဲမှာ"

မေးငေါ့ပြသဖြင့် လှမ်းကြည့်သည်။ နှင်းဆီပင်တွေကြားထဲမှာ ရပ်နေသော အေးမြတို့အဖေကို ပြတင်းပေါက်မှ မြင်နေရသည်။ မြေဆွ သော ခက်ရင်းခွကို ကိုင်ထားသည်၊ သူသည် နှင်းဆီပင်တွေကို စိတ်ဝင် စားပုံမရ။ ခြံအပြင်ကို ယောင်ချာချာ ငေးနေသည်။ သူ့ဟန်ပန်သည် များစွာ ပြောင်းလဲသွားခဲ့၏။ ရုံးတက်နေစဉ်က တိုက်ပုံအင်္ကျီ၊ မြောက်ပြင် လုံချည်တို့ဖြင့် အမြဲ သပ်သပ်ရပ်ရပ် နေတတ်သော်လည်း ခုတော့ စစ်အင်္ကျီဟောင်းနှင့် လုံချည်နွမ်းနွမ်းကို ဝတ်လျက်။ ဆံပင်က တစ်ဝက် လောက် ဖြူသွားသည်။ ပိန်ပြီး ခါးနည်းနည်း ကုန်းသလို ဖြစ်လာသည်၊

အေးမြတို့အမေကတော့ သိပ်မပြောင်းလဲလှ။ ဝဝခန့်ခန့် ရှိမြဲ ပင်။ အရင်ကလို စိန်လက်စွပ် မဝတ်နိုင်တော့ခြင်းနှင့် စိန်နားကပ်နေရာ တွင် ပုလဲနားကပ် ရောက်နေခြင်းတို့သာ ကွာခြားသွားသည်။ ခုထိ သွက်သွက်လက်လက် ရွှင်ရွှင်ပျပျ ပြောဆို လှုပ်ရှားနေတုန်း။ လောကဓံ တရားကို ခံနိုင်ရည် ရှိသည့်သဘော၊ မျှော်လင့်ချက် မကုန်သေးသည့် သဘောလားတော့ မသိ။

"မင်းတို့ မိဘများကော နေကောင်းကြရဲ့လား"

"ကောင်းပါတယ် ဒေါ်ဒေါ်"

"အိမ်ဘက်တောင် မလာတာ ကြာပြီ၊ အေးလေ. . . ပြောသာ ပြောရတယ်၊ ဒေါ်ဒေါ်လည်း မင်းတို့အိမ်ကို လာမလည်နိုင်တာ ကြာသွား ပြီး ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတာဆိုတော့"

"အမေကတော့ ခဏခဏ မေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စကားပြောနေတုန်း အေးမြ ထွက်လာသည်၊

“ဩော်. . . ငါက ဘယ်သူများလဲလို့၊ နင်ကိုး၊ ခဏစောင့်ဦးဟာ၊ အဝတ်တွေ လှန်းလျက်တန်းလန်းမို့”

“ရပါတယ်၊ ငါ အေးအေးဆေးဆေးပါ”

ဟု ကျွန်တော် ပြန်ပြောလိုက်သည်။ အေးမြတို့အိမ်မှာ အိမ်ဖော် မရှိတော့။ လုပ်စရာရှိသမျှ ညီအစ်မသုံးယောက်ပဲ ခွဲဝေ လုပ်ကြရသည်။

သူတို့အိမ်ကလေးသည် သွပ်မိုးပျဉ်ထောင်အိမ် ဖြစ်သည်။ အနည်းငယ် ကျဉ်းသော်လည်း သပ်သပ်ရပ်ရပ်တော့ ရှိသည်။ ဘာပဲဖြစ်ဖြစ် အရင်က နေခဲ့သောတိုက်နှင့် စာလျှင်ကား များစွာ ကွာခြားနေသည်။

အလတ်မ ခင်အေးမြက ပဲလှော်၊ ထန်းလျက်နှင့် ရေနွေးကြမ်း လာချပေးသည်။

“ဘယ်လိုလဲဟေ့၊ ဒီနှစ် ဖြေဦးမှာလား”

“တင်တော့ တင်ထားတာပဲ”

“အောင်အောင် ကြိုးစားပေါ့ဟာ၊ ကျူရှင်ကော ယူသေးလား”

“ယူတော့ ယူချင်တယ်၊ ဒါပေမယ့် မယူဖြစ်ပါဘူး”

“အေးလေ၊ ငါလည်း စာမေးပွဲနီးရင် အထူးထုတ်စာအုပ်တွေ ရှာပေးပါ့မယ်”

“ဒီနှစ်တော့ အောင်အောင် မအောင်အောင် အလုပ်တစ်ခု ဝင်လုပ်မှ ဖြစ်မှာပဲ”

ခင်အေးမြ ထွက်သွားပြီးနောက် ခဏအကြာတွင် အေးမြ ရောက်လာသည်။

“ရေပါ ချိုးနေလို့ နည်းနည်းကြာသွားတယ်ဟ”

ပြောပြီး ဝင်ထိုင်သည်။ ရေနွေးကြမ်းပူပူ ထည့်၍ မှုတ်သောက် နေသည်။ သနပ်ခါး မခြောက်သေးသဖြင့် သူ့မျက်နှာသည် မိတ်ထား အကြမ်း လိမ်းထားသလို ဖြစ်နေသည်။ သူသည် တကယ့် အမျိုးသမီးကြီး တစ်ယောက်လို တည်ငြိမ်ရင့်ကျက်နေသည်။

“ရင်အေးမြ တစ်ယောက်ကော”





ကျွန်တော် မေးသည်။

“ထုံးစံအတိုင်းပေါ့ဟာ၊ နင့်ကို နှုတ်ဆက်ရမှာစိုးလို့ ရှောင်နေတာ ဖြစ်မှာပေါ့”

“အပျိုကြီးဖားဖားတောင် ဖြစ်နေပြီ၊ ခုထိ ငယ်ကျင့် မပျောက် သေးဘူးလား”

“အေး. . . ခုထိ ဂျစ်ကန်ကန်ပဲ”

“လှုလှုကိုကော ကြည်ဖြူသွားပြီလား”

“အရင်ကလောက်တော့ မဆိုးပါဘူး၊ လှုလှုကလည်း သူ့ကို ချော့ပေါင်းရတာပါပဲဟ”

“ငယ်ငယ်ကဆို သူ့ကို မုန့်ဝယ်ကျွေးတာ မစားဘဲ လွှင့်ပစ်တယ် လေ”

ဆိုပြီး သူ့စကားသူ သဘောကျသလို ရယ်နေသည်။

“နင် လှုလှုနဲ့ တွေ့သေးလား၊ ငါနဲ့တော့ မတွေ့တာ တော်တော် တောင် ကြာသွားပြီ”

သူက. . .

“တွေ့ပါတယ်၊ ခဏခဏတော့ မဆုံဖြစ်ဘူး၊ သူက အလုပ် သိပ်များတာ မဟုတ်လား၊ သူ မရှိရင် ကီလီဈေးကြီးတစ်ခုလုံး အရောင်း အဝယ်တွေ ရပ်တန့်သွားတော့မလောက်ပဲ၊ သူ့အပြောအရ ဆိုရင်”

“နင်တို့ အဆင်ပြေတယ် မဟုတ်လား”

“ဆိုပါတော့”

“ဘာဆိုပါတော့လဲ၊ အခု နင်တို့အိမ်ကလည်း သူ့ကို လက်ခံတဲ့ အဆင့် ရောက်နေပြီပဲ”

“ဒါပေမယ့် သူက နည်းနည်း အချိုးပြောင်းနေတယ်”

“ဒီကောင် ဘာဖြစ်ပြန်ပြီလဲ”

ခုနောက်ပိုင်းတွင် သူတို့နှစ်ယောက် ဆုံတွေ့ကြရာတွင် အနေသာ ငဲ့ ကျွန်တော် လိုက်ဖို့မလိုတော့။ လှုလှုနှင့်လည်း မတွေ့တာ ကြာသဖြင့် ဒီကောင် ဘာတွေဖြစ်မှန်း မသိရချေ။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဆေးလိပ် မပါဘူးလား၊ စီးကရက်တော့ အိမ်မှာ မရှိဘူး အဖေ သောက်တဲ့ ဆေးပေါ့လိပ်တော့ ရှိတယ်၊ ဂျက်ကမ္ဘာလေ၊ နင် သောက်မလား၊ ငါယူပေးမယ်"

"နေပါစေ၊ ငါ ရင်ဘတ်အောင့်ချင်သလိုလို ဖြစ်နေလို့ ဆေးလိပ် လျှော့သောက်နေတယ်"

"ဖြစ်နိုင်ရင် ဖြတ်လိုက်ပါလားဟ၊ လူလုကတော့ ပြောလို့မရဘူး စီးကရက် လက်ကြားကကို မချတော့ဘူး"

"ဒီကောင် အချိုးပြောင်းနေတယ်ဆိုတာ အဲဒါလား"

"မဟုတ်ပါဘူး၊ သူက ခုနောက်ပိုင်းမှာ ပိုက်ဆံစကား သိပ်ပြော တာပဲ"

"သူကလည်း ပိုက်ဆံရှိနေတာကိုးဟ"

"ဒါနဲ့ မဆိုင်ပါဘူးဟာ၊ ဘယ်ကိစ္စမဆို ငွေနဲ့ ရှင်းမယ်၊ ငွေချ လိုက်ရင် ပြီးတာပါပဲ ဆိုတာမျိုး လုပ်တတ်တယ်၊ နောက်ပြီး တချို့ကိစ္စ တွေမှာ သူ လုပ်ပုံကိုင်ပုံတွေကို ငါ သိပ်မကြိုက်ဘူး၊ စီးပွားရေးကိစ္စတွေ မှာ ဘယ်သူ့ကို ဘယ်လို လှည့်စားပြီး အမြတ်ထုတ်လိုက်တဲ့အကြောင်း ဘယ်သူ့ကို ဘယ်လို ကြောလိုက်တဲ့အကြောင်း မြိန်ရေယှက်ရေ ပြော တတ်တယ်၊ သူများအပေါ် လူလည်ကျတာကိုပဲ သူက တော်လို့၊ သူများ တွေက ညံ့လို့ဆိုပြီး ဂုဏ်ယူချင်တဲ့ စကားမျိုးတောင် ပြောတတ်သေး တယ်"

"နင်က နားလည်အောင် ပြောပြပေါ့ဟာ၊ နင်ပြောရင် ရ တယ်"

"မထင်နဲ့၊ နင့်သူငယ်ချင်းက အရင်လို မဟုတ်တော့ဘူး၊ အခု က ငါက ဒါ မကြိုက်ဘူး ပြောရင် မျက်နှာလေး ငယ်ပြီး တောင်းပန် ဘတ်ပေမယ့် ခုကျတော့ ငါက တစ်ခုခု အကြံပေးရင်တောင် သူ့ကို ဆရာလုပ်တယ်ဆိုပြီး သူကပဲ စိတ်ဆိုးသေးတယ်"

"ဒီကောင် ဘယ်လို ဖြစ်သွားတာလဲဟ"

"မသိပါဘူး၊ အချိုးတစ်မျိုး ဖြစ်နေတာတော့ အမှန်ပဲ၊ နင်လည်း





တွေ့ရင် နည်းနည်းပြောပါဦး"

"ပဲလှော် စားဦးလေဟာ၊ ထန်းလျက်ကော စား"

ဟု ဆက်ပြောသည်။

ကျွန်တော်သည် သူ ကျေနပ်အောင် ထန်းလျက်တစ်ခဲ ယူစား သည်။ ဟိုအရင်ကဆိုလျှင် ကျွန်တော် သူတို့အိမ် လာတိုင်း နက်စ်ကော်ဖီ ဖျော်တိုက်နေကျ။

အေးမြကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ လမ်းမှာ အေးမြတို့ အစ်ကို ငယ် ကိုဖိုးရှုပ်နှင့် သွားဆုံသည်။ သူက ဝမ်းသာအားရ နှုတ်ဆက်၏။

"ဟာ. . . ဇော်ထူး၊ နေကောင်းလားကွ၊ အိမ်ကို ပြန်လာတာ လား"

"ဟုတ်ကဲ့"

"အတော်ပဲကွာ၊ ငါ အရေးတကြီး အသုံးလိုနေလို့ ငွေအစိတ် လောက် ခဏချေးခဲ့စမ်းပါ"

ကျွန်တော် အိတ်ထဲ နှိုက်ကြည့်သည်။ ဆယ့်ငါးကျပ်ပဲ ပါသည်။

"ဆယ့်ငါးကျပ်ပဲ ပါတယ် အစ်ကို"

"အေး. . . . အဲဒါပဲ ပေးခဲ့ကွာ၊ အရေးကြီးလို့၊ နက်ဖြန် မင်းအိမ် ကို ငါလာပေးမယ် ဟုတ်လား"

ပိုက်ဆံယူပြီး သူ့အိမ်ဘက် ဆက်မသွားတော့ဘဲ ခပ်သုတ်သုတ် ပြန်လှည့်ထွက်သွား၏။ သူ့အကြောင်း ကျွန်တော် သိသည်။ ထိုငွေဆယ့် ငါးကျပ် ဘယ်တော့မှ ပြန်ရမည် မဟုတ်တော့။ အရင်ကလည်း ဒါမျိုး ချေးခဲ့ပေါင်း များပြီ။ သူသည် လူလုအိမ်မှာ ခုလိုပင် ဆွဲဆွဲသုံးနေတာ သေချာသည်။ အေးမြတို့အိမ်မှာ လုံးဝ ပြောင်းလဲမှု မရှိသူမှာ သူသာ ဖြစ်၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



လူလု အချိုးပြောင်းနေသည်ကို ကျွန်တော်လည်း ရိပ်မိသည်။ သူသည် ဝင်ငွေကောင်းလာသလို အသုံးအဖြုန်းလည်း ကြီးလာသည်။

တစ်ခါက သူနှင့်အေးမြတို့ ချစ်သူတွေ ဖြစ်ခဲ့ကြသည့် အထိမ်းအမှတ်အဖြစ် ကျွန်တော့်ကို ကျွေးမွေးပြုစုချင်သည်ဆိုပြီး ခေါ်သည်။ ဘတ်စ်ကားနဲ့ သွားသွား၊ အငှားကားနဲ့ သွားသွား ရလျက်သားနဲ့ ဒတ်ဆန်း ဘလူးဘတ်ကလေးတစ်စီးကို တစ်နာရီနှင့် ငှားလာသည်။ ကားမောင်းသူကို ဘယ်သွားမည် ဘယ်ကို မောင်း စသည်ဖြင့် ကားပိုင်ရှင်က ဒရိုင်ဘာကို အမိန့်ပေးနေသည့်ပုံမျိုး။

ကရဝိက်ဟိုတယ်မှာ စားကြသောက်ကြတော့လည်း စားပွဲထိုးများကို ဆက်ဆံပုံက နည်းနည်း ရင့်သီးသည်။ သူ့ထက် အသက်ကြီးပုံရသော စားပွဲထိုးတစ်ယောက်ကို 'ဟေ့ကောင်' ဟု လှမ်းခေါ်သည်။

"ဘီယာတစ်လုံးစီလောက် ချရအောင်"

ဟု သူက ပြောသေးသည်။ အေးမြက မျက်စောင်း လှမ်းထိုး၏။ ကျွန်တော် ငြင်းလိုက်သည်။ မိန်းကလေးတစ်ယောက်ကို ရှေ့မှာ ထားပြီး အရက်သောက်တာ ကျွန်တော် မကြိုက်သောကြောင့် ဖြစ်၏။

ငွေရှင်းသောအခါ စားပွဲထိုးက ပြန်အမ်းငွေ ခုနစ်ကျပ်နှင့် အကြွေအချို့ကို လင်ဗန်းပေါ်တွင် တင်ပြီး ယူလာသည်။ သူက လက်ယမ်းပြပြီး. . .

"ပြန်မအမ်းနဲ့တော့"

ဟု ပြောသည်။ ကရဝိက်ထဲက ပြန်ထွက်အလာတွင် အေးမြက

"ပြန်အမ်းတဲ့ပိုက်ဆံကို ဘာဖြစ်လို့ ပေးခဲ့ရတာလဲဟ၊ ခုနစ်ကျပ်ဆိုတာ နည်းတာမှတ်လို့၊ တစ်ကျပ်နှစ်ကျပ် ပေးခဲ့ တော်ရောပေါ့"

"ဟိုတယ်မှာ ဒီလို တစ်ပ်ပေးရတာ ထုံးစံပဲ ့အေးမြရဲ့"

ဟု ဟိုတယ်ပါး ဝနေသူ တစ်ယောက်၏ လေသံမျိုးဖြင့် ပြန်ပြောသည်။ စားကြသောက်ကြရာတွင် သူ ဇွန်းခက်ရင်း ကိုင်တွယ်နေပုံ နေရာမကျသည့်အကြောင်းကိုတော့ ကျွန်တော် ထုတ်မပြောလိုက်ပါ။

အေးမြ၏ရှေ့တွင် သူသည် ငွေပေါကြောင်း၊ လူစွမ်းလူစ ရှိကြောင်း သိပ်ပြချင်နေသည်။ ချစ်သူ၏ အထင်ကြီးမှုကို ခံယူလိုခြင်း၊ ချစ်သူရှေ့တွင် ကိုယ်ရည်ကိုယ်သွေး ထုတ်ပြခြင်းတို့မှာ ဓမ္မတာပင် ဖြစ်သည်။ သူ့ကျတော့ ထိုအကြောင်းထက် ပိုသည်။

သူနှင့် အေးမြတို့သည် အခြေအနေချင်း အလွန်ကွာခြားခဲ့သည်။ ခုကျတော့ အခြေအနေချင်း တူလာပြီ။ သို့တည်းမဟုတ် သူက ပိုမြင့်လာပြီ ဖြစ်ကြောင်း သက်သေပြချင်နေသည်။

ထိုနည်းတူစွာ သူ့မှာ အတိတ်ကာလက ရှိရင်းစွဲ ဖြစ်သော သိမ်ငယ်စိတ်ကလည်း အရှိန်မကုန်သေး။ ထို့ကြောင့် သူ့ကိုယ်သူ မယုံကြည်နိုင်သေး၊ စိတ်မချနိုင်သေး။ ထိုစိတ်နှစ်ခု အားပြိုင်နေရာမှ သူသည် သူဖြစ်ချင်သည်ကို ဇွတ်ဖြစ်အောင် လုပ်ယူသည်။ သူ့ကိုယ်စွမ်း ကိုယ်စကို လိုအပ်သည်ထက် ပို၍ပြသည်။ တစ်ခါတစ်ခါ ကျွန်တော့် အပေါ်မှာပင် ခေါင်းတလုံး ပိုမြင့်သလို လုပ်ချင်လာသည်။

ဘာပဲဖြစ်ဖြစ် သူ့ကို ကျွန်တော် နားလည်နိုင်ပါသည်။ ခွင့်လည်း ခွင့်လွှတ်နိုင်ပါသည်။ တစ်ခုပဲ ရှိသည်။ သူ့ကိုယ်သူ မြင့်လာပြီဟု ထင်၊ တစ်ပြိုင်နက်တည်းမှာ နိမ့်ကျနေတုန်းပဲဟု ထင်ပြီး အတင်း ပြန်တွန်းတင်ရာမှ အရှိန်လွန်သွားမှာကိုပဲ စိုးရိမ်မိသည်။

အေးမြနှင့် တွေ့ပြီး နှစ်ရက်လောက်အကြာမှာ သူ ကျွန်တော့်ဆီ ရောက်လာသည်။ ကျောင်းကို လာခြင်းဖြစ်၏။ ကိုအောင်ရင့် ဆိုင်မှာ လက်ဖက်ရည် သောက်နေတုန်း ဆိုင်ကယ်ဖြင့် ဝင်လာသည်။ ဆိုင်ကယ်ကို အရှိန်ပြင်းပြင်း မောင်းလာပြီး ဆိုင်ရှေ့ ရောက်မှ တုံ့ခနဲ ဖြစ်အောင် ရပ်သည်။

သူ ဆိုင်ကယ်ပေါ်မှ ဆင်းရာတွင် မြင်းပေါ်မှ ဆင်းသလို ခြေထောက်ကို ရှေ့မှ လွှဲပြီး ဆင်းသည်။ ကျွန်တော့်ဆီ လျှောက်လာသည်၊ ဝင်ထိုင်သည်။

"မင်း ဒီအချိန် ဒီမှာ ရှိမှာပဲဆိုပြီး တန်းလာခဲ့တာပဲ"

ပြောရင်း ဆိုင်ကယ်စီး လက်အိတ်ကို ချွတ်သည်။ ခေါင်းစွပ်ကို ဖြုတ်ပြီး စားပွဲပေါ် တင်သည်။ သူ့ပုံစံကို ကြည့်ပြီး ကျွန်တော် ရယ်ချင်





www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ရယ်တော့ မရယ်ဖြစ်၊ သူ့ကို နှုတ်ဆက်ရင်း ရောပြီး ပြုံး လိုက်ရသည်။

သူ ဝတ်စားလာပုံက သူနှင့် လုံးဝလိုက်ဖက်မှု မရှိချေ။ အသား မည်းရသည့်ကြားထဲ နန္ဒင်းရောင် တီရှပ်ကို ဝတ်ထားသည်။ လက်ပတ် နာရီကလည်း ရွှေရောင် ဆီကိုကွင့်။ ဂျင်းဘောင်းဘီ ဝတ်ပြီး ဝေါ့ကင်းရှူး စီးလာသည်။ သူသည် ဖင်ရှူးရှူး၊ လမ်းလျှောက်လျှင် ခြေခွင်ပြီး ကွတတ ဖြစ်နေသဖြင့် ဘောင်းဘီဝတ်လို့ လုံးဝ ကြည့်ကောင်းသူ မဟုတ်ချေ။

သူ ကျောင်းကို ပထမဆုံးအကြိမ် လာတုန်းက အကြောင်းကို သတိရမိသည်။ ထိုစဉ်က နားသူငယ်နှင့် ရှိုးတိုးရှန်းတန့် ဖြစ်နေခဲ့သည်။ ခုကျတော့ ဒီလို မဟုတ်တော့။ ဘယ်သူ့ကိုမှ သိပ်အလေးမထားသည့်ပုံ က အထင်းသား ပေါ်နေသည်။ ဆိုင်ကယ်သော့ကို လှည့်ကစားရင်း မေးသည်။

"မင်း အတန်းပြီးပြီလား"

"ပြီးပြီ ဆိုပါတော့ကွာ"

"ဒါဆို ထကွာ၊ ဘီယာ သွားချရအောင်"

"ဟ. . . ဘယ်လို ဖြစ်တာလဲ၊ မင်းကလည်း လူတွေ့ရင် အရက် သောက်ဖို့ချည်း ပြောနေတာပဲ"

"မင်းကကော ငါ ခေါ်ရင် ငြင်းဖို့ချည်းပဲ စိတ်ကူးနေတာပဲ မဟုတ်လား"

"ငါက ကျောင်းသားကွ၊ ဖြစ်နိုင်ရင် လုံးဝမသောက်သင့်ဘူး"

"လုပ်မနေစမ်းပါနဲ့၊ လာပါ၊ ဘီယာလောက်က ဘာမှဖြစ်တာ မဟုတ်ပါဘူး"

သူ့ဆိုင်ကယ်နောက်က ထိုင်ပြီးလိုက်ရတာ အတော် အသည်း ထိတ်စရာ ကောင်းသည်။ မီးပွိုင့်တွေမှာ မီးဝါကို ဖြတ်သည်။ ရှေ့က ကားတွေကို မြွေလိမ်မြွေကောက် ကျော်ဖြတ်တက်သည်။ ကျွန်တော်က. .

"ဟေ့ကောင် ဖြည်းဖြည်းမောင်းပါကွ၊ မီးဝါသွားပြီ၊ ကျော်မတက် နဲ့ဦးလေ၊ ရှေ့မှာ ကားလာနေတယ်"





စသည်ဖြင့် တစ်ချိန်လုံး အော်သွားရသည်။ ရွှေကိန္နရီ စား သောက်ဆိုင်မှာ ဆိုင်ကယ်ကို ရပ်တော့ သက်ပြင်းချနိုင်သည်။ ကျွန်တော် လန့်နေသည်ကို သူ သဘောကျနေသည်။ ဆိုင်ထဲမှာ ထိုင်မိပြီးနောက်. .

"လန့်သွားလားကွ၊ အပြန်ကျရင်လည်း မင်းအိမ်ထိ ငါ လိုက်ပို့ပါ့ မယ်"

"ဟာ. . . တော်ပါပြီ သူငယ်ချင်း၊ အပြန်တော့ ငါ့ဘာသာငါ ဘတ်စ်ကားနဲ့ ပြန်ပါရစေ"

သူက ရယ်ပြီး. . .

"အေးမြလည်း ဒီလိုပဲကွ၊ ငါ့ဆိုင်ကယ် တစ်ခါလိုက်စီးပြီး နောက် ဘယ်တော့မှ ခေါ်လို့မရတော့ဘူး"

သူက ဘီယာနှင့် အစားအသောက် မှာသည်။ ဒီဆိုင်ကို သူ ခကြာခဏ လာဟန်တူသည်။ ဆိုင်က လူတွေ သူ့ကို သိနေကြသည်။ စားပွဲထိုးလေးတွေက ရိုရိုသေသေ ဆက်ဆံကြသည်။

ကျွန်တော် ဘီယာသောက်တတ်အောင် သင်ပေးသူကလည်း လုလှပဲ ဖြစ်သည်။ ကျွန်တော့်ကို အရက်သောက်ဖို့ ခဏခဏ စည်းရုံး သည်။ ကျွန်တော်က အမြဲငြင်းသည်။ မသောက်လျှင်လည်း တစ်ခုခုပေါ့ ဆိုပြီး ခေါ်သည်။ ပြီးတော့ ဘီယာတစ်ခွက် အတင်းတိုက်သည်။ နောက် တော့လည်း သောက်တတ်သွားသည်။ သို့ရာတွင် တစ်ခါတစ်ရံမှသာ သောက်ဖြစ်သည်။ သောက်လျှင်လည်း ဘီယာတစ်လုံးထက် ပိုမသောက် နိုင်။

သူကတော့ ဘီယာနှင့် မော့စ်ဝီစကီ စပ်သောက်သည်။ ကျွန် တော် ဘီယာတစ်ဝက် ကုန်ချိန်တွင် သူက ဝီစကီသုံးပက်နှင့် ဘီယာတစ် လုံး ကုန်ပြီး နောက်ထပ် ဝီစကီနှစ်ပက်နှင့် ဘီယာတစ်လုံး ထပ်မှာလိုက် ဦး၊ ကျွန်တော်သည် အေးမြ ပြောသော စကားတစ်ခွန်းကို သတိရသဖြင့်

"မင်း အခု သိပ်သောက်နေတယ်ဆို"

"သိပ်မဟုတ်ပါဘူးကွာ"

"နေ့တိုင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်း မဟုတ်ပါဘူး၊ အဲ. . . နည်းနည်းတော့ စိပ်တာပေါ့ ကွာ၊ မင်း သိတဲ့အတိုင်းပဲ၊ ငါတို့အလုပ်က အပေါင်းအသင်း များတယ် မဟုတ်လား၊ တိုက်သင့်တဲ့လူလည်း တိုက်ရတာကိုး၊ အဲဒီအခါ ကိုယ်တ ဝင်မသောက်ပြန်လည်း မကောင်းဘူးမလေ"

"အေးမြက မကြိုက်ဘူးကွ"

သူက ရယ်သည်။

"အေးမြ ကြိုက်တာ ဘာရှိလဲ"

"မင်း ရှိတယ်လေ"

"အေး. . . ဟုတ်တယ်၊ သူကြိုက်တာ ငါပဲ ရှိတယ်၊ ငါ လုပ်သ တွေတော့ တစ်ခုမှ မကြိုက်ဘူး"

"သူ မကြိုက်တာ မလုပ်နဲ့ပေါ့ကွ"

"သူ မကြိုက်တာသာ မလုပ်ရဘူးဆိုရင် ဘာမှ လုပ်စရာ မ တော့ဘူး၊ ငါ မုန့်ဖက်ထုပ် ပြန်ရောင်းရုံပဲ ရှိတော့တယ်"

"မင်း မုန့်ဖက်ထုပ် ရောင်းရင်လည်း သူကတော့ ချစ်နေမှာပါ"

"ဒါကိုတော့ ငါယုံပါတယ်"

ကျွန်တော် ပြောချင်သည့်စကားကို သွယ်ဝိုက်၍ ပြောရမည် စဉ်းစားမိသည်။ ထို့ကြောင့်. . .

"ငါ ငယ်ငယ်တုန်းက ပြောတာ သွားသတိရတယ်ကွာ၊ ငါ အဖေက ခဏခဏ ပြောတယ်၊ ငါ ငယ်ငယ်က အဖေ အလုပ်လုပ်တဲ့ သွားရှုပ်လို့ အဖေက. . . သားရယ်၊ ခုလို လာရှုပ်နေရင် အဖေ အလု လုပ်လို့ ရမှာမဟုတ်ဘူး၊ အဲဒါဆို သားအတွက် မုန့်ဝယ်ဖို့ ပိုက်ဆံလည် ရှိမှာမဟုတ်တော့ဘူးလို့ ပြောတော့ ငါက ပိုက်ဆံမရှိရင် ဆိုင်မှာ သွ ဝယ်လိုက်ပေါ့လို့ ပြန်ပြောသတဲ့၊ ငွေဆိုတာ ဝယ်လို့ ရသလားလို့ စဉ်းစားကြည့်မိတယ်"

သူက ငါးသုံးလုံး စီးကရက်တစ်လိပ်ကို ဖွာရင်း စိတ်ဝင်စာ နားထောင်နေသဖြင့် ကျွန်တော် ဆက်ပြောသည်။

"တကယ်တော့ ငွေဆိုတာ ဘာလဲ၊ ကုန်ပစ္စည်းတစ်ခုခုကို ဝယ် ဒီလိုပဲ ကုန်ပစ္စည်း ရှိတဲ့လူကလဲ သူ့ကုန်ပစ္စည်းကို ပေးပြီး ငွေကို ဝယ်ယူတာပဲ မဟုတ်လား၊ တကယ်တော့ ငွေဆိုတာဟာလည်း ရောင်း ကုန် တစ်ခုပါပဲကွာ၊ ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး"

ဆိုပြီး ဟိုးရှေးရှေးက သုံးခဲ့သော ကုန်စည်ဖလှယ်သည့် ဘာတာ စနစ်၊ ငွေကြေးပေါ်ပေါက်လာပုံ၊ အမ်စီအမ်စနစ်၊ စီအမ်စီစနစ်၊ ခုတစ်ခါ တုန်ချင်း ဖလှယ်သည့် စနစ်သဘောမျိုး ပြန်ခေတ်စားလာပုံ။

သူက ငါးသုံးလုံး စီးကရက်ဘူးကို ကျွန်တော့်ဘက် တိုးပေးလိုက် ပြီး. . .

"မင်းပြောတာတွေ နားထောင်လို့ကတော့ ကောင်းပါတယ်ကွာ ဒါပေမယ့် ငါက မင်းလို တက္ကသိုလ်ကျောင်းသား မဟုတ်တော့ သိပ်နား မလည်ဘူးကွ၊ ငါက လက်တွေ့ ကျင်လည်နေရတာပဲ နားလည်တယ်၊ ငါတို့ လုပ်ငန်းနယ်ပယ်ထဲမှာ အချက်နှစ်ချက် မရှိရင် နေလို့မရဘူး၊ တစ်ခုက အရင်းအနှီး၊ တစ်ခုက လုပ်အား၊ အရင်းအနှီး ရှိတဲ့လူက များများရတယ်၊ လုပ်အားစိုက်တဲ့လူက နည်းနည်းပဲ ရတယ်၊ ငါက များများလို့ချင်တယ်၊ ဒါကြောင့် ငါ့လုပ်အားနဲ့ အရင်းအနှီး ရအောင် ရှာတယ်၊ ပြီးတော့ အဲဒီအရင်းအနှီးနဲ့ ငါ့လုပ်အားကို ပေါင်းပြီး ပိုရ အောင် ရှာတယ်၊ ဒါပဲ"

"အေးပါ၊ သင့်တင့်တဲ့ အမြတ်အစွန်း ရအောင် ကြိုးစားတာကို ငါ ဘာမှ မပြောပါဘူး၊ အဲဒီလို ကြိုးစားရင်းကနေ ငွေနောက်ကိုပဲ တ ကောက်ကောက် လိုက်တာမျိုး၊ ငွေကို သိပ်မက်မောလာတာမျိုး ဖြစ်မှာစိုး လို့ သတိပေးတာပါ"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ငွေမက်တဲ့လူတွေအတွက် ငါ က ငွေမမက်လို့ မရဘူးကွာ၊ မက်ပေးရမှာပဲ"

"အေးမြက ငွေမမက်ပါဘူး"

"အေးမြက မမက်ပေမယ့် သူ့အမေကြီးက မက်တယ်ကွ၊ ငါတို့ သူတို့ လက်ခံလာတာဟာလည်း ငါ့မှာ ငွေရှိလို့ပဲ၊ သူတို့အမေကြီးက သိပ်လည်တယ်ကွ၊ ငါ့ကို တွေ့ချင်တယ်ဆိုလို့ သွားတော့ ငါ့ကိုလာ အ







www.burmeseclassic.com

www.burmeseclassic.com



ကြောင်း မသိမသာ မေးတယ်၊ နောက်ပိုင်း ငါ့ကို အရမ်း အရေးပေးတာ ပဲ၊ ပြီးလဲပြီးရော ပိုက်ဆံချေးတော့တာပဲ"

"သူတို့ အဆင်မပြေတဲ့အချိန်မှာ မင်းက ကူညီရမှာပေါ့၊ အေး မျက်နှာတစ်ခုလုံး ရှိနေတာပဲ"

"အေးလေ. . . ဒါကြောင့် ငါပြောတာပေါ့၊ ငါ့မှာ ငွေရှိဖို့ အရေး ကြီးတယ်လို့၊ ဒီမှာကွ. . . ငါသိတယ်၊ ငါ့မှာ ငွေမရှိတော့ဘူး ဆိုတာ မနက်ဖြန်ထိတောင် စောင့်နေမှာ မဟုတ်ဘူး၊ ကန်ထုတ်ပစ်လိုက်မှာပဲ"

သူက ဖန်ခွက်ထဲသို့ ဝီစကီလက်ကျန် အကုန်ထည့်သည်။ ရေခဲ တုံးတစ်တုံး ထည့်သည်။ ကျွန်တော်က ဘီယာစပ်ပေးဖို့ လုပ်သည်ကို လက်ကာပြသည်။ ရေခဲ နည်းနည်းပျော်အောင် ခလောက် တိုက်ပြီး မော့ချသည်။

"ဒီမှာ သူငယ်ချင်း၊ ငါ့မှာ ငွေက လွဲလို့ ဘာမှ မရှိဘူး၊ ရုပ်လည်း မရှိဘူး၊ ပညာလည်း မရှိဘူး၊ ရာထူးလည်း မရှိဘူး၊ မျိုးရိုးဂုဏ်လည်း မရှိဘူး၊ ငါ့ကိုယ်ငါ ငွေနဲ့ပဲ ကာကွယ်ထားရတာပေါ့ကွာ၊ ဒါကို မင်း နားလည်ပါ သူငယ်ချင်းရယ်"

သူ အသံတုန်လာသည်၊ မျက်ရည်လဲ ဝဲလာသည်၊ သူ မူးနေပြီ ကျွန်တော်လည်း ဘာမျှ ထပ်မပြောတော့။ ခဏအကြာတွင် သူသည် စားပွဲပေါ် မျက်နှာမှောက်ပြီး ရှိုက်ကြီးတငင် ငိုနေပြန်၏။





ကားစက်ဖုံးကို ဖွင့်ပြီး ဟိုနှိုက်ဒီနှိုက် လုပ်နေတာ တွေ့သည်။ ကားပျက်နေခြင်း ဖြစ်မည်။ ကျွန်တော် မမြင်ချင်ယောင် ဆောင်ပြီး ဆက်လျှောက်လာခဲ့သည်။ မရ။

"ဟိတ်. . . ကိုထူး"

ကျွန်တော် လှည့်ကြည့်လိုက်ရသည်။ သူက ဘယ်ရမလဲ၊ လာခဲ့ လာခဲ့ ဆိုသည့်ဟန်ဖြင့် လက်ယပ်ခေါ်သည်။ သွားရသည်။

"တော်တော် အားကိုးရတဲ့ အပေါင်းအသင်းပဲ၊ ကားပျက်နေမှန်း သိလျက်နဲ့ ကူညီဖို့ စိတ်မကူးဘူး၊ မမြင်ချင်ယောင် ဆောင်သွားတယ်ပေါ့ လေ"

"မဟုတ်ပါဘူး၊ ထမင်းဆာလို့ အိမ်ပြန်ချင်ဇောနဲ့မို့လို့ မမြင်မိတာ ပါ"

"ယူ ကားပြင်တတ်တယ် မဟုတ်လား"

"နည်းနည်းပါးပါးပေါ့"

"ဒါဆို ကြည့်ပေးစမ်းပါ"

"ကားမပြင်တတ်ဘဲနဲ့ ဘာဖြစ်လို့ ကားမောင်းရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တချို့ ဆေးလိပ်မသောက်တတ်ဘူး ဆိုပြီး စီးကရက် လယ် ကြား ညှပ်သလိုပေါ့"

သူနှင့် စတွေ့သည့်နေ့က ဆေးလိပ်မသောက်တတ်ဘူးဟု ပြော ခဲ့ပြီး ခုကျတော့ စီးကရက် ကိုင်ထားတာကို ရည်ရွယ်၍ ပြောခြင်း ဖြစ်သည်။

"ဆေးလိပ် သောက်တတ်တာ မကြာသေးဘူး"

"မဖြစ်နိုင်ပါဘူး၊ ယူ စီးကရက် ခဲပုံက တော်တော် ကြည့် ကောင်းတာပဲ၊ ကျွမ်းကျွမ်းကျင်ကျင် သောက်တတ်တဲ့ပုံ"

"ကဲ. . . ဆေးလိပ် သောက်တတ်တာ မသောက်တာထက် ကား ပြန်ကောင်းဖို့က အရေးကြီးတယ် မဟုတ်လား"

ကျွန်တော်က ကားကို စစ်ဆေးကြည့်သည်။ အဖေက ကားဖြ လျှင် ဝင်ကူနေကျမို့ ဆီပျောက် မီးပျောက်လောက်တော့ ရသည်။ သူ့ ကားက ဆီမလိုက်ခြင်းသာ ဖြစ်သည်။ ခဏအတွင်းမှာပင် ပြင်ဆင်ပြီး သွားသည်။

"ယူ သိပ်တော်တာပဲ၊ ယူတို့အိမ်မှာ ကားရှိတယ် မဟုတ်လား"

"အစုတ်ကလေးပါ"

"ကဲ. . . ကျေးဇူးပဲ၊ ယူ့ကို တစ်ခုခု ကျွေးပါရစေ"

"ဟာ. . . နေပါစေတော့၊ အိမ်ကျမှ ထမင်းစားပါတော့မယ်"

"ခုနတော့ သိပ်ဆာနေပြီဆို၊ ကဲပါ. . . လာစမ်းပါ"

ပြောပြီး ကျွန်တော့်ကို မစောင့်ဘဲ ရှေ့က ထွက်သွားသည်။ ကျွန်တော်က ယောကျ်ားလေးတစ်ယောက်။ သူကတောင် ခေါ်ရဲမှ ကျွန်တော်က မလိုက်ရဲလို့ မဖြစ်။

စားသောက်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။

"ကဲ. . . ဘာစားမလဲ ပြော"

"ဘာပဲဖြစ်ဖြစ် ကြိုက်တာသာ မှာပါ"

"ဘာပဲကျွေးကျွေး စားမယ်ပေါ့"

ပြောပြီး ပြုံးကြည့်သည်။





"ဒါကတော့ ခင်ဗျားစေတနာပေါ် မူတည်ပါတယ်"

"လူကို ရဲရဲသာ ခေါ်ပါ"

"ဗျာ"

"ဪ. . . တို့နာမည်က ရဲရဲတောက်ထွန်းတဲ့၊ ဒါကြောင့် ရဲရဲ သာ ခေါ်ပါလို့ ပြောတာပါ"

သူ ကျွန်တော့်ကို ကိုထူးဟု ခေါ်ခဲ့တာ ကြာပြီ။ အင်းလျားမှာ တွေ့ပြီးကတည်းက ဖြစ်သည်။ ကျွန်တော်သည် သာမန်အားဖြင့် မိန်းက လေးများနှင့် သိပ်စကားမပြောချင်။ ပြောလည်း မပြောရဲ။ သူ့ကျတော့ နောက်ရဲပြောင်ရဲ ပြောရဲဆိုရဲနေသည်။ သူ့အပေါ် သိပ်အလေးအနက် မထားလို့လည်း ဖြစ်ချင်ဖြစ်မည်။ သူကိုယ်၌က ယောကျ်ားလေး တစ် ယောက်လို ခပ်ရဲရဲ ခပ်သွက်သွက် နေတတ်သောကြောင့် သိပ်မရှိန်ဘဲ နေတာလည်း ဖြစ်နိုင်သည်။ သူက မလေးရှား ခေါက်ဆွဲနှစ်ပွဲ မှာသည်။

"ကြိုက်တယ် မဟုတ်လား"

"ရပါတယ်"

တကယ်လည်း မလေးရှားခေါက်ဆွဲ ကျွန်တော် ကြိုက်သည်။

"ယူ မလေးရှားခေါက်ဆွဲ ကြိုက်တာ တို့ သိတယ်"

"ဘယ်လိုလုပ် သိလဲ"

"ဒီဆိုင်မှာ ခဏခဏ လာစားတာ သိတာပေါ့"

ကျွန်တော့်အကြောင်း သူ တော်တော် သိနေသည်။ ထို့ထက် တား. . .

"ယူတို့အဖေ လုပ်တဲ့ မိတ်ကပ်က တော်တော် အဆင့်အတန်း မြင့်တယ်နော်"

"ဗျာ"

ကျွန်တော် အံ့ဩရပြန်၏။ ကျွန်တော့်အကြောင်း သူ မသိတာ မရှိသလောက် ဖြစ်နေပြီ။

"အရင်ကတော့ တို့ နိုင်ငံခြားမိတ်ကပ်ပဲ လိမ်းတယ် ခုတော့ ယူတို့အဖေရဲ့ မိတ်ကပ်ပဲ လိမ်းတော့တယ်၊ ခုတောင် လိမ်းလာသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကြည့်ပါလား"

သူက မျက်နှာ ရှေ့တိုးပြသည်။ အဖေ့မိတ်ကပ် ဒီလောက် ကောင်းမှန်း ခုမှပဲ ကျွန်တော် သိသည်။ သူ့မျက်နှာသည် ကြွေသား အရုပ်တစ်ရုပ်လို ချောမွတ်နေ၏။

သူက ကြည့်ပါလား ဆိုသဖြင့် သူ့မျက်နှာကို ကြည့်လိုက်မိသည်။ သူ့မျက်လုံးတွေက မှိုင်းမှိုင်းရီရီ။ နှာတံက ဖြောင့်စင်းပြီး အဖျားမှာ ယောင်ယောင်ကလေး ကော့ပျံနေသည်။ သူ့နှုတ်ခမ်းကတော့ အမြဲလိုလို စဉ်းငယ်မျှ ပွင့်ဟနေတတ်၏။ ယင်းတို့ကို ပြေပြစ်လှပသော မေးရိုးက အနားသတ်ပေးထားသည်။ သူ့တစ်ကိုယ်လုံး လိမ္မော်ရောင် ဆင်မြန်းထားသည်။ နာရီလက်ပတ်ကြိုးက အစ ဘယ်ဘက် လက်သူကြွယ်မှာ ပတ္တမြားလက်စွပ်။ လိမ္မော်ရောင် ဟပ်သဖြင့် ဝါသောအသားသည် ပို၍ဝင်းနေ၏။

သူ လှတာတော့ အမှန်ပင်။ သို့ရာတွင် ထိုအတွက် ကျွန်တော့်ရင်မှာ လှုပ်လှုပ်ခတ်ခတ် မဖြစ်တာ သေချာကြောင်း ပြောရပါသည်။

ခေါက်ဆွဲစားရင်းကပင် သူ စကားတွေ ပြောပြန်သည်။

"ယူနဲ့ တို့နဲ့က တွေ့လိုက်ရင် အချေအတင်ကလေးတွေ ဖြစ်တတ်တယ်နော်၊ ဘာကြောင့်လဲ သိလား"

"ဆိုပါဦး"

"ယူက အင်္ဂါသား။ တို့က ရာဟု၊ အင်း ဗုဒ္ဓဟူးသမီး ဆိုပါတော့"

"အဲဒါ ဘာဖြစ်လို့လဲ"

"မကြားဖူးဘူးလား၊ ဓမ္မာသောက အင်းဝရာဇာ ဆိုတာ"

သူသည် ကိုယ်ပြောခဲ့တဲ့စကား ဘယ်ရောက်လို့ ဘယ်ပေါက်တယ် ဆိုတာ သတိမှ ထားမိရဲ့လား။ သူ့စကားက တွေးကြည့်လျှင် ရင်တုန်ချင်စရာကြီး ဖြစ်၏။ 'ဓမ္မာသောက အင်းဝရာဇာ'ကို ဆက်၍ရွတ်ကြည့်လျှင် 'အိမ်ထောင်ဘက် အသက်မရှည်ရာ' ဟူ၍ ဖြစ်သတည်း။

❖ ❖ ❖





"ငါက စေတနာနဲ့ပါကွာ"

ဟု ညိုဝင်းမောင်က ပြောသည်။

"ဘာစေတနာလဲကွ၊ ငါ့အကြောင်းတွေ ဟိုကောင်မလေးကို မင်း အကုန် ပြောပြထားတယ် မဟုတ်လား"

"အေးလေ၊ ဘာဖြစ်သလဲ၊ စေတနာနဲ့ပါဆိုနေ"

"တော်စမ်းပါကွာ"

ညိုဝင်းမောင်သည် ကျိုးနေသော ရှေ့သွားတစ်ချောင်း ပေါ်အောင် ရယ်သည်။

"ကောင်မလေးက ဘယ်လောက် လှတယ်ဆိုတာ မင်း အမြင်ပဲ သူတို့ သင်္ချိုင်းနမှာ သစ်လွင်ကြိုဆိုပွဲ လုပ်တော့ သူ မလာဖြစ်ဘူးကွ၊ ဒါနဲ့ တခြားကောင်မလေးတစ်ယောက် အလှဘုရင်မ အရွေးခံရတယ်၊ နောက်နေ့ သူလည်း ကျောင်းလာတက်ရော ဟိုကောင်မလေးကို ကွင်းအဖြစ်ကနေ ဖြုတ်ချပြီး သူ့ကို တင်လိုက်ကြတော့တာပဲ၊ အစဉ်အလာ မဟုတ်တာ ဖြစ်သွားရတဲ့အထိပဲ၊ ပြီးတော့ သူက ချမ်းသာတယ်ကွ"

"ချမ်းသာတိုင်း ငါက စိတ်ဝင်စားရမှာလား"

"မင်းက စိတ်မဝင်စားပေမယ့် သူက မင်းကို စိတ်ဝင်စားနေတယ်ကွ၊ ကျောင်းထဲမှာ သူ့လို မိန်းကလေးမျိုးကို ကြိုက်ချင်တဲ့လူတွေ ဘယ်လောက်တောင် များမလဲဆိုတာ မင်း စဉ်းစားကြည့်၊ သူက ယောကျ်ားလေးတွေနဲ့ ခပ်ရဲရဲ ဆက်ဆံပေမယ့် ဘယ်သူ့မှ မျက်နှာသာ ပေးတာ မဟုတ်ဘူး။ မင်းကျမှ သူက စပြီး အရမ်းလိုက်လျှောနေတာ"

"မဖြစ်နိုင်တာ၊ သူက ငါ့ကို စိတ်ဝင်စားတယ်ဆိုတာ"

"မင်းက လေးနှစ်လုံးလုံး ဒီကိစ္စတွေ စိတ်မဝင်စားဘဲ ကျောင်းသား လူပျိုကြီး လုပ်နေလို့၊ မင်းကသာ အလိုရှိမယ်ဆိုရင် မင်းရှေ့ကို အလိုလို ဒူးထောက် ရောက်လာမယ့် မိန်းကလေးတွေ အများကြီး"

"မြှောက်မနေပါနဲ့ကွာ၊ လက်ဖက်ရည်ဖိုး ငါပဲ အမြဲရှင်းနေတာပါ"

"မြှောက်တာ မဟုတ်ဘူး၊ ငါက ဒီကျောင်းမှာ ဘယ်မိန်းကလေး ကလစ်တစ်ချောင်း ကျပျောက်လို့ ဆိုတာကအစ သိထားတဲ့ကောင် မင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မင်းလည်း ပြန်ကြည့်ဦး၊ မင်းက ငါတို့အတန်းထဲမှာ စတားပဲ၊
တော်တယ်၊ တည်ငြိမ်တယ်၊ နောက်ပြီး မင်းရုပ်က မိန်းကလေး
အရမ်းကျတတ်တဲ့ရုပ်မျိုး၊ မင်းကို ရဲရဲက စိတ်ဝင်စားတယ် ဆိုတာ ဘာ
မဆန်းဘူး"

"အေးလေ၊ ငါက သူ့ကို စိတ်မဝင်စားပါဘူး ဆိုနေမှ"

"စိတ်ကူးမလွဲနဲ့ ဟော့ကောင်၊ ဒီကောင်မလေးဟာ သွက်လွ
တယ်ဆိုပြီး လန့်နေတာလား၊ သွက်ပေမယ့် မကလက်ပါဘူးကွာ၊
သူနဲ့ လိုက်ဖက်ပါတယ်၊ ဒီလို အစစအရာရာ ပြည့်စုံတဲ့ မိန်းက
တစ်ယောက်ကို ရဖို့ မလွယ်ပါဘူးကွာ၊ ခုဟာက ဒူးယားတစ်တောင့်
ကုန်သွယ်ရေးဈေးနဲ့ ရသလိုပဲ၊ တော်ရုံတန်ရုံ ကံထူးလို့ မဟုတ်ဘူး၊
ကိုမှ မလတ်ဘူး၊ မှိုနံ့ရတယ်ဆိုပြီး ကဂျီကဂျောင် လုပ်နေရင်တော့
ဒီကောင်ဟာ သောက်ပေါပဲ"

"အေး. . . ငါ့ကို သောက်ပေါလို့ပဲ သဘောထားလိုက်တော့

ရဲရဲ ကျွန်တော့်ကို စိတ်ဝင်စားနေကြောင်း ကျွန်တော်လည်
သိပါသည်။ သူကိုယ်တိုင်က ကျွန်တော့်အပေါ်, အရမ်းလိုက်လျော
အရမ်း အခွင့်အရေးတွေ ပေးခဲ့တာပဲ။ ကျွန်တော့်ဘက်က ဖွင့်ပြောဖို့
ကျန်တော့သည့်အဆင့်ထိ ရောက်ခဲ့ပြီ။ ယောကျ်ားလေးက စပြောရမ
ဆိုသော ထုံးစံရှိနေလို့သာ ဒီလောက်ထိ ဖာတ်မျှောနေခြင်း ဖြစ်သည်
သို့မဟုတ်လျှင် သူက စပြီးဖွင့်ပြောခဲ့တာ ကြာလှ ရှိရော့မည်။

သို့ရာတွင် သူ့ကို ကျွန်တော် မချစ်မိတာတော့ ဘာမှမတတ်
သူ လှသည်မှာ မှန်သည်။ သူ့အလှကား စိန်နှားကပ်လို တဖျတ်
လက်သောအလှ။ သူသည် ရဲတင်း ဖျတ်လတ်သော်လည်း သိက္ခာမဲ့
မိန်းကလေးတစ်ယောက် မဟုတ်တာ သေချာသည်။ သူ ကျွန်တေ
ချစ်လွန်းသဖြင့် တစ်ခါတစ်ခါ မိန်းကလေးတို့ ဣန္ဒြေကိုတောင် စွန်း
ခံခဲ့သည်ကို ကျွန်တော် သိသည်။ ကျွန်တော့်အပေါ် အလွန် အနွံအ
ခံမည့်သူမှန်းလည်း သိသည်။ သူချစ်ဟု ဆိုပါစို့။

သို့တိုင်အောင် ကျွန်တော်သည် သူ့အကြောင်း တွေးမိသ





အခါတိုင်း အေးမြနှင့် ယှဉ်၍ကြည့်မိသည်။ ထိုသို့သောအခါတွင် သူ၏ရုပ်
သွင်သည် နာနာရုပ်တစ်ခုလို အခိုးအငွေ့ ဖြစ်ပြီး တဖြည်းဖြည်း မှုန်ဝါး
ပျောက်ကွယ်သွားရရှာတော့သည်။

နှစ်ပေါင်းများစွာ ရေနံရည် ဝအောင် သုတ်ထားသော အိမ်တစ်
လုံးကို မည်သည့်ဆေးမှ ထပ်သုတ်လို့ မရတော့သကဲ့သို့သာတည်း။

...မင်းလူ...



www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ် သတင်းဆိုးတစ်ခုကို ကြားရသည်။ ခု ပြန်တွေးကြည့်လျှင် ဒါ ဖြစ်နိုင်ကြောင်း သိသာခဲ့တာပဲဟု ထင်စရာ ရှိသော်လည်း ကြားကြားချင်းတော့ အံ့ဩရလေသည်။

ကိုဖိုးရှုပ် အဖမ်းခံရခြင်းပင် ဖြစ်သည်။ သူ့သူငယ်ချင်း တစ်ယောက် အိမ်မှာ ဘိန်းဖြူမှုန့်အချို့ ဆေးထိုးအပ်တို့နှင့်အတူ ဖမ်းဆီးခံရခြင်း ဖြစ်သည်။

ကျွန်တော် အေးမြကို အားပေးစကား သွားပြောရသည်။ အေးမြသည် သူ့အစ်ကိုအတွက် စိတ်မကောင်း ဖြစ်နေသော်လည်း တည်တည်ငြိမ်ငြိမ်ပင် ရှိသည်။ ဒါ အေးမြ၏စရိုက်ပင် ဖြစ်၏။ သူတို့ အမေကသာ ငိုလားရယ်လား ဖြစ်နေသည်။ အေးမြတို့အဖေကတော့ ထူးထူးခြားခြား ပြောင်းလဲမှု မရှိလှ။ စစ်အကျႌဟောင်းကြီး ဝတ်ပြီး နှင်းဆီခင်းထဲမှာ ယောင်ချာချာ လုပ်နေဆဲ။

"အစ်ကို ဒီလိုဖြစ်နေတာ ကြာပြီ ထင်တယ်ဟာ၊ အိမ်မှာ ဟိုပစ္စည်း ပျောက်လိုက်၊ ဒီပစ္စည်းပျောက်လိုက်၊ ပိုက်ဆံပျောက်လိုက် ဖြစ်နေ





တာ သူ့လက်ချက်ပဲဆိုတာ သိပါတယ်၊ ဒါပေမယ့် သူ့သူငယ်ချင်းတွေနဲ့ သုံးဖြုန်းတာလောက်ပဲ ထင်နေခဲ့ကြတာ၊ အေးဟာ၊ ဒီနေရာမှာကျတော့ နင်တို့မိဘတွေက သိပ်တော်တာပဲ"

ကိုဖိုးရှုပ်နှင့် ကျွန်တော့်အစ်ကို ကိုကျော်ဦးတို့က တွဲဖက်တွေ ဖြစ်သည်။ ကိုဖိုးရှုပ် ပေါ်ကြော့ နေသလို ကိုကျော်ဦးလည်း ထို့အတူ၊ သို့ရာတွင် ကိုဖိုးရှုပ် အခြေအနေ မဟန်မှန်း သိသဖြင့် အဖေက ကိုကျော်ဦးကို ကြပ်ကြပ်မတ်မတ် ကိုင်သည်။ သူ့လုပ်ငန်းထဲမှာ ဝင်လုပ်စေသည်။ နောက်တော့ ကိုကျော်ဦးကို လုပ်ငန်း၏ တချို့နေရာများမှာ မျက်နှာလွှဲပြီး ကြီးကြပ်စေသည်။ လုပ်ပိုင်ခွင့် ပိုပေးလိုက်သဖြင့် တာဝန်လည်း ပိသွားသည်။ ဤသို့ဖြင့် အစ်ကိုသည် အလုပ်ထဲမှာ နစ်သွားသည်။ ကိုဖိုးရှုပ်နှင့် အဆက်အသွယ် ပြတ်သွားသည်။ အဖေက ကိုဖိုးရှုပ်ကိုပါ အလုပ်ထဲ သွင်းဖို့ ကြိုးစားသည်။

"ဟိုအရင်ကတည်းက နင်တို့အဖေက သူ့ဆီမှာ လုပ်ဖို့ ခေါ်တာ၊ ဝင်လုပ်ဖြစ်သွားရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

ဟု သူ ပြောသည်။

"ခု အခြေအနေက ဘယ်လိုလဲ"

"လောလောဆယ်တော့ သုံးစွဲမှုနဲ့ လက်ဝယ်တွေ့ရှိမှု နှစ်မှုပေါ်တာ၊ သုံးစွဲမှု တစ်ခုတည်း ဖြစ်အောင် ကြိုးစားရမှာပဲ"

"အာမခံ ကိစ္စကကော"

"ရဖို့ မလွယ်ဘူးဟ"

ခုလိုအချိန်မျိုးတွင် လူလှ၏ အကူအညီ လိုသည်။ လူလှအနေဖြင့် အေးမြနားမှာ နေ့တိုင်းလို ရှိနေသင့်သည်။ အားပေး ကူညီသင့်သည်ဟု ထင်သည်။ ထို့ကြောင့်...

"လူလှကကော ဘာပြောသေးလဲ"

မေးလိုက်သည်။

"သူနဲ့ မတွေ့တာ ကြာပြီ"

"ဟုတ်လား၊ ဒီကောင် မလာသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



အေးမြက သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"နင် စိတ်မကောင်းမှာစိုးလို့ ငါ မပြောဘဲ နေတာ၊ သူ ငါ့အပေါ် ဆက်ဆံရေး အေးစက်စက် ဖြစ်နေတာကြာပြီ၊ ငါနဲ့ လာမတွေ့တာတောင် တစ်လလောက် ရှိပြီ"

"ဘာဖြစ်လို့လဲ"

"သူ မကျေနပ်တာ တစ်ခုခုရှိလို့ ဖြစ်မှာပေါ့ဟာ"

လူလူ မကျေနပ်တာဆိုလျှင် အေးမြတို့အမေကြောင့်ပဲ ဖြစ်လိမ့်မည်။ အေးမြကိုတော့ ထိုအကြောင်း မပြောလိုက်။

"သူက ဒီလိုပဲဟ၊ ခုနောက်ပိုင်း ငါ့ကို သိပ်နိုင်ချင်တာပဲ၊ သူ့ဘာ ဘဝင်မြင့်သလို ဖြစ်နေတယ်ဟ"

သူက တစ်ချက် ခြောက်ကပ်ကပ် ရယ်ပြီး. . .

"ငါကတော့ ဘယ်လိုမှ သဘောမထားပါဘူး၊ သူ့အခြေအနေလည်း ဘဝင်မြင့်ချင်စရာ ကောင်းလောက်အောင် ဖြစ်နေတာကိုး၊ တစ်နေ့နေ့ သူ နားလည်ပြီး ပုံမှန် ပြန်ဖြစ်သွားမှာပါ"

အေးမြသည် လူလူအပေါ် အလွန်နားလည်နိုင်သူ ဖြစ်သေသည်။ လူလူကသာ အေးမြအပေါ် နားလည်မှု လွဲနေတာ ဖြစ်ရမည်။

ကျွန်တော်သည် လူလူဆီသို့ သွားရပြန်လေသည်။

❖ ❖ ❖

လူလူနှင့် တွေ့ခွင့်ရဖို့ မလွယ်လှပေ။ သူ့အိမ်ကို သွားသော်လည်း မတွေ့။ သူက မနက်အစောကြီး ထွက်ပြီး ညဉ့်နက်မှ ပြန်လာတတ်သည်။ ခုရက်ပိုင်း အိမ်ပြန်မအိပ်။ သုံးရက်လောက် ရှိပြီဟု သူ့အမေက ပြောလိုက်သည်။





သူ ကျက်စားရာ ကီလီဈေးဘက် သွားရှာသည်။ ထိုထိုနေရာ ဆိုတာက အလွန်ရှုပ်ထွေးကျယ်ဝန်းသောနေရာ၊ ဘယ်မှာ သွားရှာရမှန်း မသိ၊ မေးမြန်းစုံစမ်းကြည့်ပြီး သူလာတတ်သည် ဆိုသော ဒိုင်မှာ သွားမေးသည်။ မလာတာ တစ်ပတ်လောက် ရှိပြီဟု ဆိုသည်။ ပင်လယ်ဘက် ခရီးထွက်သွားသလိုလိုလည်း ပြောသည်။ သူသည် အစပျောက်နေလေသည်။

အေးမြကိုတော့ လူလူ ခရီးသွားနေတယ်၊ နည်းနည်းကြာမယ်လို့ ပြောတယ်ဟုသာ ပြောထားလိုက်ရသည်။

အေးမြသည် လူလူ သူ့ဆီ မလာသည့်ကိစ္စအတွက် အပူတပြင်း စိုးရိမ်ဟန် မပြ။ သူ့မှ စိတ်ညစ်စရာ ကြုံနေသည့်အချိန်တွင် သတင်းကလေးတောင် လာမေးဖော် မရသည့်အတွက်လည်း စိတ်ဆိုးဟန် မရှိ။ အေးမြသည် မျိုသိပ်နိုင်လွန်းသူ၊ လူလူအပေါ် ခွင့်လွှတ်နိုင်လွန်းသူပင် ဖြစ်၏။

ထိုအတောအတွင်း ကိုဖိုးရှုပ်၏ အမှုကိစ္စများအတွက် ကျွန်တော်တပဲ လိုက်ကူညီပေးရသည်။ အေးမြတို့အမေနှင့် သွားသည့်အခါ သွား၊ အေးမြနှင့် သွားသည့်အခါသွား၊ အဖေနှင့် အမေတို့ကလည်း တတ်အားသမျှ ကူညီသည်။ အဖေက သူ့မိတ်ဆွေ ရှေ့နေ ဦးထွန်းအောင် (ဥက္ကလာ)ကို ငှားပေးသည်။ အမေက အေးမြတို့ အမေထံ အားပေးစကား သွားပြောရင်း ငွေငါးထောင် ချေးခဲ့သည်။ အမှုအတွက် ငွေကုန်ကြေးကျ ရှိလိမ့်မည်၊ သူတို့မှာ လိုအပ်နေမည် ဆိုပြီး ပေးခဲ့ခြင်းဖြစ်သည်။

ကိုကုလားကြီးနှင့် အစ်မကြီးတို့လည်း သတင်းကြားသဖြင့် အပြေး ရောက်လာသည်။ ကိုကုလားကြီးက သူ့အမေကို အပြစ်တင်သဖြင့် အဘွားကြီး ငိုကြီးချက်မ ဖြစ်ရသည်ဟု အေးမြက ပြန်ပြောသည်။

ကိုကုလားကြီးက လူလူအကြောင်းကိုလည်း မေးသည် ဆို၏။ ထိုလိုအချိန်မှာ ရောက်မလာသဖြင့် သိပ်မကျေနပ်။ အေးမြက ခရီးလွန်နေသဖြင့် ဒီအကြောင်း သိတောင် မသိသေး၊ လူလူ တစ်ခါတစ်ခါ ပင်လယ်ဘက် ခရီးထွက်လျှင် သုံးလေးလ ကြာတတ်သည်ဟု စကားလွှဲအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောထားရသည်။

အေးမြသည် လူလူနှင့် ပတ်သက်၍ သိပ်မပြော။ သူ ခရီးထွက်ရာက ပြန်လာပြီလား၊ နင်နဲ့ကော တွေ့သေးလား စသည်ဖြင့် မမေးဘဲ နေသည်။ ကျွန်တော်ကလည်း လူလူအကြောင်း စကားမစပ်။ ပြောစရာ အကြောင်းထူးလည်း မရှိ။ အေးမြသည် တစ်နေ့နေ့တော့ သူ နားလည်လာမှာပဲ ဆိုသော အယူအဆဖြင့်သာ နေနေသည်ဟု ထင်၏။

ကိုဖိုးရှုပ်၏ စစ်ဆေးချက်တွင် ဆီးမအောင်ချေ။ ဆီးထဲမှာ မူး ယစ်ဆေးဝါး သုံးစွဲထားကြောင်း အထောက်အထား တွေ့ရသည်။ အိမ် ရှင် ဖြစ်သူ သူ့သူငယ်ချင်းက သိမ်းဆည်းရမိသော ဘိန်းဖြူမှုန့်နှင့် ဆေးထိုးအပ်သည် သူ့ပစ္စည်းသာ ဖြစ်သည်။ ကိုဖိုးရှုပ်နှင့် မဆိုင်ဟု ထွက်ဆိုသည်။

ကိုဖိုးရှုပ်အဖို့ ပုဒ်မနှစ်ခုအနက် သုံးစွဲမှုနှင့်သာ ရင်ဆိုင်စရာ ရှိ၍ အမှုနည်းနည်းပေါ့သွားသည်။ ထို့အတူ ယင်းပုဒ်မဖြင့် အပြစ်ဒဏ် ကျခံဖို့ကလည်း ကိန်းသေသလောက် ဖြစ်သွားသည်။ သူ့အတွက် အာမ ခံ လျှောက်ထားချက်ကိုလည်း တရားရုံးကပင် ပယ်ချလိုက်သည်။ အမှု စစ်ဆေးသည့် အစီအစဉ်အတိုင်း စောင့်နေရုံနှင့် ပြစ်ဒဏ်ကို အနည်းဆုံး ဖြစ်အောင် ကြိုးစားရုံသာ ရှိတော့သည်။

လူလူကတော့ ကိုယ်ယောင်ဖျောက်နေဆဲပင်။





ထိုသို့သော အခြေအနေတွင် လူလူနှင့် ပတ်သက်သော သတင်း တစ်ခုကို ရသည်။ အလားအလာကောင်းသော သတင်းမဟုတ်။ ပြီးတော့ ယုံနိုင်စရာ မကောင်းသော သတင်းတစ်ပုဒ်။ သတင်း ထွက်ပေါ်လာရာ နေရာကိုက မထင်မှတ်သော ထောင့်တစ်ထောင့်မှ ဖြစ်သည်။

ပုဂံလမ်းအတိုင်း ကျောင်းထဲကို လျှောက်ဝင်လာသည်။ ကား စက်သံ ကြားသည်။ ကျွန်တော့်ဘေးမှာ ရဲရဲ၏ ဖင်မလီယာ ကားလေး လာရပ်သည်။

“တက်လေ၊ တို့ လိုက်ပို့မယ်”

ကျွန်တော် ကားပေါ် တက်လိုက်သည်။ သူက မောင်းထွက်လာ သည်။ ထုံးစံအတိုင်း ဦးခနဲ ဆောင့်ထွက်ခြင်း ဖြစ်သည်။ အင်းဝလမ်းဆုံ တို ရောက်တော့ ဘယ်ဘက် မကွေ့ဘဲ ညာဘက်ချိုးလိုက်၏။

“ဘယ်သွားဦးမလို့လဲ”

ကျွန်တော်က မေးသည်။

“အကြော် သွားစားမယ်လေ”

“ဟာ. . . မစားချင်ဘူး။ အတန်းရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ခဏာပါ၊ ပြောစရာလေး ရှိလို့"

သူက ဒီလိုပဲ။ ဖွတ်အတင်း လုပ်တတ်သည်။ ကျွန်တော်က မသွားချင်ပါဘူး ဆိုနေမှဟု မူလို့ ဖြစ်သည်မဟုတ်။

အကြော်ဆိုင်မှာ ထိုင်သည်။ သူ့စိတ်ကြိုက် အကြော် သုံးလေး မျိုး ရောစုံမှာသည်။ ကျွန်တော် ကြိုက်သည့် ဘူးသီးကြော်ကိုတော့ သီးသန့်တစ်ပွဲ။

"ကဲ. . . ဘာပြောစရာရှိလဲ၊ ပြောလေ"

"တို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ တို့မှာ အရင်းနှီးဆုံး သူငယ် ချင်း ဆိုလို့ ကိုထူးတစ်ယောက်ပဲ ရှိတာကိုး၊ တိုင်ပင်တဲ့ သဘောပေါ့လေ"

ထို့နောက် သူ ဆက်ပြော၏။

"တို့ကို လူတစ်ယောက်က ပရိုပို့စ် လုပ်နေတယ်"

"အဲဒါ ဆန်းလို့လား၊ ရဲရဲတို့ ချဉ်းကပ်နေတဲ့လူတွေက အများကြီး ပဲဟာ"

"ခုဟာကတော့ နည်းနည်း ထူးခြားလို့ ပြောတာပါ၊ သူက ကျောင်းက မဟုတ်ဘူး၊ ဖေဖေတို့နဲ့ လုပ်ဖော်ကိုင်ဖက်ပေါ့၊ အလုပ်ကိစ္စနဲ့ အိမ်ကို လာရင်း တို့ကို စိတ်ဝင်စားသွားတာ"

"အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လဲ"

"ကိုထူးဟာလေ၊ ခုထိ တို့အပေါ် စိမ်းစိမ်းနေတုန်းပဲ၊ ကိုထူး သိသင့်တယ် ထင်လို့ ပြောတာ၊ တိုင်ပင်တဲ့သဘောပေါ့၊ သူက ဘော့စ် ရှေ့ဆက်ပြီးတော့လည်း ချမ်းသာဦးမှာ၊ တစ်ခုပဲ ရှိတယ်၊ သူက ရုပ်ဆိုး တယ်"

"ရုပ်ဆိုးတယ်"

"ဟုတ်တယ်၊ တော်တော် ရုပ်ဆိုးတယ်၊ ဒါပေမယ့် ယောက်ျား ပီသတယ်၊ ဘိုးလ်ဖြစ်တယ် ဆိုပါတော့၊ သူ့နာမည်ကတော့ သူ့ရုပ်နဲ့ လုံးဝမလိုက်ဘူး၊ လူလုတဲ့"

"ဘာ. . . လူလု၊ ဟုတ်လား"

ကျွန်တော်က ဓါတ်လိုက်ခံရသူ တစ်ယောက်လို အလန့်တကြား





အော်လိုက်မိသည်။ ရဲရဲကတော့ နာမည်နဲ့လူ မလိုက်သဖြင့် ကျွန်တော် အံ့သြသွားတာပဲ ထင်ပြီး ရယ်နေ၏။

❖ ❖ ❖

လူလုကို အပူတပြင်း ရှာဖွေရတော့သည်။ သူ့အိမ်ကို သွား သည်။ မနေ့ညက အိမ်ပြန်အိပ်သည်ဟု သိရသည်။ ဒီနေ့တော့ မသေချာ ဟု သူ့အမေက ပြောသည်။ ဘာပဲဖြစ်ဖြစ် ရန်ကုန်မှာ ရှိနေတာတော့ သေချာပြီ။

ကီလီကို သွားသည်။ ခုပဲ ပြန်ထွက်သွားပြီဟု ဆိုသည်။ ကျွန် တော် တစ်ခု သတိရလိုက်၏။ ညနေကျလျှင်တော့ ရွှေကိန္နရီ စားသောက် ဆိုင်ကို သူ လာမှာ သေချာသည်။

သို့ဖြင့် ရွှေကိန္နရီ စားသောက်ဆိုင်ကို ကျွန်တော် သွားသည်။ သူတော့ မရောက်သေး။ ဆိုင်မန်နေဂျာက. . .

"ဆရာ ကိုလူလုလား၊ မနေ့ကတော့ လာသွားတယ်၊ ဒီနေ့လည်း လာလိမ့်မယ် ထင်တယ်၊ ပြည်ကြီးငါး ချန်ထားပါလို့ မနေ့က မှာသွား တယ်"

သူလာဖို့ အခြေအနေ ရှိသည်။ ထို့ကြောင့် စားပွဲတစ်လုံးမှာ ထိုင်စောင့်နေလိုက်သည်။

"ဆရာ တစ်ခုခု စားသောက်ရင်း စောင့်ပါလား"

ဟု အကြံပေးသည်။ ကျွန်တော်လည်း စိတ်ထွေထွေ ရှိသဖြင့် ဘီယာတစ်လုံး၊ ရမ်းနှစ်ပက်နှင့် ငုံးကြွပ်ကြော်တစ်ပွဲ မှာလိုက်သည်။

လူလုက သူ့ကို ချဉ်းကပ်နေသည်ဟု ရဲရဲက ပြောခြင်းမှာ ကျွန်တော့်စိတ်ကို ဆွပေးခြင်း ဖြစ်ကြောင်း ကျွန်တော် သိသည်။ အခွင့် အရေး ရတုန်း ကြိုးစားလျှင် ကြိုးစား၊ ဒါမှမဟုတ်လျှင် သူများဆီ ပါ



www.burmeseclassic.com

www.burmeseclassic.com



သွားမှာနော်ဟု သတိပေးလိုခြင်း ဖြစ်သည်။ သူ လူလှကို ကြိုက်မှာ မဟုတ်ကြောင်း ကျွန်တော် သိသည်။

ခက်တာက လူလှ။ သူသည် ဘာသဘောနှင့် ရဲရဲကို ချဉ်းကပ်သနည်း။ အပျော်သဘော ဖြစ်ပါစေဟု ဆုတောင်းရသည်။ လောလောဆယ် အေးမြနှင့် အဆက်အသွယ် မလုပ်ဘဲ နေခြင်းကတော့ နည်းနည်းစိတ်ထင့်စရာ။

ဘီယာတစ်လုံးနှင့် ရမ်နှစ်ပက်လည်း ကုန်ပြီ။ အရက်ပြင်းတို့ မသောက်စဖူး သောက်မိသဖြင့် မူးယစ် ရီဝေနေပြီ။ ခုနစ်နာရီလည်း ထိုးပြီ။ လူလှက ရောက်မလာ။

"ဒီအချိန်ဆိုရင်တော့ လာတော့မှာ မဟုတ်တော့ဘူး၊ သူလာရင် ခြောက်နာရီလောက် လာတတ်တာ"

ဟု ဆိုင်မန်နေဂျာက ပြောသည်။ ကျွန်တော်လည်း ငွေရှင်းပြီး ထွက်လာခဲ့သည်၊ သူ့ကို ဒီနေ့ တွေ့အောင် ရှာမည်ဟု ဆုံးဖြတ်သည်။ သူ့အိမ်ကို သွားမည်။ သန်းခေါင်သန်းလွဲထိ ထိုင်စောင့်မည်။

တကယ်တမ်းကျတော့ သူ့အိမ်ထိတောင် မရောက်။ သူတို့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်နေသော လူလှကို ထူးထူးခြားခြား တွေ့လိုက်ရလေသည်။

ကျွန်တော် ဆိုင်ထဲ ဝင်ထိုင်သည်၊ ကျွန်တော့် အမူအယာအရ လည်းကောင်း၊ အနံ့ကြောင့် လည်းကောင်း အရက်သောက်လာကြောင်း သူ သိသွားသည်။

"အမယ်. . ထူးထူးခြားခြား အရက်တွေဘာတွေ သောက်လို့ အေးလေ ငါကလည်း ဒီနေ့မှ ထူးထူးခြားခြား လက်ဖက်ရည်ဆိုင် ထိုင်လို့ တစ်ခုခုတော့ ဖြစ်ကုန်ပြီ ထင်တယ်ကွာ"

ကျွန်တော် သူ့ကို ပြန်မရှင်းတော့ဘဲ. . .

"ငါ မင်းကို ခြွေတိန္နရီမှာ သွားစောင့်နေတာ"

ဟူ၍သာ ပြောလိုက်သည်။

"ဟုတ်လား. . . ဘာကိစ္စလဲ"





ခုလို မသိချင်ယောင်ဆောင်ပြီး မေးတာမျိုး ကျွန်တော် မကြိုက်။

"ဘာကိစ္စလဲဆိုတာ မင်းသိသားပဲ"

"ကဲ. . . မင်းပဲ ပြောပြပါတော့ကွာ"

သူ့ကို ပြောစရာနှစ်ခု ရှိသည်။ ဘယ်ဟာက စပြောမလဲ စဉ်းစားသည်။ အေးမြအကြောင်းက ပို၍အရေးကြီးသည်၊ ထို့ကြောင့်. . .

"မင်း အေးမြဆီ ဘာလို့ မသွားတာလဲ"

"ငါ မအားလို့ကွာ"

"ခုလိုချိန်မျိုးမှာ မအားလည်း ရောက်အောင် သွားရမှာပဲ"

"ဟင်. . . အေးမြ ဘာဖြစ်လို့လဲ"

"မင်း မသိချင်ယောင် ဆောင်မနေနဲ့ ဟေ့ကောင်"

ထိုအခါကျမှ သူသည် မျက်နှာထားကို တည်လိုက်ပြီး. . .

"ငါ သူ့ဆီ မသွားချင်ဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့နဲ့ ငါနဲ့ မဖြစ်ပါဘူးကွာ"

"ဘာကြောင့် မဖြစ်တာလဲ"

ကျွန်တော်က မေးခွန်းတွေ ဆက်တိုက်မေးနေသည်။ သူကလည်း

"သူတို့ တစ်မိသားစုလုံးကို ငါ လုပ်မကျွေးနိုင်ဘူးကွ"

"မင်းကို ဘယ်သူက လုပ်ကျွေးခိုင်းလို့လဲ"

"ခုပုံစံအတိုင်းဆိုရင်တော့ ငါပြောသလို ဖြစ်နေတာပဲ၊ သူတို့ တစ်အိမ်လုံး ဘယ်သူမှ လက်ကြောတင်းအောင် အလုပ်လုပ်ချင်တာ မဟုတ်ဘူး၊ အားလုံးက ငါ့အထောက်အပံ့ကိုပဲ မျှော်ကိုးနေကြတာ၊ အဘွားကြီးက အဆိုးဆုံးပဲ၊ လုပ်ငန်းလေးတစ်ခု လုပ်ချင်လို့ ငွေအရင်းအနှီးလို့ ဆိုပြီး ချေးလိုက်တဲ့ပိုက်ဆံတွေ မရေတွက်နိုင်တော့ဘူး၊ ပြီးတော့လည်း ဘာမှ လုပ်တာ မဟုတ်ဘူး၊ ထိုင်စားပစ်တာပဲ"

တစ်ချိန်တုန်းကဆိုလျှင် သူက ခုလို ကူညီထောက်ပံ့ရသည်ကိုပင် ဂုဏ်ယူခဲ့သေးသည်။ ခုကျတော့ အေးမြတို့အမေက သမီး [illegible] စားသည့်သဘောမျိုး ပြောလာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒါမျိုးမပြောနဲ့ လူလု၊ အေးမြရဲ့ မျက်နှာတစ်ခုလုံး ရှိသေးတယ်"

"အေးမြကြောင့် ဒီလောက် သည်းခံနေတာပါ။ ခုတော့ ငါ သူ့ကိုပါ သည်းမခံနိုင်တော့ဘူး"

"သူက ဘာလုပ်နေလို့လဲ"

"သူက ငါ့ကို အထင်မကြီးဘူးလေ၊ ငါက ပညာမတတ်ဘူး မဟုတ်လား၊ ဘာဂုဏ်ဒြပ်မှလည်း မရှိဘူး မဟုတ်လား၊ ငါ့အလုပ်နဲ့ ပတ်သက်ပြီးတော့ အမြဲတမ်း ဝေဖန်ပြစ်တင်နေတာပဲ၊ ငါက စီးပွားရေး သောင်းကျန်းတယ်ပေါ့လေ၊ ဟား. . . ဟား၊ အဲဒီ စီးပွားရေး သောင်းကျန်းလို့ ရတဲ့ငွေနဲ့ပဲ သူတို့ စားသောက်နေကြတာပဲ"

"ဒီမှာ လူလု"

သူက လက်ကာပြပြီး. . .

"ခဏလေး. . . မင်း ကော်ဖီကြမ်းတစ်ခွက်လောက် သောက်ပါလား"

"မသောက်ဘူး"

ဆိုပြီးမှ စကားဆက်သည်။

"မင်းကို အေးမြက အထင်သေးရင် အစတုန်းကတည်းက ချစ်ခဲ့ပါ့မလား၊ မင်းကို သူ စချစ်ခဲ့တဲ့ အချိန်တုန်းက မင်း ဘာကောင်မှ မဟုတ်သေးဘူး၊ သူဟာ တစ်အိမ်လုံးကို ဆန့်ကျင်ပြီး မင်းကို ချစ်ခဲ့ရတာ ဘာပြဿနာပဲဖြစ်ဖြစ် မင်းဘက်ကပဲ ရပ်တည်ခဲ့တာကို မင်း သတိရစမ်းပါ၊ မင်းအလုပ်နဲ့ ပတ်သက်ပြီး ဝေဖန်တယ် ဆိုတာကလဲ မင်းကို စိုးရိမ်လို့ပဲ၊ လူဟာ အောင်မြင်လာရင် ပျက်စီးဖို့လမ်းစ ပေါ်လာတတ်တယ်"

"သူက ငါ့ကို ဆရာကြီး လုပ်ပြီး ဆုံးမစရာ မလိုပါဘူး၊ ငါက ယောကျာ်းပဲ၊ သူက မိန်းမပဲ"

မင်းက ခုတော့ ဒီစကား ပြောလာပြီလားဟု မေးလိုက်ချင်သည်။ မမေးဖြစ်။ ဒီအချိန်မှာ အချေအတင် ဖြစ်ဖို့ မသင့်ချေ။ ထို့ကြောင့်. . .

"ဘာပဲဖြစ်ဖြစ်လေ၊ ခုလို သူတို့ ဒုက္ခရောက်နေတဲ့အချိန်မှာတော့ မင်း သွားတွေ့ပြီး အားပေးစကား ပြောဖို့ကောင်းပါတယ်"





"သူတို့က ဘာဖြစ်နေလို့လဲ"

"ကိုဖိုးရှုပ် အဖမ်းခံရတဲ့ကိစ္စပေါ့"

"ဒီမှာ ဇော်ထူး၊ ငါ့အဖေဟာ ဘိန်းပွန်းစားကြီးတစ်ယောက်၊ အဖေ့ကြောင့် ငါ ဘယ်လောက် မျက်နှာငယ်ခဲ့ရသလဲ၊ လူကြားထဲမှာ ခေါင်းမဖော်နိုင်အောင် ဖြစ်ခဲ့ရတယ်၊ လူတကာ လက်ညှိုးထိုးတာ ခံခဲ့ရတယ်၊ ငါ့ကို ကဲ့ရဲ့ရှုတ်ချတဲ့အထဲမှာ အေးမြတို့ မိသားစုလည်း ပါတယ်၊ ခုတော့ သူတို့သားက ဘိန်းစား ဖြစ်နေပြီ၊ ငါဟာ ဘိန်းစား သားလို့ အခေါ်ခံရလို့ အရှက်ကြီး ရှက်ခဲ့ရပြီ၊ ခုတစ်ခါ ဘိန်းစား ယောက်ဖလို့ အခေါ်မခံပါရစေနဲ့တော့ကွာ"

ကျွန်တော့်မှာ စကားတစ်ခွန်းကိုပဲ အားကိုးစရာ ရှိတော့သည်။

"အေးမြကို ချစ်ရင် အရာရာကို ခွင့်လွှတ်နိုင်ရမှာပေါ့"

သူ ခေါင်းခါသည်။ ပြီးတော့ ပြောသည်။

"ငါ သူ့ကို စိတ်ကုန်သွားပြီ"

"မင်း သူ့ကို မချစ်တော့ဘူးလား"

သူ မဖြေ။ ကျွန်တော် စကားတစ်ဆင့် တက်ရတော့မည်။ ဒုတိယ ကိစ္စ။

"မင်း အေးမြအပေါ် စိတ်ကုန်သွားပြီဆိုတာ အခုပြောခဲ့တဲ့ အကြောင်းတွေကြောင့်ပဲလား၊ တခြားအကြောင်း ရှိသေးလား"

သူ တစ်ချက်တွေသွား၏။ ထို့နောက် သူနှင့်ကျွန်တော် မျက်လုံးချင်း ဆုံမိသည်။ လူလုသည် တက္ကသိုလ် မတက်ခဲ့ရသော်လည်း လူတို့၏ မျက်နှာကို ဖတ်ရှုသည့် အတတ်ပညာကိုတော့ ကောင်းကောင်းကြီး တတ်မြောက်နေခဲ့ပေပြီ။

"မင်း ဘယ်က သိတာလဲ"

ဘယ်က သိကြောင်း တိတိကျကျပြောဖို့ လိုအပ်မလိုအပ် စဉ်းစားသည်။ အရှည်အဝေး ပြောပြမနေချင်တော့။ ကျွန်တော် ရှင်းပြဖို့ထက် သူ ရှင်းပြဖို့က ပိုပြီးလိုအပ်နေသည်။ ထို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ် နယ်မြေဆိုတာ ကျဉ်းကျဉ်းလေးပါ သူငယ်ချင်း" ဟု၍သာ ပြောလိုက်သည်။ သူသည် ငါးသုံးလုံး စီးကရက် တစ်လိပ် မီးညှိသည်။ ကျွန်တော့်ကို စီးကရက်ဘူး ကမ်းသည်။ ကျွန်တော် လည်း တစ်လိပ်ညှိသည်၊ သူ အတန်ကြာအောင် ဘာမျှမပြော။ ဆေးလိပ် သာ တွင်တွင်ဖွာသည်။ သူ့မီးခိုးနှင့် ကျွန်တော့် မီးခိုးတွေက ခေါင်းပေါ် မှာ ရောယှက်ကုန်သည်။

သူသည် သက်ပြင်းတစ်ချက်ကို သူ့အဆုတ်ထဲက မီးခိုးများဖြင့် အရောင်ဆိုး၍ ပုံဖော်လိုက်ပြီး. . .

"ဟုတ်တယ်ကွာ၊ ငါ ရဲရဲဆိုတဲ့ ကောင်မလေးကို စိတ်ဝင်စားနေ မိပြီ"

"ဘာ. . . ဘာဖြစ်လို့ စိတ်ဝင်စားရမှာလဲ"

"သူ့ကို မင်းလည်း မြင်ဖူးမှာပါ၊ ငါ ဘာကြောင့် စိတ်ဝင်စား တယ် ဆိုတာ မင်း နားလည်မှာပေါ့"

"မင်း စိတ်မဝင်စားရဘူး၊ အေးမြတစ်ယောက်လုံးကို မင်း ဘယ် မှာ သွားထားမလဲ"

"အေးမြနဲ့ငါနဲ့ ဘာမှ မပတ်သက်တော့ဘူး၊ အေးမြကို ငါ ဓ လိုက်ပြီ"

"မမေ့ရဘူး"

ကျွန်တော်သည် သွေးရူးသွေးတန်း အော်ဟစ်နေသည်နှင့် ဓ ၏။

"အခုမှ မင်း လာပြောနေလို့လဲ အပိုပါပဲကွာ၊ ငါ သူ့ကို ဖွင့်ပြေ လိုက်ပြီးပြီ၊ မိန်းကလေးတစ်ယောက်ကို ဖွင့်ပြောပြီးမှ လျစ်လျူရှုလိုက်မ ဆိုရင် သူ့ကို ဘယ်လောက် စော်ကားရာ ကျလိုက်မလဲ"

"ဘာကွ၊ မိန်းကလေးတစ်ယောက်ကို နှစ်ရှည်လများ တွဲခဲ့ပြီး စွန့်ပစ်လိုက်တာကတော့ ဒီထက် ရက်စက်တာ ရှိဦးမလား၊ အေးမြ မင်းကို ချစ်ဖို့ ဘယ်လောက် စွန့်စားခဲ့ရသလဲ၊ ဘယ်လောက် အနစ်နာခံ ရသလဲ၊ သူ့မှာ တခြားလူတွေကို ရွေးခွင့်ရှိရက်သားနဲ့ မင်းလိုကောင်မျိုး





မှ ရွေးပြီးချစ်ခဲ့တာ သတိရပါဦး၊ နောက်ပြီး မင်းတို့နှစ်ယောက်အတွက် ငါ ဘယ်လောက် ကြိုးစားခဲ့ရတယ် ဆိုတာကိုလည်း ထည့်တွက်ပါဦး ဒါတွေကို မင်း ဖျက်ဆီးပစ်တော့မလား၊ ဒီလိုတော့ အဖြစ်မခံနိုင်ဘူး မင်း အေးမြအပေါ် သစ္စာဖောက်ရင် မင်းကို ငါ သတ်မယ်"

သူနှင့်ကျွန်တော် မျက်လုံးချင်း ဆိုင်နေကြသည်။ သူ ကျွန်တော့် ကို လုံးလုံးလျားလျား အာခံတော့မည် ဖြစ်ကြောင်း သိလိုက်၏။ သူက. .

"မင်း ငါ့ကို အမိန့်ပေးစရာ မလိုပါဘူး ဖော်ထူး၊ ငါ မင်းတပည့် မဟုတ်ဘူး၊ ငါ ဘယ်သူ့ကိုမှ မှီခိုနေတာ မဟုတ်ဘူး၊ ငါ့ခြေထောက်ပေါ် ငါရပ်နေတာ၊ ငါလုပ်ချင်တာ ငါလုပ်မယ်၊ ငါ ဆုံးဖြတ်ချင်တာ ဆုံးဖြတ် မယ်၊ မင်း ငါ့ကို လာကျော်နေစရာ မလိုဘူး"

ကျွန်တော်သည် စားပွဲကို လက်သီးနှင့် ဝုန်းခနဲ မြည်အောင် ထုသည်။ လက်ဖက်ရည်ပန်းကန်များ လန့်ဖျပ်ပြီး ထခုန်ကြ၏။ ကွဲတော့ မကွဲ။ ကျွန်တော့်ဒေါသတတော့ ပေါက်ကွဲပြီ။

"မင်းက ပိုက်ဆံလေး နည်းနည်းရှိလာလို့ ဘဝင်မြင့်ချင်တာလား လုလု၊ မင်း လူပါးမဝနဲ့"

ကျွန်တော့်မျက်လုံးများက စားပွဲပေါ်ရှိ မုန့်ပန်းကန်များဆီ ရောက်သွားသည်။ မုန့်ဖက်ထုပ်တစ်ထုပ်ကို ကျွန်တော် ယူသည်။ လုလု၏ ရှေ့သို့ ပစ်ချလိုက်သည်။

"ဒါ ဘာလဲ လုလု၊ မင်း မှတ်မိသေးရဲ့လား"

သူ့မျက်လုံးများသည် လက်နှိပ်ဓါတ်မီးနှင့် အထိုးခံရသော တော ရှိုင်းကောင် တစ်ကောင်၏ မျက်လုံးများကဲ့သို့ ဝင်းခနဲ ဖြစ်သွားသည်၊

"ဒီမှာ. . . မင်း ရဲရဲဆိုတဲ့ ကောင်မလေးရဲ့ အချစ်ကို ဘယ် တော့မှ ရလိမ့်မယ်လို့ မထင်နဲ့"

ကျွန်တော် လှည့်ထွက်ခဲ့သည်၊ တက်ခေါက်သံ တစ်ချက်သည် တုန်ခါမှုနှုန်း မြင့်မားစွာ။

...ဇာတ်သိမ်း...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ်ကျွန်တော် မကျေနပ်။

ကျွန်တော်သည် တွေဝေတတ်သည်၊ ဆုံးဖြတ်ချက်တစ်ခု ချ
အချိန်များစွာ ကြာအောင် နှောင့်နှေးနေသည်။ လေးကန်ထိုင်းမှိုင်းသည်၊
စဉ်းစားဆင်ခြင်မှုတွေ များသည်။ ဒါ ကျွန်တော့်တွင် စွဲနေသော အကျင့်
ထို့ကြောင့် အရေးအကြောင်း ကြုံလာလျှင်၊ တဒင်္ဂအတွင်း ဆုံးဖြတ်ရ
တော့မည်ဆိုလျှင် အခက်အခဲ တွေ့ရသည်။ တစ်ခါတစ်ခါကျတော့ နှုတ်မှ
ဆုံးဖြတ်ချက်တစ်ခု လွှတ်ခနဲ ထွက်သွားတတ်သည်၊ ထိုဆုံးဖြတ်ချက်သည်
အလွဲလွဲ အမှားမှား။

အလကားကောင်၊ အသုံးမကျတဲ့ကောင်ဟု ကိုယ့်ကိုယ်ကို ပြော
သည်။

လူလှနှင့် စကားပြောရာတွင် အရေးကြီးဆုံး ထားရမည့် ရည်
ရွယ်ချက်က သူနှင့် အေးမြတို့ ပြန်လည် အဆင်ပြေဖို့သာ ဖြစ်သည်။
သို့ရာတွင် ထိုစဉ်က ကျွန်တော် အရက်သောက်ထားသည်။ မသောက်
စဖူး အရက်ပြင်းပါ သောက်မိသဖြင့် စိတ်တွေ ထွေပြားနေသည်။ သွေး





ကြွနေသည်၊ လူလှကို ကျွန်တော် မပြောသင့်သည့် စကားတစ်ခွန်း
ပြောခဲ့သည်။ သူ့မာနကို ထိခိုက်စေသောစကား။ လူလှသည် ဂုဏ်သိက္ခာ
အရ၊ ငွေကြေးအရ အနိမ့်ကျဆုံး အခြေအနေမှ ရုန်းကန်ထိုးဖောက်ပြီး
တက်လာသည်။ တစ်ချိန်က အစော်ကားခံရမှုများ၊ နာကြည်းမှုများ
ခေါင်းငုံ့ အရှုံးပေးမှုများအတွက် ခုအခါမှာ တုံ့ပြန်ဖို့ ရှာနေသည်။ လက်
စားချေဖို့လူကို ရှာမတွေ့။

ထိုစဉ်တွင် ကိုဖိုးရှုပ်ကိစ္စ ပေါ်လာသည်။ ထိုအခါ သူ၏ပစ်တွင်း
သည် အေးမြတို့ မိသားစု ဖြစ်လာသည်။ အကြီးမားဆုံး ပြဿနာက
အေးမြတို့ မိသားစု၏ ရှေ့ဆုံးတွင် အေးမြ ရှိနေခြင်းပင် ဖြစ်သည်၊
ထိုမိသားစုကို ပစ်ခွင်းလိုလျှင် အေးမြ၏ရင်ကို အရင်ဆုံး ဖောက်ထွင်းမှ
ဖြစ်ပေလိမ့်မည်။ ထို့အတွက် လူလှသည် ဝေခွဲရ ခက်နေပေလိမ့်မည်၊
ရဲရဲကို သူ တကယ်ချစ်တာ ဟုတ်ချင်မှ ဟုတ်မည်၊ အေးမြတို့ မိသားစုကို
ချိုးရန်အတွက် ဗျူဟာတစ်ခု ဆင်ခြင်းလည်း ဖြစ်နိုင်သည်၊

လူလှသည် သူ့ကိုယ်သူ ငွေကြေးတံတိုင်းဖြင့် ကာကွယ်ထား
သော်လည်း မလုံခြုံမှုန်း သိသည်၊ သူ့ကိုယ်သူ စိတ်မချခြင်း၊ သိမ်ငယ်
ခြင်းတို့သည် တစ်ဖက်မှ အမြဲ အနှောင့်အယှက် ပေးနေလိမ့်မည်၊ ထို
အရာများကို ဖုံးကွယ်ဖိနှိပ်ဖို့ ဘာမဆို သူ လုပ်လိမ့်မည်၊ သူ့မှာ ဂုဏ်ဒြပ်
မရှိခြင်း၊ ပညာမရှိခြင်း၊ ရုပ်ဆိုးခြင်းတို့ကို တစ်စုံတစ်ယောက်က ဖော်
ထုတ် တိုက်ခိုက်လာလျှင် အပြင်းအထန် တုံ့ပြန်မှာ သေချာသည်၊ ထိုသို့
သော အခြေအနေတွင် ကျွန်တော်သည် မသိသား ဆိုးရွားစွာ မိုက်မဲ
သော စကားတစ်ခွန်းကို ပြောခဲ့သည်၊ သူ၏မာန နဂါးကြီးကို လှုပ်နှိုး
လိုက်မိသည်။ ဖြစ်ပေါ်လာမည့် အကျိုးဆက်ကား မခန့်မှန်းနိုင်၊

မင်း ရဲရဲကို ဘယ်တော့မှ မရဘူးဟု ကျွန်တော် ပြောခဲ့သည်၊
မင်းလိုကောင်မျိုးကို ရဲရဲက ကြိုက်မှာ မဟုတ်ဘူး ဟူသော အဓိပ္ပါယ်၊
ထိုအခါ သူသည် ရဲရဲ၏အချစ်ကို မရ ရအောင် ကြိုးစားမှာ သေချာသွား
သည်။

ကျွန်တော် ရဲရဲနှင့် မတွေ့တွေ့အောင် ရှောင်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ညိုဝင်းမောင်ထံမှ သတင်းစကားတွေ ကြားနေရသည်။

"ရဲရဲက အကောင်တစ်ကောင်နဲ့ တွဲနေတယ်ကွ၊ အဲဒီကောင်က လည်းကွာ၊ အရုပ်ဆိုးလိုက်တာ လန့်နေတာပဲ၊ ငါ့စိတ်ထင်တော့ ရဲရဲက ဒီကောင့်ကို့ တကယ် လက်ခံတာ ဟုတ်ပုံ မရသေးပါဘူး၊ မင်းက သူ့ကို အရေးမစိုက်လို့ မင်းနဲ့ ဆန့်ကျင်ဖက် အရုပ်ဆိုးတဲ့ ကောင်တစ်ကောင်ကို အရွဲ့တိုက်ပြီး တွဲပြနေတာ ထင်တယ်၊ မင်း တစ်ခုခု လုပ်တော့ကွာ"

ဟု ညိုဝင်းမောင်က ပြောသည်။

ကျွန်တော်ကတော့ မပြတ်မသား တွေဝေနေဆဲ။





အေးမြသည် လူလှ၏ အလောင်းပေါ်မှာ မျက်နှာအပ်၍ ငိုရှိုက်နေသည်။ ကျွန်တော်က အေးမြ၏ပခုံးကို ဖက်ပြီး. . .

"ငါ တစ်ယောက်လုံး ရှိပါသေးတယ် အေးမြရယ်"

ဟု ပြောသည်၊ ထိုအခိုက်တွင် သေဆုံးနေသော လူလှသည် မျက်စိ ပွင့်လာပြီး ပြုံးလိုက်သည်။ ကျွန်တော် လန့်ပြီး အေးမြပခုံးပေါ်မှ လက်ကို ရုပ်သည်။

ထိုအချိန်မှာ လန့်နိုးလာ၏။ ကျွန်တော့်စိတ်များ လေးလံ ရှုပ်ထွေးသွားသည်။ မဖွယ်မရာသော အပြစ်တစ်ခုကို ကျူးလွန်လိုက်မိသလို ပြင်းထန်စွာ တုန်လှုပ်မိသည်။

သို့ရာတွင် ကျွန်တော် ဘာတတ်နိုင်မည်နည်း။ အိပ်မက် ဆိုသည်မှာ ကိုယ်မက်ချင်တိုင်း မက်လို့ရသည်မဟုတ်။ ထို့အတူ မမက်ဘဲ နေချင်လို့ ရသည်လည်းမဟုတ်။ လူ့အခွင့်အရေးကို အဓောက်ဆုံး အစော်ကားဆုံးအရာကား အိပ်မက်ပင် ဖြစ်သည်။

အမေ အခန်းထဲ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . သား၊ နိုးပြီလား၊ တော်တော်တောင် နေမြင့်နေပြီ၊ ထတော့၊ အပြင်မှာ သားသူငယ်ချင်း ရောက်နေတယ်"

"ဘယ်သူလဲ"

"အေးမြ"

"အေးမြ"

ကျွန်တော် အလန့်တကြား ရေရွတ်သည်။ အလျင်အမြန် မျက်နှာသစ်သည်၊ အိမ်ရှေ့ခန်းသို့ ထွက်လာသည်။

အေးမြကို မြင်လိုက်သည်နှင့် တစ်ခုခု ထူးခြားမှန်း သိလိုက်၏။ သူ့မျက်နှာသည် အတိမ်အနက် ခန့်မှန်း၍ မရသော ရေကန်တစ်ခုလို တည်ငြိမ်နေသည်။

"ကိစ္စရှိလို့လား အေးမြ"

ဝင်ထိုင်ရင်း မေးလိုက်သည်။

"နင့်ကို ငါ ပြောစရာရှိလို့"

"ပြောလေဟာ"

ကန်ရေပြင်သည် လှုပ်ရှားစ ပြုလာသည်။

"နင် လုပ်ရက်တယ် ဇော်ထူး"

ကျွန်တော် အံ့ဩသွားသည်။

"ဘာလဲ အေးမြ၊ ငါ ဘာလုပ်လို့လဲ"

သူ မဲ့ပြုံးတစ်ချက်။

"လူလု ဘယ်သူနဲ့ တွဲနေတယ်ဆိုတာ နင် သိတယ် မဟုတ်လား"

ကျွန်တော်က မဖြေ။

"အဲဒီကောင်မလေးက နင့်သူငယ်ချင်းဆို"

ငြိမ်သက်ခြင်းဖြင့် အဖြေပေးသည်။

"ငါလည်း နားနဲ့ မျက်စိနဲ့ပါပဲ၊ ကျောင်းထဲမှာ ငါ့သူငယ်ချင်းတွေ ရှိတယ်ဆိုတာ နင်သိသားပဲ"

ကျွန်တော် သူ့ကို ကြည့်ရုံသာ ကြည့်နေသည်၊ ဘာမျှ မပြော။ သူကသာ. . .





"လူလုနဲ့ အဲဒီကောင်မလေးကို နင် အောင်သွယ်ပေးတာလား"

"မဟုတ်ဘူး"

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ သူတို့နှစ်ယောက် ဖြစ်သွားအောင် နင် ကြိုးစားပေးတာ"

"မဟုတ်ဘူး၊ မဟုတ်ဘူး"

ကျွန်တော် အလန့်တကြား ငြင်းဆန်သည်။

"မဟုတ်ရင် နင် ဘာဖြစ်လို့ လူလုကို မတားသလဲ"

"ငါတားတယ်"

"မဖြစ်နိုင်ဘူး၊ နင်သာ တားခဲ့ရင် ဒီလို ဘယ်ဖြစ်မလဲ၊ နောက်ပြီးတော့ နင့်သူငယ်ချင်းဆိုတော့ ကောင်မလေးကိုကော နင် ဘာဖြစ်လို့ မတားသလဲ၊ လူလုနဲ့ ငါနဲ့ အကြောင်း ဘာဖြစ်လို့ ပြောမပြဘဲ နှုတ်ပိတ်နေခဲ့တာလဲ"

ကျွန်တော် မသိ။ ကျွန်တော် တကယ်မသိပါ။

"မသိဘူး"

ဟု ယောင်ယမ်းစွာ ပြောမိ၏။

"ငါသိတယ်၊ နင်ကိုယ်တိုင်က သူတို့နှစ်ယောက်ကို ဖြစ်စေချင်တဲ့ ဆန္ဒ ရှိနေတယ်၊ ဘာကြောင့်လဲဆိုတော့. . ."

ရေကန်ထဲတွင် ဝဲဂယက်များ ထလာသည်။

"နင် ငါ့ကို ကြိုက်နေတယ် မဟုတ်လား"

"အေးမြ. . . နင်. . ."

ကျွန်တော် ဘာမျှ မပြောနိုင်ခင်. . .

"ငါသိပါတယ်၊ နင် ငါ့ကို ငယ်ငယ်တတည်းက ကြိုက်နေခဲ့တာ လူလုနဲ့ ငါနဲ့ ဖြစ်သွားကြတော့ နင် ကြိတ်ပြီး ခံစားခဲ့ရတယ် မဟုတ်လား ခုကျတော့မှ နင် မနေနိုင်တော့ဘူး၊ လူလုကို နင့်သူငယ်ချင်း ကောင်မလေးနဲ့ ဖြစ်အောင် တွန်းပို့မယ်၊ ငါ တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှ နင် ငါ့ကို သိမ်းပိုက်မယ်၊ ဟုတ်တယ် မဟုတ်လား"

နားစည်မြှေးကို အပ်နှင့် ဆွလျှင် ဘယ်လို နေမည်နည်း အေး

www.burmeseclassic.com



မြသည် ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်သည်။ သူ့အကြည့်ဒဏ်ကို ကျွန်တော် မခံနိုင်၊ မျက်လုံးကို ငုံ့လိုက်၏။

"နင် တစ်ခုမှတ်ထားပါ ဇော်ထူး၊ နင့်ကို ငါ ဘယ်တုန်းကမှ မချစ်ခဲ့ဖူးဘူး၊ နောက်လည်း ဘယ်တော့မှ ချစ်မှာမဟုတ်ဘူး၊ ငါ့တစ်သက်မှာ လူလူ တစ်ယောက်တည်းကိုပဲ ချစ်တယ်၊ သူ ငါ့အပေါ်မှာ ဘယ်လောက် ဆိုးဆိုး ငါ ခွင့်လွှတ်တယ်၊ အခု ငါ့အပေါ်မှာ စိမ်းစိမ်းကားကား လုပ်သွားပေမယ့် ငါ မမုန်းနိုင်ဘူး၊ သူ့ကို ငါ တစ်သက်လုံး ချစ်နေမယ် နင့်ကိုတော့. . . ငါ. . . ငါ. . ."

အေးမြသည် မျက်နှာကို ဆတ်ခနဲ မော့လိုက်သည်၊ ပြီးတော့ ထထွက်သွားသည်။

ကျွန်တော်သည် ခုမှပင် အိပ်မက်မှ တကယ် လန့်နိုးလာသလို ဖြစ်နေသည်။ ကျွန်တော်ကား အိပ်မက်နှစ်ခုကို ဆက်တိုက် မက်ခဲ့သူကဲ့သို့သာ ဖြစ်၏။ ပထမအိပ်မက်က စိတ်ကူးယဉ်ဆန်သော တကယ့်အိပ်မက်၊ ဒုတိယ အိပ်မက်က တကယ် ဖြစ်ပျက်သွားခဲ့သော အိပ်မက်။

...✿✿✿...





ကျွန်တော်သည် တစ်ယောက်တည်း စစ်တုရင်ကစားသူ တစ်ယောက်ကဲ့သို့သာ ဖြစ်သည်။ နှစ်ဖက်စလုံးသည် ကိုယ့်ဘက်၊ ထို့အတူ နှစ်ဖက်စလုံးသည် အခြားတစ်ဖက်၊ ဆန့်ကျင်ဖက်နှစ်ခုကို တစ်ပြိုင်နက်တည်း ကိုင်တွယ် ရွှေ့ကစားနိုင်သူ၊ တစ်ခုပဲ ရှိသည်။ ဘယ်ဘက်ကို အနိုင်ပေးမလဲဆိုတာ ဆုံးဖြတ်ဖို့ပဲ ဖြစ်၏။

ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ချရတော့မည်၊

ရဲရဲကို တွေ့အောင် ရှာသည်၊ တွေ့သည်၊ တစ်စက္ကန့်လောက် နောက်ကျသွားလျှင် အသက်ဆုံးရှုံးရတော့မလောက် အရေးကြီးသည့်ပုံစံမျိုး ဖြစ်နေသည်၊ တွေ့တွေ့ချင်း လိုရင်းကို တည့်တည့် ပြောလိုက်သည်။

"ရဲရဲ ဘာတွေ လျှောက်လုပ်နေတာလဲ"

"ဘာလုပ်လို့လဲ"

"ရဲရဲနဲ့ တွဲနေတဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလူလုလား၊ ဘာဖြစ်လို့လဲ"

"ဒီကောင့်အကြောင်း ဘယ်လောက် သိသလဲ"

"သူက ရုပ်ဆိုးတယ်၊ ဒါပေမယ့် ကြင်နာတတ်တယ်၊ ပွင့်လင်းတယ်၊ ဆွဲဆောင်မှု ရှိတယ်"

"တိတ်စမ်း"

သူတော့ မသိ။ ကျွန်တော်တောင် ကိုယ့်အသံကိုယ် လန့်သွာသည်။

"ဒီကောင့်မှာ ရည်းစားရှိတယ်ဆိုတာ မင်း မသိဘူးလား"

"အဲဒီတော့ ဘာဖြစ်သလဲ"

သူက ပေါ့ပေါ့ဆဆ လေသံဖြင့် ပြောသည်။ ကျွန်တော် ဘာဆက်ပြောရမှန်း မသိ၊ သူက. . .

"ကျွန်မစိတ်နဲ့ ကျွန်မကိုယ်ပဲ၊ သူ့မှာ ရည်းစားမကလို့ မယားပြိပဲ ရှိနေနေ၊ ကျွန်မ တွဲချင်တွဲနေမှာပေါ့၊ ရှင့်အပူ မပါဘူး၊ ရှင့်အဖို့ နေသာကြီးပါ"

"မတွဲရဘူး"

"တွဲမယ်"

"မတွဲရဘူးကွာ"

ကျွန်တော် သူ့လက်မောင်းနှစ်ဖက်ကို တိုင်လှုပ်သည်၊ သူသည် ကျွန်တော့်ကို ရင်ဆိုင်ကြည့်၍. . .

"ရှင် ဘာကြောင့် ဒီလောက်ထိ ဆတ်ဆတ်ထိ မခံနိုင်အောင် ဖြစ်နေရတာလဲ"

"ဘာကြောင့်လဲ. . . ဘာကြောင့်လဲ"

ကျွန်တော်သည် စကားတစ်ခွန်းကို ပြောလိုက်မိ၏။ ပြောလိုက်သည် ဆိုခြင်းထက် နှုတ်မှ အံထွက်ကျသွားသည်ဆိုလျှင် ပို၍မှန်မည် ရဲရဲသည် လေလျှော့လိုက်သော အရုပ်တစ်ခုလို ကျွန်တော့် လက်နှစ် ကြားတွင် ခွေယိုင်သွားသည်။ သူ ကျွန်တော့်ရင်ခွင်ထဲ မျက်နှာတိုး သည်။





"ကိုထူးရယ်"

ဟု သူ ရေရွတ်သည်။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့မှာ ရောက်နေသည်မှာ မုန်တိုင်းတစ်ခု မဟုတ် လှိုင်းတံပိုး ထန်နေသော ပင်လယ်ပြင်တစ်ခု မဟုတ်။ မီးတောက်မီးလျှံ မဟုတ်။ ဘီလူးတစ်ကောင် မဟုတ်။

လူလုသာ ဖြစ်သည်။ သူသည် ကျွန်တော့်ကို လက်ညှိုးငေါ ငေါက် ထိုးနေသည်။

"မင်း တော်တော် ယုတ်မာပက်စက်တဲ့ကောင်"

ဆိုသော စကားကို အထပ်ထပ် ပြောသည်။

"မင်းနဲ့ သူနဲ့ ကြိုက်နေကြတာကို ငါ့ကို စောစောက ဘာဖြစ် မပြောဘဲ မင်း နှုတ်ပိတ်ထားရတာလဲ၊ ဘာသဘောလဲ"

ကျွန်တော်သည် သူပြောသမျှ လည်စင်းခံမည်ဟု ဆုံးဖြတ်ထား ပြီးသား ဖြစ်သည်။ ကျွန်တော့်နှုတ်ကို ထိန်းလို့ရသည်။ အသားရေ တဆတ်ဆတ် တုန်နေသည်ကိုတော့ ထိန်းလို့မရ။

"မင်း ငါ့ကို သတ်သတ် အရှက်ခွဲတာပဲ၊ သူက ငါ့ကို ဟားတိုက် လှောင်ပြောင်လွှတ်လိုက်ပြီ၊ မင်း ဘာကြောင့် ဒီလိုလုပ်တာလဲဟင် ဇော်





ထူး"

ကျွန်တော် နေမြဲအတိုင်း နေသည်။

"မင်း မပြောရင် ငါပြောမယ်"

သူ ကျွန်တော့်အင်္ကျီ ရင်ဘတ်ကို ဆုပ်ကိုင်သည်။ မျက်နှာချင်း ထိလုလု။ သူ့အံကြိတ်သံကိုပင် ကြားရသလားမသိ။

"ဒီမှာ ဇော်ထူး၊ မင်း အေးမြကို ချစ်ခဲ့ဖူးတယ်၊ ဒါပေမယ့် အေးမြရဲ့အချစ်ကို ငါက ရခဲ့တယ်၊ ဒါကို မင်း တသက်လုံး ကြိတ်ပြီး မနာလို ဖြစ်ခဲ့တယ်၊ ခုကျတော့ မင်း ငါ့ကို လက်စားချေတဲ့အနေနဲ့ ငါ့ အရှက်ကို ခွဲတယ်၊ ဒါပဲ မဟုတ်လား"

သူ ကျွန်တော့်အင်္ကျီကို လွှတ်လိုက်သည်။

"အေး. . . မင်း အခု အောင်မြင်သွားပြီ၊ ငါ အရှက်ကွဲသွားပြီ၊ နောက်ပြီး မင်းကို ငါ တစ်ခု ထပ်ပြောဦးမယ်၊ ထပ်ပြီး မနာလို ဖြစ်ချင် ဖြစ်ဦးပေါ့၊ တကယ်တော့ အေးမြဟာ ငါ့အပေါ်မှာ အမြဲ အနစ်နာခံခဲ့ တယ်၊ ငါ သူ့ကို ဘယ်လောက် ချစ်တယ်ဆိုတာ ငါ့ကိုယ်ငါ မသိခဲ့တာ ခုတော့ ငါသိပြီ၊ အေးမြနဲ့ ငါနဲ့ မကြာခင်မှာ လက်ထပ်တော့မယ်"

"ငါ ဝမ်းသာပါတယ် သူငယ်ချင်း"

"ငါ့ကို သူငယ်ချင်းလို့ မခေါ်နဲ့တော့ ဇော်ထူး၊ အေးမြကလည်း တစ်ခု မှာလိုက်တယ်၊ ငါတို့ မင်္ဂလာဆောင်ကို မင်း လာဖို့ မလိုဘူးတဲ့ ဒါပါပဲ"

မျက်လုံးထဲမှာ ဝေ့ခနဲ ဖြစ်ပေါ်လာသောအရာကား. . .။

နံရံကို လက်သီးနှင့် တအားထိုးပစ်လိုက်သည်။ ကျွန်တော့် ဘဝ တစ်သက်တာတွင် အပြတ်သားဆုံးနှင့် အမှန်ကန်ဆုံး ဆုံးဖြတ်မှုသည် ထိုလက်သီးတစ်ချက်ပင် ဖြစ်ပါလိမ့်မည်။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သူငယ်ချင်းအတွက် ချစ်သူကို စွန့်လွှတ်ခဲ့ရဖူးသည်။ ခုတစ်ခါ ချစ်သူအတွက် သူငယ်ချင်းကို စွန့်လွှတ်ခဲ့ရပြန်ပြီ။

သူတို့နှစ်ယောက်သည် သူတို့ ခံစားချက် အသီးသီးဖြင့် ကျွန်တော့်ကို စိတ်နာနေကြလိမ့်မည်။ ကျွန်တော့်ကို စိတ်နာလေ သူတို့ချင်းတို့၏ချစ်လေ ဆိုလျှင်တော့ ကျွန်တော် ကျေနပ်ပါသည်။

တစ်နေ့နေ့တွင် သူတို့ ကျွန်တော့်ကို နားလည်နိုင်ကြပါစေဟု ဆုတောင်းရန်မှတပါး အခြားမရှိပြီ။

ကြိုးတစ်ခုကို တည်ဆောက်ရာတွင် တိုသော အနားနှစ်ဖက်၏ ပေါင်းလဒ်သည် ရှည်သော ကျန်အနားနှစ်ဖက်ထက် ပို၍ကြီးမှသာ ဖြစ်နိုင်သည်။ ကျွန်တော်သည် ကျန်အနားတစ်ဖက်သာ ဖြစ်သည်။ တြိဂံတစ်ခု ပြန်လည် ဖြစ်မြောက်ရန်မှာ တိုသော အနားနှစ်ဖက်၊ သို့တည်းမဟုတ် လူလှနှင့် အေးမြတို့အပေါ်တွင် မူတည်သည်။

အချစ်ဆိုသည်မှာ စွန့်လွှတ်ရခြင်းဟု ကျွန်တော် ဆိုခဲ့ဖူးပြီး ကျွန်တော် စွန့်လွှတ်လိုက်ရသည့်အတွက် ပြန်လည်ရရှိသော လျော်ကြေးကား ကာလပေါက်ဈေး မဟုတ်သော ရာဖြတ်နှုန်းမျှသာ။

"ကိုကို"

ရဲရဲ၏အသံကို ကြားရသည်။ ကျွန်တော့်ဘေးမှာ ဝင်ထိုင်ကြောင်း သိသည်၊ ကျွန်တော့်နှာခေါင်းထဲတွင် မှတ်မိနေသော ရနံ့တစ်ခုကို ရသည်၊ ကျွန်တော့်ဖခင် ထုတ်လုပ်သော မိတ်ကပ်နံ့၊

"ဟင်. . . ကိုကို ဘာဖြစ်တာလဲ"

ကျွန်တော့်လက်က ပတ်တီးတို သူမြင်သည်၊ ပျာပျာသလဲ လှမ်းကိုင်သည်။

"တံခါးညပ်တာပါ"

"အို သိပ်ဖြစ်သွားလား၊ မာတ်မှန် မရိုက်ဘူးလား၊ ခု သွားမယ်လေ"

"နည်းနည်းပါးပါးပါ"

သူ ကျွန်တော့်ကို အရမ်းဂရုစိုက်ကြောင်း သိသည်။ သူသည် သူ၏ဂုဏ်သိက္ခာကို အထိခိုက်ခံပြီး ကျွန်တော့်အချစ်ကို ရယူခဲ့သူ ဖြစ်ပါသည်။ သူ့အချစ်ကို ကျွန်တော် လေးစားရပါမည်။

သူ့ကို ချစ်သည်ဟု ကျွန်တော် ဖွင့်ပြောခဲ့ပြီးပြီ။ ဘာပဲဖြစ်ဖြစ် သူသည် ကျွန်တော်၏ တရားဝင်ချစ်သူ ဖြစ်နေပြီ။ သူ့ကို ချစ်ဖို့ ကျွန်တော့်မှာ ဝတ္တရားရှိသည်။ ချစ်ကို ချစ်ရမည်။

သူ့ကို ကျွန်တော် ကြည့်လိုက်သည်။ သူ့မျက်လုံးများသည် ဘယ်အချိန် ကြည့်လိုက်ကြည့်လိုက် ကျွန်တော့်ကိုပင် မျှော်လင့်စွာ ငေးစိုက်နေတတ်၏။

သူ့လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ ကျွန်တော့်လက်များ အေးစက်နေသည်ကိုတော့ ဘာမျှမတတ်နိုင်။ တစ်နေ့သောအခါမှာ နွေးထွေးလာတန် ကောင်းရဲ့။

ထိုနေ့သည်ကား. . . စွယ်တော်ရွက်တစ်ရွက်ဖြင့် ပြုစားခံထားရသော ကျွန်တော့်နှလုံးသား ကျိန်စာမှ လွတ်မြောက်မည့်နေ့ပင် ဖြစ်ပေလိမ့်မည်။

မင်းလူ

၂၄. ၆. ၈၇





☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com
www.burmeseclassic.com